

ဝံသာနု ဦးပျိုင်

# လောကီမှတ်ပုံ နည်း မျိုးစုံကျမ်း



စာအုပ်မူပိုင်ရှင် ဝံသာနု-ဦးပျိုင်

# ပြည်လုံးကျွတ်ဖြန့်ချိရေး

**ဂံသာနု ဦးပျိုင်၊ သမီး– မညွန့်.**

ပိဋကတ်စာအုပ်နှင့် သက်န်းပရိက္ခရာဆိုင်

အမှတ် ၄၊၅၊၆၊ ရွှေတိဂုံဘုရားဈေးတော်ရုံ၊
တောင်ဘက်ဓာတ်လှေကားအနီး ၊ဒဂုံစာတိုက် ၊ရန်ကုန်မြို့။
**ဖုန်း – ၅၁၀ ၉၂၃**

## လောကီမှတ်ပုံနည်းမျိုးစုံကျမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပဏာမ | ၁ |
| ၂ | ကျမ်းအကြောင်းအရာ | ၁ |
| ၃ | နံသင့်ဂဏန်း ရွေးနည်း | ၂ |
| ၄ | အက္ခရာနံသင့်ရွေးနည်း | ၂ |
| ၅ | ဂြိုဟ်သက်စသည် မှတ်ယူနည်း | ၂ |
| ၆ | မိဂြိုဟ် ဘဂြိုဟ် စသည်ခေါ်နည်း | ၃ |
| ၇ | အစိုးရဂြိုဟ်ယူနည်း | ၃ |
| ၈ | ဂြိုဟ်အဆင်းယူနည်း | ၃ |
| ၉ | လက်ယာ, လက်ဝဲယောကျ်ား-မိန်းမ နဝိုရ် ယာယီဂြိုဟ်ယူနည်း | ၃ |
| ၁၀ | နံဘက်ရွေးနည်း | ၃ |
| ၁၁ | မိတ်ဘက်ရွေးနည်း | ၃ |
| ၁၂ | ဓာတ်ဘက်ရွေးနည်း | ၄ |
| ၁၃ | အိမ်ထောင် ရန်ဘက်ရွေးနည်း | ၄ |
| ၁၄ | ကမ္ဘာရန်ဘက်ရွေးနည်း | ၄ |
| ၁၅ | ရန်ဘက်ရွေးနည်း | ၄ |
| ၁၆ | နတ်-နေ-လာဘ်နေ ရွေးနည်း | ၄ |
| ၁၇ | တစ်နည်း-နတ်နေ ရွေးနည်း | ၄ |
| ၁၈ | တစ်နည်း-နတ်နေရွေးနည်း | ၄ |
| ၁၉ | တစ်နည်း-လာဘ်နေရွေးနည်း | ၄ |
| ၂၀ | စက်နေရွေးနည်း | ၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁ | နံ့ဘီလာရွေးနည်း | ၅ |
| ၂၂ | လာဘ်၊ နတ်၊ စက်၊ နံ့ဘီလာရွေးနည်း | ၅ |
| ၂၃ | ခေါင်းမရိုက်ရသောနေ့ရွေးနည်း | ၅ |
| ၂၄ | ရေမချိုးရ–ချိုးရသောနေ့ရွေးနည်း | ၅ |
| ၂၅ | ခေါင်းမဆေးရ ဆေးရသောနေ့ရွေးနည်း | ၅ |
| ၂၆ | နားမဖောက်ရ–ဖောက်ရသောနေ့ရွေးနည်း | ၅ |
| ၂၇ | ဆီလိမ်းရ–မလိမ်းရသောနေ့ရွေးနည်း | ၆ |
| ၂၈ | လက်သည်းလှီးရ–မလှီးရသောနေ့ရွေးနည်း | ၆ |
| ၂၉ | ရက်ရာဇာရွေးနည်း | ၆ |
| ၃၀ | တစ်နည်း–ရက်ရာဇာရွေးနည်း | ၆ |
| ၃၁ | ပြဿဒါးရက်ရွေးနည်း | ၆ |
| ၃၂ | တစ်နည်း–ပြဿဒါးရက်ရွေးနည်း | ၆ |
| ၃၃ | ကရိဏ်းရက်ရွေးနည်း | ၇ |
| ၃၄ | ရက်ယုတ်မာရွေးနည်း | ၇ |
| ၃၅ | တစ်နည်း–ရက်ယုတ်မာရွေးနည်း | ၇ |
| ၃၆ | ရှမ်းရက်ရွေးနည်း | ၇ |
| ၃၇ | တာဆောရက်ရွေးနည်း | ၈ |
| ၃၈ | လဆန်းကိန်းရုပ်ရွေးနည်း | ၈ |
| ၃၉ | လဆုတ်ကိန်းရုပ်ရွေးနည်း | ၈ |
| ၄၀ | အမြိတ္တစုတ်ရက်ရွေးနည်း | ၈ |
| ၄၁ | ဝါရမိတ္တုရက်ရွေးနည်း | ၈ |
| ၄၂ | လ၊ ဒဏ်သင့်ရွေးနည်း | ၈ |
| ၄၃ | လ၊တွင်းကျရွေးနည်း | ၉ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၄ | သမားညိုနေ့ရွေးနည်း | ၉ |
| ၄၅ | သမားဖြူနေ့ရွေးနည်း | ၉ |
| ၄၆ | မဟာရက်ကြမ်း ရွေးနည်း | ၉ |
| ၄၇ | ရက်ပုပ်ရွေးနည်း | ၁၀ |
| ၄၈ | နဂါးလှည့် အစဉ်တိုင်းယူနည်း | ၁၀ |
| ၄၉ | တစ်နည်း–နဂါးလှည့် အစဉ်အတိုင်းယူနည်း | ၁၀ |
| ၅၀ | နဂါးပေါ်ရက်ရွေးနည်း | ၁၀ |
| ၅၁ | အိပ်မက်အပြားခြောက်ပါး | ၁၁ |
| ၅၂ | တစ်နည်း–အိပ်မက်အပြား လေးပါး | ၁၁ |
| ၅၃ | အိပ်မက်သောအခါ လေးပါး | ၁၂ |
| ၅၄ | တစ်နည်း–အိပ်မက်သောအခါ သုံးပါး | ၁၂ |
| ၅၅ | တစ်နည်း–အိပ်မက်သောအခါ ငါးပါး | ၁၂ |
| ၅၆ | တစ်နည်း–အိပ်မက်သောအခါ ငါးပါး | ၁၂ |
| ၅၇ | တစ်နည်း–အိပ်မက်သောအခါ ငါးပါး | ၁၃ |
| ၅၈ | တစ်နည်း–အိပ်မက်သောအခါ လေးပါး | ၁၃ |
| ၅၉ | အိပ်မက်သောနေ့များ | ၁၃ |
| ၆၀ | အိပ်မက်မကောင်းပျောက်အောင်ပြုနည်း | ၁၃ |
| ၆၁ | တစ်နည်း–အိပ်မက်မကောင်းပျောက်အောင်ကုနည်း | ၁၄ |
| ၆၂ | တစ်နည်း–အိပ်မက်မကောင်းပျောက်အောင်ကုနည်း | ၁၄ |
| ၆၃ | မြင်သည်ကို စွဲ၍ မက်သောအိပ်မက်များ | ၁၅ |
| ၆၄ | ကြားသည်ကို စွဲ၍ မက်သောအိပ်မက်များ | ၁၈ |
| ၆၅ | စားသည်ကိုစွဲ၍ မက်သောအိပ်မက်များ | ၁၈ |
| ၆၆ | သောက်သည်ကိုစွဲ၍ မက်သောအိပ်မက်များ | ၁၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၇ | စီးသောယာဉ်ကိုစွဲ၍ မက်သောအိပ်မက်များ | ၂၀ |
| ၆၈ | နွားကိုစွဲ၍ မက်သောအိပ်မက်များ | ၂၀ |
| ၆၉ | ကိုယ်ကိုစွဲ၍ မက်သောအိပ်မက်များ | ၂၀ |
| ၇၀ | စိတ်ကိုစွဲ၍မက်သော အိပ်မက်များ | ၂၄ |
| ၇၁ | အိမ်ရာ, ကျောင်းရာတို့ကို ပက်ဆေး, သုတ်ဆေး | ၂၅ |
| ၇၂ | အိမ်ရာ, ကျောင်းရာ, မြေချိုးအဟော | ၂၅ |
| ၇၃ | ကျောင်း, အိမ်ဆောက်ရာ မထားသင့်သောအရာများ | ၂၆ |
| ၇၄ | အိမ် ကျောင်း ကာကွယ်ဆေး | ၂၆ |
| ၇၅ | မြေငါးမျိုးရွေးနည်း | ၂၆ |
| ၇၆ | သစ်မခုတ်ရသောတော | ၂၆ |
| ၇၇ | သစ်အမျက်ဟောနည်း | ၂၇ |
| ၇၈ | တိုင်မကွပ်ကောင်းသောအသားဆယ့်တစ်မျိုး | ၂၈ |
| ၇၉ | တစ်နည်း အမျက်အဟော | ၂၈ |
| ၈၀ | အမျက်အစာကျွေးနည်း | ၂၈ |
| ၈၁ | ထုပ် လျောက်တို့ကို ရှစ်ခုစားအဟော | ၃၀ |
| ၈၂ | တိုင်ရပ်ကို ၇-ခုစားအဟော | ၃၀ |
| ၈၃ | နေ့စွဲသစ်လဲကျမ်း | ၃၀ |
| ၈၄ | မင်္ဂလာသစ် ၆-လုံးရွေးနည်း | ၃၁ |
| ၈၅ | မြေစောင့်နတ်တင်ပုံ | ၃၂ |
| ၈၆ | ကျင်နှ်းနတ်ပူဇော်ပုံ | ၃၃ |
| ၈၇ | အိမ်အပြစ် တစ်ဆယ့်ခြောက်ပါး | ၃၃ |
| ၈၈ | အိမ်သစ်ဆောက် အသက်တွက်နည်း | ၃၄ |
| ၈၉ | အိမ်ဆောက်လ ရွေးနည်း | ၃၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၀ | အိမ်ဆောက်နေ့ရွေးနည်း | ၃၄ |
| ၉၁ | ကြိုးကိုင်ပန္နက်ရိုက်နည်းရွေးနည်း | ၃၅ |
| ၉၂ | အိမ်, ကျောင်း, ဇရပ်စသည် ပန်းဆွဲနည်း | ၃၆ |
| ၉၃ | အိမ်ဆောက်ပူဇော်နည်း | ၃၆ |
| ၉၄ | တံခါးမထားရသောအရပ် | ၃၆ |
| ၉၅ | အိမ်သုံးမျိုးအစွဲ | ၃၆ |
| ၉၆ | အိမ်, ကျောင်းမခိုက်အောင် တကဲနည်း | ၃၆ |
| ၉၇ | ဖက်ရွက်နိမိတ်အဟော | ၃၇ |
| ၉၈ | အခြေလေးချောင်းသတ္တဝါ အိမ် ရွာ မြို့ဝင် နမိတ်အဟော | ၃၇ |
| ၉၉ | တောင်ပို့နိမိတ်အဟော | ၃၈ |
| ၁၀၀ | ကျီးသာနိမိတ်အဟော | ၃၈ |
| ၁၀၁ | နေ, အိမ်ဖွဲ့နိမိတ်အဟော | ၃၈ |
| ၁၀၂ | တစ်နည်း–နေ, အိမ်ဖွဲ့ နိမိတ်အဟော | ၃၈ |
| ၁၀၃ | လ, အိမ်ဖွဲ့နိမိတ်အဟော | ၃၉ |
| ၁၀၄ | တစ်နည်း–လ,အိမ်ဖွဲ့ နိမိတ်အဟော | ၃၉ |
| ၁၀၅ | လ,လျှင်လျှပ်နိမိတ်အဟော | ၃၉ |
| ၁၀၆ | နေ, လျှင်လျှပ်နိမိတ်အဟော | ၄၀ |
| ၁၀၇ | အခါလျှင်လျှပ်နိမိတ်အဟော | ၄၀ |
| ၁၀၈ | တိမ်တံခွန်ထွက် နိမိတ်အဟော | ၄၀ |
| ၁၀၉ | နေတံခွန်ထွက် နိမိတ်အဟော | ၄၀ |
| ၁၁၀ | ကြယ်တံခွန်နိမိတ်အဟော | ၄၁ |
| ၁၁၁ | ငှက်မြည်သံနိမိတ်အဟော | ၄၁ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂ | ဖိုမ နပုံးငှက်သံ နိမိတ်အဟော | ၄၁ |
| ၁၁၃ | ကြွက်ခဲနိမိတ်အဟော | ၄၁ |
| ၁၁၄ | အဝတ်ကြွက်ခဲနိမိတ်အဟော | ၄၂ |
| ၁၁၅ | မိုးခေါင်မည်ကိုသိကြောင်း နိမိတ်အဟော | ၄၂ |
| ၁၁၆ | ငတ်မွတ်အံ့သည်ကိုသိကြောင်း နိမိတ်အဟော | ၄၂ |
| ၁၁၇ | မြဲမြံတည်တံ့အောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း | ၄၂ |
| ၁၁၈ | စီးပွားများအောင် ဘုရားထု၍ ကိုးကွယ်နည်း | ၄၃ |
| ၁၁၉ | အသက်ရှည်အောင် ယတြာဘုရားထု ကိုးကွယ်နည်း | ၄၃ |
| ၁၂၀ | ခေါင်းဆေးယတြာပြုနည်း | ၄၃ |
| ၁၂၁ | ငှက်နားယတြာပြုနည်း | ၄၄ |
| ၁၂၂ | ဂြိုဟ်ဒသာညံ့သူယတြာပြုနည်း | ၄၄ |
| ၁၂၃ | လက်သည်းပွင့်အဟော | ၄၄ |
| ၁၂၄ | ၇–ရက်သားတို့ ကျက်သရေတိုးအောင် ပြုနည်း | ၄၄ |
| ၁၂၅ | ၇–ရက်သားတို့ မနေသင့်သောအရပ် | ၄၄ |
| ၁၂၆ | ၇–ရက်သားတို့နေသင့်သောအရပ် | ၄၅ |
| ၁၂၇ | တစ်နည်း ၇–ရက်သားတို့ မနေသင့်သောရွာ | ၄၅ |
| ၁၂၈ | ၇–ရက်သားတို့ မြို့သစ် ရွာသစ်၌ ရှောင်ရန် | ၄၆ |
| ၁၂၉ | ၇–ရက်သားတို့ အမြစ်အညွန့် | ၄၆ |
| ၁၃၀ | ၇–ရက်သားတို့ မှီခိုသင့်သော အသစ်ပြည်,ရွာ မြို့ယူနည်း | ၄၆ |
| ၁၃၁ | တစ်နည်း–မဖြတ်မချိုးသင့်သော ၇–ရက်သားတို့ အမြစ်, အညွန့်ယူနည်း | ၄၆ |
| ၁၃၂ | ၇–ရက်သားတို့ မှီသင့်သော နံယူနည်း | ၄၆ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၃ | ၇–ရက်သားတို့ ခိုက်တတ်သော ပဥ္စပွတ်–ဆပွတ် ယူနည်း | ၄၇ |
| ၁၃၄ | အမှုကိစ္စတို့၌ အခါပေးနည်း | ၄၇ |
| ၁၃၅ | အဆင့်ဆင့်နိုင်သော နံ | ၄၈ |
| ၁၃၆ | ဆယ့်နှစ်လ၌ မပြုသင့်သောအရာများ | ၄၈ |
| ၁၃၇ | ၇–ရက်သားတို့ စ၍ ရင်းနှီးရာသောနည်း | ၄၈ |
| ၁၃၈ | အဦးမပြုသင့်သောကုသိုလ် | ၄၉ |
| ၁၃၉ | မပြုကောင်းသောအရာများ | ၄၉ |
| ၁၄၀ | ပြုသင့်, မပြုသင့်သော အရာများ | ၄၉ |
| ၁၄၁ | အသားလှုပ်ခြင်း နိမိတ်အဟော | ၅၀ |
| ၁၄၂ | လက်ယာခေါ်သော အသားလှုပ်ခြင်းနိမိတ်အဟော | ၅၀ |
| ၁၄၃ | လက်ဝဲခေါ်သော အသားလှုပ်ခြင်းနိမိတ်အဟော | ၅၁ |
| ၁၄၄ | မိုးရာ ရှောင်ရာ ဆရာ | ၅၁ |
| ၁၄၅ | ပညာသင်နေ့ရွေးနည်း | ၅၁ |
| ၁၄၆ | ပညာမသင်ရသောနေ့ | ၅၁ |
| ၁၄၇ | ကြွေးမချေးရသောနေ့ | ၅၃ |
| ၁၄၈ | ကုန်ဝယ်ရ–မဝယ်ရသောနေ့ | ၅၃ |
| ၁၄၉ | တစ်နည်း–ဝယ်ရ, မဝယ်ရသောနေ့ | ၅၃ |
| ၁၅၀ | မဝယ်အပ်သောအခါ | ၅၃ |
| ၁၅၁ | ၇–ရက်အလိုက် မပေးသင့်–ပေးသင့် ဝတ္ထုများ | ၅၃ |
| ၁၅၂ | စကားအမှားအမှန်ယူနည်း | ၅၃ |
| ၁၅၃ | လစဉ် နာရီယူနည်း | ၅၄ |
| ၁၅၄ | နာရီလုပ်နည်းလက်ာ | ၅၄ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၅ | ဘဝါးစထွန်းနည်း | ၅၄ |
| ၁၅၆ | လဆန်း–လကွယ် နေ့ရွေးနည်း | ၅၄ |
| ၁၅၇ | နေ့အခါရွေးနည်း | ၅၅ |
| ၁၅၈ | လဆန်း–လဆုတ်မြေခံရွေးနည်း | ၅၅ |
| ၁၅၉ | မြေခံဆယ်ပါး၏ အကျိုး–အပြစ် | ၅၅ |
| ၁၆၀ | လဆုတ်မြေခံရွေးနည်း | ၅၅ |
| ၁၆၁ | တစ်နည်း–လဆန်းမြေခံသံပေါက် | ၅၆ |
| ၁၆၂ | တစ်နည်း–လဆုတ်မြေခံသံပေါက် | ၅၆ |
| ၁၆၃ | ခုနစ်နေ့ဘဝါးယူနည်း | ၅၇ |
| ၁၆၄ | အနိပ်ကျမ်းကို ပြဆိုခြင်း | ၅၈ |
| ၁၆၅ | လောကျမ်းကို ပြဆိုခြင်း | ၆၀ |
| ၁၆၆ | ဣတ္ထိသျှရကျမ်း | ၆၂ |
| ၁၆၇ | တိထိငါးပါး အကျဉ်းအကျယ် ၂–ရပ်ကိုပြခြင်း | ၆၆ |
| ၁၆၈ | တိထိငါးရပ်၏ ခရားစောက်ပုံ | ၆၆ |
| ၁၆၉ | တိထိငါးရပ်၏ •ခရားစောက်ပုံ | ၆၆ |
| ၁၇၀ | အကျယ်ခရားစောက်နှင့်တကွ အဟောကိုပြခြင်း | ၆၇ |
| ၁၇၁ | နေကြွတ် လကြွတ် အကျဉ်းဟောရန် | ၆၉ |
| ၁၇၂ | မထိမ်းမြားသင့်သော ခြောက်လ | ၇၁ |
| ၁၇၃ | ထိမ်းမြားသင့်သော ခြောက်လ | ၇၂ |
| ၁၇၄ | ပျိုးကြဲရက်ရွေးနည်း | ၇၂ |
| ၁၇၅ | လယ်နတ်ပူဇော်၍ လယ်ထွန်းနည်း | ၇၂ |
| ၁၇၆ | ထွန်သွားတပ်နည်း | ၇၂ |
| ၁၇၇ | ကောက်သစ်ဆန်စားသောနေ့ | ၇၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၈ | စပါးသွင်းရ–မသွင်းရသောနေ့ရွေးနည်း | ၇၃ |
| ၁၇၉ | မောင်းဆင်နည်း | ၇၃ |
| ၁၈၀ | ယောက်မလုပ်နည်း | ၇၃ |
| ၁၈၁ | ဖိုခနောက်လုပ်နည်း | ၇၃ |
| ၁၈၂ | ပုဆိုးယက်ခြင်း, ဖြတ်ခြင်း, ချုပ်ခြင်း, ဝတ်ခြင်း | ၇၃ |
| ၁၈၃ | အဝတ်မချုပ်ရသော ရက်ရွေးနည်း | ၇၃ |
| ၁၈၄ | တစ်နည်း–အဝတ်မချုပ်ရသော ရက်ယူနည်း | ၇၄ |
| ၁၈၅ | ခေါင်းအုံး၊ မွေ့ရာချုပ်ရန်ရက် | ၇၄ |
| ၁၈၆ | လ အလိုက် အချင်းမြှုပ်နည်း | ၇၄ |
| ၁၈၇ | သူငယ် ထမင်းစ၍ ခွံ့ရန်ရက် | ၇၄ |
| ၁၈၈ | သူငယ်ကို မြေနင်းစေသောရက် | ၇၄ |
| ၁၈၉ | ဦးခေါင်းလက္ခဏာ | ၇၄ |
| ၁၉၀ | နားရွက်လက္ခဏာ | ၇၅ |
| ၁၉၁ | မျက်စိလက္ခဏာ | ၇၅ |
| ၁၉၂ | နှာခေါင်းလက္ခဏာ | ၇၅ |
| ၁၉၃ | လျှာ၏လက္ခဏာ | ၇၅ |
| ၁၉၄ | သွား၏လက္ခဏာ | ၇၅ |
| ၁၉၅ | နှုတ်ခမ်းလက္ခဏာ | ၇၅ |
| ၁၉၆ | မမွေးသင့်သော သတ္တဝါ ၉–မျိုး | ၇၆ |
| ၁၉၇ | မမွေးအပ်သော နွား ၇–မျိုး | ၇၆ |
| ၁၉၈ | မွေးအပ်သော နွား ၉–မျိုး | ၇၆ |
| ၁၉၉ | ခုနစ်နေ့သား နွားမွေးကျမ်း | ၇၆ |
| ၂၀၀ | နံသင့် နွားမွေးမြူနည်း | ၇၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၀၁ | ခုနှစ်နေ့သား မြင်းမွေးကျမ်း | ၇၇ |
| ၂၀၂ | မမွေးအပ်သော ကြောင်, ခွေးများ | ၇၇ |
| ၂၀၃ | မွေးသင့်သော ဆိတ် | ၇၇ |
| ၂၀၄ | မမွေးသင့်သောကြက် | ၇၇ |
| ၂၀၅ | အဦးမွေးရသော သတ္တဝါ | ၇၈ |
| ၂၀၆ | ဂြဟာစာပွင့်ရာ | ၇၈ |
| ၂၀၇ | လဆန်း–လဆုတ် သားဖွားအဟော | ၇၈ |
| ၂၀၈ | နေ့ထပ်မင်္ဂလာအဟော | ၇၈ |
| ၂၀၉ | ဆယ်နှစ်လရာသီ သံပေါက် | ၇၉ |
| ၂၁၀ | နက္ခတ် ၂၇–လုံး ရေတွက်နည်း | ၈၀ |
| ၂၁၁ | နက္ခတ် ၂၇–လုံး သံပေါက် | ၈၀ |
| ၂၁၂ | တစ်ဆယ့်နှစ်လဆန်းခေါင် နက္ခတ်ရွေးနည်း | ၈၁ |
| ၂၁၃ | လူ့ဘီလူး, နတ် နက္ခတ်ရွေးနည်း | ၈၁ |
| ၂၁၄ | ဒလိဒ္ဒစသော အမျိုးကိုးပါး, နက္ခတ်ကိုးတိုင် သံပေါက် | ၈၁ |
| ၂၁၅ | နက္ခတ် အထွက် အဝင် ခါးပတ်ရွေးနည်း | ၈၃ |
| ၂၁၆ | နက္ခတ် တစ်ဖက်ကမ်းနှင့် နှစ်ဖက်ကမ်းအမြင် ရွေးနည်း | ၈၆ |
| ၂၁၇ | ရောင်းလိုသောအခါ တွက်ပုံ | ၈၆ |
| ၂၁၈ | နှစ်ခိုက် ခန္ဓာအိမ်အဟော | ၈၆ |
| ၂၁၉ | စာတ်လေးပါးနှင့်တကွ သုဥ်းသောအခါ ဝေဒနာကုသရန် | ၈၇ |
| ၂၂၀ | စန်း, လွန်း, လဂ်သုဥ်း တွက်နည်း | ၈၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၁ | ကြွင်း, နဝင်း, ဆေးသွဉ်း တွက်နည်း | ၈၇ |
| ၂၂၂ | ကမ္ဘကွယ စသည် ရွေးနည်း | ၈၈ |
| ၂၂၃ | နာသောသူကို ကြည့်ရန်ကိန်း | ၈၈ |
| ၂၂၄ | သုံးခွထောက်ဟောကိန်း | ၈၈ |
| ၂၂၅ | အနာဖြစ်ရာလက္ခဏာ | ၈၈ |
| ၂၂၆ | ဆေးသမား-လူနာ-သင့်, မသင့် တွက်နည်း | ၈၈ |
| ၂၂၇ | လူနာ သေ-မသေ တွက်နည်း | ၈၉ |
| ၂၂၈ | ခန္ဓာငါးပါးပြတ် တွက်နည်း | ၈၉ |
| ၂၂၉ | ဆေးနံပြတ် တွက်နည်း | ၈၉ |
| ၂၃၀ | လူနာ ဖြာပုံသို့ ကျ-မကျ တွက်နည်း | ၈၉ |
| ၂၃၁ | လူနာ ယာယီရွေ့ရန် တွက်နည်း | ၈၉ |
| ၂၃၂ | အာယုပြတ် တွက်နည်း | ၈၉ |
| ၂၃၃ | သူနာ၏ အသက်အချိန်ပိုင်းနည်း | ၉၀ |
| ၂၃၄ | အာယုစန်းပြတ် တွက်နည်း | ၉၀ |
| ၂၃၅ | သူငယ်နာအစွဲကျမ်း | ၉၀ |
| ၂၃၆ | ခြပုန်းစွဲအဟော | ၉၄ |
| ၂၃၇ | ပျား, နကျည်စွဲအဟော | ၉၄ |
| ၂၃၈ | လင်းတနားအဟော | ၉၆ |
| ၂၃၉ | အိမ်တွင်း မှိုပေါက်သည်ကို ပြဆိုခြင်း | ၉၇ |
| ၂၄၀ | မြွေခဲ ကျမ်း | ၉၈ |
| ၂၄၁ | ရောယှက်၍ မစားကောင်းသောအရာများ | ၉၈ |
| ၂၄၂ | အနှိပ်ကျမ်း | ၁၀၀ |
| ၂၄၃ | ခေါင်းခဲ၍ ဓက်ကြောတင်းသည်ကိုနှိပ်ရန် | ၁၀၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၄ | နားအူ၊ နားပင်းကိုနှိပ်ရန် | ၁၀၆ |
| ၂၄၅ | မူး၍ တမှိုင်မှိုင် တထွေထွေရှိလျှင် နှိပ်ရန် | ၁၀၆ |
| ၂၄၆ | လေပူထသည်ကိုနှိပ်ရန် | ၁၀၆ |
| ၂၄၇ | ကြို့ကြီးထိုးသော်နှိပ်ရန် | ၁၀၇ |
| ၂၄၈ | သွားနာ၊ သွားကိုက်ကိုနှိပ်ရန် | ၁၀၇ |
| ၂၄၉ | မေးခိုင်၍နေသည်ကိုနှိပ်ရန် | ၁၀၇ |
| ၂၅၀ | မျက်စိနာ၊ တိမ်စွဲ၊ သလ္လာလွှမ်းမိုးတို့ကိုနှိပ်ရန် | ၁၀၇ |
| ၂၅၁ | မိန်းမတို့၌ မီးယပ်နှင့်ယှဉ်၍ဖြစ်သော ရင်ဆို့၊ ရင်ကျပ်နာတို့ကိုနှိပ်ရန် | ၁၀၈ |
| ၂၅၂ | လက်သေ၊ လက်ကပ်သော်နှိပ်ရန် | ၁၀၈ |
| ၂၅၃ | လေပူထိုး၍ ရင်ကျပ်သော်နှိပ်ရန် | ၁၀၈ |
| ၂၅၄ | နံဘေးအောင့်၊ ရင်အောင့်သော်နှိပ်ရန် | ၁၀၉ |
| ၂၅၅ | ခြေလက်သေ–ထုံကျင်သော်နှိပ်ရန် | ၁၀၉ |
| ၂၅၆ | အိပ်မပျော်အဆစ်အမြစ်ကိုက်သော်နှိပ်ရန် | ၁၀၉ |
| ၂၅၇ | ဆီးကျင်၊ ဆီးအောင့်နှိပ်ရန် | ၁၀၉ |
| ၂၅၈ | ခါးကိုက်၊ ခါးနာနှိပ်ရန် | ၁၁၀ |
| ၂၅၉ | အဖျားကပ်ရောက်သောသူတို့ကိုနှိပ်ရန် | ၁၁၀ |
| ၂၆၀ | ခြေမသယ်နိုင် လက်မသယ်နိုင်သော်နှိပ်ရန် | ၁၁၀ |
| ၂၆၁ | တစ်ပါးသောဆရာ၏ အလိုအားဖြင့် ရှစ်ပါးသော နှိပ်ချက် | ၁၁၀ |
| ၂၆၂ | သကျည်းဖြင့် နှိပ်သောအချက် | ၁၁၁ |
| ၂၆၃ | စမ်းသပ်ရန် သွေးကြောတို့၏အကြောင်း | ၁၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၄ | နေလ, တာရာ, နက္ခတ်တို့၏ တိတ်နိမိတ်အကြောင်း | ၁၁၃ |
| ၂၆၅ | ကိတ်ဂြိုဟ်သုံးပါးကိုခွဲ၍ ၎င်းဂြိုဟ်၏ တိတ်နိမိတ်ကိုပြခြင်း | ၁၁၇ |
| ၂၆၆ | ကိတ်, နေဝင်း, လဝန်းအဆင်းပြရာ တိတ်နိမိတ်၏ အကျိုးအပြစ်ကိုပြခြင်း | ၁၁၈ |
| ၂၆၇ | လနှင့်ကြယ်ခြင်းရာ အကျိုးအပြစ်ကိုပြခြင်း | ၁၁၈ |
| ၂၆၈ | လ, တွင်းဂြိုဟ်ခွင်းရာ အကျိုးအပြစ်ကိုပြခြင်း | ၁၁၉ |
| ၂၆၉ | ကြွက်, အိမ်မြှောင်, ပင့်ကူ, မြွေ စသော တိရစ္ဆာန်တို့ကျသော နိမိတ်ကိုဖတ်ခြင်း | ၁၂၀ |
| ၂၇၀ | ဓာတ်ဘက် | ၁၂၁ |
| ၂၇၁ | သား-သမီး အမည်မှည့်နည်း | ၁၂၁ |
| ၂၇၂ | ခရီးမသွားကောင်းသောနေ့-အရပ် | ၁၂၁ |
| ၂၇၃ | ခရီးသွားသင့်-မသွားသင့် တွက်နည်း | ၁၂၂ |
| ၂၇၄ | ဥစ္စာပျောက်ဟောကိန်း | ၁၂၂ |
| ၂၇၅ | စန်း-လွန်း-လဂ်-တြင်း-နဝင်းပြတ်တွက်နည်း | ၁၂၂ |
| ၂၇၆ | ဓာတ်သုဉ်း-ဆေးသုဉ်း-တွက်နည်း | ၁၂၃ |
| ၂၇၇ | ယတြာပြုနည်း | ၁၂၃ |
| ၂၇၈ | ပုည-ဇီဝ-ကမ္မ-တွက်နည်း | ၁၂၃ |
| ၂၇၉ | ကမ္မကျွယ စသည်တွက်နည်း | ၁၂၄ |
| ၂၈၀ | သူဌေးဖြစ် ဇာတာလေးကိန်း | ၁၂၄ |
| ၂၈၁ | ၁၂-လ ရာသီဘွဲ့ | ၁၂၅ |
| ၂၈၂ | နေထွက်အချိန် နေဝင်အချိန် | ၁၂၉ |
| ၂၈၃ | ဒူးဂဏန်းရေးနည်း | ၁၃၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၂၈၄ | ကျောက်စာရေးနည်း |
| ၂၈၅ | ပိဋကတ်သင်္ချာရေးနည်း |
| ၂၈၆ | ၁–ခုကြွင်းတိုင်ပုံ |
| ၂၈၇ | ဂြိုဟ်အိပ်ဟောစာတမ်း |
| ၂၈၈ | သက်ရောက်တွက်နည်း |
| ၂၈၉ | ဂြိုဟ်စားအဟော |
| ၂၉၀ | သုံးထပ်ကိန်း |
| ၂၉၁ | ဂြိုဟ်ဟောစာတမ်း |
| ၂၉၂ | ရှားမီးကိန်းနှင့် ဟောရန်အကျဉ်း |
| ၂၉၃ | စစ္စရိကိန်းနှင့် စက်လေးလုံးအဟောလင်္ကာ |
| ၂၉၄ | ပဥ္စကာလကိန်းချရန်နှင့်ဟောရန်လင်္ကာ |
| ၂၉၅ | ပဥ္စကာလကိန်းချပုံဇယားများ |
| ၂၉၆ | အထက်ရပ်ဂြိုဟ်နေအဟော |
| ၂၉၇ | ကြက် ၅ မျိုး အရှုံးအနိုင်အဟော |
| ၂၉၈ | မူလဇာတာကိန်း |
| ၂၉၉ | ယိုးဒယားရှုပ်ပုံဟောတေးထပ်များ |
| ၃၀၀ | အင်္ဂဝိဇ္ဇာကာလကြီးကိန်း |
| ၃၀၁ | လက်တပ်ရန် |
| ၃၀၂ | လက်တွေ့ဆေးနည်းတို့များ |
| ၃၀၃ | ဂါထာမန္တရားများ |
| ၃၀၄ | ရေစက်ပိုင်ဦးရှင်ကြီး ဆွမ်းတင်မြှောက်ပသနည်း |
| ၃၀၅ | ဘိုးသူတော် ဦးနု–စကားပုံ |
| ၃၀၆ | အနန္တသူရိယအမတ် |


* * *

# လောကီမှတ်ပုံ – နည်းမျိုးစုံကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ပဏာမ

ဘုန်းတော်အတုလ၊ မကုဋဝှာ၊ သုဂတမြတ်စွာ၊ စိန္တေယျာ၏၊ နှုတ်အကြောင်း၊ ပန်းပဒုံရွှေတိုက်မှ သိုက်မြိုက် ကွန့်မြူး၊ တရားထူးသဖွယ်၊ တင့်တယ်စွာလှဲသော၊ သူရဿဒီ၊ ဒေဝီမယ်မြတ်သည် လောကီမှတ်ပုံ-နည်းမျိုးစုံကျမ်းကို ကြိုးပမ်းတကုတ်၊ အားထုတ်ရေးသားအပ်သော ကျွန်ုပ်အား ထင်ရှား နိစ္စ၊ မ,တော်မူပါစေသတည်း။

## ၂။ အကြောင်းအရာ

ဤကျမ်းစာအုပ်သည် ရှေးအထက်ထက် ဆရာကြီး, သမားကြီးတို့၏ နိသျှည်း ဥပဒေသတို့ကို လိုရာလိုရာ ကောက်နုတ်လျက် ရေးသားစုဆောင်းထားခြင်းဖြစ်၏။ ဤသို့ ရေးသားရာဝယ် မူအစောင်စောင်၊ ဆရာအဆက်ဆက်တို့၏ မူတို့မှာ အဓိပ္ပာယ် မကွဲလွဲလှဘဲ (တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း) ဆိုဘိသကဲ့သို့၊ အနည်းငယ်စကားလုံးမျှ ကွဲပြားသည်များကို တွေ့ရ၏။ သို့ဖြစ်ပါ၍ ဤစာအုပ်တွင် ကျွန်ုပ်တို့ နှစ်သက်သဘောကျိုက်ညီသည်များကိုသာ ဖော်ပြမည်ဖြစ်ပါကြောင်း။

ဤကျမ်းကို လေ့လာသူများသည် ရှေးဦးစွာ ပထမ–၈ ဖက်၌ ဖော်ပြပါသည်များကို အထူး လေ့လာအပ်ပေသည်။

## ၃။ နံသင့်ဂဏန်းရွေးနည်း

| | | |
|---|---|---|
| ၁။ တနင်္ဂနွေ | ဂဏန်းအားဖြင့် | (တစ်) |
| ၂။ တနင်္လာ | ။ | (နှစ်) |
| ၃။ အင်္ဂါ | ။ | (သုံး) |
| ၄။ ဗုဒ္ဓဟူး | ။ | (လေး) |
| ၅။ ကြာသပတေး | ။ | (ငါး) |
| ၆။ သောကြာ | ။ | (ခြောက်) |
| ၇။ စနေ | ။ | (ခုနစ်, သုည) |
| ၈။ ရာဟု | ။ | (ရှစ်) |

(ရာဟုဂြိုဟ်ကို ဗုဒ္ဓဟူးနေ့မွန်းလွဲကစ၍ သန်းခေါင်တိုင်ယူရ၏။)

## ၄။ အက္ခရာနံသင့် ရွေးနည်း

| | | |
|---|---|---|
| က, ခ, ဂ, ဃ, င | တနင်္လာ | (၂) |
| စ, ဆ, ဇ, ဈ, ည | အင်္ဂါ | (၃) |
| ဋ, ဌ, ဍ, ဎ, ဏ<br>တ, ထ, ဒ, ဓ, န | စနေ | (၀) |
| ပ, ဖ, ဗ, ဘ, မ | ကြာသပတေး | (၅) |
| ယ, ရ, လ, ဝ | ဗုဒ္ဓဟူး | (၄) |
| သ, ဟ | သောကြာ | (၆) |
| အ | တနင်္ဂနွေ | (၁) |

## ၅။ ဂြိုဟ်သက် စသည် မှတ်ယူနည်း။

(၁) တနင်္ဂနွေ ဂဠုန်၊ ရှေ့မြောက်ကြုံ၊ နေတုံခြောက်နှစ်မျှ

(၂) တနင်္လာ ကျား၊ တစ်ဆယ့်ငါး၊ နေကြားရှေ့ရပ်က။

(၃) အင်္ဂါ ခြင်္သေ့၊ ရှေ့တောင်တွေ့၊ မရွေ့ရှစ်နှစ်မျှ။

(၄) ဗုဒ္ဓဟူး ဆင်၊ တောင်ရပ်ခွင်၊ နေလျှင် သတ္တရ။

(၀) နောက်တောင်– စနေ၊ နဂါးမြွေ၊ နေလေဆယ်နှစ်ပ။

(၅) ကြာသပတေး ကြွက်၊ ဆယ့်ကိုးသက်၊ နေလျက် မရွှီမ။

(၈) ရာဟုဟိုင်းဆို၊ နောက်မြောက်ကို၊ နေလို့ဒွါဒသ။
(၆) သောကြာမှာ ပူး၊ မြောက်စူးစူး၊ နှစ်ဆယ်မှ တစ်နှစ်ကျူးသည်၊ ဆန်းထူးမှတ်ကုန်ကြ။

## ၆။ မိဂြိုဟ်, ဘဂြိုဟ် စသည်ခေါ်နည်း။

တနင်္ဂနွေကို၊ အဘဆို၊ မိဂြိုဟ် တနင်္လာ။ အင်္ဂါဂြိုဟ်ကား၊ ကျွန်ခေါ်ငြား၊ သားမှာ ဗုဒ္ဓသာ။ ကြာသပတေး မိတ်မှတ်၊ ဆရာမြတ်၊ စောင့်အပ်သီလပါ။ ရောဂန္တ ရ၊ ဂြိုဟ်သောကြာ၊ ချစ်စွမယားသာ။ သတ္တန္တ ရကပ်၊ ဉာတိမှတ်၊ ဖျပ်လတ်စနေမှာ။ အခြေလေးခု၊ ဂြိုဟ်ရာဟု၊ ငယ်မှူ ဒုဗ္ဘိက္ခာ။

**၇။ အစိုးရဂြိုဟ်ယူနည်း။** ။ အုံ့, မိုယ်း, လ,ခါ, နှံ, ရှာ, ညှံ, သဲ၊ လက်ဝဲရေလတ် အရှေ့ရပ်၊ မှတ်အပ် အစိုးရ။

**၈။ ဂြိုဟ်အဆင်းယူနည်း။** ။ နီမြန်း တနင်္ဂနွေ၊ ဖြူလေ– တနင်္လာ၊ အင်္ဂါ–နည်းထူး၊ ဗုဒ္ဓဟူး ကွန်းမြူးစိမ်းရောင်ဖြာ။ ဝါ–ရွှေ–ကြာသပတေး၊ ဖြူဖွေး–သောကြာ၊ နက်မှာ– စနေ၊ ရာဟုပေ– နီလေပြောက်ကျားစွာ။

**၉။ လက်ယာ လက်ဝဲ၊ ယောကျ်ားမိန်းမ နဂိုရ်ယာယီဂြိုဟ်ယူနည်း။** အောင်, ထွန်း, ရာဇာ, ဂြိုဟ်လကျ်ာ။ လာ, သူ, ဖော်ကွဲ, ဂြိုဟ်လက်ဝဲ။ လဲ, အုံ့, ပြည့်ငြား, ဂြိုဟ်ယောကျ်ား။ ရွှေ၊ ခါး–သွယ်က, ဂြိုဟ်မိန်းမ။ နတ်လှ, အပျို့နဂိုဂြိုဟ်၊ ရှာ, ကို, စဉ်ဟတ်။ ယာယီမှတ်။

**၁၀။ နံဘက်ရွေးနည်း။** ။ အောင်, ပ၊ ကု, လား၊ ဆွေသား–တော်ရင်း၊ နံဘက်ခြင်း။

**၁၁။ မိတ်ဘက်ရွေးနည်း။** ။ ဦး, သာ, စိန်, ပန်း, ဒန်း,လှ, ကို,ရှာ၊ ဥစ္စာအမြဲ တည်တတ်ပါ။

**၁၂။ ဓာတ်ဘက်ရွေးနည်း** ။ အ, နွေ့ာ, ဂ, ဇွေ့ာ၊ စ, ရော၊ ဝံ, သော၊ ဓာတ်ဘက်ပေ။

**၁၃။ အိမ်ထောင်ဘက်ရွေးနည်း။** ။ ခ, မွာ၊ သော,က၊ အင်း,ဝ၊ ရာ,ဇာ၊ အိမ်ထောင်ဖက်၊ အသက်မရှည်ရာ။

**၁၄။ ကမ္ဘာရန်ဘက်ရွေးနည်း။** ။ ဦး–ညို၊ ခေ–မာ၊ သု–တ၊ ဝေ–ရီ၊ ရန်စီစီ။

**၁၅။ ရန်ဘက်ရွေးနည်း။** ။ ဦး–ဝေ၊ စံ–ကူး၊ ရေ–ဘူး၊ တော–သူ၊ ရန်သူမည်၏။

**၁၆။ နတ်နေ, လာဘ်နေရွေးနည်း ။** ။ အုန်း, သီး, ဆက်, လာ တောင်, က, ရွာမှာ၊ နတ်ကိုလိုလျှင် စနေထောင့်က လာဘ်ကိုလိုလျှင် တနင်္ဂနွေထောင့်ကစ၍ လက်ျာရစ်ရေလော။

**၁၇။ တနည်း–နတ်နေရွေးနည်း။** ။ အရှေ့ချောင်းနား၊ နောက်ပါး အိုင်–သာ၊ မြောက်မှာလမ်း–စ၊ တောင်မှာ–ပ၊ မှတ်ကြနတ်နေရာ၊ ၎င်းနည်းကား–အရပ်လေးမျက်နှာ။

---

**၁၈။ တစ်နည်း–နတ်နေရွေးနည်း ။** ။ အုန်း, သီး, ဆက်လာ၊ တောင်, က, ရွာမှာ၊ နောက်တောင်ညာက, လက်ျာသို့ပတ် နတ်နေမှတ်။ ၎င်းနည်းကား အရပ်ရှစ်မျက်နှာ။

---

**၁၉။ တစ်နည်း–လာဘ်နေရွေးနည်း။** ။ ဦး, သာ, လှ, ရွှာ, နေ, ကြာ, ဇဥ်, ပင်, ရှေ့မြောက်ခွင်က၊ နေချင်လက်ဝဲ၊ လာဘ်နေမြဲ။ ၎င်းနည်းကား– အရပ်ရှစ်မျက်နှာ။

---

၂၀။ **စက်နေရွေးနည်း**။ ။ ပ, လင်းမြို့သား၊ ကျောင်း, တည်, ရာ, ဒါ။ စက်သာနေရပ်။ ရှေ့မြောက်လွဲက။ လက်ဝဲမတ်။ ရှင်းနည်းကား- အရပ်ရှစ်မျက်နှာ။

၂၁။ **နံဘီလာရွေးနည်း** ။ ။ အင်း, ဝ, ရှင်, ကြီး ထန်း, သီး, စုတ်, ဖတ် နောက်မြောက်ရပ်က၊ ပတ်လေလကျာ၊ နံဘီလာ။

၂၂။ **လာဘ်နတ်စက်-နံဘီလာ ရွေးနည်း**။ ။ မှန်, ကြာ, အုံ, ကြွ၊ စော, ရ, ရန်, ထောင်၊ နိမ့်မောင်, တိမ်, သွေး၊ တုန်း, အေး, ချမ်းအောင်၊ ရွှေ, သောင်, သာမျှ၊ လွမ်း, စ, ပွေ, အင်, သာ, လွင်, လျှံ, ဝင်း၊ အတွင်းညာဏ်ရှိ၊ ရေးဘီမှန်စွာ၊ စန္ဒရာက၊ လကျာသို့ပတ် လာဘ်နှင့်နတ်၊ စက်မှတ်နံဘီလာ။

၂၃။ **ခေါင်းမရိတ်ရသောနေ့ ရွေးနည်း** ။ ။ မွေးနေ့သောကြာ၊ တနင်္လာ၊ ကေသာဆံဖြတ်မပြုအပ်။ ။ ကြွင်းသောနေ့မှာ- ပြုလေပါ၊ မှန်စွာအမြဲမှတ်။

၂၄။ **ရေမချိုးရ-ရေချိုးရသောနေ့ရွေးနည်း** ။ ။ ငါ့,သား, ရွှေ, တောင်၊ ရေကိုရှောင်။ မောင်, စံ, အိုး၊ ရေချိုးတော့။

၂၅။ **ခေါင်းမဆေးရ-ဆေးရသောနေ့ ရွေးနည်း**။ ။ ကရင်, သားမွေး၊ ခေါင်းမဆေးနှင့်။ စံ, ထွန်း, အေး, ခေါင်းဆေးတော့။

၂၆။ **နားမဖောက်ရ-ဖောက်ရသောနေ့ ရွေးနည်း**။ ။ အ, ခွ, ဆူး, ထောက်, နားမဖောက်နှင့်။ ။ ကြွင်းသောနေ့မှာ ဖောက်လေပါ။

**၂၇။ ဆီမလိမ်းရ–လိမ်းရသောနေ့ရွေးနည်း။** ။ အုန်း, ဆီဘီးခေါ်၊ နေ့သုံးဘော်၊ ဆီနော်မလိမ်းနှင့်။ ။ ကောင်း, လှ, သ, နော်၊ နေ့လေးဘော်၊ လိမ်းသော် ရန်ပျောက်လွှင့်။

**၂၈။ လက်သည်း မလှီးရ–လှီးရသောနေ့ ရွေးနည်း ။** ။ အို, ကြင်, ရာမုန်း, ဟန်၊ လက်သည်းလှီးရှောင်ရန်။ ။ ဆေး, တံ, လက်, မှာ, ဖြတ်လေပါ။

**၂၉။ ရက်ရာဇာရွေးနည်း။** ။ ကျော်, မြတ်, စံ, အောင်၊ သိ, မှတ်, ဆောင်, လေ၊ သာထွန်းပေ, ၏၊ မှတ်လေ ရက်ရာဇာ။ တန်ခူးလကစ၍ ရေတွက်ပါ။ **(၎င်းမှာအသုံးမများလှ)**

**၃၀။ တစ်နည်း–ရက်ရာဇာရွေးနည်း။** ။ တန်ခူး–သာလှ၊ ထွန်းပ–ကဆုန်၊ နယုန်–ညွန့်စ၊ အောင်, လှ–ဝါဆို။ သာ, လို–ဝါခေါင်၊ မြ, တောင် တော်သလင်း၊ သီတင်းကျွတ်–ဆီ၊ သော, ရီ–တန်ဆောင်မုန်း၊ ချမ်းတုံး–နတ်တော်၊ မိနော်–ပြာသို၊ မိညို, တပို့တွဲ၊ ထဲ, ဝင် တပေါင်း ဆောင်တိုင်းကောင်းသည်။ ။ ရက်ကောင်းရာဇ– ရာဇာတည်း။ **(၎င်းနေ့များမှာ အသုံးများ၏။ မှုကွဲများလည်းရှိ၏။)**

**၃၁။ ပြဿဒါးရက်ရွေးနည်း။** ။ ထ, ဓာ, သက်ရင်း၊ အင်၊ ကြင်း, ဆူးရစ်၊ လေးတလှစ် စင်စစ်မှတ်သား ပြဿဒါး။

**၃၂။ တစ်နည်း– ပြဿဒါးရက်ရွေးနည်း။** ။ တန့်ခူး၊ ဝါခေါင်၊ တိမ်တောင်ထွန်းပေါ်၊ လနတ်တော်၊ မလျော်မြွေနှင့်ကြွက်– မြွေမှာ စနေ၊ ကြွက်မှာ ကြာသပတေး၊ ကဆုန်, တော်သလင်း၊ ပြာသိုတွင်း၊ စွယ်ရင်း ဖြူစင်၊ ပူးနှင့် ဆင်–ဆင်မှာ ဗုဒ္ဓဟူး၊ ပူးမှာ သောကြာနယုန်ဝါကျွတ်၊ နင်းစွတ်စို့ရွှဲ တပို့တွဲ၊ ပျံဝဲတောင်ဟုန်၊ ဂဠုန်–ကျားကိုရှောင်– ဂဠုန်

တနင်္ဂနွေ၊ ကျား၊ တနင်္လာ၊ ဝါဆို၊ တန်ဆောင်မုန်း၊ ပူတုံချမ်းပြောင်း၊ လတပေါင်း၊ မကောင်းခြသေ့၊ ဟိုင်းကိုရှောင်-ခြသေ့အင်္ဂါ၊ ဟိုင်းမှာရာဟု။

**၃၃။ ကရိဏ်းရက်ရွေးနည်း။** ။ လဆန်း ၄-ရက် ဆယ့်လေးရက်မှာ။ ၄-ချက်တီးမှ သန်းခေါင်းကျ၊ ညကိုရှောင်ကွဲ ကရိဏ်းတဲ့၊ လဆန်းရှစ်ရက်၊ ဆယ့်ငါးရက်မှာ၊ နေထွက်သည်မှ မွန်းတည့်ကျ၊ရှောင်ကြလေကွဲ ကရိဏ်းတဲ့။ လဆုတ်သုံးရက်တခန်း၊ ညသန်းခေါင်မှ၊ နေထွက်ကျ၊ ရှောင်ကြလေ ကွဲ ကရိဏ်းတဲ့။ လဆုတ်ခုနစ်ရက်၊ ဆယ်လေးရက်မှာ၊ မွန်တည့်ခါက နေဝင်ကျ၊ ကြမ်းလှသည်ကွဲ ပျက်မယ်တဲ့။

**၃၄။ ရက်ယုတ်မာရွေးနည်း ။** ။ တန့်ခူး- ဝါဆို ၆-ကိုရှောင်တုံ၊ ကဆုန်-တပို့တွဲ၊ ၄-တို့လွှဲ၊ ညှင်းဆဲရက်ယုတ်မာ၊ နယုန်-တော်သလင်း၊ ရှစ်ကွင်းရှားရှောင်၊ ဝါခေါင်-တန်ဆောင်မုန်း၊ ဆယ်ရက်ကြုံ၊ လုံးလုံးစွန့် ပစ်ခွာ။ သီတင်းပြာသို၊ ဆယ်ကိုနှစ်လောင်း၊ တပေါင်း-နတ်တော်၊ နှစ် ရက်ပေါ်၊ ရှောင်နော်မှများးစွာ။

**၃၅။ တစ်နည်း-ရက်ယုတ်မာရွေးနည်း ။** ။ ထ, ပြေ, အ, နှန်း၊ အုန်း, ထန်း, အ, ကုန်၊ စု, ရုံး ပုံသည် ရှောင်ကုန်ကြပါ၊ ရက် ယုတ်မာတည်း။ တန်ခူးကစ၍ရေ။

**၃၆။ ရှမ်းရက်ရွေးနည်း ။** ။ တန်ခူး၊ ကဆုန်၊ ရှစ်ရက်ကြုံရှောင်ကုန် ရှမ်းရက်သာ။ ။ နယုန်-ဝါဆို၊ နှစ်ကိုရှောင်၊ ဝါခေါင်၊ကိုးကွင်း၊ တော် သလင်း၊ သီးတင်းသုံးရက်မှာ။ ။ တန်ဆောင်မုန်း ငါး၊ တစ်ကား--နတ် တော်၊ လေးသော်-ပြာသို၊ တပေါင်းကို၊ မလိုရှောင်အပ်စွာ။ ။ ၇-ရက် တပို့တွဲ ၊ခါစွန့်လွှဲ၊ အမြဲရှောင်သင့်ပါ။

**၃၇။ တာနောရက် ရွေးနည်း** ။ ။ တစ်ကအစ၊ ခြောက်သို့ကျ၊ ပူထ စဉ်တိုင်းဘက်။ ဝါဝါအစ၊ နှစ်လသည်သာ၊ယူလေပါ၊ ကြမ်းစွာ– တာနော ရက်။ ။ လှေသွား လှည်းသွား၊ ဘေးရန်များ၊ ရှောင်ရှားနောင်တစ်သက်။

**၃၈။ လဆန်း ကိန္နရုပ်ရွေးနည်း** ။ ။ ဆန်း ၂ ရက်တွင် တောခုတ်ထွင်၊ ထွက်ဝင်မပြုရာ၊ လဆန်း ၄–ရက်၊–ဆန်းကြံရက်၊ တောင်တက်မပြုရာ။ ၁၂–ရက်ကား၊ ရှင်ပျော်ပါး၊ ထိမ်းမြားမပြုရာ။ ၁၄–ရက်ကျ၊ မှုကိစ္စ၊ ပြုကပျက်စီးရာ။ လဆန်း ကိန္နရုပ်၊ လက်ာထုတ်၊ ကြိုးကုတ်မှတ်ကြပါ။

**၃၉။ လဆုတ် ကိန္နရုပ်ရွေးနည်း** ။ ။ လဆုတ် ကြိမ်ခါ၊ ၃–ရက်မှာ၊ လယ်ယာမလုပ်သင့်။ ၇–ရက်မှန်စွ၊ လဆုတ်ကျ၊ မင်းခမပြုသင့်။ ၉– ရက် တထွေ၊ လဆုတ်နေ၊ မြေကိုမတူးသင့်၊ ၁၃–ရက်မူ၊ ကိစ္စဟူ၊ ပြုသူ ဘေးဒဏ်သင့်။ လဆုတ် ကိန္နရုပ်၊ နည်းအချုပ်၊ မယုတ်မှတ်ကုန်လင့်။

**၄၀။ အမြိတ္တစုတ်ရက် ရွေးနည်း** ။ ။ ဓက်ပူးနှင့် ဆင်။ ၃– တွင်ကျားထား။ ၄–ရက်ကားကြွက်။ ၅–ရက် နဂါး။ သတ်မှာအင်္ဂါ။ ရစ်မှာ ဂဠုန်။ ဆန်းဆုတ်ကြုံ–မှတ်ကုန် အမြိတ္တ။ ။ အမြိတ္တရက်များ၊ တွေ့ကြုံငြား၊ ကောင်းစား ခေါင်ထိပ်ကျ။

**၄၁။ ဝါရမိတ္တုရက်ရွေးနည်း** ။ ။ ဆန်း–ဆုတ်သောလ၊ ၆–ရက်စ၊ ဒွါဒအဆုံးရှု။ ။ နောက်သားဇာဝင်၊ စိုးကြုံအင်၊ ရက်လျှင် ဝါမိတ္တု။ ။ အမှုကိစ္စ၊ ပြုမိကြ၊ သောကလန့်စိုးမှု။

**၄၂။ လဒဏ်သင့်ရွေးနည်း** ။ ။ ပိ, တောက်, ကျွန်း, အင်၊ သင်း, ဝင်, ယမ်းဆား၊ လေ လအား၊ မှတ်သား–လဒဏ်သင့်။ အမှုကိစ္စ၊ ပြုသမျှ၊ သောကရှုပ်ပွေဆင့်။

**၄၃။ လတွင်းကျရွေးနည်း ။** ။ ဆူးရင့်, သ, လဲ။ အုန်းနဲ့, ကျွန်း, ပင်၊ လေးလစဉ်၊ မှတ်ချင်လတွင်းကျ။ ဤလများမှာ မရှောင်ပါ၊ နှောင်ခါ ဘေးဒုက္ခ။

**၄၄။ သမားညိုနေ့ ရွေးနည်း ။** ။ တန်းခူး, ဆောင်မုန်း၊ ချမ်းတုံနတ်တော်၊ လသုံးဖော်၊မလျော်အုန္နဲ့ရှောင်၊ ကညင်ကဆုန်၊ နယုန်လသက်၊ နေ့နံရက်၊ တစ်သက်လွတ်လွတ်ရှောင်။ ဝါဆို–သံတောင် ဝါခေါင်–ပြာသို၊ နှစ်လကို၊ မလိုအင်ကြင်းရှောင်။ တော်သလင်း–တပို့တွဲ၊ ဇလရှောင်ခွာ၊ ဝါကျွတ်–တပေါင်း၊ ပျက်တုံရှောင်း၊ မကောင်း–သပြေရှောင်၊ သမားညိုခေါ်ရိုး၊ သည်နေ့ဆိုး၊ မှုမျိုးလွတ်အောင်ရှောင်။

**၄၅။ သမားဖြူနေ့ရွေးနည်း ။** ။ အုံတုံ–တစ်ရက်၊ နှစ်ရက်ကား–အုန်း၊ သုံးရက်ကား–သပြေ၊ ပေမှာ–လေးရှူ၊ ငါးခုတွင်ရှောက်၊ ခြောက်–ငှက်ပျောစစ်၊ ခုနစ်ကသန်း ရက်ဆုတ်ဆန်း၊ နေ့ကြမ်းသမားဖြူ။

**၄၆။ မဟာရက်ကြမ်းရွေးနည်း ။** ။ သိစိမ့်နှောင်လာ၊ ရှောင်အပ်ရာသည်၊မဟာရက်ကြမ်း၊ မီးနှင့်ယမ်းဟု၊ လဆန်း လဆုတ်၊ ဖော်ပြထုတ်အံ့။ မယုတ်တနင်္ဂနွေ၊ ဆန်းလာချေ၏။ ယှူလေတိယ၊ နှစ်ရက်ရသည့်၊ ထိုမှတနင်္လာ၊ ဆန်းပြခါမှ၊ ပဥ္စာအင်္ဂါ၊ ရှောင်ကြကုန်လော။ ဆန်း၄အင်္ဂါ၊ သတ္တာဆယ်ရက် အလွန်ခက်၏၊ တစ်ချက်ဗုဒ္ဓ၊ ဒွေးပဥ္စတည့်၊ ရှောင်တဝေးဝေး၊ ကြသပတေးမူလေးနှင့်ခြောက်ပင်၊ ရှောင်လေချင်လော့၊ ထို့ပြင်သောကြာ၊ ခြောက်ဖြာတစ်ထွေ၊ ကိုးရက်ပေးတည့်၊ စနေဆန်းလာကောဒသ၊ ရှောင်လေကြရှင့်၊ ရက်မြတ်ရာဇာ၊ တွေ့ကြုံခါမှ၊ မင်္ဂလာထွေ၊ ရေ, မြေ ကောင်းကင်၊ များပြင်ကိစ္စ၊ ဟူသမျှနှင့်၊ သွားထဝေးနီး၊ ခရီးဖြာဖြာ၊ ပညာသင်ရေး၊ ပေးငြားအလှူ၊ ရှင်လှူပဇ္ဇင်း၊ လုပ်ခင်းသာယာ၊ မြေမှာကြီးပျိုး၊ မျိုးဟူသမျှ၊ ရှောင်အင်လှ၍ များလှမှန်စွာ၊ လူတကာတို့ မဟာရက်ကြမ်း၊ [illegible]

**၄၇။ ရက်ပုပ်ရွေးနည်း ။** ။ အုန်း, နဲ့, ကူ, စံ၊ ပံ, သီတင်း၊ အင်ကြင်း ဆူးလေ၊ သပြေ, အနံ့၊ အုန်း၊ ထန်း, အကုန်၊ စုရုံးပုံသည်၊ ရှောင်ကြကုန်ရာ၊ ရက်ပုပ်မှာ၊ ရေးပါ တန်ခူးလ မှတ်ကုန်ကြ။

**၄၈။ တစ်နည်း၊–နဂါးလှည့် အစဉ်အတိုင်းယူနည်း ။** ။ ပေါင်း၊ ကူး၊ ဆုန်ကျ၊ ဤသုံးလ၊ နောက်မှာ ဦးခေါင်းသာ၊ မြောက်မှာ ဝမ်းပြင်၊ တောင်မှာကျောထား၊ အမြီးဖြားရှေ့ပါးနေသည်သာ။ လက်ယာရစ်နေ ဤနည်းပေ ဖြောင်လေသုံးလမှာ မင်္ဂလာဆောင်လေ့ပြောင်းရွှေ့ပြည်ရွာ မြင်းပါ–ကျွဲ၊ နွား ဝယ်ငြားယူမွေး ကြောင်, ခွေး, ကြက်ပင် ရှောင်ကြဉ် ဝေးဝေး ခွာ၊စားလုပ်ကိုဘောက်။ အမောက်လည်ပင်း၊ ကျောကိုနင်း၊ ထွန်လျှင် လယ်နှင့်ယာ။ ဝမ်းပြင်မှာကြွက်၊ ခေါင်းထက်ဂျုန်၊ ကျောတုံ့ပူးစီး၊ အမြီးဆင်နည်း၊ အိမ်ဆောက်လျှင်း၊ တွင်းကို တူးအပ်စွာ၊ ကြွင်းသောနေ့ မှ ဆိုတိုင်းပ ပြုကြမှုကိစ္စ။ အောက်၌ဆိုသော ပုံစံကိုယူ၊ နယုန်, ဝါဆို, ဝါခေါင်၌၊ အရှေ့မြောက်က အနောက်သို့တွန်းပြီးလျှင် တောင်သို့လှည့်၍ လယ်ယာထွန်ခြင်းသည် စားလုပ်တောက်၊ အမောက်လည်ပင်း ကျောနင်း ထွန်နည်းမည်၏။ ။ အိမ်ဆောက်သောအခါ ဝမ်းပြင်အရပ်က ကြာသပတေး နေ့သား ဦးခေါင်းအရပ်က စနေသား၊ ကျောအရပ်က သောကြာသား၊ အမြီးအရပ်က ဗုဒ္ဓဟူးသားနေစေ၍ တွင်းတူးရာသည်။

**၄၉။ နဂါးလှည့်အစဉ်အတိုင်းယူနည်း ။** ။ တ, တာ, က–နောက်၊ န,ဝါ, ဝါမြောက်၊ တော်, ကျွတ် မုန်–ရှေ့၊ နတ်, ပြာ, တွဲ–တောင်၊ ဘုန်းခေါင်လူငြား၊ နတ်နဂါး၊ ခေါင်းငြားလှည့်ရပ်၊ မသွားအပ်။

**၅၀။ နဂါးပေါ်ရက်ရွေးနည်း ။** ။ မင်္ဂလာဇမ္ဗူ၊ ဉာဏ်ရှိသူကို၊ စွဲယူ မှတ်သား၊ နဂါးတွင်းထွက်၊ ပေါ်သည့် ရက်ကို တွက်ချက်သန့်ရှင်း၊ နိဒါန်းကျင်းပိမ့်၊ တနင်္ဂနွေ၊ တီတေရဝိ၊ ဆန်းသည်ရှိသော်၊ လောကီရှေးထုံး၊ သုံး, နှစ်, ဆယ့်တစ်၊ စင်စစ်သမှတ်၊ လဆုတ်မှာမူ၊ ကိုးရက်ဟူ၏။

ရောင်ဖြူသော်တာ၊ စန္ဒရာမှ ဆန်းလှဖယာ၊ တေရသနှင့် ပြည့်တစ်ကျော်တစ်၊ စင်စစ်ပျော်မွေ့ ခြသေ့မှာကိုး၊ ကျော်တိုးနှစ်ရက်၊ တစ်ချက်လကွယ်၊ ဟောကိန်းဆွယ်၏။ အကျယ်ဆန်းထူး ဗုဒ္ဓဟူးပဥ္စ၊ လဆုတ်မှလျှင်၊ လေးနှင့်အဖိတ်၊ ကြွစိတ်ထောက်ရှု၊ လုံ့လပြု၍၊ ဂုရုသောရီ၊ နဝမီလော၊ ဆတြိကျော်၊ သောကြာပေါ်မူ၊ ထွန်းပေါ်တက်စ၊ ရက်စာရ၏။ ကေဇဏ္ဍ၊ ရောက်ပြန်လာမူ၊ ဧ, ကာ, ဆသုံး၊ စုရုံးပိုင်းခြား၊ သည်ရက်များကို၊ နဝါးသနင်း၊ မြေနတ်မင်းလည်း၊ မြေတွင်းကထွက်၊ ဆည်တက်မြောက်သွယ်၊ ကန်လည်တွင်းတူး၊ နှစ်သစ်ကူး၍၊ မိုးဦးသွန်ချ၊ အိမ်မှာ နန်းပြောင်း၊ တန်ဆောင်းပြာသာဒ်၊ မဏ္ဍပ်ကန့်သား၊ တည်ထားသမူ၊ ပညာရှု၍၊ ကြည့်ရှု ရှောင်စေကုန်သတည်း။

* * *

## အိပ်မက်ထိုက်ပွဲ ၂

### ၃၁။ အိပ်မက်အပြား ခြောက်ပါး

၁။ မြင်ဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးရှိ၏ အပြစ်ရှိ၏။
၂။ ကြားဖူးသည်ကို စွဲ၍ မက်ခြင်း၊ အကျိုး အပြစ်ရှိ၏။
၃။ ခံစားဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးအပြစ်ရှိ၏။
၄။ ကြံဖူးသည်ကို စွဲ၍ မက်ခြင်း၊ အကျိုးအပြစ်ရှိ၏။
၅။ ဖြစ်ဖူးသည်ကို စွဲ၍ မက်ခြင်း၊ အကျိုးအပြစ်မရှိ။
၆။ ဓာတ်ခြောက်ခြား၍ မက်ခြင်း၊ အကျိုးအပြစ်မရှိ။

* * *

### ၃၂။ တစ်နည်း– အပြား လေးပါး

၁။ နတ်တို့ ပြောကြား၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။
၂။ ရှေ့ခံစားလေ့ကြက်ဖူး၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။
၃။ ဓာတ်ချောက်ချား၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။
၄။ အကျိုးပေးအံ့သောကြောင့်မက်ခြင်း ကေန္တအကျိုးရှိ၏။

* * *

## ၅၃။ အိပ်မက်သော အခါလေးပါး

၁။ နေ့အခါမက်မှု၊ မှန်-မမှန် နှစ်ပါး။
၂။ ညဦးယံမက်မှု၊ မှန်-မမှန် နှစ်ပါး။
၃။ မိုးသောက်ယံမက်မှု၊ အမှန်။
၄။ အရုဏ်တက်မက်မှု၊ အမှန်။

* * *

## ၅၄။ တစ်နည်း-အိပ်မက်သော အခါသုံးပါး

၁။ ညဦးမက်မှု၊ တစ်နှစ်အတွင်း အကျိုးအပြစ်ပေးအံ့။
၂။ သန်းခေါင်မက်မှု၊ နှစ်နှစ်ခွဲအတွင်းအကျိုး-အပြစ်ပေးအံ့။
၃။ မိုးသောက်မက်မှု၊ တစ်လအတွင်းအကျိုး-အပြစ်ပေးအံ့။

* * *

## ၅၅။ တစ်နည်း-အိပ်မက်သော အခါငါးပါး

၁။ ညဦးမက်မှု၊ သုံးနှစ်အတွင်း-အကျိုး-အပြစ်ပေးအံ့။
၂။ သန်းခေါင်မက်မှု၊ နှစ်နှစ်အတွင်းအကျိုး-အပြစ်ပေးအံ့။
၃။ မိုးသောက်မက်မှု၊ တစ်နှစ်အတွင်းအကျိုး-အပြစ်ပေးအံ့။
၄။ နံနက်နေတက်မက်မှု၊ ခုနစ်လအတွင်း အကျိုးအပြစ်ပေးအံ့
၅။ မွန်းတည့်မက်မှု၊ ခုနစ်ရက်အတွင်း အကျိုး-အပြစ်ပေးအံ့။

* * *

## ၅၆။ တစ်နည်း-အိပ်မက်သောအခါ ငါးပါး

၁။ နေ့အခါမက်ခြင်း၊ အကျိုး-အပြစ် ပေးမပေး။
၂။ ပဌမယံမက်ခြင်း၊ အကျိုး-အပြစ် မပေး။
၃။ သန်းခေါင်ယံမက်ခြင်း၊ အကျိုး-အပြစ် ပေး၏။
၄။ မိုးသောက်ယံမက်ခြင်း၊ အကျိုး-အပြစ် ပေး၏။
၅။ အရုဏ်တက်မက်ခြင်း၊ အကျိုး-အပြစ် ပေး၏။

* * *

### ၅၇။ အိပ်မက်သော အခါ ငါးပါး

၁။ ပဌမယံမက်မှု တစ်နှစ်အတွင်း အကျိုး–အပြစ်ပေး၏။
၂။ ဒုတိယယံမက်မှု၊ ခြောက်လအတွင်း အကျိုး–အပြစ်ပေး၏။
၃။ တတိယယံမက်မှု၊ သုံးလအတွင်း အကျိုး–အပြစ်ပေး၏။
၄။ စတုတ္ထယံမက်မှု၊ တစ်လအတွင်း အကျိုး–အပြစ်ပေး၏။
၅။ အရုဏ်တက်မက်မှု၊ ဆယ်ရက်အတွင်း အကျိုး–အပြစ်ပေး၏။

* * *

### ၅၈။ တစ်နည်း–အိပ်မက်သောအခါလေးပါး

၁။ ညဦးမက်သော်၊ တစ်နှစ်အတွင်း အကျိုး–အပြစ်ပေး၏။
၂။ သန်းခေါင်မက်သော်၊ တစ်လခွဲအတွင်း အကျိုး–အပြစ်ပေး၏။
၃။ သန်းလွဲမက်သော်၊ ခုနစ်ရက်အတွင်း အကျိုး–အပြစ်ပေး၏။
၄။ မိုးသောက်မက်သော်၊ တစ်လအတွင်း အကျိုး–အပြစ်ပေး၏။

* * *

### ၅၉။ အိပ်မက်သောနေ့များ

၁။ တနင်္ဂနွေနေ့မှာ၊ မယားအတွက် မက်သည်။
၂။ တနင်္လာနေ့မှာ၊ ဆွေမျိုးအတွက် မက်သည်။
၃။ အင်္ဂါနေ့မှာ မိဘဆရာသမားအတွက် မက်သည်။
၄။ ဗုဒ္ဓဟူးနေ့မှာ၊ သား–သမီးအတွက် မက်သည်။
၅။ ကြာသပတေးနေ့မှာ၊ အဆွေခင်ပွန်းအတွက်မက်သည်။
၆။ သောကြာနေ့မှာ၊ ကျွန်၊ ကျွဲ၊ နွားအတွက် မက်သည်။
၇။ စနေနေ့မှာ၊ ကိုယ့်အတွက် မက်သည်။

* * *

### ၆၀။ အိပ်မက်မကောင်း ပျောက်အောင်ကုနည်း

အိပ်မက် ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ နံနက်အခါ မြော်မြင်တတ်သော သူထံ ပြန်ကြားရာ၏။ အိပ်မက်မကောင်းမှု ဘုရားကို ဆီမီးပူဇော်၍ ခေါင်းဆေးရာ၏။ အိမ်ရာ မထောင်သောသူတို့ကို ပူဇော်

၍ အိပ်မက်သူကို ရွေးရာ၏။ အသက်ရှည်၍ ဘုန်းကြီးပြီး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းရာ၏။

* * *

## ၆၁။ တစ်နည်း–အိပ်မက်မကောင်း ပျောက်အောင်ကုနည်း

အိပ်မက်ကောင်း မက်မူ၊ ဆရာ, သမား, ပညာရှိတို့ကို ပူဇော်၍ ပြန်ကြားရာ၏။ မကောင်းမက်မူ၊ ထမင်းတစ်ဆုပ် ရေတစ်မှုတ်နှင့် သစ်ငုတ်တို့တွင် တင်ခဲ့၍ ကောင်းသော အရသာတစ်ပါးပါးစား၍ပြန်ရာ၏။

* * *

## ၆၂။ တစ်နည်း အိပ်မက်မကောင်း ပျောက်အောင်ကုနည်း

အိပ်မက်မကောင်းသောသူသည် ပရိတ်တော် ရေခံ၍ ခေါင်းဆေးရာ၏။ သင်ပုတ်, ရေချမ်း, ထီး, တံခွန်, ပန်း တို့ဖြင့် ဘုရားပုထိုးကို ပူဇော်ရာ၏။ ဗောဓိညောင်တော်ကို သောက်ရာ၏။

ဤသို့ ကျမ်းအစောင်စောင်တို့ အဆိုမညီကြ၊ သို့သော်လည်း အိပ်မက်မကောင်းထင်မက်လျှင် မည်သည့်အခါ, အချိန်, နေ့၌ မက်သော အိပ်မက်ဖြစ်စေ၊ (ယတြာကောင်းက မင်းလောင်းပျောက်) ဆိုသကဲ့သို့၊ ဆေးရှစ်ပါးဖြင့် ခေါင်းဆေးခြင်းလည်းကောင်း၊ ဘုရားပုထိုးရှိခိုးခြင်း၊ နံ့သင့်ပန်းတို့ဖြင့် သက်စေ့ပူဇော်ခြင်း၊ တြိရန်း–စတုရန်းနံ သစ်သားတို့ကို အောက်ခံပြု၍ ခေါင်းဆေးခြင်းကိုလည်းကောင်း၊ ဤသို့စသော လောကီ, ဓမ္မ, ယတြာကို ပြုခြင်းကြောင့် လွန်သည်မရှိ ကင်းပျောက်ကုန်၏။

အိပ်မက်, အတိတ်, နိမိတ်, တပေါင်, စနည်း, ဂြိုဟ်စား, သက်ရောက် စသည်တို့ကို မယုံကြည်တတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ ထို့ကြောင့် ငါ့အား အကုသိုလ်ကံ အကျိုးပေးလို၍ မကောင်းသော အိပ်မက် စသည်တို့ကို မြင်လာကုန်သည်၊ ကုသိုလ်ကံအကျိုးပေးလို၍ ကောင်းသော အိပ်မက်စသည်တို့ကို မြင်လာကုန်သည်။ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကံကို အရင်းထား၍ ယုံကြည်ရမည်ဟု ပညာရှိတို့ မိန့်တော်မူကြ၏။ ထို့ကြောင့် ကံကို အရင်းထား၍ ယုံကြည်ကြလေသည်။

* * *

## အိပ်မက်သောအခါ သိကြောင်း နိမိတ်အဟော

### ၆၃။ မြင်မက်သည့်ကိုစွဲ၍ မက်သော အိပ်မက်များ

ဘုရားဆင်းတုရုပ်ပွားကြွသွားသည်ကို မြင်မက်သော် ကြက်သရေတိုးအံ့။ စေတီ, ရုပ်ပွား, ပုထိုးကို မြင်မက်သော်၊ နတ်ကြီးတို့ ချစ်ခင်အံ့။ ကောင်းသော အခြင်းအရာဖြင့် ရဟန်း, သာမဏေကို မြင်မက်သော်၊ သမာဓိနတ်တို့လေးမြတ်အံ့။ ။ နတ်စိမ်းတို့ နှစ်လိုအံ့။ ။ ကောင်းသော အခြင်းအရာဖြင့် မြွေကို မြင်မက်သော်၊ ပြိတ္တာ, သားရဲ, သားဘက်တို့ ကျေးဇူးပြုအံ့။ ကောင်းသော အခြင်းအရာဖြင့် လင်းတကို မြင်မက်သော် ဓောဂနီတို့ ချစ်ခင်အံ့။ ကောင်းသော အခြင်းအရာဖြင့် ခွေးကို မြင်မက်သော်၊ စုန်းတို့ ချစ်ခင်အံ့။ မကောင်းသော အခြင်းအရာဖြင့် စေတီ, ရုပ်ပွား၊ ဘုရားပုထိုး, ရဟန်း, သာမဏေ၊ ဆင်, ကျွဲနွား၊ ဝက်, မြွေ, လင်းတ, ခွေးတို့ကို မြင်မက်သော် နတ်ကြီး၊ သမာဓိနတ်၊ နတ်စိမ်း၊ သားရဲ၊ သားဘက် ဓောဂနီနတ်၊ စုန်းတို့မှ ဥပဒ်ရောက်အံ့။ နေ–လ–ကြပ်သည်ကို မြင်မက်သော်၊ ဘုန်းရှိသောသားဖွားအံ့။ အသီးအရွက်ပြည့်စုံသော သစ်ပင်ကို မြင်မက်သော်၊ ဥစ္စာပြန့်ပွား၍ များပြားအံ့။ အုန်းသီး၊ ထန်းသီးကို မြင်မက်သော် လာဘ်ရအံ့။ ရေအိုးတွင်း လ ကျသည်ကိုလည်းကောင်း လယ်တွင်း ကျားရောက်သည်ကိုလည်းကောင်း မြင်မက်သော် အိမ်ရှေ့မင်းဖြစ်အံ့။ ဝုလိုဏ်ကိုလည်းကောင်း သံတိုင်ပြုသည် လည်းကောင်း မြင်မက်သော် မင်းသော်လည်းကောင်း အမတ်သော်လည်းကောင်းဖြစ်အံ့။ ရွှေငွေကို မြင်မက်သော် ကျေးဇူးကြီးစွာ ချမ်းသာသုခရအံ့။ နေ–လ မှုန်းတည့်သည်ကို မြင်မက်သော် ချမ်းသာကြီးအံ့။ ကြယ်ကိုမြင်မက်သော် သူတစ်ပါးထက် မြတ်အံ့။ ထန်းစင်ထက် ကျိုးနားသည်ကို မြင်မက်သော် နာဖျား သေပျောက်အံ့။ အိမ်ထောင်သည် ဘုရားပြိုသည် သစ်ပင်ကျိုးသည်ကို မြင်မက်သော် ဘေးကြီးစွာ ရောက်အံ့။ ရေကြည်ကို မြင်မက်သော် ချမ်းသာအံ့။ ရန်ငြိမ်းအံ့။ ရေနောက်ကို မြင်မက်သော်မကောင်း။ လှည်း, ပျဉ်, တစည်းဆုံ, ချားရဟတ်တို့ကို မြင်မက်သော် သူမကောင်းကြံအံ့။

ဘုရား ရုပ်တုကို မြင်မက်သော် ဘုန်းကြီးအံ့။ ခရုသင်းကို မြင်မက်သော် ဘေးပျောက်အံ့။ ဆင် မြင်း ဗိုလ်ပါကို မြင်မက်သော် ချမ်းသာရအံ့။ အယူမှားသော သူတို့ကို မြင်မက်သော် မိစ္ဆာနတ်နှောင့်ယှက်အံ့။ စစ်သည် အများလာသည်ကို မြင်မက်သော် ရောဂါဖြစ်အံ့။ မျောက်ကို မြင်မက်သော် မကောင်း (ရွှေငွေရအံ့လည်းဟူ။) ချောင်းရေ ကန်ရေကို မြင်မက်မက်သော် သူကြီးဖြစ်အံ့။ ဥယျာဉ်ကို မြင်မက်သော် လာဘ်ရအံ့။ အိမ်မီးလောင်သည်ကို မြင်မက်သော် ဘေးရောက်အံ့။ ရဟန်းအိမ်တွင် နေသည်ကို မြင်မက်သော် ချမ်းသာအံ့။ အိမ်၌ နေ–လ ကျသည်ကို မြင်မက်သော အိမ်ရှေ့မင်းဖြစ်အံ့။ အပုပ်ကို မြင်မက်သော် လာဘ်ကြီးရအံ့။ အိုးလည်ပြုတ်ကို မြင်မက်သော် မကောင်း၊ ကျွဲခတ်သည်ကို မြင်မက်သော် ရန်တွေ့ရအံ့။ ကြက်ခွပ်သည်ကို မြင်မက်သော် တရားတွေ့ရအံ့။ ကျွဲလာသည်ကို မြင်မက်သော် ဘေးတွေ့အံ့။ စပါးကို မြင်မက်သော် စကားမြစ်လာအံ့။ ဝက်ချင်းပက်သည်ကို မြင်မက်သော် ရန်ဖြစ်အံ့။ လက်ကထီးတိုင်လဲသည်ကို မြင်မက်သော် ကိုးကွယ်ပြုသူသေအံ့။ လက်ကထီးတိုင်လဲသည်ကို မြင်မက်သော် မယားသေအံ့။ တိုင်မ,လဲသည်ကို မြင်မက်သော် မိမိသေအံ့၊ ဖွဲ့မီးတငွေ့ငွေ့ကို မြင်မက်သော် အပူတွေ့အံ့။ မီးဖိုကို မြင်မက်သော် အလွန်ပူအံ့။ သေသူကို မြင်မက်သော် အပြီးအစီးရောက်အံ့။ သေသူထသည်ကို မြင်မက်သော် စကားပေါင်းပေါ်အံ့။ မှန်တိုင်းထသည်ကို မြင်မက်သော် ကြောင့်ကြများအံ့။ မြွေပွေးမြွေဟောက်ကို မြင်မက်သော် ရန်ပျောက်အံ့။ ဥဗျိုင်းဝန်းရံသည်ကိုမြင်မက်သော် အိမ်ရှေ့မင်းဖြစ်အံ့။ အိမ်နား ဝန်းကျင်၌ မှိုပေါက်သည်ကို မြင်မက်သော် မိုးကြီးကျအံ့။ သူ့ဦးခေါင်းပြတ်သည်ကို မြင်မက်သော် ရန်အောင်အံ့။ ဓား, လှံ အရောင် တောက်သည် မြင်မက်သော် ဘုန်းကြီးအံ့။ ထောပတ်ရေ, နို့ရေတို့ကို ၌ ရှာသောအားဖြင့် မြင်မက်သော် ဘီလူးဘေး–တော်မှတ်ဘေး နာဖျားခြင်း ဘေးရောက်အံ့။ ဖြူသော အဝတ်ဝတ်သော သတို့သမီးသည် ဖြူသောပန်းကို ပန်လျက် တစ်စုံတစ်ခုကို ကိုင်စွဲသည်ကို မြင်မက်သော မင်းဖြစ်အံ့။ ရွှေသော အဝတ်ဝတ်သော သတို့သမီးသည်

ရွှေသောပန်းကို ပန်လျက် တစ်စုံတစ်ခုကို ကိုင်စွဲသည်ကို မြင်မက်သော် မင်းဖြစ်အံ့။ မည်းသော အဝတ်ဝတ်သော သတို့သမီးသည် မည်းသောပန်းကို ပန်လျက်တစ်စုံတစ်ခု ကို ကိုင်စွဲသည်ကို မြင်မက်သော် သေပျောက်အံ့။ အသီးနှင့် ပြည့်စုံသော သရက်, ဥသျှစ်ပင်တို့ကို မြင်မက်သော် ဉစ္စာတိုးပွားအံ့။ ထီးပတ်, ပျားရည်တို့ကို မြင်မက်သော် ချမ်းသာကြီးအံ့။ နေ-လ အာသာဝတီ နက္ခတ်တို့ကို မြင်မက်သော် မပင်မပန်းမင်းဖြစ်အံ့။ ရေညှိ မြွေငန်းကို မြင်မက်သော် ချမ်းသာရောက်အံ့။ စေတီ, ဆင်းတု, တိမ်တိုက်, ရဟန်း, ပုဏ္ဏား မင်းတို့ကို မြင်မက်သော် ကောင်းကျိုးရောက်အံ့။ စင်ကြယ်သော သူငယ် ကြွယ်ဝသောသူ မီးရဲရဲ မြင်းစသောယာဉ် သစ်ပင် အစွယ်ရှိသောဆင် ငါးစိမ်း အဆိပ်တို့ကို မြင်မက်သော် ကောင်းကျိုးရောက်အံ့။ သွေးကို လည်းကောင်း မြေ၌လက်နက် စိုက်ထောင်သည်ကို လည်းကောင်း၊ မြူတိမ်ကင်းသော ကောင်းကင်ကို လည်းကောင်း၊ ကျွဲ, နွား, ဆင်, မြင်း, ခြသေ့ကိုလည်းကောင်း၊ နန်းပြာသဒ်ကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားဆရာကိုလည်း ကောင်း မြင်မက်သော ချမ်းသာကြီးအံ့။ စင်ကြယ်သော နွားငယ် ဖွားသည်ကိုလည်းကောင်း လဝန်းကိုလည်းကောင်းမြင်မက်သော်မင်းဖြစ်အံ့။ ရေစီးကိုလည်းကောင်း အိမ်၌ ဆင်, မြင်း, နွားမွေးဖွားသည်ကို လည်းကောင်း ရွှေငွေကိုလည်းကောင်း မြင်မက်သော် ကောင်းကျိုးရောက်အံ့။ မကောင်းသော ရေ လာသွန်သည်ကို မြင်မက်သော် သေအံ့။ နတ်, ဆင်းတု, စိသနီး နတ်တို့ကို မြင်မက်သော အဆွေခင်ပွန်းကောင်းရအံ့။ နီသောပန်းကို မြင်မက်သော သေအံ့။ ဘီလူးရက္ခိုသ်, ပြိတ္တာ, မြေဘုတ်, ပြိုးပြိုးပြက်သော ရွှေရောင်, ငွေရောင်တို့ကို မြင်မက်သော် သေအံ့။ ပခြုပ်တွင်း၌ မီးတောက်သည်ကိုလည်းကောင်း ဓားလှံ, အရောင်တောက်သည်ကို လည်းကောင်း မြင်မက်သော် ကျွန်မှုတော်လှန်အံ့။ တော်လှန်ပြီးသူ အမတ်ဖြစ်အံ့။ အမတ်ဖြစ်ပြီးသူ မင်းဖြစ်အံ့။ ထင်းပုံမြင်မက်သော် မကောင်း။ အိမ်ကို ဆူးရုံသည်ကို မြင်မက်သော် နိုးသူနှိပ်စက်အံ့။ မိန်းမ

အမွေးရှည်သည်ကို မြင်မက်သော် ချမ်းသာအံ့။ ၄က်ပျောပင်ကို မြင်မက်သော် ရွာပြောင်းရအံ့။ ဆင်ပေါက်ကို မြင်မက်သော် သူတစ်ပါး၏ ကိုးကွယ်ရာ ဖြစ်အံ့။ အရပ်လေးမျက်နှာမှာလာသည်ကို မြင်မက်သော်၊ လာဘ်ရအံ့။ အလွန်ကြီးသော ကျွဲနွားကို မြင်မက်သော် အလွန်ကောင်းအံ့။ ပွဲခံသည်ကို မြင်မက်သော် သေပျောက်အံ့။ ဆင်, မြင်း, လား, နွားမ တို့ကို မြင်မက်သော် ကောင်းစားအံ့။

* * *

## ၆၄။ ကြားသည်ကို အစွဲပြု၍ မက်သော အိပ်မက်များ

ရုပ်ပွားဆင်းတု တရားဟောသည်ကို ကြားရ မြင်ရမက်သော်၊ ကျော်စောအံ့။ စည်ကြီး, ကြေးနင်း, မောင်း, ခွက်ခွင်း, ပတ်သော်, နရည်း, ခရု, ခရာ, ခေါင်းလောင်းသံကို ကြားရမက်သော်၊ နှစ်လို ဝမ်းသာအံ့,။ သတင်းကောင်းကြားရအံ့။ မိုးကြိုးသံ၊ စည်, ခရာသံ, နဲသံ ကြားမက်သော် အမတ်ဖြစ်အံ့။ ခင်ပုပ်၄က်သံကြားမက်သော် အနာကြီးသင့် အံ့။ ဥခေါင်းသံကြားမက်သော် သတင်းကောင်းကြားအံ့။ သာယာသော အသံကြားမက်သော သတင်းကောင်းကြားအံ့။

* * *

## ၆၅။ စားသည်ကိုစွဲ၍ မက်သော အိပ်မက်များ

သစ်သီးမှည့်, သခွားမှည့်, လက်သုတ်, အမြိန်အရသာစား အုန်းသီးစားမက်သော် လာဘ်ရအံ့။ ရှောက်, သံပရာသီးစားမက်သော် ရန်ပျောက်အံ့။ မန်ကျည်းသီးစားမက်သော် သူကောင်းဖြစ်အံ့။ ငရုတ်, ချင်း, စားမက်သော် သူတကာတို့ ဆရာဖြစ်အံ့။ ဟင်းမျိုးစား သစ်ရွက် စားမက်သော် လာဘ်ရအံ့။ လိပ် ငါးစားမက်သော် စပါးဆန်ရေပေါအံ့။ လိပ်ဥစသော ဥမျိုးစားမက်သော် ဆင်းရဲသူကြွယ်ဝအံ့။ မြေခဲစားမက်သော မင်းမှလာဘ်ကြီးရအံ့။ သူတောင်းစားမက်သော် စစ်သူကြီးဖြစ်အံ့။ ထမင်းစားမက်သော်၊ လာဘ်ရအံ့။ (ကျွန်ကြောင်ဗျာပါရှိအံ့လည်းဟူ) ရွှေခွက်နှင့်ထည့်၍ ထမင်းစားမက်သော် လာဘ်ကြီးရအံ့။ အပုပ်စား,

ချိုး, ကြက်သားစား မက်သော် လာဘ်ကြီးရအံ့။ ၎င်းအပုပ်စားပြီးမှ အန်သည်ဟု မက်သော် ဘေးသင့်အံ့။ သား ငါး ကင်စား မိကျောင်းသား စားမက်သော် လာဘ်ကြီးရအံ့။ လူသားစား မက်သော် ကျေးရွာ, ဆင်မြင်းရအံ့။ ကွမ်းရွက်, သစ်ရွက်စားမက်သော် ပုဆိုးကောင်းရအံ့။ ကြက်စသည်တို့၏ အတောင် အဖျားအနားစားမက်သော် ချမ်းသာအံ့။ ရေကန်ထက်နေလျက် ကြာဖက်ဖြင့် နို့ဃနာစားမက်ရသော် မင်းဖြစ်အံ့။ ကျောက်ဖျာကို မျိုမက်သော် ကျေးဇူးကြီးစွာရအံ့။ ပြာသာဒ်ထက်၌ နေလျက်စားရမက်သော် ကောင်းစားအံ့။ ကျက်ပြီးလူသားစားရမက်သော် လူလက်ရုံးစားရ မက်သော် မင်းဖြစ်အံ့။ မင်းမဖြစ်သော် အသပြာ တစ်သိန်းရအံ့။

* * *

## ၆၆။ သောက်သည်ကိုစွဲ၍ မက်သော အိပ်မက်များ

နို့ကို ရွှေခွက်ဖြင့် သောက်မက်သော်သူများထက် ကျော်စောအံ့။ လာဘ်ကြီးရအံ့။ မြစ်ရေသောက်မက်သော် သူများထက် ကျော်စောအံ့။ နွားနို့သောက်မက်သော်ဥစ္စာများအံ့။ သူများကို ကျေးဇူးပြုအံ့။ သမုဒ္ဒရာ ရေသောက် မက်သော် အလွန်ကောင်းစွ။ ပျားရေသောက်မက်သော် ကြီးသမျှပြီး၍ လာဘ်ကြီးတွေ့အံ့။ နှမ်းဆီသောက်မက်သော် စိုးရိမ်ကင်းအံ့။ ရေသောက်မက်သော အရာရှိဖြစ်အံ့။ နို့ချိုသောက်မက်သော် မင်းဖြစ်အံ့။ သေအရက်သောက်မက်သော် ကြောင့်ကြများအံ့။ နို့စို့ရ မက်သော် ပညာပေး လာအံ့။ ပညာပေါက်အံ့။ အိမ်မိုးခေါင်သို့တက်၍ ရေလောင်းမက်သော် မင်းဖြစ်အံ့။ ပြာသာဒ်ထက်၌ နေလျက်သာမက်သော် ကောင်းစားအံ့။ ပျားရေ, ထောပတ်ရေ သောက်ရမက်သော် စည်းစိမ်တိုးအံ့။ သွေးသောက်ရ မက်သော် ပညာရအံ့။ ဥစ္စာရအံ့။ အလျှံနှင့်တကွ ထောပတ်ကိုသောက်ရ သည်ဟု မြင်မက်သော် ချမ်းသာတိုးအံ့။

* * *

## ၆၇။ စီးသောယာဉ်ကိုစွဲ၍ မက်သော အိပ်မက်များ

ထမ်းစင်–သံလျှင်းကို စီးမက်သော် လာဘ်ရအံ့။ ပခက်စီးမက်သော် ထင်ရှားအံ့။ မြင်းစီးမက်သော် ချမ်းသာအံ့။ မိကျောင်းစီးမက်သော် ရန်ကိုနိုင်အံ့။ သင်္ဘောစီးမက်သော် အများထက်မြတ်အံ့။ မြင်းဖြူစီးမက်သော် မင်းဖြစ်အံ့။ နွားလည်ပင်းကို စီးမက်သော် သူခဖြစ်အံ့။ လှေစီးလျက်မြုပ်သည်မက်သော် ဥစ္စာပျက်အံ့။ လှေစီးမက်သော် ချမ်းသာတိုးအံ့။ ရထားစီးမက်သော် မယားကောင်းရအံ့။ ဖိနပ်စီးမက်သော် ဖျားနာအံ့။ မြွေငန်းစီးမက်သော ရောဂါဖြစ်အံ့။ ပတ္တမြားစီးမက်သော် သားကောင်းရအံ့။ ကျွဲစီးမက်သော် ကျွန်ရအံ့။ ပြာသာဒ်, တောင်, တောစိုးသစ်ပင်, အထိကရသစ်ပင် တောင်ထွက်တို့ကိုထက်စီးမက်သော် ချမ်းသာစီးပွားများအံ့။ လှေစီးလျက် မြစ်ကို ပင်ပန်းစွာ ကူးရသည်ဟု မက်သော် အရပ်တစ်ပါးပြောင်းပြီးမှ ပြန်လာရအံ့။ အေးယာဉ်စီးသည်, ဝက်စီးသည် မက်သော် သေအံ့။

* * *

## ၆၈။ နှုတ်ကိုစွဲမက်သော အိပ်မက်များ

ရဟန်းပုဏ္ဏားနှင့် စကားပြောရမက်သော် ချမ်းသာအံ့။ အသံသည်းစွာ ငိုကြွေးရမက်သော် ထင်ရှားအံ့။ စည်းစိမ်များအံ့။ တရားဟောမက်သော် သူနှင့်ခိုက်ရန်ပွားအံ့။

* * *

## ၆၉။ ကိုယ်ကိုစွဲ၍ မက်သော အိပ်မက်များ

ဘုရားပုထိုးရှိခိုးရမက်သော် ချမ်းသာသုခရအံ့၊ ဦးခေါင်းကွဲသည်၊ မြင့်ရာမှကျသည် သူ့ကိုစီးထားရသည်၊ ခွန်းစဏ္ဍာ, အထက်နေရသည် ဝက်ပက်သည် ထိတ်လန့်သည် မြေတူးသည် ဆား ဆီ၌ ထိုင်သည်၊ ကခုန် မြူးထူးသည် ဆောင်းမှတစ်ပါး အခြားတူရိယာတီးရသည် သီချင်းဆိုရသည် နွားရေချိုးရသည်မက်သော် မကောင်း။ မိမိ အူကိုထုတ်၍ ပြည်ကိုပတ်ရသည် ဟု မက်သော် ဘုရင်ဖြစ်အံ့။ မိမိအူကိုထုတ်၍ ရွာကိုပတ်ရသည်ဟုမက်သော် ရွာ၌ အကြီးအကဲဖြစ်အံ့။ တောင်ဖျားတက်ရ

သည်ဟုမက်သော် ချမ်းသာအံ့။ အမှုများသည့် လည်းကောင်း သူကောင်းရှိသည်ကိုလည်းကောင်းမက်သော်အလွန်ကောင်းအံ့။ လှူငယ်ချို၊ ရွှေငွေကို အစိုးရမက်သော် ချမ်းသာအံ့။ ထီးဆောင်းရသည်မက်သော် အေးမြအံ့။ ပြာသာဒ်ကြီးကို ပြုရသည်မက်သော် ဘုန်းကြီးအံ့။ ခြုံဆည်းလည်းကို လှုပ်ရသည်၊ ခရုသင်းမှုတ်ရသည်၊ ဆင်, မြင်း, ကျွဲ နွားရသည် မက်သော် စည်းစိမ်တိုးအံ့၊ တလားမှာ ဝင်ရသည်၊ ထင်းပုံထက်တင်သည်။ အလိုမတူသူနှင့် ပေါင်းဖော်ရသည်မက်သော် သေအံ့။ မြစ်ကို ကူးရသည် ဘင်ပုပ်လိမ်းရသည်မက်သော် ယုတ်မာသောသူ လာဘ်ရအံ့။ မြတ်သောသူ ကျေးလက်ရအံ့။ သိန္ဓောရသည်ဟု မက်သော် အသက်ရှည်အံ့။ ပုဆိုးဖြူဝတ် ပန်းဖြူပန်မက်သော် သူကြီးဖြစ်အံ့။ ကိုယ်တွင် လောက်တက်မက်သော် ကျွန်, ကျွဲ, နွားများအံ့။ မြေစာပန်းပန်မက်သော်မင်းဆရာဖြစ်အံ့၊ တန်ဆောင်းညိုမက်သော် စာတတ်အံ့။ ထင်ရှားအံ့။ အိမ်ရာထောင် မက်သော် လာဘ်ကြီးရအံ့။ နဂါးကို ဖမ်းမက်သော် ရန်ပျောက်အံ့။ မျှော့တွယ်မက်သော် အကြီးအကဲဖြစ်အံ့။ တံစွန်လွှား ကောင်းကင်ပျံ မက်သော် ထင်ရှားအံ့။ ဆင်စွယ်နှစ်ချောင်းကို စွဲမက်သော်ထင်ရှားအံ့။ အမတ်ဖြစ်အံ့။ မြင့်မိုရ်တောင်ကို ခေါင်းအုံးရသည် ဟူ၍ လည်းကောင်း၊ သမုဒ္ဒရာကို သင်ဖြူးပြုရသည်ဟူ၍ လည်းကောင်း၊ မိန်းမခြံရံလျက် စည်းစိမ်ခံရသည်ဟူ၍ လည်းကောင်းမက်သော် မင်းဖြစ်အံ့၊ ကွန်းစင် အခေါင်တက်မက်သော် ငှက်ပျောပင်စိုက်မက်သော် အမတ်ဖြစ်အံ့။ အုတ်ခဲပစ် မက်သော် အမှုရောက်အံ့။ မြင့်မြတ်အံ့။ တန်ဆာဆင်မက်သော် သူများ ရှိခိုးရာဖြစ်အံ့။ ဦးခေါင်းထက် ကြာညိုရောက်မက်သော် ကြာညိုပန်း ပန်ရသည်ဟုမက်သော်မယားကောင်းရအံ့။ တောင်အရပ်သို့သွား မက်သော် ရောဂါရအံ့။ နေ, လ ဖမ်းမက်သော် စွဲသော် မင်းမှလာဘ်ကြီးရအံ့။ မြင့်မိုရ်တောင်ကို တက်ရသော် မင်းဖြစ်အံ့။ ချမ်းသာများအံ့။ မြင့်မြတ်စွာ တက်ရမက်သော် သူတစ်ပါးထက် မြင့်မြတ်အံ့။ ကိုယ်ရောင်ထွက်မက်သော် ကိုယ်ပုပ်မက်သော် တန်ခိုးကြီးအံ့၊ မီးမှုတ်မက်သော် ချွန်းတောင်းစွဲမက်

သော် သူ့ကို အောင်မက်သော် မောက်တိုဆောင်းမက်သော် အကြီးအကဲဖြစ်အံ့။ ဦးခေါင်းရိတ်မက်သော် လည်ပင်းတိုမက်သော် နာဖျားအံ့။ အိုးမဲလိမ်းမက်သော် ပုဆိုးဝတ်မက်သော် ခြေသည်း, လက်သည်း, လှီးမက်သော် အိမ်တွင်းခရမ်းပင်စိုက်မက်သော်၊ ယောကျ်ားအချင်းချင်း ဆီးဝတ်မက်သော် မကောင်း။ မြစ်ကူးမက်သော် တံတားလျှောက်မက်သော် စိုးရိမ်လျှက်အလိုပြည့်အံ့။ ဝရမ်းဖမ်းမက်သော် ဖျာလိပ်မက်သော် မိမိရှုးမက်သော် လာဘ်ကြီးရအံ့။ ဓားလုံ့စွဲမက်သော် ဆံရှည်မက်သော် အသက်ရှည်အံ့။ ခေါင်းဖြီးမက်သော် သူ့ကို ထိုးခုတ်မက်သော် ဘေးပျောက်အံ့။ လက်ဝါးကြာရောက်မက်သော် ဝက်ကို, ယုန်ကို ခြံလှောင်မက်သော် တံခွန်လွှားမက်သော် ပန်းထီးဆောင်းမက်သော် ကျော်စောအံ့။ လွှားကစားမက်သော် သစ်ပင်ခုတ်မက်သော် မကောင်း၊ ကျားစွယ်။ မိကျောင်းစွယ် ရင်ခွင်ပိုက်မက်သော် အမတ်ဖြစ်အံ့။ သွေးပေါက်ယိုမက်သော် ဘုန်းကြီးအံ့။ ဦးခေါင်းပြတ်မက်သော် သေအံ့။ မီးကိုရသည် မက်သော် စည်းစိမ်ကို မီးလောင်အံ့။ အရှုးလှည့်ပတ်ခံရမက်သော် စောင်းတီးရမက်သော် သွားလေရာလာဘ်ကြီးအံ့။ သူကြီးဖြစ်အံ့။ မိကျောင်းဖမ်းမက်သော် ဆုလာဘ်ရအံ့။ နေအိမ်၊ လအိမ်ဖွဲ့ဝင်မက်သော် သားသမီးကောင်းရအံ့။ သစ်သီးလွယ်ပိုး မက်သော် ကောင်းစားအံ့။ ဆံဖြေမက်သော် သားကြူးမက်သော် ဥစ္စာလျောအံ့။ ဖျားနာအံ့။ ဆူးစူးမက်သော် ရန်တွေ့အံ့။ ဓာတ်တော်ရမက်သော် ကျက်သရေတက်အံ့။ နွားရမက်သော် ဥစ္စာတိုးအံ့။ လကျ်ာလက်ရုံးပြတ်မက်သော် သားကြီးသေအံ့။ (ချမ်းသာအံ့ဟူ)၊ မြွေခဲမက်သော် သားရစွဲရှိ၏။ (ချမ်းသာအံ့လည်းဟူ)။ ခရီးသွားသော် အကြံမြောက်အံ့။ အိမ်သစ်တက်၍ စောင်းတီးမက်သော် မင်းဖြစ်အံ့။ နေဇာပန်းပန်မက်သော် စည်ပုတ်, ပတ်သာ, တူရိယာစည်းတီးမက်သော် မင်းဆရာဖြစ်အံ့၊ လည်တိုမက်သော် ဥသျှောင်အုံးမက်သော် ဖျားနာအံ့။ လိပ်ဖမ်း၊ ငါးဖမ်းမက်သော် ဆန်စပါးရအံ့၊ ကျွဲ, နွား, ခြံသွင်းမက်သော် ကျွန်ရအံ့။ လောက်ဖမ်းမက်သော် အစာဆန်ရေများအံ့။ ဥသျှောင်ရှက်မက်သော် ဆွေမျိုးရောက်အံ့။ ပြန့်ပွားအံ့။ ဆင်ဖြူချွန်တပ်မက်သော် သူကောင်းဖြစ်အံ့။ ကိုယ်မှာအကြောင်အကျား

ဖြစ်မက်သော် မယားကောင်းရအံ့၊ အနှိပ်စက်ခံရသည်၊ ပြာလိမ်းကျံရသည် မက်သော် ဘေးတွေ့အံ့။ အိမ်၌ ထင်းပေါက်မက်သော် မိုးကြိုးကျအံ့။ ကောင်းကင်ပျံတက်မက်သော် တံခွန်ထူ မက်သော် ထင်ရှားအံ့။ ကိုယ် လက်ယားယံမက်သော် လာဘ်ကြီးရအံ့။ ငိုကြွေးမက်သော် စည်းစိမ်များအံ့၊ ဦးထုပ်ဆောင်း, လိင်ရှည်, မိန်းမစွဲမက်သော် ချမ်းသာအံ့။ ကြာသွတ်အိုး နှင့် ရေချိုးမက်သော် နှာခေါင်းသွေးထွက်မက်သော် သူများ မိုဒိုရာဖြစ်အံ့။ သူများ မျက်စိထုတ်မက်သော် နှာခေါင်းလှူးမက်သော် ဦးခေါင်းဖြတ်မက် သော် စည်းစိမ်များအံ့။ နို့ညှစ်မက်သော် ကြွယ်ဝအံ့။ အထက်ရှေ့သွား ကျိုးမက်သော် သား၌ ဘေးရောက်အံ့။ အောက်ရှေ့သွားကျိုးမက်သော် သမီး၌ ဘေးရောက်အံ့။ အံသွားကျိုးမက်သော် ဆွေမျိုးကြီးသူတို့ ဘေးရောက် အံ့။ အံကို နင်းမက်သော် ကျက်သရေယုတ်အံ့။ ရွံ့စင်ရွံ့ထိမက်သော် မကောင်းသတင်းဖြစ်အံ့။ လဲသည်မက်သော် တရားရှုံးအံ့။ လက်စွပ်ဝတ် မက်သော် သူစွပ်စွဲအံ့။ တောင်တက်နေသည်မက်သော် မင်းဖြစ်အံ့။ တောင်ထက်ဝယ်နေမက်သော် စစ်သူကြီးဖြစ်အံ့။ ပိတုန်းတုပ်မက်သော် ချစ်သူများအံ့။ ပျားထိုးမက်သော် ရန်တွေ့ရအံ့။ အနှောင်အဖွဲ့မက်သော် နတ်ဆေး လိမ်းကျံမက်သော် ဥစ္စာရအံ့။ ဖန်ရေစွန်းဝတ်ရသည်၊ ပန်းနီပန် ရသည်မက်သော် ဘေးထိအံ့။ ဂုံညင်းကစားမက်သော် မင်းဖြစ်အံ့။ ခြေကိုမက်သော် ကိုယ်မွေးရှည်မက်သော် တန်ခိုးကြီးအံ့။ သူ့ကိုခဲပစ်မက်သော် ဥစ္စာကုန်ကျအံ့၊ (ဥစ္စာရအံ့လည်းဟူ)။ ငှက်တော်ကို ဖမ်းမိမက်သော် အမတ်ဖြစ်အံ့။ လေးမျက်နှာမှလာသော ခိုးသူကို ဖမ်းမက်သော် ချမ်းသာအံ့။ ကျောက်ဖျာအိမ်မိုးမက်သော် အများသခင်ဖြစ်အံ့၊ ခြေသည်း လက်သည်း စသည်ကို ရေတွက်မက်သော် အသက်ရှည်အံ့၊ ငါးဖမ်းမက်သော်၊ မိန်းမနှင့် အတူအိပ်မက်သော် လာဘ်ကြီးရအံ့။ ဆားလျက်မက်သော် သူများ၏ မိုဒိုရာဖြစ်အံ့။ မိန်းမကို နားထွင်းမက်သော် ရွှေ ငွေ ရအံ့။ ကုန်းကိုတက်ပြီးမှ ကျင်းကို သက်၍ ခေါင်ဆေးမက်သော် မင်းဖြစ်အံ့။ နံ့သွင်း, စန္ဒကူးလိမ်းကျံ မက်သော် ပန်းပန်မက်သော် ကြာပန်းစသည် ပန်မက်သော် ဖျားနာအံ့၊ ကျောက်ဖျာထက်နေမက်သော် အလွန်ကောင်းအံ့၊ ချွေးထွက်, သွေးထွက်

မက်သော် ဘုန်းကြီးအံ့။ နွားကျောင်း မက်သော် အကြီးအကဲဖြစ်အံ့၊ လက်ကောက်, နားဋောင်း, ဆံကျစ် ဝတ်ဆင်မက်သော် သားကောင်းရအံ့။ ရွှေလက်ဖွဲ့ဝတ်မက်သော် ဥစ္စာရှိသော မိန်းမရအံ့။ အညီအညွတ်ဘိသိက်သွင်းလာသည် မက်သော် မင်းဖြစ်အံ့။ မြေကြီးကို ဖျာကဲ့သို့ လိပ်ရသော်၊ နိုင်ငံဖမ်းမက်သော်မင်းဖြစ်အံ့။ မန်းကျည်သီးဆွတ် မက်သော် သူကောင်းဖြစ်အံ့။ မြင်းမိုရ်တောင်ကိုပတ်မက်သော် စစ်သူကြီးဖြစ်အံ့။ ရယ်စရာပြုမက်သော် ဖမ်းမြောက်ရာ ကိစ္စဖြစ်အံ့။ မကာရ်းကို ဖမ်းမက်သော် အိမ်ရာထောင်မက်သော် လာဘ်ရအံ့။ ရွှေလက်ကောက်ဝတ်မက်သော် ကြီးသောသူတို့ ချီးမြှောက်ခံရအံ့။ ထမင်းနှင့်တကွ သပိတ်လွယ်မက်သော် လာဘ်ရအံ့။ သမုဒ္ဒရာကူးမက်သော် မင်းဖြစ်အံ့။ သွားနာသည် နဲ့သည် ယိုင်သည်မက်သော် ဥစ္စာလျော့အံ့။ ဖျားနာအံ့။ အစွယ်ဦးချိုရှိသော သတ္တဝါ, မျောက်, ဝက်, နှိပ်စက်ခံရသည် မက်သော် ရာဇဝတ်သင့်အံ့။ လက်မောင်းနှင့် ရင်ကို ကျော့ကွင်းဖွဲ့သည်ဟု မက်သော် သားသမီးရအံ့။ အဆင်းလှသော ဦးပြည်းသော မိန်းမနှင့် စပ်ယှက်ရသည် ထိပါးရသည်မက်သော် ယောကျ်ားမြတ်တို့ ဆရာဖြစ်အံ့။ သားသမီးရမက်သော် ဥစ္စာရအံ့။ (ပညာရအံ့လည်းဟူ) မိုးရေ၌ မြူးပျော်ရမက်သော် ဥစ္စာစီးပွားများအံ့။ ပန်းပန်ရ၊ ဝတ်ဖြူစင်ကြယ်ဝတ်ရ၊ နေ, လကို ဖက်ရ၊ လက်နက်ကိုဖက်ရ၊ တံခွန်ကိုကိုင်ရ၊ ရုပ်တုကိုဖက်ရ၊ မြတ်သောသူကို ညှဉ်ပန်းရ သွေးကို ချိုးရ ခံတွင်းဖြင့် လက်နက်ကို ယူရသည် မက်သော် ချမ်းသာကြွယ်ဝအံ့။

* * *

## ၇၁။ စိတ်ကို စွဲမက်သော အိပ်မက်များ

ရဟန်း, ပုဏ္ဏားနှင့် ကြံမက်သော် ချမ်းသာအံ့။ ပုဏ္ဏားကို စွဲ လန်းမက်သော် လာဘ်ရအံ့။ စိုးရိမ်ကြောင့်ကြ မက်သော် ဆိုလေရာကောင်းအံ့။ ဆတ်ဆတ်နိုး မက်သော် မင်းဖြစ်အံ့။ အသပြာ တစ်သိန်းရအံ့။ ဝမ်းမြောက်ဝမ်းသာမက်သော် ကောင်းစားအံ့။ ဆိတ်ဆိတ်နေရမက်သော် သေအံ့။

အိပ်မက်နိမိတ်အယောပြီး၏။

* * *

# ဗိသုကာကျမ်း

## ၇၁။ အိမ်ရာ ကျောင်းရာတို့ကို ပက်ဆေး သုတ်ဆေး

ကြက်, ဆိတ်, ဆေး, လင်း, ရှိန်, ကန့်သွင်း၊ မြင်းချေးထည့်ကြိတ်၊ ကြပ္ပန်းရေဖျော်ကာ၊ အိမ်ကျောင်းရာ၊ ဖျန်းကာပက်လေကြ။ (ကြက်သွန်နီ၊ ဆိတ်ဖွား၊ ဆေးဒန်း၊ လင်းနေ့ကိုယူလေ။) ၎င်းဆေးသာတိုင်ရင်းမှာ၊ လိမ်းခါသုတ်အပ်စွ။ ပန်းရင်းတစ်ပါး၊ ဆောင်မေခါး၊ ညက်ထွားကြိတ်လေကြ၊ ဆီနှင့် ဖျော်ကာ၊ ရက်မမှာ၊ သုတ်ပါကောင်းမြတ်လှ၊ စန္ဒကူးနီဖြူ၊ ပန်းပေါက်ဟူ ယူလေဆေးပန်းရင်း။ ပရိတ်ရွှေငွေ၊ ပတ္တမြားရေ၊ ဖျော်လေမှန်မယွင်း။ စရွေးမှာသာ၊ သုတ်လေပါ၊ ရန်ကွာ ဘေးမျိုးကင်း၊ မြေကြမ်းသစ်ဆိုး၊ နိုင်လေရိုး၊ နှိမ်ချိုးပယ်ဖျောက်ရှင်း။

* * *

## ၇၂။ အိမ်ရာကျောင်းရာ မြေရိုးအပေါ

အိမ်ကျောင်းဆောက်ရာ၊ မြေကိုသာ၊ သေချာမှတ်ပြီးမှ၊ ပေါက်ပေါက်ဆန်ပန်း၊ မိဋ္ဌာန်မှန်း ကြိဖျန်း ပူဇော်ကြ၊ တူရွင်းနှင့် ကော်ယူပြီးသော်၊ ချိန်ဆော်ကြည့်အပ်လှ။ တစ်ကျပ်ပြည့်လတ်၊ ဆင်းရဲတတ် နှစ်ကျပ်ဥစ္စာရ၊ သုံးကျပ်လေးကျပ်၊ မကောင်းတတ်၊ ငါးကျပ် မေတ္တာမျှ၊ ခြောက်ကျပ်မှာ လာဘ် ခုနစ်ကျပ်၊ အရပ်ပြောင်းရွှေ့ရ။ ရှစ်ကျပ်ဥစ္စာ၊ ပေါများပါ၊ ကိုးမှာ သိဒ္ဓိဝ။ တစ်ဆယ်ဘေးမှတ်။ ဆယ့်တစ်ကျပ်၊ တိုးတက်သက်ဇီဝ။ ဆယ့်နှစ် ဆယ့်သုံး၊ ချိန်ကျပ်နှုန်း၊ ရှင်ပြုံးချမ်းသုခ။ ဆယ့်လေးချစ်ခင်၊ ဆယ့်ငါးတွင်၊ လူရှင်မှန်တတ်လှ။ ဆယ့်ခြောက်ကောင်းမွန်၊ တစ်ဆယ့်ခွန်၊ အလွန်မျက်ထက်စွ။ ချိန်ကြပ်ကောင်းစွာ၊ အိမ်ကျောင်းရာ၊ ဆောက်ခါနေထိုင်ကြကြီတိုင်းလည်းအောင်၊ သိဒ္ဓိဆောင်၊ လူ့ဘောင်ကျော်စောရ။

* * *

## ၇၃။ ကျောင်း, အိမ်ဆောက်ရာ မထားသင့်သောအရာများ။

ကျောင်း, အိမ်ဆောက်ခါ၊ တိုင်အောင်မှာ၊ ပန်းသာမဆွဲနှင့်။ ထုက်မစွပ်ခင်၊ ရက်မ, တင်၊ ရှောင်ကြဥ်မပြုနှင့်။ ကြမ်းထက်မောက်မို၊ တိုင်တိုတို၊ ပိုလို့မထားနှင့် အိမ်မဆောက်ခင် ဝင်းခတ်လျှင်၊ ရန်ပင်အားတွေ့ သင့်။ ကွန်းတိုင်ပေါ်တွင်၊ ငါးကိုတင်၊ ဆင်ခြင်မပြုနှင့် ခေါင်းလျှောက်ခွတွင် မပြီးခင်၊ ကြမ်းတွင် မဖောက်နှင့် ကျောင်း, အိမ်ဆောက်ရာ၊ တိုင်ချင်းသာ၊ ထိခါမစိုက်နှင့်၊ ထုတ်စွန်းထက်သာစရွေးသာရှည်စွာ မထားနှင့်။

* * *

## ၇၄။ အိမ်, ကျောင်း ကာကွယ်ဆေး။

အိမ်သစ်တက်လို၊ များလှုဗိုလ်၊ ရန်ဖြိုဖျက်ဖို့ဆေး။ အရှေ့တောင်ပါး၊ သိ, ကိုထား သိကြားဆိုလို့ရေး၊ အနောက်တောင်ပါး၊ န, ကိုထား၊ နဂါးဆိုလို့ရေး၊ အနောက်မြောက်ပါး၊ ဗိ,ကိုထား၊ နတ်သားဗိဿနိုးဆိုလို့ ရေး၊ အရှေ့မြောက်နား၊ ဘု,ကိုထား၊ ဘုရားဆိုလို့ရေး ရွှေရေ, ငွေရေ၊ စိန်ကျောက်ရေ၊ ထည့်လေ ကာကွယ်ဆေး၊ ဆိုတိုင်းပြုက၊ အားမခ ချမ်းမြကြည်ရွှင်အေး။

**၇၅။ မြေငါးမျိုးရွေးနည်း။** ။ အဆင်းဖြူပြာ၊ မြေပုဏ္ဏား၊ စီးပွား ဖြစ်တတ်စွာ။ အဆင်းနီလွင်၊ မြေဘုရင်၊ မင်းလျှင်ဖြစ်တတ်ပါ။ အဆင်း နက်က၊ မြေဒါသ၊ ဒုက္ခအားတွေ့ရာ၊ အဆင်းဝါဘိ၊ မြေပကတိ၊ သုခီအဝေရာ။ အဆင်းပြာလျှံ၊ ကေသပံ၊ နိုင်ငံတည်ထောင်ရာ။ မြေမင်း ပုဏ္ဏား၊ ကျောင်းအိမ်များ၊ ဆောက်ထားဧရပ်သာ။ မြေဒါသမှာ၊ ဥယျာဉ်မှာ၊ လယ်မှာလုပ်လေပါ၊ မြေပကတိကို၊ ရဟန်းဆို၊ နေလို ကောင်းလေစွ။

* * *

**၇၆။ သစ်မခုတ်ရသောတော။** ။ သိန်း, စွန်, ခင်ပုပ် နောတာအုပ် သစ်ခုတ်မပြုအပ်၊ ဋ္ဌင်းတ, စစွာ၊ ငှက်ယုတ်မာ၊ နေရာ မခုတ်အပ်။

**မသုံးရသော သစ်ခုနစ်မျိုး။** ။ ခုတ်ခါတွဲလဲ၊ ပေါ်မှာဆွဲ၊ ဆွဲချသစ်ဟုမှတ်၊ ဆွဲချသစ်များ၊ သုံးဆောင်းငြား၊ ပျက်ပြားသေဆုံးတတ်။ ထက်ကြီး အောက်ရှူး၊ အနေထူး၊ ဘီလူးသစ်ဟုမှတ် ဘီလူးသစ်တွင် သုံးခဲ့လျှင်မြန်လျှင် သေဆုံးတတ်၊ လမ်းကိုလွန်ကျူးချောင်းကိုကျူး၊ လမ်းချောင်းကူးဟုမှတ်၊ လမ်းချောင်းကူးမှာနေခဲ့ပါ၊ ငါးဖြာရန်တွေ့တတ်။ ခုတ်ပြီးပေါ်တွင် နေခဲ့လျှင်၊ လူကောင်တင်ဟုမှတ်။ လူကောင်တင်မှာ၊ သုံးခဲ့ပါ။ မသာချရတတ်။ ကိုင်းခက်ပေါ်တွင် ကြိုတ်ခဲ့လျှင်မည်တွင် သစ်မျောက်မှတ်။ သစ်မျောက်ကိုလဲ၊ သုံးဆောင်စွဲ၊ ချွတ်လွဲလိမ့်ကျတတ်၊ အလယ်ကပူ၊ ထိုသစ်မူ ခေါ်ယူနပုန်းမှတ်၊ နပုန်းသစ်များ သုံးဆောင်မှား၊ ကြီးမားဘေးတွေ့တတ်။ နွယ်ပတ်တက်သွား၊ ထိုသစ်များ၊ နဂါးဟူ၍မှတ်။ နဂါးသစ်များ၊ သုံးဆောင်မှား၊ မီးပွားရန်တွေ့ တတ်။ ဖွတ်တက်, ဈိုင်းနား၊ ဥပဒ်များ၊ ထင်ရှားဖြစ်လာတတ်။

**သုံးရသောသစ် ၂-မျိုး။** ။ ရင်းဖျားညီငြား၊ သစ်ယောကျ်ား၊ ဖျားသွယ် မိန်းမမှတ်။ ထိုသစ်နှစ်ပါး၊ သုံးဆောင်ငြား၊ ဘေးများရန်မကပ်။

**တံစိုးသစ်ယူပုံ။** ။ လွန်ဖျားသွယ်လစ်၊ တံစိုးသစ်၊ စွန့်ပစ် ပယ်ရှားအပ်။

**မီးကျောင်းသစ်သုံးနည်း။** ။ သေသော်, ဖွားသော်၊ မီးလောင်သော်၊ မီးကျောင်းသစ်ဟုမှတ်။ သုံးပါးမီးကျော်၊ သုံးလိုသော်၊ တရော်ကင်ပွန်းတပ်။ (သစ်ကြမ်းဖြစ်လျက် သုံးလိုမူ ဆိုခဲ့ပြီးသော ဆေးနှင့်သုတ်လေ။)

* * *

**ရရ။ သစ်အမျက်ပြေနည်း။** ။ ဆယ်ပိုင်းထားကာ၊ သစ်များမှာ၊ မျက်ပါပြေရန်ပြ။ တစ်ပိုင်းရှိမူ၊ များချစ်သူ၊ နှစ်မူဘေးဒုက္ခ။ သုံးပိုင်း သော်စား၊ လေးမှာကား၊ မယား သေတတ်စွာ။ ငါးပိုင်းကိုသေ။ ခြောက်ပိုင်း နေ၊ များထွေ နွား, ကျွဲရ။ ခုနစ်ကျွမ်းဝင်၊လာဘ်ကြီးမြင်၊ ရှစ်ခွင်ပျက်စီးရ၊ ကိုးပိုင်းနေရာ၊ ဆယ်ပိုင်းမှာ၊ ကြီးစွာ လာဘ်ကိုရ။ လှေရော, လှည်းရော၊ အိမ်, ကျောင်းရော၊ မျက်ပြေ၍ရွေ့မှု။

* * *

**၇၈။ တိုင်မကျွတ်ကောင်းသော အသားဆယ်တစ်မျိုးကား။**

တဲအိမ်တို့မှာ၊ မဆောက်သင့်ရာ၊ မှတ်ပါတစ်ကြောင်း၊ မိန့်လိုက်ရှောင်းအံ့။ မီးကျောင်းမအူ၊ သခွတ်ဟူသား၊ ညောင်သျှိသျှားနှင့် သီးသားသပြေ၊ သစ်ဆိမ့်ရေသာ၊ တထွေတလော လက်ပံနှောရှ် လဲဝါရောရာ၊ ဆယ့်တစ်ဖြာကို၊ အိမ်မှာတဲက မဆောက်ရသည် လောကဝေါဟာ လူ့ထုံးတည်း။

* * *

**၇၉။ တစ်နည်းအမျက်ဟောကား။** ။ (လှေမှာ ဇရာ၊ လှည်းမှာ မပြင်၊ ကျောင်းမှာ ဒြင်၊ အိမ်တွင် လှေကား၊ သစ်ကိုဆယ်ပိုင်း ပိုင်း၍ထား) ပထမပိုင်း၌ အမျက်ရှိမူ မင်းပူဇော်ခံရအံ့။ ဒုတိယပိုင်း၌ အမျက်ရှိမူ ချစ်သူများအံ့။ တတိယပိုင်း၌အမျက်ရှိမူ ထမင်းအဖျော်များအံ့။ စတုတ္ထပိုင်း၌ အမျက်ရှိမူ မယားသေသည်ဖြစ်အံ့။ ပဉ္စမပိုင်း၌ အမျက်ရှိမူ မိမိသေသည်ဖြစ်အံ့။ ဆဋ္ဌမပိုင်း၌ အမျက်ရှိမူ နွားတည်းဟူသော လာဘ်ရအံ့။ သတ္တမပိုင်း၌ အမျက်ရှိမူ မယားရသည်ဖြစ်အံ့။ အဋ္ဌမပိုင်း၌ အမျက်ရှိမူ ဆင်းရဲသည်ဖြစ်အံ့။ နဝမပိုင်း၌ အမျက်ရှိမူ မြေလာဘ်ရအံ့။ ဒသမပိုင်း၌ အမျက်ရှိမူ ချမ်းသာခြင်း လွတ်ရောက်အံ့။ သူခပ်သိမ်းတို့ ပူဇော်ခံရအံ့။

* * *

**၈၀။ အမျက်အစာ ကျွေးနည်းကား။** ။ ပထမပိုင်းတွင် အမျက်ရှိသော် လမိုင်းမည်သောနတ်စောင့်၏။ ဥစ္စာရှင် မင်းပူဇော်ခံရအံ့။ ခံရမည်ဟု နေချေသော် အဘ သေတတ်၏။ လွတ်စေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့်တင်ပေး၊ အဘနှင့်တူသော ဥစ္စာပေးလာအံ့။ ဒုတိယပိုင်းတွင် အမျက်ရှိသော် ရက္ခမည်သော နတ်စောင့်အံ့။ ချစ်ခင်သူများ၍ အဆွေခင်ပွန်းကောင်းသေတတ်၏။ လွတ်စေလိုသော် ငါးပြေမကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ အဆွေခင်ပွန်းကောင်းရောက်အံ့။ တတိယပိုင်းတွင် အမျက်ရှိသော် အယောမည်သော နတ်စောင့်၏။ ဆန်စပါးအစားအသောက်ပေါများအံ့။ ပေါများမည်ဟု နေချေသော်

ဆန်, စပါးအစားအသောက်နည်းတတ်၏။ မနည်းစေလိုသော် ငါးစင်ရိုင်းကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ ဆန်စပါး အစားအသောက် ပေါများအံ့။ စတုတ္ထပိုင်းတွင် အမျက်ရှိသော သာရမည်သော နတ်စောင့်၏ မယားသေတတ်၏။ မသေစေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ မယားနှင့်တူသော လာဘ်ရအံ့။ ပဥ္စမပိုင်း အမျက်ရှိသော အရက္ခမည်သောနတ်စောင့်၏။ မိမိသေတတ်၏။ သေမည်ဟူ၍ မကြောက်နှင့်၊ ပျောက်စေလိုသော်၊ ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့်တင်ပေး၊ ဘေးဒဏ်လွတ်အံ့။ ထူးထွေသော အဆွေ ခင်ပွန်းကောင်းရအံ့။ ဆဋ္ဌမပိုင်းတွင် အမျက်ရှိသော ကင်းသန်းမည်သော နတ်စောင့်၏။ ဥစ္စာ, ကျွဲ, နွားများအံ့။ များမည်ဟူ၍ နေချေသော် ပျက်စီးတတ်၏။ လွတ်စေလိုသော် ငါးခူကို မီးဖုတ်ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ စည်းစိမ် ကျွဲ, နွား,များအံ့။ သတ္တမပိုင်းတွင် အမျက်ရှိသော နိယောဃမည်သော နတ်စောင့်၏။ ကျွန်သမီးရအံ့။ ရမည်ဟူ၍ နေချေ သော် ပျက်စီးတတ်၏။ လွတ်စေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ ကျွန်သမီးရအံ့၊ အဋ္ဌမပိုင်းတွင် အမျက်ရှိသော ခုရဃောသမည်သော နတ်စောင့်၏။ ကျွဲ, နွား, ကျွန်ကျေး ပျက်စီး၍ ဆင်းရဲတတ်၏။ ပျက်စီးခြင်းကို ပျောက်စေလိုသော် ငါးသံချိပ်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့်တင်ပေး၊ များစွာသော ကျွန်, ကျွဲ, နွားရ၍ ချမ်းသာအံ့။ နဝမပိုင်းတွင် အမျက်ရှိသော သာရောမည်သော နတ်စောင့်၏ လာဘ်သပ္ပကာရအံ့။ ရမည်ဟူ၍ နေချေသော် ပျက်စီးတတ်၏။ မပျက်စီး စေလိုသော် ငါးပုတ်သင်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ ကြီးစွာသော လာဘ်ရအံ့။ ဒသမပိုင်းတွင် အမျက်ရှိသော ဒုက္ကောမည်သော နတ်စောင့်၏။ သား, မြေး, ကျေး, ကျွန်ရစေတတ်၏။ ရမည်ဟူ၍ နေချေသော် မရရှိတတ်။ ရစေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ သား, မြေး, ကျေး, ကျွန်ရအံ့။

* * *

**၈၁။ ထုတ်, လျှောက်တို့ကို ရှစ်ခုစားအဟောကား။**

အိမ်ဆောက်လိုမူ ထုတ်နှင့်လျှောက် အတောင်ဖွဲ့၍ရော၊ သုံးမိုက်နှင့်မြှောက်၊ ရှစ်ခုစား၊ တစ်ခုကြွင်းမူကားတံခွန်သင့်၏။ ကုန်သည်တို့နေရ၏။ နှစ်ခုကြွင်းမူကား အခိုးသင့်၏။ ရဟန်း, ပုဏ္ဏားတို့နေရ၏။ သုံးခုကြွင်းမူကား ခြင်္သေ့သင့်၏။ မင်းတို့နေရ၏။ လေးခုကြွင်းမူကား ခွေးသင့်၏။ မုဆိုးတို့နေ ရ၏။ ငါးခုကြွင်းမူကား နွားသင့်၏။ သူဆင်းရဲတို့နေရ၏။ ခြောက်ခုကြွင်း မူကား၊ မြည်းသင့်၏။ ရှာသူကြီးတို့နေရ၏။ ခုနစ်ခုကြွင်းမူကား ဆင်သင့်၏။ အမတ်တို့နေရ၏။ ရှစ်ခုကြွင်းမူကား (သုည) အသုဉ်းဖြစ်၍ မတင့်တယ် ခြင်းဖြစ်၏။ ပြည်တန်ဆာတို့ နေရ၏။

* * *

**၈၂။ တိုင်ရပ်ကို ၇-ခုစား အဟော ။** ။ စိုက်ဆောက်လိုသောသစ်တို့မှာ မြေဝင်အိမ်ရပ်ကျော်တို့ကို တိုင်းပြီးလျှင် စရွေးအောက်ရသောအတောင်ကို မိုက်ဖွဲ့၍ တည်၊ ၇-ခုနှင့်စား၊ သေသ, အကြွင်းကိုဟောလေ။ ၁-ခုကြွင်းမူကား မအောင်အံ့။ ၂-ခုကြွင်းမူကား သိဒ္ဓိပြီးစီးအံ့။ ၃-ခုကြွင်းမူကား ချမ်းသာရအံ့။ ၄-ခုကြွင်းမူကား လာဘ်ရအံ့၊ ၅-ခုကြွင်းမူကား သေအံ့။ ၆-ခုကြွင်းမူကား ချမ်းသာခြင်းသို့ ရောက်အံ့။ ၇-ခုကြွင်းမူကား သုညဖြစ်၍ ငြင်းခုံခြင်းသည်ဖြစ်၏။

* * *

**၈၃။ နေ့စွဲသစ်လဲကျမ်း ။** ။ တနင်္ဂနွေနေ့ အိမ်ဆောက်မူ ဦးယူတိုင် စရွေးအောက်တစ်ထွာချင်းတွင် ခေါင်းသက်ရှိ၏။ အရှေ့မြောက်ထောင့်သစ်နှင့်လဲဘိ၊မလဲမူအိမ်ရှင်သေအံ့၊လဲမူပြုသောဉစ္စာရအံ့။ တနင်္လာနေ့ အိမ်ဆောက်မူ အနောက်မြောက်ထောင့်သစ်တွင် ယက်မအောက် အမျက်သေးရှိ၏။ အရှေ့မြောက်သစ်နှင့်လဲဘိ၊ မလဲမူ အိမ်ရှင်သေအံ့၊ လဲမူအခြေလေးချောင်းရအံ့။ အင်္ဂါနေ့ဆောက်မူ အလယ်ကျဝန်းသစ်တွင် ယက်မအထက်ပဏ္ဏက်ဝင်လောက်ရုံအပေါက်ရှိ၏။တောင်အလယ်သစ်လဲဘိ၊မလဲမူအခြေ

လေးခုသေအံ့။ လဲမှုသမီးကညာရအံ့။ဗုဒ္ဓဟူးနေ့ အိမ်ဆောက်မှုမြောက်ထောင့်သစ်နှင့်မြေနှင့် တစ်ထွာခြင်းတွင် အမျက်ရှိ၏။ အနောက်တောင်ထောင့်သစ်နှင့်လဲဘိ၊ မလဲမူ အခြေလေးခုတို့နှင့်တူသော ကျွန်,သား, မြေလည်းသေအံ့။ ကြာသပတေးနေ့ အိမ်ဆောက်မှု အရှေ့ခေါင်တိုင်ခွတွင် အခေါင်းသက်ရှိ၏။ အလယ်ခေါင်တိုင်နှင့်လဲဘိ၊ မလဲမူ အနာအဖျားများအံ့။ လဲမူ၊ အခြိအရံများအံ့။ သောကြာနေ့ အိမ်ဆောက်မှု အလယ်ထောက်ရှေ့ခွတွင် အောက်တစ်ထွာခြားမှ ခေါင်းသက်ရှိ၏။ အနောက် ထောက်ရှေ့နှင့်လဲဘိ၊ လဲမူ အနာအဖျားများအံ့။ လဲမူ ဆိုဖွယ်မရှိ အလွန်ကောင်း၏။ စနေနေ့အိမ်ဆောက်မှု တောင်ထောင့်သစ်တွင် ယက်မအောက်၌ လခေါင်းအထက်စရွေးအောက်တွင်အမျက်သေးဆင်းတက်ရှိ၏။အရှေ့မြောက်ထောင့်သစ်နှင့်လဲဘိ၊မလဲမူ သားဦးယောကျ်ား သေအံ့၊ သတိထား၍ ပြုကြလေ။

* * *

**၈၄။ မင်္ဂလာသစ် ၆-လုံး ရွေးနည်းကား။** ။ အရှေ့တောင်မူ၊ တိုင်ဦးယူ၊ မှတ်ယူတွေးမဆ၊ အရှေ့မြောက်ဝယ်၊ စုံပင်လယ်အကယ်တူအမျှ။ တောင်လယ်ကို၊ ကျဝန်းဖို၊ ခေါ်ဆိုသမှတ်ကြ။ အလယ်မြောက်စဉ်၊ ခေါ်ဝေါ်လျှင် ယူချင်ကျင်နီးမ၊ မည်ရှားတစ်လီ၊ တိုင်ကုမ္ဘီ၊ ရှည်မှီနောက်တောင်က၊ သပြေတိုင်ရန်၊ အညာဆန်၊ မြောက်စွန်အနောက်က၊ ရှေးထုံးစဉ်လာ ဗိသုကာ၊ ဘာသာကော်တ။ စသည်မပျက်၊ ခုတိုင်ဖက်၊ လေ့ကျက်သဘာဝ။ မှေ့စွန်းထောက်ရှည်၊ ကြွယ်ဝစည်၊ ရွှေပြည်သုဝဏ္ဏ။ အရှေ့သို့ဦးထားလျက် မြောက်သို့ မျက်နှာမူ၍ ဆောက်သောအိမ်မှာ အဆောင်တို့၌လျောက်တန်းနှစ်ဖက်တွင် တောင်အစဉ်မှာ သစ်ယောကျ်ား၊ မြောက်အစဉ်မှာ သစ်မိန်းမဟုယူရာ၏။

**မင်္ဂလာသစ် ၆-လုံးအမည်ကား ဤသို့တည်း။** ။ အရှေ့တောင်ထောင့် သစ်ကိုဦးယူ၊ အရှေ့မြောက်ထောင်သစ်ကိုပင်လယ်၊ အလယ်တောင်သစ်ကို ကျင်နီးဖို အလယ်မြောက်သစ်ကိုကျင်နီးမ၊ အနောက်တောင်ထောင့်သစ်ကို ကုမ္ဘီ။ အနောက်မြောက်ထောင့်သစ်ကို သပြေခေါ်၏။

**တိုင်းထီးမြို့ ကိုးပါးအနက် တစ်လုံးကို မတည်ဘဲထားရမည့် အခါမျိုး ကိုပြသည်**။
ကျွန်ုပ်တို့ထံသို့ ပြန်လာပါ၊ ကျွန်ုပ်တို့ထံသို့ ပြန်လာပါ၊ တောင်ပေါ်တွင် ဆုံမည်၊ ဦးခေါင်းကို သေသေချာချာ ပေါင်းပါ၊ ကိုယ်တိုင်ပြောပါ၊ ကိုယ်တိုင်ပြောပါ၊ သင်ဖြစ်သည်၊ အနောက်ဘက်မြေ ခေါင်းတိုင်တိုင်မှ ပြည်၊ အလယ်တောင်ရှိ ခေါင်းတိုင် တွင်းမှ ဆက်ပေါ်၊ ငါးပိ၊ ဆား၊ ဝါဂွမ်း၊ အနောက်ဘက်ရှိ ခေါင်း တိုင်တွင်းမှ ငွေ၊ ကိုးပါးသော အစာတို့ကို သင်မချ၊ မတူ—မတိုက် မီပေး ရာ၏။ ပန်းကန်ချခြင်းမှ ခန်းပွင့်တောင်ကာနှင့် ကျင်းသစ်စီကို ချပြီးမှ အနေမတော်သည်ဟူ။ ကျင်းသစ်စီ ပန်းကန်ကိုနှုတ်၍မပြောင်းအပ်။ ပန်းကန် မချမီ သေချာကြည့်ရှု၍ ချရာ၏။

* * *

**၀၅။ မြေစောင့်နတ်တင်ပုံကား**။ ။ အိမ်၊ ကျောင်း၊ ဇရပ် ဆောက်လုပ်လိုသူတို့သည် ပန်းကန်ထဲ မချမီ မြေစောင့်နတ်ကို အစာကျွေး၍ ပူဇော်ခြင်း ပြုရာ၏။ ပူဇော်ခြင်းကား လင်ပန်းထဲတွင် အသက်သတ်မပါဘဲ ထမင်းကို ဖန်ခွက်နှင့် ထည့်၍ ယိုတို့ကိုလည်း ဖန်ခွက်နှင့် ထည့်၍ ဆန်စပါးကိုလည်း ဖန်ခွက်နှင့်ထည့်၍ ပူဇော်ရာ၏။ (ဥပ—ဘုမ္မိရာဇာ၊ မြေသချႋကို၊ အစိုးရသည့် နဂါးသနင်း၊ မြေနတ်မင်း၊ ကောင်းခြင်းတိုင်းမြဲ ပန်းကန်သဲက၊ စသည်ရုံးပေါင်း၊ ခြပုန်းတောင်ပို့၊ ဤသို့အကြောင်း၊ ရှေ့ သူဟောင်းတို့ မကောင်းချွတ်လွှဲ၊ မြေထဲထားမြှုပ်၊ အရုပ်အင်းချ၊ ဆိုရေး စကား၊ ဒေါသကင်းရေး၊ ကောင်းရာဆေးလော၊ သူ့သွေးသွန်ရာ ဆရာ ပြုဟောင်း၊ မကောင်း။ တစ္ဆေနေတွင်သည်ကား၊ ဝေးဝေးရှားရှား၍၊ ဘုရားရုပ်တု၊ ဆင်းတုမလွှတ်၊ ဓာတ်တော်မွေတော်၊ ရှိတြားသော်လည်း၊ ကော်ရော်ရှိညွတ်၊ နတ်တို့ဘာသာ၊ ကောင်းရာကောင်းအောင်၊ ကောင်းကျိုးဆောင်၍ ကောင်း အောင် ထားပါ၊ နတ်တကာတို့၊ မ,ပါစေကြောင်း၊ ရေကြောင်းဆေးမည် အလျှံတည်၍၊ အရောင်ညီးညီး၊ လင်ပန်းကြီးနှင့်ပွဲကြီး၊ နတ်ယကား၊ ကိုင်စွဲကာနှင့် အင်းကားလက်ယာ၊ ဆေးကားလက်ဝဲ၊ ကိုင်နတ်စွဲအနေ၊ မြေတွင်ချ၍၊ ပသမလွတ်၊ ယွင်းချွတ်သော်လည်း၊ နတ်ရှင်ပွဲတော်၊

စားတော်ခေါ်သော၊ ပေဟိဘတ္တံ၊ ဘုဥ္စာပဟိ–ဘုဥ္စာပဟိ)။ ဤသို့တင်ပြီးလျှင် ဆန်စပါးတို့ကို အိမ်ရာအတွင်း ကြဲပြီး၊ ပန္နက်ကိုချရာ၏။

* * *

**၈၆။ ကြွင်းနှတ်ပူဇော်ပုံကား** ။ ။အိမ်တို့မှာ ဦးယူကျင်နီးတိုင်တို့ကို အလျှင်တူးစိုက်ရာ၏။ တူးစိုက်ပြီးလျှင် ကျင်နီးတိုင်တို့ကို ကန်တော့ပွဲဖြင့် ပသ, ပူဇော်ရာ၏။ (အို–သောင်းပယူစနှာကျွန်း မျက်နှာထက်၊ တောစာထွန်းညို၊ အုံဖွယ်ရှိသော၊ မဏိစီခြယ်စလွယ်သင်းကျစ်၊ ဦးရစ်ရွှေဘောင်း၊ နားတောင်း လက်ကျပ် လက်စွပ်လက်ကောက်၊ ဖြိုးမောက်ဘယက်၊ ကိုးမည်မြက်ကို၊ ရွှေလက်ဝတ်ဆင်၊ ဘီရင်သီဂီ၊ ပုစွန်ဆီနှင့် မှိုင်းရီဝေမှောင်၊ ပုဆိုးရောင်မူ၊ တိမ်တောင်တက်သစ်၊ လျှပ်စစ်ပမာ၊ လူတကာကို၊ သမာတည်ကြည်၊ ကောင်းစိမ့်မည်ဟု၊ ရွှေရည်ပုံသွန်း၊ ဖြိုးရိပ်ဝန်းလည်း ကျဝန်းမည်သာ၊ မြတ်အေဝါ။ ကြမ္ဘာယွင်းယို၊ ဂြိုဟ်ဝင်, ဂြိုဟ်ထွက်၊ ဂြိုဟ်တက်ဂြိုဟ်နိမ့်၊ ဂြိုဟ်အိပ်စန်းကျ၊ မူလတိမ်းပါး ဂြိုဟ်စားယွင်းဖောက်၊ သက်ရောက်ဂြိုဟ်သုဉ်း၊ နှလုံးမသာ၊ စာတာရှုတက်၊ အိပ်မက်စနည်း၊ တော်လည်းငလျင်၊ အတင် အစွပ်။ ထိပ်ခေတ်ခိုက်တိုက်၊ လူ့ဒွိမျှားစွာ၊ ယတြာရုပ်နာမ်၊ မကောင်းကြံ၍၊ အသံဆောင်းဆောင်း၊ ငှက်မကောင်းနှင့်၊ မျှားတောင်းပြစ်မြင်၊ ရှိခဲ့လျှင်လည်း၊ သန့်စင်ကြည်ဖြူ၊ မ, စိမ့်ဟူ၍၊ ညွန့်လူဝေဆာ၊ နေစာမြက်နု၊ ဧယျာဘုဟု၊ အောက်မှဆော်ဆော်၊ ကျွန်းနန်းစတော်ကို၊ ရေကျော်ခွန်ဗုက် ခေါင်သက်ဦးနှာ၊ ပဉ္စာကင်းလွတ်၊ နတ်ပတ်မီးကျော်၊ ခေါ်ဝေါ်ချောင်းကူး၊ ဘီလူးတချင်၊ တမင်ကိုယ်ဝန်၊ ပြစ်မျိုးလွန်၍၊ ကောင်းမွန်ချောမော၊ မြတ်သဘောဖြင့်၊ မနောကြည်သာ၊ ကိုးကွယ်ပါ၏။ သမ္မာ–သမ္မ၊ ဟူသမျှကို၊ နိစ္စမသွေ၊ နတ်မင်းနေ၍၊ အောင်ဧယျတု၊ အောင်ဆုသော, သေ၊ မ, စေသော်ဝ်)။

* * *

**၈၇။ အိမ်အပြစ် တစ်ဆယ့်ခြောက်ပါး**။ ။ အိမ်ရာကျောင်းကန်၊ အမှန်ဆောက်ရာ၊ ဗိသုကာတို့၊ ကျမ်းလာစီစစ် ဆယ့်ခြောက်ပြစ်ကို၊ မလစ်ရှုဖွယ်၊ သီကုံးချယ်အံ့၊ အိမ်ဝယ်စို့ပေါက်၊ ခြသေ့ဟောက်နှင့်၊

ထိုနောက်မီးကူး၊ ခေါင်းဖြူပါးတီး ရောက်လည်း လိုက်ပေါက်၊ တစို့ရောက်နှင့်၊ မဖောက်ဟာချင်း စည်းလျှင်မတီး၊ကျီးလည်းမအာ၊ ရှာလည်းမထွက်၊ တစ်ချက်ထီးဆောင်း၊ တကြောင်းသိန်းစွပ်၊ ရင်ကွဲမှတ်လော၊ တထပ်ကျီးနား၊ မှိုကားမပေါက်၊ တစ်ဆယ့်ခြောက်ကို၊ မှတ်လောက်စေ့ရေ၊ မျိုးလေးထွေတို့၊ ရှောင်လေအပ်စွာ၊ သိကုံးမှာသည်၊ ကျမ်းလာမျိုးမှတ် စကားတည်း။

* * *

**၈၈။ အိမ်သစ်ဆောက် အသက်တွက်နည်း။** ။ အိမ်သစ်ဆောက်လို၊ များလူဗိုလ်၊သက်ကိုရှစ်ခုစား၊ တစ်ခုကြွင်းမူး သူဌေးယူနှစ်မူ သူကြွယ်ထား၊ လေးခုကြွင်းငြား ရွှေလှေကား၊ ငါးကား ရွှေပြာသဒ်၊ သုံး, ခြောက်, ခုနစ်၊ သုံးဘုံလစ်၊ အိမ်သစ် မဆောက်အပ်။

* * *

**၈၉။ အိမ်ဆောက်လ ရွေးနည်း။** ။ လတန်ခူးမှာ၊ အိမ်ဆောက်ခါ၊ ချမ်းသာပြည့်ကြွယ်ဝ။ လကဆုန်ကား၊ ဆန်စပါးပေါများကြွယ်တတ်လှ။ ဝါခေါင်လမှာ၊ အိမ်ဆောက်ခါ၊ ဥစ္စာတိုးပွားရ၊ နတ်တော်လတွင်၊ အိမ်ဆောက်လျှင် ပေါ်ထင်ကျော်စောစွ၊ ပြာသိုလမှာ၊ လူတကာ၊ များစွာချီးမွမ်းရ။ တပေါင်းလဝယ်၊ ချမ်းသာကြွယ်၊ ဆောင်ဘွယ်ဤခြောက်လ။

**တစ်နည်း– အိမ်ဆောက်လရွေးနည်း။** ။ ကဆုန်, ဝါဆို၊ ပြာသို, တပေါင်း၊ လေးလကောင်း၊ အိမ်,ကျောင်းဆောက်ကုန်ကြ။ ကြွင်းရှစ်လတွင်၊ ဆောက်ခဲ့လျှင် မရှင်စိတ်သောက။

**တစ်နည်း–အိမ်ဆောက်လရွေးနည်း·** ။ ။ တန်ခူး, ဝါဆို၊ တန်ဆောင်ကို၊ ပြာသို, တပေါင်း၊ အိမ်နှင့်ကျောင်း၊ ဆောက်ကောင်းမှတ်လေကြ။ ကြွင်းခုနစ်လမှာ၊ အိမ်ဆောက်ခါ၊ ဗျာပါများတတ်လှ။

* * *

**၉၀။ အိမ်ဆောက်နေ့ ရွေးနည်း။** ။ တနင်္ဂနွေတွင်၊ အိမ်ဆောက်လျှင်၊ မရှင်စိတ်သောက၊ နေ့တနင်္လာ၊ လွန်ချမ်းသာ၊ အင်္ဂါလာဘ်ကြီးရ။ ဗုဒ္ဓဆောက်ခါ၊ ဆင်းရဲစွာ၊ ရံခါချမ်းသာရ။ ကြာသပတေးနေ့မှာ၊

အိမ်ဆောက်ခါ၊ ရောဂါကင်းစင်ပ။ နေ့ကားသောကြာ၊ အေးကြည်စွာ၊ ရှုံခါပူပင်ရ။ စနေနေ့မူ အိမ်ဆောက်သူ၊ဖိုလ်လူညှဉ်းပန်းကြ။

**တစ်နည်း–အိမ်ဆောက်နေ့ရွေးနည်း။** ။ အုံ,ကုံ,၊ ညက်, ထွားနေ့ လေးပါး၊ အိမ်များမဆောက်နှင့်။ ဝမ်း, မြောက်, သူခေါ်နေ့သုံးဖော်၊ အိမ်နော် ဆောက်မှသင့်။

**တစ်နည်း–အိမ်ဆောက်နေ့ရွေးနည်း။** ။ နေ့ တနင်္ဂနွေ၊ အိမ်ဆောက်လေ၊ ဒုက္ခဆင်းရဲစွာ၊ တနင်္လာဆောက်၊ နှစ်လမြောက်၊ ပွား မြောက်ချမ်းသာရ။ အင်္ဂါဆောက်ငြား၊ ဆန်စပါး၊ ပေါများလွန်ကြွယ်ဝ။ လေးနှစ်, လေးလ၊ ဇနီဗုဒ္ဓ၊ ဆောက်ကလွန်သုခ။ ကြာသပတေးနေ့တွင်၊ ဆောက်ခဲ့လျှင်၊ မျက်မြင်ချမ်းသာရ။ သောကြာဆောက်က၊ သုံးလကျ၊ သုခပွားများလှ။ ဗုဒ္ဓဟူးအတူ၊ စနေမူ၊ နည်းယူမှတ်လေကြ၊ အောက်နံပန္နက် ပန်းဆွဲတက်၊ လယ်ရက်အိမ်ရှင်ပ။ နေ့ခုနစ်ရက်၊ အိမ်ဆောက်ချက်၊ တစ်သက်မှတ်အပ်စွ။

| |
|---|
| **အမှာစကား။** ။ တနင်္ဂနွေသားအိမ်ရှင်ဖြစ်မူ စနေနံအောက် တနင်္လာနံအထက်မှတ်၊ တနင်္လာသား–စသည်တို့၌လည်း ၎င်းအတိုင်းသိ လေ။တစ်နည်းကား– သူရဇ္ဇ,သောကြာစသော အင်္ဂဝိဇ္ဇခရားဆောက်တိုင်၌ ဆောက်ကြသော နံသုံးခုကို ပန္နက်ရိုက်၊ အောက်နံဟုမှတ်ရမည်။ အထက်နံသုံးခုကို ပန်းဆွဲသောနံဟုမှတ်ရမည်။ အလယ်နံကို အိမ်ရှင်နံဟု မှတ်ရမည် ဆိုလိုသည်။ |

* * *

**၉၁။ ကြိုးကိုင် ပန္နက်ရိုက်ရွေးနည်း။** ။ တနင်္ဂနွေသား အိမ်ဆောက်ငြား၊ မှတ်သားရွေးချယ်ရာ၊ ကြာသပတေးသား၊ သောကြာသား၊ ကိုင်ငြားကြိုးကိုသာ၊ နိလျှင်နဂါး၊ စနေသားနက်ထား ပန္နက်မှာ၊ ဤသည့် လူကား၊ စည်းစိမ်ပွား၊ တိုးငြားနေ့တိုင်းသာ၊ တနင်္လာသား စသည်များ၊ နည်းထားနိုးယူပါ။

* * *

**၉၂။ အိမ်, ကျောင်း, ဇရပ် စသည် ပန်းထွဲနည်း။** ။ အိမ်ဆောက်ပန်းဆွဲ၊ တော်ပြခွဲ၊ အမြဲမှတ်ယူပါ၊ အုန်းနဲ့ဆွဲကာ၊များမနေ၊ ကြွယ်ဝချမ်းသာစွာ။ ပညောင်ဆွဲသော်၊ မင်းပူဇော်၊ အလျော်ခံရပါ၊ ရေသဖန်းလျှင်၊ ဆွဲခဲ့လျှင်၊ ကြည်ရွှင်လွန်ချမ်းသာ၊ မြေဇာညိုညက်၊ ဆွဲပန်းခက်၊ အသက်ရှည်တန်စွာ၊ အိမ်ဆောက်ပန်းဆွဲ၊ စိတ်ဖြာကွဲ၊ မှတ်စွဲ ဗိုလ်လူပါ။

* * *

**၉၃။ အိမ်ဆောက်ပူဇော်နည်း။** ။ ပေါင်း, ကူး, ကဆုန်၊ သုံးလကြို, ပြုတုံပူဇော်ရ၊ ပန်းဖြူပန်းနီ၊ ဖျင်နှင်းဆီ၊ အညီပူဇော်ကြ။ နယုန်, ဝါ, ဝါ၊ သုံးဖြာလရောက်၊ ပေါက်ပေါက်မြိုင်မြိုင်၊ ခုနစ်တိုင်ဆီ၊ ပုဆိုးနီ, ပန်းနီပူဇော်ကြ၊ တော်သလင်းနှင့်၊ သီတင်း, တန်ဆောင်၊ ပန်းမြောင်ပေါက်ပေါက်၊ ကြံမြောက်ပြုကာ၊ ခုနစ်ဖြာ၊ ဆီသာမီးထွန်းကြ။ နတ်, ပြာ,တွဲကို၊ ထမင်းညို၊ ပန်းညိုပူဇော်ကြ။

**၉၄။ တံတားမထားရသောအရပ်။** ။ အိမ်သစ်ပြီး မြောက်အနောက်တောင်ပါး၊ နောက်မြောက်ပါး၊ တံခါးမပြုနှင့်၊ တံခါးပြုက၊ များဒုက္ခ၊ မုချဘေးဒဏ်သင့်။

* * *

**၉၅။ အိမ်သုံးမျိုးအခွဲ။** ။ အောက်ဝါမြင့်မူ၊ ထားသင့်ဟူ၊ နေသူဥစ္စာရှား။ အောက်ဝါနိမ့်မူ၊ လိပ်သင့်ဟူ၊ နေသူရောဂါများ၊အောက်ထက်မျှမူ၊ နွားသင့်ဟူ၊ နေသူသုခပွား။

* * *

**၉၆။ အိမ်ကျောင်း မဝိုက်အောင်တက်နည်း။** ။ အိမ်သစ်တက်ငြားသပြေသား၊ ဆောင်ထားတတ်အပ်စွ။ ကျောင်းသစ်တက်ငြား။ သနပ်သား၊ ဆောင်ထားနိုင်နင်းလှ၊ ကျောင်းကြမ်း, အိမ်ကြမ်း၊ နိုင်ရိုးတန်း၊ နည်းလမ်းညွှန်၍ပြ။

* * *

**၉၃။ ဖက်ရွက်နိမိတ်အဟော။** ။ ကိစ္စရှိခါ၊ မေးရောက်လာ၊ သညာအမှတ်ထား။ သစ်ရွက်ကိုသာ၊ ခူးစေပါ၊ ဆရာဟောမြွက်ကြား။ အရင်းပြတ်မှာ၊ သေဆုံးရာ၊ ပေါက်ပါခိုက်မှန်ပွား။ အဖျားပြတ်လျှင်၊ လွန်ငြိုငြင်၊ ပူပင်သောကများ။ သစ်ရွက်နှာဆား၊ လွတ်၍ပါ၊ ချမ်းသာသုခပွား။

**တစ်နည်းအဟော။** ။ ရင်းပြတ်လျှင် မရဏ။ ဖျားပြတ်က ပျောက်ဥစ္စာ၊ ပေါက်ပါလျှင် ခိုက်ရန်ပွားတယ်၊ ဘေးများလှပါ။ ရွက်လှပါ၊ ချမ်းသာ၍ ကျော်စော။ လာဘ်ပေါင်းအထွေထွေနှင့်၊ ဥဒကေ–ရေယာဉ် လောင်းသို့၊ ကောင်းသည့်ဘက်ဟော။

**အဓိပ္ပာယ်ကား။** ။ တစ်စုံတစ်ယောက်သော သူသည် အကြောင်း ကိစ္စ တစ်စုံတစ်ခုရှိ၍ မေးမြန်းလာမူဟောသောသူဖြစ်စေ၊ မေးလာသူဖြစ်စေ၊ တစ်ပါးသောသူဖြစ်စေတစ်စုံ ဟစ်ခုသော သစ်ပင်၌ သစ်ရွက်ကို ဆောလျင်စွာ ခူးယူစေရမည်။ ၎င်းသစ်ရွက်ကို ကြည့်ရှု၍ ဟောသောဆရာ က ဟောရမည်မှာ ၎င်းသစ်ရွက်၌ အရင်းပြတ်လျှင် သူနာမေးသော် အသေအပျောက်ရှိတတ်သည်။ ဥစ္စာပျောက် မေးသော် မရပြီ၊ ခရီးသွား မေးသော် မသင့်။ ၎င်းသစ်ရွက်၌ အဖျားက အပြတ်ပါလျှင် သူနာမေးတော် အတော်တာရှည်မည်။ ဥစ္စာပျောက်မေးသော် မရပြီ။ ခရီးသွားမေးသော် မသင့်။ ၎င်းသစ်ရွက်၌ အပေါက်ပါခဲ့လျှင် သူနာမေးသော် မပျောက်သေး၊ ရောဂါ တာရှည်ဦးမည်။ ဥစ္စာပျောက်မေးသော်မရပြီ။ ခရီးသွားမေးသော် မသင့်၊ ခိုက်ရန် များတတ်သည်။ ရင်းသစ်ရွက်၌ အနာလွတ်ခဲ့လျှင် သူနာမေးသော် ဆောလျင်စွာ ချမ်းသာအံ့။ ဥစ္စာပျောက်မေးသော် နှစ်ရက်သုံး ရက်အတွင်း၌ သတင်းသော်လည်းကြားရအံ့၊ ရလည်းရအံ့၊ ခရီးသွားမှု သင့်လျော်ကောင်း၏။

* * *

**၉၄။ အခြေလေးချောင်းတောသတ္တဝါ၊ အိမ်၊ ရွာ၊ မြို့ဝင် နိမိတ် အဟော။** ။ အခြေလေးဖြာ၊ တောသတ္တဝါ၊ ဝင်လာနိမိတ္တ၊ အရှေ့မှပင်၊ တောသားဝင်၊ မင်းလျှင် ပူဇော်ရ၊ အနောက်မျက်နှာ၊

ဝင်ပေလာ၊ ကြီးစွာစိတ်သောက။ ရှေ့တောင်မှာကား၊ ဝင်ပြား၊ ထွားထွား ညက်ကြေရ၊ ကြွင်းရပ်မှသာ ဝင်ရောက်လာ ထူးစွာကျိုးမပြ။

* * *

**၉၉။ တောင်ပို့နိမိတ်အဟော။** ။အရှေ့တောင်ခွင်၊ တောင်ပို့မြင် မီးလျှင် လောင်တတ်စွာ၊ အနောက်ပေါက်ပြား၊ အောက်လူများ၊ နာဖျားဘေး ဒဏ်ရ။ အနောက်တောင်တွင်၊ တောင်ပို့တင် လူလျှင် ခိုက်တတ်လှ။ ကြွင်းငါးရပ်မှာ၊ ပေါက်ရောက်လာ၊ မှန်စွာချမ်းကြည်မြ။ မကောင်းရပ်နေ၊ ပေါက်လာပေ၊ ရွှေရေလောင်းလေကြ။ ဤသို့ယတြာ၊ ပြုသောခါ၊ ရောဂါ ရန်ကင်းပ။

* * *

**၁၀၀။ ကျီးသာနိမိတ်အဟော။** ။ အရှေ့မြောက်မျက်နှာ၊ ရွှေကျီးသာ လာဘ်သာရမည်မှတ်။ ရှေ့ရပ်တူရူ၊ သာလေဟ်မူ၊ ချစ်သူလာတွေ့ တတ်။ ရှေ့တောင်ရပ်အား သာလေပြား၊ မီးများလောင်လေတတ်။ တောင်ရပ်တူရူ၊ သာလေမူ၊ ကိုယ့်လူရောက်လာတတ်။ အနောက်တောင်က၊ ကျူးသံဟ၊ မနေနိုးဝှက်တတ်။ အနောက်ဒေသ၊ မြည်သံဟ။ ဒဏ္ဍာကြီးဥပဒ်။ အနောက် မြောက်မှာ ကျူးသံသာ၊ ကျွန်လာဆိုက်ရောက်တတ်။ မြောက်က သာပြား။ ကောင်းစကား။ ကြားမည်စကန်မှတ်။

* * *

**၁၀၁။ နေ, အိမ်ဖွဲ့နိမိတ်ဟော။** ။ နေအိမ်ဖွဲ့ဟန်၊ လင်းမိန့်ပြန်၊ မှတ်ရန်သတိထား။ တနင်္ဂနွေ၊ မိုးရေခေါင်စွာ၊ တနင်္လာပျက်ရာသီးစပါး။ အင်္ဂါလေမြူး၊ ဗုဒ္ဓဟူး၊ အသူး မိုးရေများ၊ နေ့ကြာသပတေး၊ ဖွဲ့ရေးကညာ၊ ဆက်သလာ၊ သောကြာရွာစည်ကား။ စနေဖွဲ့မူ၊ အိုးနှယ်ဆူ၊ ပြည်သူသောက ပွား။

* * *

**၁၀၂။ တစ်နည်း–နေ, အိမ်ဖွဲ့နိမိတ်ဟော။** ။ နေ, အိမ်ဖွဲ့ရာ၊ ဟောမိန့်မှာ လက်သံပေါက်ကြား။ သူရဇ္ဇမှာ၊ ဖွဲ့လေပေါ၊ ပြည်ရွာမီးလောင် များ၊ စန္ဒရဖွဲ့ခါ၊ မိန်းမသာ၊ ရောက်ရာဟောပြထား။ အင်္ဂါဖွဲ့ပေ၊ မီး

လောင်ချေ၊ ရောက်လေအလောင်းထား၊ ဗုဒ္ဓဟူးဖွဲ့က၊ စစ်ထိုးကြ၊ ဒုက္ခရန် မီးပွား။ မင်းကိုအမတ်၊ ကြံစည်တတ်၊ မှတ်လေဂုရုအား။ သောကြာဖွဲ့မြောက်၊ ကညာရောက်၊ ပေါ်ပေါက်ရွှေအိုးများ။ စနေဖွဲ့လား ရန်အေးကွာ မိုးမှာ ကောင်းလေငြား။ နေထွက်ဖွဲ့လေ၊ ရှေ့ပြုဇွေ၊ ရန်ပွေမင်းအများ။ မီးလောင် ဇတ်မွတ်၊ ထမိဝတ်၊ ယွင်းချွတ်ပျောက်ပျက်ရှား၊ နေဝင်ဖွဲ့မူ၊ ကြီးစစ်သူ၊ ရန်သူအေးနှောင်ပွား။ ကျယ်ဝန်းလှစွာ၊ ဖွဲ့လေပါ၊ ပြည်ရွာလွန်ချောက်ချား။

* * *

**၁၀၃။ လ,အိမ်ဖွဲ့နိမိတ်ဟော။** ။ လအိမ်ဖွဲ့ကို အဟောဆို၊ လူဗိုလ်အတ်မှထား။ ။ ဂဠုန်မိုးရွာ ပြည်သာယာ ကျားမှာ ပြည်ချောက်ချား။ ခြသေ့်လေလာ၊ မိုးမရွာ၊ ဆင်မှာ မိုးရေများ။ ကြွက်မှာကညာ၊ ဆက်သလား ပူးမှာ သုခပွား။ နဂါးဖွဲ့လျှင်၊ ပြည်တိုင်းခွင်၊ ပူပင်မီးအလား။

* * *

**၁၀၄။ တစ်နည်းလေ, အိမ်ဖွဲ့နိမိတ်ဟော။** ။ လ, အိမ်ဖွဲ့ရန်၊ အဟောပြန်၊ ကျမ်းဂန်လာအရ။ မီးလောင်တရပ်၊ ဝပြောတတ်၊ ဖွဲ့လတ် သူရဇ္ဇ၊ အရှေ့ပြုဇွာ၊ ကောင်းဖို့ရာနေ့မှာ စန္ဒရ၊ မုန်တိုင်းအဂ်ါ၊ ဗုဒ္ဓမှာ၊ ပြည်ရွာဝပြောလှ။ ပြည်ရွာသုဥ်းမှု၊ နေ့ဂုရု။ ဖွဲ့ပြုအဟောပြ။ သူဌေးသူကြွယ်၊ ထွန်းပဖွယ် ဖွဲ့ဝယ်နေ့သောကြာ။ ပြည်ရွာပျက်လေ၊ နေ့စနေ ဖွဲ့လေမဏ္ဍလ။

* * *

**၁၀၅။ လ,လျှောင်လှုပ် နိမိတ်ဟော။** ။ လ, လျှောင်လှုပ်၊ အဟောထုတ်၊ ကြီးကုတ်၊ မှတ်ယူနာ။ တန်ခူး ရန်ကုန်၊ လကဆုန်၊ ဖျဉ်းသုဥ်သစ်သီးမှာ။ ကိုယ်ဝန်ပျက်တုံ၊ နယုန်မှတ်ကြ၊ ဝါဆိုလ၊ ကင်းပ မင်းခန္ဓာ။ ဝါခေါင်လှုပ်ငြား၊ ပြည်သူများ၊ ပူပွားဒုက္ခသာ။ တော်သလင်းကား၊ ပုဏ္ဏားရဟန်း၊ မရှင်လန်း၊ ညှိုးနွမ်းဒုက္ခပါ။ ဝါကျွတ်လမှ၊ လှုပ်တုံက၊ မောင်းမလားနယ်ရွာ၊ တန်ဆောင်မုန်းလှုပ်၊ ပြည်ချုပ်မှူးမတ်၊ ဖြစ်တတ် သောက၊ နတ်တော်လ၊ ကြီးလှအေးဒဏ်မှာ။ လှုပ်ရေးပြာသို၊ ပျက်ပြိုပြည်ကွဲ၊ တပို့တွဲ၊ ပြိုကွဲကဝိန္ဓာ၊ တပေါင်းလှုပ်မှု ဖြို့ရွာဆူ။ ညှိုးပူပျက်တတ်စွာ။

* * *

**၁၀၆။ နေ့လျှင်လှုပ် နိမိတ်ဟော။** ။ နေ့လှုပ်လျှင်၊ အဟော တွင်၊ လူရှင်မှတ်ကုန်ကြ။ နေ့တနင်္ဂနွေ ဤမြေလှုပ်ငြား တိုင်းကားပြည်ရွာ၊ တနင်္လာ၊ ရေစာပေါကြွယ်ဝ။ လှုပ်လေအင်္ဂါ၊ ပြည်ရွာထကြွ၊ ဗုဒ္ဓနေ့မှာ၊ ဆင်ဖြူရတနာ။ လှကညာဆက်လာ ပဏ္ဏာသ၊ ဂုရုနေ့မှာ၊ လောင်းလျာပေ၊ သနွေတည်လေ့၊ သောကြာနေ့၊ ပြောင်းရွေ့ မင်းစိုးရ။ စနေနေ့ဝယ်၊ သူကြွယ် ပုဏ္ဏား၊ သူဌေး၊ သူမြတ်၊ ပြည်မှူးမတ်၊ ဖြစ်တတ်ဘေးဘယ်။

* * *

**၁၀၇။ အခါလျှင်လှုပ်နိမိတ်အဟော။** ။ လျှင်လှုပ်နေ့၊ ဟော နည်းတွေ့၊ မှတ်လေ့များဖိုလ်ပါ။ မိဿလဂ်တွင်၊ လျှင်လှုပ်ငြား၊ ကျွဲ၊ နွား၊ မြင်း၊ ဆင်၊ တိုင်းပြည်ခွင်၊ ဝင်သည် ဥပဒ်သာ။ ပြိဿလဂ်တွင်း လှုပ်ခဲ့လျှင်၊ မင်းလျှင် မြောက်ဖို့ရာ။ မေထုန်ပုန်ကန်၊ နိုင်ငံဆူတတ်၊ ကရကဋ်၊ မြတ်သူပင်၊ သိဟ်လဂ်တွင် လွန်လျှင် ကြံပျက်စွာ။ ကန်လဂ် လှုပ်ဘိ ကဝိယွင်းပျက် ထုလဂ်စစ်များ ဖြစ်ကာကား ချောက်ချားမြို့ပြည်ရွာ။ ဓနုမှာသော် လျှင်စိုးတ မကာရ ပြည်ပ ငြိုငြင်စွာ။ ကုံတွင်စစ်မက် မိန်လဂ်သုဥ်ဖျင်း ပျက်စီးခြင်း ခပင်းမြို့ပြည်ရွာ။

* * *

**၁၀၈။ တိမ်တံခွန်ထွက်နိမိတ်ဟော။** ။ တိမ်တံခွန်ထွက်မှာ မှတ်သားရာ ကျမ်းလာဤသို့ပြ။ ရှေ့မြောက်တောင်တွင် စစ်မက်မြင် နေ့လျှင် သူရဲ့။ နောက်မြောက် စစ်တပ်ပေါ်လာချက် နေ့ထွက်စနေရ။ နောက်တောင် အင်္ဂါအနောက်မှာ ဗုဒ္ဓစစ်မက်ထ။ ဆင်ရတနာ ဆက်သ,မှာ နေ့မှာ ဂုရုပ၊ ထဘိဝတ်ဘေးဒဏ် စစ်မက်ထန် ထွက်ပြန် နေ့သောကြာ။ မိုးလည်းလွန်ရွာ ပြည်သာယာ ထွက်လာရေနာဂ။

* * *

**၁၀၉။ နေတံခွန်ထွက် နိမိတ်အဟော။** ။ နေတံခွန်ထွက်မိန့်ပြန် ချက် စွဲလျက်မှတ်သားကြ။ တနင်္ဂနွေနေ့တွင် တံခွန်မြင် ရှေ့တွင်ပျက်တတ် လှ။ တနင်္လာထွက်လေ ပစ္ဆိမေ ဖြစ်လေဥပဒ်ရ။ အင်္ဂါထွက်လတ် မြောက်

အရပ် ဥပဒ်ကြီးမားစွ။ သူကောင်းချင်းလျှင် ဥပဒ်မြင် ထွက်ချင်နေ့ဗုဒ္ဓ။ ဆင်, မြင်း ရတနာ ဆက်သ,လာ ထွက်လာဂုရုက။ သမီးကညာ ဆက်သလာ သောကြာထွက်သည်ပ။ မိးကြီးငလျင် သဲလှုပ်ချင်နေ့တွင် သောရီရ။

* * *

**၁၁၀။ ကြယ်တံခွန် နိမိတ်ဟော။** ။ ကြယ်တံခွန်ကို ထုံးနည်းဆို၊ လူဗိုလ်မှတ်ရန်မှာ။ မင်းကိုတတန်၊ မကောင်းကြံထွက်တန် ရှေ့ပြုဗ္ဗာ။ တောင်မှထွက်ငြား၊ မင်းအများ၊ ပျက်ပြားသက်ခန္ဓာ။ အနောက်အရပ်၊ ထွက်လာလတ်၊ အမတ်ပုန်ကန်ရာ။ ကြယ်တံခွန်ဖြူ၊ အေးပြည်သူ။ နိမ့် စစ်ထိုးရာ။

* * *

**၁၁၁။ ငှက်မြည်သံနိမိတ်ဟော။** ။ အရှေ့ကသာ၊ ငှက်မြည်လာ၊ ဥစ္စာပျက်စီးချေ။ ရှေ့တောင်ရန်ခိုက်၊ တောင်၌ သေတတ်၊ နောက်တောင်ရပ်၊ ဝင်လတ်ခိုးသူပေ။ နောက်မည်မိန်းမ၊ ရအုံမထောက်၊ နောက်မြောက်နှင့်သာ၊ မြောက်မှာလာဘ်ရ၊ ရှေ့မြောက်က၊ ရာဇပူဇော်လေ။

* * *

**၁၁၂။ ဗိုဲ, မ နပုံးငှက်သံ နိမိတ်ဟော။** ။ ယောကျ်ားငှက်မှာ၊ သံပြင်းစွာ၊ သံသာငှက်မိန်းမ။ မပြင်းမသာ၊ အသံမှာ၊ သညာနပုံးရ။ ဗိုဲ, သံမရက၊ မ, သံချစ်ခင်။ နပုံးတွင်၊ ကျိုးလျှင်ပြစ်မပြ။ တစ်ကြိမ်အသံ၊ ဒုက္ခငြိငြင်၊ နှစ်တွင်အနာ၊ သုံးမှာလာဘ်များ၊ လေးကြိမ်ကြား၊ ထင်ရှားကျော်စောစွ၊ ငါးခွန်းချမ်းသာ၊ ခြောက်မှာ စည်းစိမ်၊ လာဘ်မှိန်ခုနစ်၊ ခွန်သံရှစ်၊ စင့်စစ်သီဒ္ဓိက။ ငှက်သံဟောကို၊ ကျမ်းအဆို၊ အိုအောင်မှတ်ကုန်ကြ။

* * *

**၁၁၃။ ကြွက်ခဲနိမိတ်ဟော။** ။ ကြွက်ခဲသည်ကို၊ ဟောနည်းဆို။ လူဗိုလ်မှတ်နာကြ။ လည်ကိုခဲလေ၊ ရရွှေငွေ၊ ခြေမှာ လာဘ်လာဘ။ သလုံးသား ခဲလာ၊ ဘေးရောဂါ၊ မှတ်ပါ စုတ်ကြီးစွ။

* * *

**၁၁၄။ အဝတ်ကြွက်ခဲသော နိမိတ်ဟော။** ။ လူတို့ဝတ်စား အဝတ်များ၊ ကြွက်သားခဲပြန်ချက်။ နှစ်ဖက်အနား၊ ကြွက်ခဲငြား၊ စီးပွားယွင်းယိုပျက်။ လေးထောင့်၌တွင်၊ ကိုက်ခဲလျှင်၊ လွန်ပင် စီးပွားတက်။ ကြွင်းအရပ်မှာ၊ကြွက်ခဲလာ၊ ရောဂါလွန်နှိပ်စက်။ ကောင်းနိမိတ်သာ၊ ထင်သောခါ၊ ရတနာသုံးပါးတက်။

* * *

**၁၁၅။ မိုးခေါင်မည်ကိုသိကြောင်းနိမိတ်ဟော။** ။ မိုးခါဖြစ်လျက်၊ ပုရွက်အမျိုး၊ ရေအိုးအောက်ဝင်၊ ဖြစ်ခဲ့ချင်၊ မိုးလျှင်ခေါင်တတ်စွ။ ဖားသတ္တဝါကား ကုန်းကျက်စား၊ မိုးများခေါင်တတ်လှ။ ဖားမြည်သံပါး၊ ဖြစ်ကုန်ငြား၊ မိုးများ သွေ့ရှောင်ကြ၊ ငှက်သိုက်မြေနား၊ ပြုလာငြား၊ မိုးများရှားဖူးပ။ ပုစွန်ရေနား၊ တွင်းကိုထား၊ မိုးများခေါင်ကြောင်းပြ၊ ရေသတ္တဝါကုန်း၊ ကုန်းသတ္တဝါရေ၊ ကျက်စားလေ၊ မိုးသွေကွင်းမည်ပ။

* * *

**၁၁၆။ ဝတ်မွတ်အံ့သည် သိကြောင်း နိမိတ်ဟော။** တိရစ္ဆာန်များ၊ ဓာတ်တူသား၊ စားမှုထိုအရပ်၊ ငတ်မွတ်တတ်၊ ပုစည်ကြောင်, ကြွက်၊ ကျေးငှက်, ကျီး, မြွေ၊ ဤခြောက်ထွေ၊ ပေါလေထိုရပ်။ ငတ်မွတ်တတ်။ စားသောက်စောလျှင် ခုံမင်ပြုငြား။ လူအများ၊ ရှားပါး ငတ်မွတ်တတ်။

* * *

**၁၁၇။ မြဲမြံတည်တံ့အောင် ယတြာဘုရားထုရှ် ကိုးကွယ်နည်း။** ကိုယ့်မွေးနံမှ မွေးနောက်ကျသည့်၊ နှစ်ဝနံများ၊ ထိုသစ်သားကို၊ ဘုရား ထုလေသင့်။ တည်ကြည်မြဲမြံများ သုခ၊ ဝင်းလှဲ့စန်းနှယ်ပွင့်။ တနင်္ဂနွေနေ့ သား၊ ထန်းကျင်။ တနင်္လာနေ့သား၊ ညဇာ။ အင်္ဂါနေ့သား၊ ကလိန်။ ဗုဒ္ဓဟူး နေ့သား၊ စိန်ပန်း။ ကြာသပတေးနေ့သား၊ ဝါသဲ၊ သောကြာနေ့သား၊ ပိတောက်။ စနေနေ့သား၊ သစ်အယ်။(ဤနံသင့်အသားတို့ကို ဘုရားထုရှ် ကိုးကွယ်မူ တည်တံ့မြဲမြံ၍ဟု ဆိုလိုသည်။)

* * *

**၁၁၈။ စီးပွားများအောင် ယတြာဘုရားထု၍ ကိုးကွယ်နည်း။**
ကိုယ့်မွေးနံမှ ရေတွက်ဆသော်၊ သုံးကျလေငြား၊ နံအသားကို၊ ဘုရားကိုယ်တော်ထု၊ ဝန္နာမာန၊ သက္ကာရ၊ နိစ္စအမြဲပြု၊ စီးပွားဥစ္စာ၊ ရတနာ၊ များစွာထောင်နှယ်စု၊ တနင်္ဂနွေနေ့သား၊ ညောင်။ တနင်္လာနေ့သား၊ လွန်။ အင်္ဂါနေ့သား၊ ပေါက်။ ဗုဒ္ဓဟူးနေ့သား၊သီး။ ကြာသပတေးနေ့သား၊ ထိန်။ သောကြာနေ့သား၊ အင်။ စနေနေ့သား၊ ကျွန်း၊ ဤတြိရှန်းနံသစ်သားကို ဘုရားထု၍ ကိုးကွယ်ရမည်ဆိုလိုသည်။

* * *

**၁၁၉။ အသက်ရှည်အောင် ယတြာ ဘုရားထု၍ ကိုးကွယ်နည်း။**
မွေးနံသစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ၊ မြင့်မြတ်ရာမှာ၊ ထားပြီးကာ ကောင်းစွာ ပူဇော်ကြ။ အသက်ရှည်ကြောင်း၊ ယတြာလောင်း၊ ထုံးဟောင်း ဖော်ထုတ်ပြ။ တနင်္ဂနွေနေ့သား အင်း၊ တနင်္လာနေ့သား၊ကံ့ကော်၊ အင်္ဂါနေ့သား၊ ညောင်၊ ဗုဒ္ဓဟူးနေ့သား၊ လွန်၊ ကြာသပတေးနေ့သား ပေါက်။ သောကြာနေ့သား၊ သီး။ စနေနေ့သား၊ ထိန်။ ဤမွေးနံသင့် အသားတို့ကို ဘုရားထုကိုးကွယ်လျှင် အသက်ရှည်၏ဟုဆိုလိုသည်၊ ယခုအခါ သားငယ် သမီးငယ်အသေပျောက်များသော သူတို့မှာ ၎င်းနည်းအတိုင်း သားသမီး၏ နံသင့်သစ်သားကို ဘုရားထု၍ ကိုးကွယ်မူ သူငယ်တို့ အသက်ရှည်ရာ၏ ဟူလိုသော်။

**၁၂၀။ ခေါင်းဆေး ယတြာပြုနည်း။** ။ မကောင်းရန်ဘေး ပျောက်ဖို့ရေး၊ ခေါင်းဆေးယတြာ။ သဖန်း, ခါ, မြစ်၊ သရက်မြစ်၊ အမြစ်ဆေးနှစ်မြွာ။ ဥသျှစ်, လေပ်၊ ကြခတ်လည်း ရွက်၊ ဆေးသုံးချက်၊ အရွက်မှတ်အပ်စွာ။ ကင်ပွန်းတစ်ထွေ၊ ပန်းဥဒေ၊ လင်းလေဆေးတစ်ဖြာ။ ရှစ်ပါးဆေးကျော်၊ ပုန်းရေဖျော်၊ ဆေးလျှော် ခေါင်းကိုသာ။ နိမိတ် သိန်း, သောင်း၊ ဘေးရန်ပေါင်း၊ မကောင်းကွယ်ပျောက်ရာ။ **(အိပ်မက်နိမိတ်စသည် မကောင်းသောအခါ ဆေးလျှော့လေ။)**

* * *

**၁၂၁။ ငှက်နား ယတြာပြုနည်း။** ။ လင်းတ, ဝံလို၊ ထိုထိုငှက်များ၊ အိမ်မှာနား၊ ပျက်ပြားဘေးဒဏ်ရ။ ရေဖြည့်အိုးမှာ၊ သပြေပါ၊ နေ့စာထည့်ပြီးမှ။ ပရိတ်ရွတ်ကာ၊ ရေနှင့်သာ၊ နားရာဆေးကြောကြ။ ပန်းကိုတဖန်၊ လှူစေ့ပန်၊ ဘေးရန်ကင်းရှင်းပ။

* * *

**၁၂၂။ ကြိုဟ်ဒသာညံ့သောသူ ယတြာပြုနည်း။** ။ ဂြိုဟ်စီးဒသာ၊ ညံ့သောအခါ၊ ရောဂါဘေးရန်များ၊ သက်စေ့နံမှူ၊ ပန်းကိုယူ၊ လှူလေမြတ်ဘုရား။ နံစေ့မီးတိုင်၊ ညီးညီးပြိုင်၊ ဆိုင်ရာထွန်းညှိထား။ ဤသို့ ယတြာပြုသောခါ ရောဂါရန်ပျောက်ရှား။

* * *

**၁၂၃။ လက်သည်းပွင့်အဟော။** ။ လက်သည်း, လက်မ၊ ပွင့်လာက၊ မိတ္တပျက်တတ်စွာ။ လက်ညှိုးပွင့်ချက်၊ အမျိုးပျက်၊ လက်လယ်ပူဇော်ရာ၊ လက်သူကြွယ်ပွင့်လန်း၊ ကောင်းတင့်ဆန်း လက်သန်းချစ်မေတ္တာ။

* * *

**၁၂၄။ ခုနစ်ရက်သားတို့ကျက်သရေ တိုးတက်အောင်ပြုနည်း။** ကျက်သရေတိုးရန်၊ မိန့်ခွန်းပြန်၊ မြဲမြဲမှတ်၍ထား၊ သီရိရပ်မှာ နေ့လိုက်သာပြုရာကုသိုလ်များ။ ဖွားတနင်္ဂနွေ၊ ဖြစ်ခဲ့ပေ ပြုလေစေတီများ နေ့တနင်္လာထိုသူမှာ ပြုရာလှူကန်အား။ အင်္ဂါသားမှာ တံခွန်သာစိုက်ပါမှန် မမှား။ ဗုဒ္ဓဖွားလတ်ကျောင်းဇရပ်၊ ပြုအပ်ဂူလိုဏ်များ။ တန်ဆောင်းဇရပ်၊ ပြုလတ်ရေတွင်း တံတားခင်း၊ ဖွားခြား ဂုရုသာ။ သောကြာတန်ဆောင်၊ စိုက်တည်ထောင်၊ ထွန်းပြောင် သီရိဖွား။ တံခွန်ကြီးစွာ၊ စိုက်သင့်ပါ။ နေ့မှာစနေသား။ ထွန်းကျက်သရေ၊ ရှန်းလက်ဝေ၊ တက်နေပုံအလား။

* * *

**၁၂၅။ ၇–ရက်သားတို့ မနေသင့်သောအရပ်။** တနင်္ဂနွေသားမှာ မနေရာ၊ စည်သာ– ယာဘက်ရပ်။ တနင်္လာသားတွင် ဝေးရှောင်ကြဉ်၊ လုံတင်–မှန်ကင်းရပ်။ အင်္ဂါသားစုရှောင်ခွာမူ ပန်းဉ–သံတွဲရပ်။ ဗုဒ္ဓအားလုံး၊

ရှောင်ကြဉ်ထုံး၊ သိမ်ကုန်း–တအင်းရပ်။ ကြာသပတေး ရှောင်ကြဉ်ရေး နတ်ဆေး–အင်ဂူရပ်။ သောကြာဟူသမျှ၊ မနေရ၊ အင်းဝ–ကညင်ရပ်။ နေ့သား စနေ၊ ရှောင်ပါလေ၊ ကြို့မြေ–ဇလွန်ရပ်။ မရှောင်ကြဉ်ငြား၊ နေမိမှား၊ မီးဖွားရန်တွေ့တတ်။ တနင်္ဂနွေသားတို့၊ အင်္ဂါအရင်း, သောကြာ အဖျားရှိသောရွာ၊ ဗုဒ္ဓဟူးအရင်း ကြာသပတေးအဖျားရှိသော ရွာ၌မကောင်း ဟူလို။ **(တနင်္လာသား စသည်၌လည်း နည်းတူယူ၍ နံသင့်မှတ်လေ။)**

* * *

**၁၂၆။ ရ–ရက်သားတို့ နေသင့်သောအရပ်။** ။ နေ့တနင်္ဂနွေနေ သင့်ပေ၊ သာ, စေ, ပင်းယရွာ။ တနင်္လာ တစ်သင်း၊ နေရပ်ခင်း၊ ထံ,ရင်း, သိမ်ဖြူရွာ၊ အင်္ဂါဖွားသူ၊ နေရန်မူ၊ အောင်, ဖြူ, ထွန်းသစ်ရွာ။ ဗုဒ္ဓဟူး နေ့သား နေသင့်ငြား၊ ကျေးသား, အင်းတိုင်ရွာ၊ ကြာသပတေးသားဖွားမြင်၊ နေရပ်ခွင်၊ စံတင်ကြီးအင်းရွာ။ သောကြာဖွားလတ် နေထိုင်ရပ်၊ ရွှေ့အပ် စစ်ကွင်းရွာ။ စနေသားတို့၊ နေရပ်မြို့၊ ပင်ကြီး, ရွှေသောင်ရွာ။ နံသင့်အရပ် နေထိုင်ကြ၊ သုခကြီးကျယ်ရာ။ တနင်္ဂနွေသားတို့ သောကြာအရင်း,အင်္ဂါ အဖျား ပါသောရွာ၊ ကြာသပတေးအရင်း, ဗုဒ္ဓဟူးအဖျားပါ သော ရွာ၌ နေလေကုန်ဟူလို **(တနင်္လာသားစသည်တို့၌လည်း နည်းတူယူ၍ သိလေ။)**

* * *

**၁၂၇။ တစ်နည်း ရ–ရက်သားတို့ မနေသင့်သောရွာ။**

ညောင်စေးဝါလင် နှစ်ရွာတွင်၊ ရှောင်ကြဉ်သူရှင့်။ ဝါခုံ–ပေါက်မှော်၊ မည်နံပေါ်၊ ရှောင်နော်စန္ဒာရ။ မြောင်းမြသောင်းသာ၊ သည်နှစ်ရွာ ရှောင်ပါနေ့သောမ။ သဲသောင်တွဲတေး၊ မညည်နံပေး၊ ရှောင်ရေးဖွားဗုဒ္ဓ။ တော်တော်အိုင်အင်း၊ မည်နံသွင်း၊ ရှောင်လျှင်း ဂုရုက။ ဥသြကန်ကြီး၊ မည်နှစ်သီး၊ ပျက်စီးနေ့သောကြာ။ ကုက္ကို–စစ်ညောင်၊ အမည်ဆောင်၊ ရှောင်လေ–ဖွားနာဂ။ခုနစ်ရက်သား၊ အနေများ၊ တွေ့ပြားရန်မျိုးခ။ တနင်္ဂနွေ သားတို့ အင်္ဂါနှစ်ချက်နေသောရွာ။ ဗုဒ္ဓဟူးနှစ်ချက်နေသောရွာ၌ မနေသင့် ဟူ၍သိအပ်၏။ **(တနင်္လာစသောနေ့သားတို့၌လည်း နည်းတူယူ၍ သိလေ။)**

* * *

**၁၂၈။ ရ–ရက်သားတို့ မြို့သစ်ရွာသစ်၌ ရှောင်ရန်** မြို့ရွာသစ်ကို၊ ရှောင်စေလို၊ မိန့်ဆိုကျူးလကၤာ၊ စလင်း,လောင်စေ၊ ရှောင်ကြဉ်ပေ၊ဖွားလေ သူရှုစ္ဆ၊ ရန်ဖြိုပင်းယ၊ ရှောင်ကြဉ်ကြ၊ ဖွားထတနင်္လာ။ မြောက်သားသဲဖြူ၊ ကွင်းရှောင်ဟူ၊ ဖွားသူနေ့သောမ၊ သံတွဲသိန်းတန်၊ ရွာမည်နံ၊ ရှောင်ရန်ဗုဒ္ဓမှာ။ ထအောင်း, အုန်းနှဲ၊ မည်နှစ်တွဲ၊ ရှောင်လွဲဂုရုမှာ၊ အောက်ကုန်း ကန်ဆောင်၊ အမည်ဆောင်၊ သေရှောင်ဖွား သောကြာ၊ ကန်ဆည်, ညောင်ချဉ်၊အမည်တွင်၊ ရှောင်ကြဉ် စနေသား၊ မရှောင်နေသူ၊ မီးအပူ၊ ကြီးထူတွေတတ်စွာ။

* * *

**၁၂၉။ ရ–ရက်သားတို့ အမြစ်အညွှန့်။** ။ ဂဠုန်ထောင်ကြွ၊ ဗျဿ–အုံ, ညာ၊ သိဟံ–ချိန်းလေ၊ ဗုဒ္ဓ–စိန်ပွင့်၊ ကြွက်မင်းလမ်း, သာ,ပူးမှာ–မိုး,နွေ၊ စနေ–သ,အယ်၊အသွယ်သွယ်သည်၊ မှတ်ကွယ်မြစ်နှင့်ညွှန့်ပေတည်း။ တနင်္ဂနွေသား၏အမြစ်ကား စနေ၊ အညွှန့်ကား–တနင်္လာ၊ ထိုအမြစ်အညွှန့် ပါသော မြို့ရွာတို့၌ နေရာ၏၊ဘုရားထု၍ကိုးကွယ်ခြင်းစသည်ကို ပြုရာ၏။ **(တနင်္လာသား စသည်၌လည်း နည်းတူယူ၍ သိရာ၏။)**

* * *

**၁၃၀။ ရ–ရက်သားတို့ မှီရိုသင့်သော အသစ်ပြည့်ရွာ,မြို့ယူနည်း။** ဂဠုန်–စောင်းလျား၊ ကျားကား–လက်ပံ၊ သိဟံပန်သင်း၊ ဆင်မင်း–သနပ်၊ ကြွက်မြတ်–တောင်အုံ၊ ပူးတုံ–အကျော်၊ မြွေသော်ကညင်၊ မှီစေချင်သည်–သစ်လျှင်ပြည်ရွာမြို့ကိုတည်း။

* * *

**၁၃၁။ တစ်နည်း–မဖြတ် မချီးသင့်သော ရ–ရက်သားတို့ အမြစ် အညွှန့်ယူနည်း။** ။ ရဝိ, တောင်ညာ၊ စန္ဒာ, အင်း၀၊ ဘောမ, ဂဗ္ဗော၊ ဗုဒ္ဓဆွေသား၊ ကြွက်ကား လင်းတ, သောကြာ, ပန်းအုံ, မြွေတုံ သကိန်း၊ မြစ်ညွှန့်လန်းအောင်၊ ဆွတ်ဖျန်းအားစေရာသတည်း။

* * *

**၁၃၂။ ရ–ရက်သားတို့ မှီသင့်သော နံယူနည်း။** ။ စေ, တိ, ယ, ဝ, အောင် ပြုံ၊ မှ, ကျော်, ဘိ၊ သု, စိ, ဝေတ၊ နွေလဦး၊ အောင်,

မူးကြို၊ ကုန်၊ သင့်, ဇွ၊ သ, ဇ္ဇ လူ၊ ခေတင်, ယူ, လေ။
(သုံးလုံးတစ်ပုဒ် ၇–ရက်သားတို့ အစဉ်အတိုင်းယူလေ။)

* * *

**၁၃၃။ ၇–ရက်သားတို့ ဒိုက်တတ်သော ပဋ္ဌာတ်–ထပ္ပတ်ယူနည်း။** ကုန်း, ဘောင်, သူ၊ ချစ်, သူ, ထံ၊စံ, တွန်း, ဦး၊ လူ, အုံ, ကြံ၊ ပြန်, ချင်, ဇွာ၊ သူ, ဓာ,လှ၊ ထွား,လှ,မွတ်၊ လွတ်အောင်ရှောင်၊ တနင်္ဂနွေသားသည် ကြာသပတေးနှင့် သောကြာခိုက်၏။ ထို့ကြောင့် အုန်း၊ တနင်္ဂနွေသားသည် ဘောင်–ကြာသပတေး၊ အရပ်ကိုသူ– သောကြာနေ့မှာ မသွားကောင်းဟု ရှေးဆရာတို့ဆိုကုန်၏။ (ချစ်သူထံ စသည်ကိုလည်း နံသင့်အလိုက်သိလေ။)

* * *

**၁၃၄။ အမှုကိစ္စ အစါပေးနည်း။** ။ အုပ်, ဆုသက်၊ ကောင်းဘက် ဗီ၊ စောစီသိ၊ လှ, ဆီ, ဆဒ်၊ ပန်း, မြတ်, ဖြင်၊ သဲ, စင်, မာရ်၊ တောင်, တန်, သူ အုပ်၊ တနင်္ဂနွေနေ့၌၊ ဆု၊ သုံးဘဝါး ရှိမူးသက်၊ သိကြားစောင့်၏ ကောင်း၊ တနင်္လာနေ့၌၊ ဘက်၊ ငါးဘဝါးရှိမူ ဗီ၊ ဗိဿနိုးနတ်စောင့်၏။ စောအင်္ဂါနေ့၌၊စီးလေးဘဝါးရှိမူ၊ ဆီ၊ ဖြသေ့စောင့်၏၊ လှ၊ ဗုဒ္ဓဟူးနေ့၌ ဆီ သုံးဘဝါးရှိမူ၊ ဆဒ်၊ ဆဒ္ဒန်ဆင်မင်းစောင့်၏။ ပန်း၊ ကြာသပတေးနေ့၌ မြတ်၊ ငါးဘဝဝါးရှိမူ၊ ဖြဟ္မာမင်းစောင့်၏။ သဲ၊ သောကြာနေ့၌ စင်၊ သုံးဘဝါးရှိမူ၊ မာရ်၊ မာရ်နတ်စောင့်၏။ တောင်၊ စနေနေ့၌ တန်၊ ခုနစ် ဘဝါးရှိမူ၊ သူ၊ အသူရိန်စောင့်၏။ အမှုကိစ္စဟူသမျှတို့၌နေ့အလိုက်အစါပေးရာ၏ ။ (တနင်္ဂနွေနေ့အစါမှန်မူ အရှေ့မြောက်က လူနှစ်ယောက် လက်လွှဲ၍ လာမည်။ အင်္ဂါနေ့အစါမှန်မူ အရှေ့တောင်က လူနှစ်ယောက်လျှို့ဝှက်သော စကားကို ပြောကြားလာမည်၊ ဗုဒ္ဓဟူးနေ့အစါမှန်မူ တောင်က အခြေလေး ချောင်းစီ၍ ပန်းဝင်လာမည်။ ကြာသပတေးနေ့အစါမှန်မူ အနောက်က လူငါးယောက်သီချင်းဆို၍လာမည်။ သောကြာနေ့အစါမှန်မူ မြောက်က လူသုံးယောက်လက်နက်ကိုင်၍

**ဖြစ်စေ၊ သံစမောက်ဆောင်း၍ ဖြစ်စေလာမည်။ စနေနေ့အခါမှန်မှ အနောက်တောင်က မျက်စိပျက်သူဖြစ်စေ၊ မီးလျှံဖြစ်စေ မြင်လာမည်။)**

* * *

**၁၃၅။ အဆင့်ဆင့်နိုင်သောနံ။** ။ အုန်း, ဆံ, ဆီး, ထွေး၊ တောင်, ဇေး, လင်း, သက်,၊ သီးခက်, ကင်းပုံ၊ ပန်း, အုံ့, နံ့,ရ၊ ဟူသမျှ၊ နိုင်ကြ အဆင့်ဆင့်။ အုန်း၊တနင်္ဂနွေကို၊ဆံ၊ အင်္ဂါနိုင်၏။ ဆီ၊ အင်္ဂါကို၊ထွေး၊ စနေနိုင်၏။ တောင်၊ စနေနံကို ဇေး၊ ဗုဒ္ဓဟူးနိုင်၏။ လင်း၊ ဗုဒ္ဓဟူးနံကို သက်၊ သောကြာနံနိုင်၍ သီး၊ သောကြာနံကို။ ခက်၊ တနင်္လာနံနိုင်၏။ ကင်း၊ တနင်္လာနံကို၊ပုံ၊ ကြာသပတေးနံနိုင်၏။ ပန်း၊ ကြာသပတေးနံကို အုံ့၊ တနင်္ဂနွေနံနိုင်၏။ နံ၊ စနေနံကို ရ၊ ရာဟုနိုင်၏။ **(ထို့ကြောင့်- တနင်္ဂနွေသားစသည်တို့ကို အင်္ဂါနံစသည် အကျိုးမပေးဟု မှတ်ရာ၏။)**

* * *

**၁၃၆။ ဆယ့်နှစ်လ၌ မပြုသင့်သောအရာများ။** ။ ကဆုန်, နယုန်၊ လဥ္စကြိုသော်၊ မြင်းဟုန်ထန်စွာ မပြုရာ။ ဝါဆို, ဝါခေါင်၊ ရေဘောင်ဘောဝ်၊ တော, တောင်, ကမ်းရေ၊ ချောင်းမြောင်းရေ၊ ရှောင်လေ မသောက်ရာ၊ တော်သလင်းနှင့် သီတင်းကျွတ်မူ၊ စပ်, ငန်, ပူ, ချဉ်၊ မရှောင်ကြဉ်၊ လူတွင် ဥပဒ်သာ။ တန်ဆောင်မုန်း, နတ်တော်၊ လနှစ်ဖော်၊ နေ့သော်မအိပ်ရာရ။ သို, တွဲ, ပေါင်း, ကူး၊ လလေးဦး၊ အိပ်ကြူးစပြုရာ မရှောင်ကြဉ်က၊ ဘေးဒုက္ခ၊ ဖြစ်ရဝေဒနာ။

* * *

**၁၃၇။ ခုနစ်ရက်သားတို့၏ ရင်းနှီးရသောနည်း။** ။ စ၍ ရင်းလာ၊ ကျမ်းအလာ၊ သေချာမှတ်ပိုင်းပြ။ နေ့တနင်္ဂနွေ၊ လယ်ယာမြေ၊ ရင်းလေလုပ်အပ်စွ။ တနင်္လာသား၊ အထည်များ၊ စထား ရင်းသင့်လှ။ အင်္ဂါရွှေငွေ၊ ဗုဒ္ဓပေ၊ အခြေလေးခုစ။ ကြာသပတေးဥယျာဉ် စိုက်ပျိုးလျှင် စည်ပင်ချမ်းသာရ။ နွတ်, လက်, ပညာ၊ နေ့သောကြာ၊ ချမ်းသာပေါကြွယ်ဝ။ လေးခုအခြေ။ ရင်းနှီးလေ၊ စနေဟူသမျှ။

* * *

**၁၃၈။ အဦးမပြုသင့်သောကုသိုလ်။** ။ တနင်္ဂနွေသားစု၊ အဦးပြု၊ ဆင်းတုကျောင်းကိုရှောင်။ တနင်္လာသား၊ လူအများပြုထားရေတွင်းရှောင်။ ပုထိုး, ဇရပ်ပါ၊ စာတိုက်သာ၊ အင်္ဂါသားတို့ရှောင်၊ တံခွန်လှူဦး၊ ထီးလှူဦး၊ ဗုဒ္ဓဟူးသားတို့ရှောင်။ ကြာသပတေးသား၊ လှူဦးဖျား၊ သစ်သားဆင်းတု ရှောင်၊ ဖူးငုံရွှေကြာမသင့်ပါ၊ သောကြာသားတို့ရှောင်၊ စာတိုက်, ဇရပ်၊ လှူပညတ်၊ မအပ်စနေရှောင်၊ တစ်ပါးအလှူ၊ ရှေးဦးလှူ၊ နောက်မှုရှားမရှောင်။

* * *

**၁၃၉။ မပြုကောင်းသောအရာများ။** ။ အိမ်မှာလုံးစုံ၊ ပတ်လည် ကုန်၊ ဆီဆုံမရှိကောင်း။ ပန်းတိုင်, ခတ္တာ၊ ပဲကြီးဝါ၊ နီးစွာမစိုက်ကောင်း။ မျောက်နှင့် ဖရုံ၊ နီးစိုက်တုံ၊ ဖျဉ်းသုဉ်ပျက်တတ်ရှောင်၊ အိမ်ရှေ့မန်းကျည်းပင် စိုက်ခဲ့လျှင်၊ ကိုယ်တွင် ဥပဒ်လောင်း။ အိမ်ရှေ့မှာသာ၊ နွားထားရာ၊ မြန်စွာပျက်စီးကြောင်း၊ ဝေဂုဏ်ကစပါးကျီ၊ ထားသည်လျှေခါ၊ အိပ်နောက်ပါး၊ ပျက်ပြားဆုတ်ယုတ်ကြောင်း။ ထဘီတဘက်လျှင်၊ ပခုံးတင်၊ ဆွဲငင်မရုပ် ကောင်း၊ သားမြေးတို့ကို၊ သွေးသံယို၊ မျက်လိုရိုက်မကောင်း၊ ချိုကျိုးကျွဲနွား၊ ကန်ပြား ဆင်, မြင်း၊ စီးနင်းခြင်း၊ ရှောင်ကွင်းမဝယ်ကောင်း။

* * *

**၁၄၀။ ပြုသင့်–မပြုသင့်သောအရာများ။** ။ တံခွန်ကုက္ကား အောင်လံများ၊ လွှားစိုက်အိမ်မှာ မပြုနှင့်။ ဆန်မရှိခိုက်၊ မောင်းဆုံ၌၊ စိုက်၍ ကျည်ပွေ့မထားနှင့်။ အိမ်ရှေ့သမိုက်၊ ထရံ၌၊ စိုက်၍ လေးကိုမထား နှင့်။ စားဖွယ်သောက်ရန်။ ခွက်ပန်းကန်၊ အသံမြည်အောင်မပြုနှင့်၊ ရေလဲမည်တွင်၊ ထဘီလျှင် အိမ်တွင် မလှန်းနှင့်။ ခေါင်းလျှော်ပြီးလျှင်၊ ထိုဆံပင်၊ နေတွင်မလှန်းနှင့်။ စားဖွယ်ပို့လာ၊ ခွက်ယောက်မှာ၊ ဆေးကာပြန် ၍ မပေးနှင့်၊ ကိုယ်ဝန်ဆောင်မိန်းမ၊ စားသမျှ၊ ကိုယ်ကယူငင်မဆေးနှင့်၊ ကိုယ်ဝန်တသွယ်၊ သားသူငယ်၊ သားငယ်မမြှောက်နှင့်။ ဥစ္စာမာန်အား၊ ဤသုံးပါ၊ ကိုယ်စားမပြုနှင့်။ ရတနာသုံးဖြာ၊ ဆရာမိဘ၊ ဆိုဆုံးမ၊ ကိုယ်ကမလွန်နှင့်။ သူကြီးမိဘ၊ မိတ္တတစ်ထွေ၊ မိုးမြေတသင်း၊ နေ,လမင်း၊ မှန်းတင်းစကားမဆိုနှင့်၊ ဦးခေါင်ပခြုပ်၊ ဦးထုပ်တစ်ဖြာ၊ စကောမှာ၊

ဟာ၍ မသုံးနှင့်။ သင်ဖြူးအိမ်ရာ၊ ခေါင်းပေါင်းမှာ ဟာ၍မသုံးနှင့်။ ရေလဲ ခေါင်းပေါင်း၊မကောင်းဟူပြီ၊ အင်္ကျီလက်ခွဲ၊ စုတ်ပြတ်လွှန် ကောင်းမွန်ရာရာ၊ နည်းငယ်သာ၊ မဖာမချုပ်နှင့်။ မိဘ, ဆရာ၊ သံဃာ, ဘုရား၊ အရိပ်များ၊ နေနားမနိုနှင့်။ သတင်းအရှိန်၊ စည်းစိမ်ပညာ၊ သူကြီးမှာ၊ ဝင်ခါ့နိုမ, သင့်၊ သူ၏ဦးခေါင်း၊ တကြောင်းကျည်ပွေ့၊ အရှေ့ထရံ၊ ဤသုံးတန်၊ ခုန်ပျံမကျော်နှင့်။ ကြိုးကြိမ်တန်းများ တံတား, လက်ကထုံး၊ သုံးခုလုံး၊ ကုန်းကွဝင်လို့မလျှိုနှင့်၊ သစ်သစ်သည်လျှို၊ မဲတန့်ထောင်လို့ မထားနှင့်၊ ခရီးရောက်ခါ၊ အိပ်ရာထစ၊ ဒေါသမျက်ပွား၊ ဤသူများ၊ စကားလိုရာ မမေးနှင့်။ သုံးပါးရတနာ၊ ဆရာမိဘာ၊ မ,စသူများ၊ ဤသူအား၊ စိမ်းကား မမေ့နှင့်။ လာလတ္တံဘော၊ စည်းစိမ်ရေး၊ မျှော်တွေးရှုလေသင့်။ မသန့်တခန်း၊ လမ်းသယ်တရပ်၊ သူမြတ်နေရာ၊ ဤသုံးဖြာ၊ တကံခါမမေးနှင့်၊နွတ်ပိုက်ရှိ ကြား၊ မိန်းမများ၊ သွားလာမချိနှင့်။ မိန်းမမွေ့နေ့၊ သီးတင်းနေ့နှင့်၊ နေ့လယ် အခါ၊ ဤသုံးဖြာ၊ ကာမမြူးထူး မပြုနှင့်။ လိုမရှိကာ၊ အင်္ဂါမမှန်း၊ကျောင်း, ကန်, ဘုရား၊ သွားရင်းတထွေ၊ သနေ့ရင့်မာ၊ ဤဩသာလည်း၊ ကာမမြူး ထူး မပြုနှင့်။ ဆရာ, မိဘ၊ ကိစ္စတထွေ၊ မီးနှင့်ရေ၊ မထိလေးစားမပြုနှင့်။ စလောင်းတတန် ပန်းကန်တသီး၊ ဤမြေကြီး၊ ခတ်တီးမပြုနှင့်။ တောင်ကမ်း တစ်မျိုး၊ ပုထိုးဘုရား၊ အိမ်စွဲပျား၊ ဖယ်ရှားမပြုနှင့်။ သိမ်လည်းတခမ်း၊ ဈေးတန်းထိုထို၊ ဓရပ်အို၊ မှိနိုဝင်အောင် မပြုနှင့်။ သာယောင်းဘဝ၊ မိန်းမ, ပန်ဆင်၊ ပန်းလျှင်တံခွန်၊ ဘုရားပန်းရှုနမ်းမပြုနှင့်၊ ဆွေမျိုးညာတကာ၊ မိဘာဆရာ၊ ဥစ္စာရှိကြား၊ ဤသူများကို စိမ်းကားရက်စက်မပြုနှင့်။ ဥစ္စာလိုသူ၊ လူပျို၊ လှည့်ကြား၊ သေသောက်များ၊ စကားမမှန် မယူနှင့်။ ဦးရေငါ်ဆောင်း၊ သွန်းလောင်းမပြုတ်၊ ပလုတ်မကျင်း ထမင်းအိုးရေ ထိုသုံးထွေ၊ ပုံသေမ သောက်နှင့်၊ ထမင်းတထွေ လေ့ခါးဦးနား၊ အိမ်အောက်များ၊ စပါးပုတ်ကို မတွှးနှင့် အယူမသမာ၊ မိစ္ဆာစာမျိုး၊ လက်ဖွဲ့ထိုးစား၊ လက္ခဏာအိပ်မက်၊ ဤလေးချက်၊ ဖတ်လျက်မရှုနှင့်။ ခေါင်းပေါင်းတစ်မျိုး၊ ပုဆိုး, တဘက်၊ သစ်ရွက်နားပန်၊ ဆံပင်တလတ်၊ ဤလေးရပ်၊ ဖြတ်ဘိမပြုနှင့်။ ဆိုခဲ့သမျှ၊ ပြုစွန့်ကြ၊ သုခသရေတင့်။

## ၁၄၁။ အသားလှုပ်ခြင်း နိမိတ်ဟော

ဦးခေါင်းလှုပ်မှု ကျွန်ဖြစ်အံ့။ ဦးရေလှုပ်မှု ဖျားနာအံ့။ ထိပ်လှုပ်မှု မင်းပူဇော်အံ့။ နှာခေါင်းလှုပ်မှု ချစ်သူများအံ့။ အထက်နှုတ်ခမ်းလှုပ်မှု ရန်ဖြစ်အံ့။ အောက်နှုတ်ခမ်းလှုပ်မှု အမြိန်အရသာစားရအံ့။ **(အဝေးစကားကြားအံ့လည်းဟူ)** မေးဖျားလှုပ်မှု အချင်းများအံ့။ လည်ပင်းလှုပ်မှု တန်ဆာရအံ့။ ကျောက်ကုန်းလှုပ်မှု အဝတ်ပုဆိုးရအံ့။ နှလုံးသားလှုပ်မှု ခင်ပွန်းတစ်ယောက် ဥစ္စာလာပေးအံ့။ ချက်လှုပ်မှု နှစ်လိုသော ဥစ္စာရအံ့။ ကောင်းချီးပေးအံ့။ အင်္ဂါဇာတ်လှုပ်မှု စကားကောင်းဆိုရအံ့။ ဥစ္စာရအံ့။ **(မယားနှင့် စကားများအံ့လည်းဟူ)** ခါးလှုပ်မှု ဥစ္စာပျောက်အံ့။ ကိုယ်လှုပ်မှု မယားနှင့် အထူးစကားပြောရအံ့။

* * *

## ၁၄၂။ လက်ယာခေါ်သော အသားလှုပ်ခြင်း နိမိတ်များ

ဦးကင်းလှုပ်မှု လာဘ်ရအံ့။ မျက်ခုံးလှုပ်မှု လာဘ်ရအံ့။ ခင်ပွန်းပူဇော်အံ့။ အောက်မျက်ခမ်းလှုပ်မှု ရန်တွေ့အံ့။ **(မိန်းမ မကောင်းကြံအံ့လည်းဟူ။)** နှုတ်ခမ်းလှုပ်မှု ချစ်သူနှင့်စကားဆိုရအံ့။ ပါးလှုပ်မှုချစ်သူတွေ့အံ့။ လက်ပြင်လှုပ်မှု ထင်ရှားအံ့။ ပခုံးလှုပ်မှု မိန်းမကောင်းရအံ့။ ပဝါစသည်ရအံ့၊ ချိုင်းလှုပ်မှု ချမ်းသာရအံ့။ လက်ရုံးလှုပ်မှု ခင်ပွန်းကောင်းကို ဖူးရအံ့။ လက်ဝါးလှုပ်မှု အကြံပြီးစီးအံ့။ အဝတ်အစားရအံ့။ ရင်ပတ်လှုပ်မှု ကောင်းမြတ်အံ့။ နို့လှုပ်မှု လာဘ်ရအံ့။ နားရွှောင်းလှုပ်မှု အပူဇော်ခံရအံ့။ခါးလှုပ်မှု အဆွေမှ ဥစ္စာရအံ့။ ဝမ်းပျဉ်းလှုပ်မှု အစားကောင်း စားရအံ့။ ဆီးစပ်လှုပ်မှု ရှိသေ ပူဇော်အံ့။ တင်သားလှုပ်မှု မိ,ဘမျက်လိုအံ့။ ပေါင်သားလှုပ်မှု လာဘ်ရအံ့၊ လိုရာပြီးစီးအံ့၊ မယားသေအံ့၊ ပုဆစ်လှုပ်မှု ချစ်သူတွေ့အံ့၊ မြင်းခေါင်းလှုပ်မှု ကောင်းအံ့၊ ခြေဖဝါးလှုပ်မှု ခရီးသွားရအံ့။

* * *

## ၁၄၃။ လက်ဝဲခေါ်သော အသားလှုပ်ခြင်း နိမိတ်များ

ဦးကင်းလှုပ်မူ မကောင်းသတင်းကြားရအံ့။ နှလုံးမသာဖြစ်အံ့။ မျက်ခုံးလှုပ်မူ အဆွေကောင်းတွေ့အံ့။ ကြံသမျှပြီးစီးအံ့။ အောက်မျက်ခမ်းလှုပ်မူ ငိုရအံ့။ နားလှုပ်မူ သူနှစ်လိုအံ့။ လာဘ်ရအံ့။ ပါးလှုပ်မူ ရွှေ၊ ငွေရအံ့။ နှုတ်ခမ်းလှုပ်မူမျက်လိုအံ့။ အဝေးစကားကြားရအံ့။ ပခုံးလှုပ်မူ ဥစ္စာပို့လာအံ့။ မျက်လိုအံ့။ အစားပေါ်အံ့။ ချိုင်းလှုပ်မူ စည်းစိမ်ကြွယ်ဝအံ့။ လက်ရုံးလှုပ်မူ ဥစ္စာပေးလာအံ့။ အမှုကောင်းအောင်အံ့။ လက်ဝါးလှုပ်မူ အမှုကောင်းအောင်အံ့။ ရင်ဘတ်လှုပ်မူ ပူပန်အံ့။ နို့လှုပ်မူ မိတ်ဆွေရအံ့။ နားထွောင်းလှုပ်မူ အစိုးရပူဇော်အံ့။ ခါးလှုပ်မူ ဥစ္စာပျောက်အံ့။ ဝမ်းပျဉ်းလှုပ်မူ လာဘ်ရအံ့။ ဆီးစပ်လှုပ်မူ အမိမျက်လိုအံ့။ တင်သားလှုပ်မူ ပူဇော်လာအံ့။ မျက်လိုအံ့။ ပေါင်သားလှုပ်မူ အိမ်တွင်းသူနှင့် မျက်လိုအံ့။ ပုဆစ်လှုပ်မူ သူမကောင်းကြံအံ့။ မြင်းခေါင်းလှုပ်မူမိန်းမနှင့် မျက်လိုအံ့။ ဖဝါးလှုပ်မူ ထဘီဝတ် ချမ်းသာပြုလာအံ့။

* * *

**၁၄၄။ မိုရာ၊ ရှောင်ရာဆရာ။** ။ ကိုယ်မွေးရက်က၊ သုံးလေးကျ၊ မိုထပေါင်းဖော်ရာ၊ ကိုယ်မွေးရက်က ငါးခြောက်ကျ ရှောင်ကြ ဝေးဝေးခွာ၊ ကိုယ်မွေးရက်က၊ နှစ်ဝ–ခြောက်ငါးကျသည်များ၊ ထားလေ မြိတ်ဆရာ။ အမည်မှည့်လျှင်၊ ကိုယ့်နံပင်၊ ဆုံးပင်သတ်လေပါ။

* * *

**၁၄၅။ ပညာသင်နေ့ရွေးနည်း။** ။ ရဝိဒိဝါ၊ နေ့သောကြာ ပညာသင်လေကြ။ သူ့နက္ခလဲ၊ ကြုံကြိုက်တွဲ၊ ထူးကဲတတ်မည်ပ။ အောင်၊ ငြိမ်း၊ မိုး၊ သံ၊ နေ့လေးတန်၊ ကြုံပြန် နက္ခတ္တ။ လက်နက်ကိရိယာ၊ သင်ကြားပါ။ ကောင်းစွာတတ်မည်ပ။

ဇ

**၁၄၆။ ပညာသင်ရသောနေ့။** ။ ဆန်းဆုတ်ဆယ့်လေး၊ ပညာရေး၊ သင်ပေးတပည့်နား၊ ဆန်းဆုတ်ရှစ်ရက်၊ ပညာတတ်၊ အထက်ဆရာနား၊

လကွယ်နေ့တွင်၊ သင်ပြန်လျှင်၊ ရန်ပင်နှစ်ပါးနှာ၊ လပြည့်နေ့ကား၊ သင်လေပြား၊ မိဘနှစ်ပါးနှာ။

**၁၄၇။ ကြွေးမချေးရသောနေ့။** ။ ငါ့သားထွေး၊ ကြွေးမချေးနှင့်။ ကြွင်းသောနေ့မှာ ချေးလေ့ပါ။

**၁၄၈။ ကုန်ဝယ်ရ မဝယ်ရသောနေ့။** ။ ကုန်ဝယ်ရာ၊ အာ,နှာ, ခံ, ပြား၊ ကုန်ဝယ်မှား၊ မှတ်သားများသုတ။

**၁၄၉။ တစ်နည်း-ဝယ်ရ မဝယ်ရသောနေ့။** ။ လွမ်း, ဘုံ, သာ ဝယ်ပါလေ။ အောင်, ကျော်, စ, နှောင်း၊ မဝယ်ကောင်း။

**၁၅၀။ မဝယ်အပ်သောအခါ။** ။ လက်, ဆုံ, စား, မှု အိမ်နေသူ၊ ကိုယ်မှုနှုတ်ပိုက်ရှိ။ ဆင်, မြင်း, ကျွဲ, နွား၊ စသည်များ ဝယ်ထားဘေးဒဏ်ထိ။ သားချင်းထိုထို၊ လဲလှည့်ဆို သူ့ကိုဝယ်စေဘိ။ ထို့သူထံဝယ်၊ အတန်ငယ်၊ ရက်လည်ထားသင့်၏။ နှစ်အစုံတွင်၊ ဝယ်ပြန်လျှင်၊ မြန်ပင်သောကငြိ။ မဝယ်အပ်ပါ။ ဤအခါ၊ မြဲစွာမှတ်ယူဘိ။

**၁၅၁။ ရုနှစ်ရက်အလိုက် မပေးသင့်သော ဝတ္ထုများ။** တနင်္ဂနွေနေ့မှာ သုံ့တကာ ပုဝါအဝတ် မပေးနှင့်။ တနင်္လာတစ်ထွေ၊ နေ့ကြုံလေ၊ အခြေလေးချောင်း မပေးနှင့်။ အင်္ဂါနေ့ကား၊ သူတစ်ပါး၊ သစ်ဝါးမပေးနှင့်။ ဗုဒ္ဓဟူးနေ့ကား သူတစ်ပါး၊ ချေးငှားမပြုနှင့်။ နေ့ကြာသပတေး၊ ရွှေငွေပေး၊ ချေးငှားမပြုနှင့်။ နေ့ကား သောကြာ၊ ကြုံကြိုက်လာ၊ မြီမှာ မချေးနှင့်။ နေ့ကားစနေ၊ ရွှေနှင့်ငွေ၊ ယူလေတောင်းခံသင့်။

**၁၅၂။ စကားအမှန်ယူနည်း။** ။ ကျွန်, မ, သား၊ စကားမမှန်ရာ။ ကြွင်းသောနေကား၊ မှန်စကား၊ ကြားမည်ထင်လိုက်ပါ။

**၁၅၃။ အစဉ်နာရီယူနည်း။** ။ မ, သည်, နေ့, ရောင်၊ တ, သန်း, မှောင်၊ လှည့်, ဆောင်, ကွာ, စင်၊ ဝေး၊ တစ်ဆယ်တို၊ ၍တပိုးတင်၊ ညဥ့် လျှင် အကြွင်းဆေး။ ။ တစ်နည်းမှတ်ရန်။ ။ ပက်, သံ, တာ, ရှည်, တီး, သံ, မြည်၊ လက်, ဆိ, ကံ, စာ, ရေး၊ တစ်ဆတိုး၍ တပိုးတင်၊ ညဥ့်လျှင် အကြွင်းဆေး။

**၁၅၄။ နာရီလုပ်နည်းလင်္ကာ။** ။ နေ့, ညဥ့်, စုံ, စီ ပေါင်းနာရီ ဖြင့်၊ ပါဒ်ဗီဇနာ၊ ပြန်ခရာမှ။ ထွက်လာကြသော်၊ ထွက်စအညီ၊ တစ်နာရီမူ၊ ကြေးနီသပြာ၊ ၁၆–သာမူ၊ မျက်နှာအဝပြုပြီးမှလျှင်၊ ယာဝစတု၊ လေးပါဒ်စု ဖြင့်။ ၆, ကင်, ကု, လီ၊ လက်သစ်ညီမျှ၊ ကိုးသစ်ချင့်သာ၊ အမြင့်စောက်မှာ၊ ဥပေတာကား၊ သတ္တာစင်စစ်၊ ခုနစ်သက်ပြင်း၊ ခွက်လုပ်ခြင်းမှာ၊ ဒသဝစ္ဆရာ၊ ဣတ္ထိယာ၏၊ ကေသာဆံပင်၊ ၁၆–မျှင်ကို၊ ဝတ်လောက်ရုံရုံ၊ ဖော်ပြီးတုံမှ၊ အမွှံဒက၊ ရေဝယ်ချတော့။ တမျှထိုခါ နစ်တစ်ခါကို၊ တစ်နာရီမှတ်၊ တစ်ပေါင်းစပ်လော့။ များသူဉာဏ်ရှင်၊ ဗဟိုရ်စဉ်တိုး၊ မှတ်ကိုသီချင်၊ ညဥ့်လျင်လေးချက်၊ နေ့လေးချက်သည်၊ ရေတွက် ၆၀ အမှန်တည်း။ ဖလားပုံမှာကား ကွမ်းအစ်ဖုံးကဲ့သို့ရှိ၏။ အထက်အောက်အချင်းထိပ်ဝ ကိုးသစ်ရှိ၏ အစောက်မှာ ခုနစ်သစ်ရှိ၏ဟု မှတ်။

**၁၅၅။ ဘဝါးစတွန်းနည်း။** ။ စ,ကား, အ, နီ၊ အောင်, ကျော်, စည်၊ ရွှေ, ပြည်, သူ, မြတ်, လေး။ ဘဝါးတိုရှည်၊ စတွန်းမည်၊ ယင်း သည် ပုံနှင့်ပေး။ **တစ်နည်းမှတ်ရန်။** စစ်,ကိုင်း၊ အ,နောက်၊ အုတ်, ကျောက်, ဇု, ရာ၊ မ, သာ, ပေ,လ၊ တန်ခူးလကစ, မှတ်ကြအစဉ်သာ။

**၁၅၆။ လဆန်း လကွယ်နေ့ရွေးနည်း။** ။ ဘုန်း, မွေး၊ သာ, ထွေး၊ ဥ, ဩ၊ ကျော်, စော၊ လုလင်၊ ပုတ်, သင်၊ တောင်တဲ့၊ အောင်, ကဲ၊ စံ, ညို၊ လူ, ပျို၊ သင့်, သင့်၊ ဆော်, အင့်၊ ၄, ကျော်၊ စင်, ယော်, ပျံ့ပေ၊ လနှင့် လင်္ကာ မမှတ်ရာ။ ဆန်းသောလသာ၊ ရေတွက်ပါ။

**၁၅၇။ နေ့အခါရွေးနည်း။** ။ ရွှေ၊ ပြည်၊ တက်တုန်းခါ၊ အောင်၊ သာနေမွန်းတည့်၊ နံ၊ သာ နေထွက်ဝင်။ ငဲ၊ စဉ်သုံးချက်တီး။ ရေနဲ ဘုန်းတော်ကြီး၊ အခါရွေးနည်း။

**၁၅၈။ လဆန်း–လဆုတ်မြေခံ ဆယ်ပါး။** ။ ဆန်းထငါးရက်၊ ၁၅–ရက်၊ ခံလျက်သူရဇ္ဈာ၊ လေးရက်ဆန်းပြန်၊ ဘူမိမှန်၊ မြေခံတနင်္လာ။ ၃–တစ်ဆယ့်သုံး၊ မြေခံထုံး၊ မှတ်ကြွေးဂြိုဟ်သောမာ။ ၂–တစ်ဆယ့်နှစ်၊ ခံလစ်နေ့ဗုဒ္ဓါ၊ ၁–ဆယ့်တစ်ရက်၊ ဆန်းပြန်ချက်၊ ကြွက်မင်းမြေခံလာ၊ ဆယ်ရက်ဆန်းက၊ ဂြိုဟ်သောကြ၊ ခံထမလွဲပါ။ ကိုးရက်ခေါ်ရေး၊ ဆန်းလာသေး၊ ခံရေးစနေပါ၊ ဆန်းရှစ်ရက်တွင်၊ ရာဟုပင်၊ မြေလျှင်ခံသည်သာ၊ ၇–ရက်ကို၊ မြေခံဆို၊ ကိတ်ဂြိုဟ်ကျမ်းပြလာ။ ၆–ရက်ဆန်းမှ၊ မြေခံရ၊ မိတ္တူမှတ်လေပါ။ လပြည့်ကျော်ထွက်၊ မြေခံချက်၊ ဆယ်ရက်သူရဇ္ဈ။ ၉–ရက်စန္ဒရ၊ ရှစ်ရက်ကျ၊ သောမဂြိုဟ်အင်္ဂါ။ ၇–ရက်ဗုဒ္ဓ ခြောက်ရက်ပေ၊ ခံလေဂုရုလာ။ ကျော်ထငါးရက်၊ ဆယ့်ငါးရက်၊ ခံလျက်ဂြိုဟ် သောကြာ။ ၄–တစ်ဆယ့်လေး၊ ကျော်ပြန်သေး၊ ခံရေးရေနှာဂါ။ ၃–ရက်ကျော်ပြန်၊ ဆယ့်သုံးတန် မြေခံရာဟုသာ၊ ၂–တစ်ဆယ့်နှစ်၊ ကိတ်ခံလစ်၊ စင်စစ်မှန်လေပါ၊ တစ်ရက်–ဆယ့်တစ်ရက်၊ ပြည်ကျော်ထွက်၊ ခံချက် မိတ္တူသာ။

**၁၅၉။ မြေခံဆယ်ပါး၏ အကျိုးအပြစ်။** ။ တနင်္ဂနွေခံ၊ ပျက်ရန်ဥစ္စာ၊ စန္ဒလာဘ်ရ၊ ဘောမရောဂ၊ ဗုဒ္ဓငြိမ်းမှု၊ ဂုရုအောင်ရာ၊ သောကြာလာဘော၊ စနေဆင်းရဲ၊ နှောင်တဲရာဟူ၊ ကေတုချမ်းအေး၊ မှုရေးမိတ္တူ၊ ကျိုးပြစ်ပြ၊ မှတ်ကြလေကုန်ပါ။

**၁၆၀။ လဆုတ်မြေခံ ရွေးနည်း။** ။ ဆန်း, ဆုတ်, မြေခံ၊ ဤနှစ်တန်၊ မှတ်ရန်မိန့်ခဲ့မှာ၊ လဆန်းကြီးရေး ၁–၄–၉–၈၊ ၉–ဆယ်နှစ်၊

စွန့်ပစ်ဝေးဝေးခွာ၊ လဆုတ်ကြွေလစ်၊ ၂-၃-၅-၇၊ ဆယ့်တစ်သုံးသွယ် မှတ်ဖွယ်မကောင်းပါ။

၁၆၁။ **တစ်နည်း။ ။ လဆန်းမြေခံသံပေါက်။** ။ မြေခံနှစ်ပါး၊ ရက်ယုတ်များ၊ မှတ်သားမျိုးလေးဖြာ၊ လဆန်းတစ်ရက် နတ်ခံလျက်၊ ကြေပျက်ပြုန်းတီးရာ။ ကညာသမီး၊ နှစ်ရက်တည်း ပြီးစီးအောင်မြင်ရာ။ သုံးရက်မှာနွား၊ ခံလေငြား၊ လာဘ်ကားကြီးလှစွာ။ လေးရက်နဂါး၊ ကြိမ် လာငြား၊ မမှားပျက်စီးရာ။ ငါးရက်ဂဠုန်၊ မြေခံကြို၊ လုံးစုံကောင်းလှစွာ။ ခြောက်ရက်မှာဆင်၊ သေဘေးမြင်၊ လျင်လျင်မလွတ်သာ။ သိန္ဓောမြင်းလှ၊ ခွန်သို့ကျ၊ ကိစ္စပြီးစီးရာ။ ဒွန်စဏ္ဍားခံ၊ ရှစ်ရက်မှန်၊ ပူပန်းဆင်းရဲစွာ။ ကိုးရက်မှာလေ၊ ဘီလူးပေ၊ ရှောင်လေဝေးဝေးခွာ။ ဆယ်ရက်မှာသော်၊ မင်းပူဇော်၊ မိုးပေါ်ခံ ဖြဟွာ။ ဆယ့်တစ်ရက်ကား၊ ချမ်းသာများ၊ သိကြားခံလေရာ။ ဆယ့်နှစ်ရက်တွင်၊ ပျက်စီးမြင်၊ ခံချင်ခွေးယုတ်မာ။ ဖြဟ္မာခံရေး၊ ချမ်းသာပေး၊ တွက်ရေးဆယ့်သုံးမှာ။ ဆယ်လေးရက် ဂဠုန်၊ မြေခံကြို၊ ဆောင်တုံပြီးစီးရာ။ ဆယ့်ငါးရက်ကား၊ ခံသိကြား၊ ကြီးမားချမ်းသာရာ။

၁၆၂။ **တစ်နည်း။ လဆုတ်မြေခံသံပေါက်။** ။ တစ်ရက်ကျော်ပြီး၊ ရှုမငြီး၊ သမီးကညာ။ နှစ်ရက်မှာကား၊ ဗျဉ္ဇါကျား၊ ကြီးမားဆင်းရဲရာ။ ၃-ရက်နတ်ခံ ဘေးတွေ့ရန်၊ ကေန်မလွတ်ပါ။ ၄-ရက်မှာနွား၊ လာဘ်တွေ ငြား၊ ရှားပါးမရှိရာ။ ၅-ရက်မှာဆင်၊ သေဘေးမြင်၊ လျင်လျင်မလွတ်သာ။ ၆-ရက် ဂဠုန်၊ မြေခံကြို၊ အပုံကောင်းလှစွာ။ ၇-ရက်ကာ၊ ဒွန်စဏ္ဍား၊၊ မမှား ပျက်စီးရာ။ ၈-ရက်အသ မှုကိစ္စ၊ ပြုကြံအောင်မြင်ရာ။ ၉-ရက် မှာသော်၊ မင်းပူဇော်၊ မိုးပေါ်ခဖြဟ္မာ။ ဘီလူးမြေခံ၊ သေမည်မှန်၊ ရောက် ပြန်ဆယ်ရက်မှာ။ ဆယ့်တစ်ရက်ဘုံ၊ နဂါးကြို အပုံဆင်းရဲစွာ။ ဆယ့်နှစ်ရက် ကား၊ ချမ်းသာများ၊ သိကြားခံလေရာ။ တစ်ဆယ့်သုံးရက်၊ ခံ၏ဝက်၊

ကြေပျက်ပြုန်းတီးရာ။ ဆယ့်လေးရက်ကား၊ ခံသိကြား၊ လာဘ်ကားကြီးလှစွာ။ ဂဠုန်ဆယ့်ငါး၊ ခံလေငြား၊ ကြီးမားချမ်းသာရာ။

**၁၆၃။ ဗုဒ္ဓစ်နေ့ ဘဝါးယူနည်းကား ။ ။** တနင်္ဂနွေ၊ ဆယ်ဘဝါးရေ၊ ဆောင်လေမှုကိစ္စ၊ ငါးဘဝါး၊ တနင်္လာ၊ ရှစ်ဘဝါးမှာ၊ အင်္ဂါနေ့သောမ၊ ဗုဒ္ဓလေးဘဝါး၊သုံးဘဝါး၊ နေ့ကြာသပတေး၊ ဆယ့်နှစ်သောကြာ၊ စနေမှာ ကိုးဖြာဘဝါးပြဆိုခဲ့ချိန်တွင်၊ ပြုဆောင်လျှင်၊ အောင်မြင်မှုကိစ္စ။

* * *

# အနိမ်ကျမ်းကိုပြဆိုခြင်း

၁၆၄။ ကိုးဆယ့်ခြောက်ပါး၊ ရောဂါများကို၊ လက်ဖျားထိရောက်၊ ကင်းကွယ်ပျောက်လိမ့်၊ မှတ်လောက်စရာ၊ ရှေးဆရာတို့ စဉ်လာဥပဒေ၊ ထားခဲ့ပေသော၊ အသေအချာ၊ နှိပ်ပုံမှာကား၊ သိတာဦးရင်း၊ စက်ကြောတင်း၍၊ ခံပြင်းစရာ၊ စွဲကပ်လာသည်၊ ဂုတ်မှာနားထင်၊ နောက်ဘယ်ပြင်၌၊ နှာကျင်အလို၊ အပူလျှို၍၊ ရင်ကိုလေပင့်၊ တနင့်နင့်တင်း၊ ခံတွင်းအထဲ၊ တံတွေးချွဲ၍၊ ခေါင်းခဲအနာ၊ ထိုရောဂါကို၊ ဆရာလက်သည်၊ ဉာဏ်ကြီးကျယ်သား၊ အလွယ်တကူ၊ နှိပ်လိုမူကား၊ မှတ်ယူခြားနား ဖော်၍ကြားအံ့၊ ဒူးဖျားအထက်၊ လေးသစ်တက်၍၊ နှိပ်ချက်တစ်ဖုံ၊ ဆိုတုံမပျက်၊ ပုံအတွက်နှင့်၊ နားရွက်နောက်ပါး၊ ဝဲ, ယာခြား၍၊ မေးဖျားနားထင်၊ မျက်မှောက်ပြင်၌၊ လက်ပြင်ညှိမ့်ဖုံ၊ ခုလုလုကို၊ လက်နှံချောမွေ့၊ တည့်တည့်တွေ့၍၊ စေ့စေ့နှိပ်က၊ ပျောက်နေကြသည့်၊ . ပွဲရအဟုတ်၊ စာပင်ချုပ်လော့၊ ယူနုတ်အမြစ်၊ တူး၍ပစ်သို့၊ စင်စစ်ခေါင်းခဲ၊ ပျောက်စေမြဲတည့်၊ မလွဲတစ်ချက်၊ နားလေထွက်၍၊ နားပျက်နားအူ၊ နားထူ နားပြည်မွှေး၍၊ ခေါမေးမရ၊ နားထိုင်းစသည်၊ သောကဝေဒနာ၊ နှိပ်လိုပါမူ၊ ကဏ္ဍာအထက်၊ နားသယ်စက် နှင့်၊ နားရွက်နောက်၏၊ နားရွက်အောက်ကို၊ ရောက်၍မငြီး၊

နှိပ်ပုံပီးတော့၊ စည်တီးမကြား၊ပင်းသည့်နားလည်း၊ ကြား၍မပျက်၊ ချက်ချင်း သက်သည့် လေတက်တုံလေ၊ မူးမိုင်းချေ၍၊ မနေသာ၊ ရှိလေခါသော၊ ဂီဝါဂုတ်စောင်း၊ အလယ်ခေါင်းနှင့်၊ အကြောင်းမျက်မှောင်ကြား၊ မျက်ခုံး နားရင်း၊ ဦးပြည်ဆံဆက်၊ နှိပ်ခုံထွက်၏။ တစ်ချက်ထိုမှ၊ လေပူထသော်၊ ကဏ္ဍနားနောက်၊ နှိပ်ခါထောက်လော့။ ထို့နောက် တစ်မျိုး၊ ကြို့ကြီးထိုးသော်၊ ဂုတ်ရိုးကိုလျှောက်၊ နှိပ်လျှင်ပျောက်၏။ တထောင့်ဒွန္တာ၊ သွားဖုံးနာနှင့် သွားနာ သွားကိုက်၊ သွား၌ရောဂါ၊ စွဲကပ်လာသော်၊ လျှင်စွာပျောက်အောင်၊ နှုတ်ခမ်းစောင်နှင့်၊ ပါးစောင်တစ်လျှောက်၊ နှာဖျားရောက်အောင်၊ လက် ထောက်မြဲမြဲ၊ မှန်မလွဲဘဲ၊ လက်ဝဲလက်ယာ၊ နှိပ်ထိပါလော့။ တစ်ဖြာထိုမှ၊ ထားလျှင်ရှသို့၊ သတ္တကလေ၊ တစ်ထွေတစ်မြိုင်၊ မေးခိုင်ပါမူ၊ လက်နိုင်နှိပ်လို၊ ပုံအဆိုကား၊ လည်မျိုတစ်လျှောက်၊နားရင်းရောက်အောင်၊ နှိပ်မြောက်တုံလေ၊ လွတ်မြဲပေးတည်း။ တစ်တွေတစ်ဖန်၊ လေပုပ်ဆန်၍၊ အော့အန်တစ်မျိုး၊ ပခုံးရိုးက၊ ဂုတ်ရိုးကျအောင်၊ ပြ၍နှိပ်ချက်၊ ပါဒရက်ကြောင့်၊ လေတက်၍ တုန်၊ မျက်စိမှုန်၍၊ မျက်အုံဝေရီ၊ မျက်စိသီလျက်၊ မျက်စိနာနှင့်၊ သလ္လာ တိမ်လုံး၊ မျက်စိဖုံးက၊ မျက်လုံးကြောင်ကြောင်၊ မျက်စိဆောင်၍၊ မျက်တောင်မကြွ၊ မျက်မှောက်ကျလျှင်၊ မျက်စပိုးရှိ၊ ကြိမ်းစပ်ဘိသည်မျက်စိ ဝေဝေ၊ မျက်ရည်တွေသား၊ ဆိုထွေတစ်ချက်, မျက်တွန့်တက်၍၊ လက်တစ် လှမ်းလှမ်း၊ ဖြုတ်, ခြင်တန်းသည်၊ မျက်ခမ်းစပ်နီ၊ မှုန်သီသီနှင့်။ ဟုန်ချိမရ၊ လမ်းမဂ္ဂကို၊ ထကြွဖြောင့်မတ်၊ မသွားတတ်အောင်၊ စွဲကပ်ရုံးစု၊ ရောဂါပြု၍၊ စက္ခုအနာ၊ အာဗာဓာတို့၊ မကြာလျှင်လျှား၊ ပျောက်လိုငြားမူ၊ ကြွက်သား အဖုံး၊ ခြေသလုံးနှင့်၊ ပခုံးနှစ်ဖက်၊ အလယ်ချက်တွင်၊ စုံဘက် စစ်ကြော၊ နှိပ်တုံမောကာ၊ အဆော့မကြာ၊ လွန်ချမ်းသာသည်၊ လွယ်ကာနှိပ်ဖို့ စာတမ်းတည်း။

**လက်စွဲတစ်ဖြာ၊ မိန့်လိုက်မှာဖို့။** ။ ကလျာရှုဖွယ်၊ သားမိမယ်တို့၊ ကိုယ်ဝယ်စွဲကပ်၊ တေဇောဓာတ်ကြောင့်၊ မီးယပ်ရင်ဆို့၊ ဖြစ်တုံဖြို့တော်၊ စိမ်းညို့ဖတ်ဖတ်၊သားမြတ်အထက်၊မွှေမွှေညက်သည်၊ မောင်းဆက်အနာ၊ ရင်နှသားကို၊ နှိပ်ငြားတုံပါ၊လွန်ချမ်းသာလိမ့်၊ ဟတ္ထာလက်ထပ်၊ လက်သေ

လတ်သော်၊ သားမြတ်ထက်စ၊ လေးသစ်ကျနှင့်၊ ရင်ဝအောက်နား၊ မောင်းကွေးကြားထည့်၊ မှတ်သားတုံမြို့၊ လေပူကြို့နှင့်၊ ရင်ဆို့ရင်ကျပ်၊ လေထိုးလတ်သော်၊ နှိပ်ရလက်ပြန်၊ တတန်မစွ၊ ပုံအရကား၊ ရင်ဝ ကြောလယ်၊ တစွယ်မှတ်ရာ၊ နံဘေးနာနှင့်၊ ကုလာလေနာ၊ ရင်ဘတ်နာ သော်၊ မှန်စွာမပျက်၊ ပျောက်မည်ချက်ကား။ နှစ်ဖက်ဘေးကြော၊ချက်အောက် လျော၍၊ နှိပ်လောဆရာ၊ သုံးသစ်ကွာတည့်၊ ပါဒါတထွေ၊ ခြေလက်သေက၊ ထုံကျင်စသည်၊ ပုတ္တဖွားမိ၊ မဏ္ဍုတ္တိတို့၊ သွေးတိမကျ၊ ရှိကနှိပ်မူ၊ ရာသီ စုံ၍၊ ဥတုမဖြောင့်၊ ဆီးကျင်အောင့်သော်၊ မီးညောင့်အတက်၊ နှစ်သစ်တက်၍၊ နှိပ်ချက်တစ်ဖုံ၊ လက်ကုန်ထိုးသိပ်၊ ကောင်းစွာနှိပ်လော့၊ အိပ်၍မပျော်၊ ရှိတုံသော်လျင်၊ ဒူးပေါ်တလျှောက်၊ ပေါင်ချန်ရောက်အောင်၊ ထိုနောက်နှိပ် ရိုး၊ ခြေဖမိုးရင်း၊ ဖနောင့်တွင်းတည့်၊ ကိုက်ခြင်းဆစ်မြစ်၊ မှုန်ဝေတက်သား၊ ခြေမျက်စိနား၊ ရောဂါပုံတွင်၊ အိပ်ချင်မပျော်၊ ခြေ, လက်သော်လျှင်၊ လက်ကျော်ဆရာ၊ ဉာဏ်မွေ့ရှာ၍၊ နှိပ်ခါမယွင်း၊ ဒူးဖျားတွင်းက၊ နားရင်း ရောက်အောင်၊ လက်ဝါးစောင်းနှင့်၊ ထောင့်၍နှိပ်လျင်၊ ပျောက်မြဲပင်တည်း။ မီးတွင်းအထူး၊ ခြေဒူးပူသော်၊ ထိုတူမယွင်း၊ ပဆစ်တွင်းကို၊ မပြင်းမလျော့၊ လက်နကျော့နှင့်၊ နှိပ်လော့မှန်စွာ၊ ပျောက်၏မှာသည်- ချမ်းသာကေန် မလွဲတည်း။

မလွဲမှန်စွာ၊ မိန့်ခဲ့မှာအုံ၊ ခါးနာ, ခါးကိုက်၊ခါး၌ဝေဒနာစွဲကပ်လာ သော်၊ ခြေမှာခေါ်ရိုး၊ ခြေဖမိုးက၊ ဒူးဆစ်ကျအောင်၊ နှိပ်ကလျင်စွာ၊ ပျောက်မြဲသာတည့်၊ကျင်ဝါကျင်အောင့်၊ ကျင်စမဖြောင့်သော်၊ ဖနောင့်အထက်၊ ကြွက်သားထက်ကို၊ လျှောက်လျက်နှိပ်ပါ၊ လွတ်ချမ်းသာလိမ့်၊ပုစါတစ်ခမ်း၊ ချမ်းသာတစ်ဖုံ၊ ဖျားကြကုန်သော်၊ နှိပ်ပုံအရ၊ မှန်စွာပြအံ့၊ ခြေမအကြား၊ ခြေဖဝါးမှာ၊ နှိပ်လေပါလော့။ ကြီးစွာအဖျား၊ တက်သောသားကြောင့်၊ မေးဖြားမရ၊ ငန်းလျှင်ကြွ၍၊ ခေါကမထူး၊ အမူးမမေ့၊ ရောဂါတွေ့သော်၊ နှိပ်လေ့အဆော၊ ဖနောင့်ကြောတည့်၊ မှတ်လော့တခမ်း၊ ငန်းပူဖမ်းသော်၊ ခြေမျက်စိအောက်၊ နာနာထောက်လော့။ ထို့နောက် တစ်ခြား၊ တုန်၍ဖျား

သော်၊ ခြေဖဝါးလယ်၊ ဖနောင့်စွယ်ကို၊ နယ်ကာနှိပ်မှု၊ ပျောက်မြဲယူသည့်၊ ခြေမွှချိန့်၊ ဖြစ်တုံခဲ့သော်၊ တဲ့တဲ့ ဒူးဖျား၊ နှိပ်ချက်ထား၏၊ မှတ်သားကုန်ပါ၊ ရှေးပုံလာကို၊ လက်ာချိုပွား၊ စီးကုံးထားရှင့်၊ နှိပ်ငြားလိုသူ၊ ပုံစံယူ၍၊ နာသူတို့ကို၊ ကယ်စေလိုသည်၊ မဂ်, ဖိုလ် ဆုမြတ်ရကြောင်းတည်း။

* * *

## လောကျွမ်းကို ပြုဆိုခြင်း

၁၆၅။ ခေါင်းခဲသော် အခံမခက်လော၊ မန်းကျည်းမှည့်ကို ဆားနှင့်ဖျော်၍ ရှူသော် မပျောက်လော။ ရင်ဘတ်နာသော် အခံမခက်လော။ ကောက်ညှင်းကိုစား၍ ရေချိုးသော် မပျောက်လော။ ချောင်းဆိုးသော် အခံမခက်လော။ လွှစာမှုန့်ကို ဟင်းခါးချက်၍ သောက်သော် မပျောက်လော။ မျက်စိနာသော် အခံမခက်လော၊ နမ်းလှော်၍ရှူသော် မပျောက်လော။ အနာပေါက်သော် အခံမခက်လော၊ ထန်းလျက်ကိုစားသော် မပျောက်လော။ ချွေးရှူးကိုက်သော် မသေလော၊ အုန်းသီးကို စားသော်မပျောက်လော။ မြွေကိုက်သော်မလေလော၊ မီးစနှင့် ကိုက်ရာကိုတို့သော် မပျောက်လော။ ဆုံဆို့နာပေါက်သော် မသေလော၊ သဘော်သီးကို စားသော်မပျောက်လော။ နာစေးသော် မခက်လော၊ ရေနံကိုရှူသော် မပျောက်လော။ အနာဝင်သော် မသေလော၊ ရေနံဆီကို သုတ်သော် မပျောက်လော။ ခြေကျင်သော် မသေလော၊ သံတူနှင့် နှက်သော်မပျောက်လော။ ကိုက်ခဲသော် မခက်လော၊ မြေနီလူးသော် မပျောက်လော။ အင်ပြင်ထသော် မခက်လော၊ ချက်မှာ ဆားစုသော် မပျောက်လော။ လေချုပ်သော် မခက်လော။ မောင်းကျည်ပွေ့နှင့် နှက်သော်မပျောက်လော။ စား၍ အရသာပျောက်သော် မခက်လော၊ ပုစွန်ချဥ်စားသော် မပျောက်လော။ ကျောက်မထွက်သော် မခက်လော၊ ပဲနောက်ကို ရေချိုးသော် မထွက်လော။ ကျောက်အားကြီးသော်မခက်လော။ ထန်းငယ်လက်နှင့် ရိုက်သော် မပျောက်လော။ ကျောက်ကို ရွေ့စေလိုသော် မခက်လော၊ ကဆော့မြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ လိုရာကို သုတ်

သော် မရွှေ့လော။ ကျောက်ဝမ်းကိုက်သော်မသေလော၊ ခြေဖဝါးကို မီးကင်သော်မပျောက်လော။ ကင်းကိုက်သော် မနာလော။ ကြေးဖလား တီးသော် မပျောက်လော။ ကြမ်းပိုးကိုက်သော် မခက်လော။ ဖွတ်ထမ်း၊ ထမ်းပိုးကို အိပ်ရာအောက်က ထားသော် မပျောက်လော။ မိန်းမရာသီ လွန်သော် မသေလော။ ဆီးသီးကို စားရေချိုးသော် မပျောက်လော။ မိန်းမမီး မဖွားနိုင်သော် မခက်လော။ ပေါက်ပန်းဖြူအကိုင်း သင့်ရာ လက်ဝဲ, လယ်ယာကိုင်စေသော် မဖွားလော။ ခွေးလေးသီးထိ၍ ယားယံသော် မခက်လော။ ဆီးဖြူသီးကို စားသော် မပျောက်လော။ ငါးခူငါးကျည်းစူးသော် မခက်လော။ ဆီးဖြူသီးကို စားသော် မပျောက်လော။ မိန်းမတို့နို့မထွက် သော် မခက်လော။ နွားသားနှင့် ချဉ်ပေါင်နီရွက်ကို ဟင်းခါးချက်၍ သောက်သော် မထွက်လော။ မီးမဖွားနိုင်သော် မခက်လော။ ပုစွန်လက်မ ကို သွေး၍ သောက်သော် မပျောက်လော။ လိပ်ကျောက်ဆူးစူးသော် မသေလော။ အုန်းထမင်းချက်၍ စားသော် မပျောက်လော။ ရှားစောင်းစေး မျက်စိထဲဝင်သော် မခက်လော။ သဘော်ခေါ့ကို သွေး၍ခပ်, အသီးစားသော် မပျောက်လော။ ဝမ်းကျ၍ ကြွက်တက်သော် မသေလော။ ရေနှင့်ဆီကိုရော၍ ခြေဖဝါးကို သုတ်မီးကင်သော် မပျောက်လော။ ကျောက်ဝင်သော် မသေ လော။ အုန်းသီးကို စားသော် မထွက်လော။ မိန်းမမီးဖွား၍ သားအိမ် သကျည်းလွဲသော် မသေလော။ ဖားပြုပ်ခြောက်ကို မီးဖုတ်၍ ခြေမှာသုတ် သော် မပျောက်လော။ ဒူလာ အပူကြီး၍ ဆာလောင်သော် မခက်လော။ ကျွဲသားနှင့် ချဉ်ပေါင်ရွက်နီကိုချက်၍စားသော် မပျောက်လော။ အူထွက်သော် မသေလော။ ရှောက်သီးနှင့် ငှက်ပျောသီးကို လက်သုပ်၍စားသော် မပျောက်လော။ ဝမ်းတွင်းသံကောင်ရှိသော် မခက်လော။ ဆေးဒန်းနှင့် မြင်းခွာသွေး၍ သောက်သော်မပျောက်လော။ ဝမ်းကိုက်သော် အခဲမခက် လော။ ထန်းလျက်နှင့် ဆားကိုစားသော်မပျောက်လော။ သူငယ်ထုံးကို စားသော်မငိုလော။ ဒွါရကိုရေဆေးသော် မပျောက်လော။ ငရုတ်သီးမျက်စိထဲ ဝင်သော် မခက်လော။ ညာဘက်ဝင်သော် ဘယ်ဘက်။ ဘယ်ဘက်ကဝင်

သော် ညာဘက်ခြေမကို ရေဆေးသော် မပျောက်လော။ ခွေးကိုက်သော် မနာလော။ ခင်ပုပ်လာ၍ ဟစ်အော်သော် မပျောက်လော။ တောက်တဲ့ကိုက်သော် မသေလော။ ရက်ကန်းစူးကို သွေး၍သောက်သော် မပျောက်လော။ ပင့်ကူနက်ကိုက်သော် မသေလော။ ဆန်လှော် စားသော် မပျောက်လော။ မျက်ခမ်းစပ်သော် မခက်လော။ ဆေးဒန်းကို သုတ်သော် မပျောက်လော။ မီးဝင်နေရာကို ဆိုင်းတီးသော် သွေးမတိတ်လော။ ကြေးဖလားကို ရေစိမ်သော် မပျောက်လော။ မျက်စိရှားစောင်းစေးဝင်သော် မကာန်းလော။ ကန့်ကူဆန်မှုန့်ကို ခပ်သော်မပျောက်လော။ နားအူသော် မခက်လော။ ဆီကိုကြပ်သော် မပျောက်လော။

လောကျမ်း ပြီး၏။

* * *

## [illegible] ကျမ်း

၁၆၆။ ကာမဂုဏ်ချမ်းသာကို အလိုရှိသော’သူတို့ စားသုံးအပ်သော ဆေးကိုပြလိုက်ဦးအံ့။ ဆိတ်မြန်မာနို့ရည်တွင် ပျားရည်ခပ်သောက်၊ ထောပတ်ကို ကလောဆန်နှင့်ရော၍စား၊ သကာကိုရှိန်းမိုနှင့် ရော၍စား၊ နွားသားကို ဆီနှင့်ကြော်၍စား၊ ပျားရည်ကို ဆန်လှော်နှင့် ကြိတ်၍စား၊ ဥသျှစ်သီးကို ကြက်ဆူးရိုးနှံခပ်၍စား၊ ဤလေးစုကို စားရမူကား အညှောင်းအညာကင်း ပျောက်၍ အားရှိ၏။ မိန်းမတို့ အလိုကိုဖြည့်နိုင်၏။ **မိန်းမတို့အင်္ဂါလက္ခဏာကို ဆိုပေ၏။** ။ ပဒုမနီမိန်းမ၏ အင်္ဂါလက္ခဏာကား- အသားဖြူ၏။ အနံ့ကား ကြာညိုပန်းအနံ့ကဲ့သို့ရှိ၏။ အရသာ ချို၏။ သင်္ခရနီမိန်းမ၏ အင်္ဂါလက္ခဏာကား- အဆင်းမည်း၏။ အနံ့ကား-ငရုတ်ပန်း အနံ့ကဲ့သို့ ရှိ၏။ အရသာချဉ်၏။ စိတ္တရနီမိန်းမ၏ အင်္ဂါလက္ခဏာကား- အဆင်းရွှေ၏။ အနံ့ကား ကျင်ငယ်ရေနံ့ကဲ့သို့ရှိ၏။ အရသာဖန်၏။ ဟတ္တနီမိန်းမ၏ အင်္ဂါလက္ခဏာကား- အဆင်းနီ၏။ အနံ့ကားငါး၏ အနံ့ကဲ့သို့ရှိ၏။ အရသာစပ်၏။ ပဒုမ္မနီ မိန်းမ၏ သွားလာခြင်းကား-စက္ကဝက်ငှက်ကဲ့သို့

သွားလာခြင်း၊ သင်္ခရနီမိန်းမ၏ သွားလာခြင်းကာ–ဟသ်ာငှက်ကဲ့သို့ သွားလာခြင်း၊ စိတ္တရနီ မိန်းမ၏ သွားလာခြင်းကား– ပိန်းညှင်းငှက်ကဲ့သို့ သွားလာခြင်း၊ ဟတ္တနီမိန်းမ၏ သွားလာခြင်းကား–ဆင်၏ သွားလာခြင်း။ ပဒုမ္မနီမိန်းမ၏ ကြည့်ခြင်းကား– ဆင်၏ ကြည့်ခြင်း၊ သင်္ခရနီ မိန်းမ၏ ကြည့်ခြင်းကား၊ ကျား၏ ကြည့်ခြင်း၊ စိတ္တရနီမိန်းမ၏ကြည့်ခြင်းကား– ကျီကန်း၏ ကြည့်ခြင်း၊ ဟတ္တနီမိန်းမ၏ ကြည့်ခြင်းကား–ယင်၏ ကြည့်ခြင်းတည်း။ ပဒုမ္မနီမိန်းမ၏ အင်္ဂါစပ်ကား ကြာရွက်ကဲ့သို့ရှိ၏။ သင်္ခရနီမိန်းမ၏ အင်္ဂါစပ်ကားဆင်ဦးကင်းကဲ့သို့ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါစပ်ကား သစ်မအင်္ဂါကဲ့သို့ရှိ၏။ ဟတ္တနီမိန်းမ၏ အင်္ဂါစပ်ကား ဆင်မအင်္ဂါကဲ့သို့ရှိ၏။ ထိုသို့ခဲ့ပြီးသော မိန်းမတို့၏ အင်္ဂါစပ်သည် ဆင်ဦးကင်းကဲ့သို့ ရှိမူကား ဥတ္တမတည်း။ ပုန်းညက်ရွက်ကဲ့သို့ရှိမူကား ပဏ္ဍိတတည်း။ ညောင်ရွက်ကဲ့သို့ရှိမူကား မဇ္ဈိမတည်း။ သရက်ရွက်ကဲ့သို့ ရှိမူကား။ ဟီနတည်း။ ပဒုမ္မနီမိန်းမ၏ အင်္ဂါစပ်အစောက်ကား လက်ခြောက်သစ်ရှိ၏။ သင်္ခရနီမိန်းမ၏ အင်္ဂါစပ်အစောက်ကား လက်ရှစ်သစ်ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါစပ်အစောက်ကား လက်ဆယ်သစ်ရှိ၏။ ဟတ္တနီမိန်းမ၏ အင်္ဂါစပ်အစောက်ကားတစ်ဆယ့်နှစ်သစ်ရှိ၏။ ပဒုမ္မနီ မိန်းမ၏အင်္ဂါစပ်အဝန်းကား တစ်ဆယ်နှစ်သစ်ရှိ၏။ သင်္ခရနီမိန်းမ၏ အင်္ဂါစပ်အဝန်းကား တစ်ဆယ့်ခြောက်သစ်ရှိ၏။ စိတ္တရနီ မိန်းမ၏ အင်္ဂါစပ်အဝန်းကား အသစ်နှစ်ဆယ်ရှိ၏။ ဟတ္တနီမိန်းမ၏ အင်္ဂါစပ်အဝန်းကား တစ်ဆယ့်နှစ်သစ်ရှိ၏။ ။ ထိုမိန်းမ၏အင်္ဂါစပ်သည် သမင်ခွာကဲ့သို့ ရှိမူကား ယောကျ်ား အနာအဖျားများအံ့။ အင်္ဂါစပ်ခုံ မညီမညွတ်ရှိမူကား ယောကျ်ားဆင်းရဲအံ့။ ဘေးသင့်အံ့။ အင်္ဂါစပ်မည်းမူကား ယောကျ်ားသေအံ့။ ရှောင်ကြည်လေ။ လည်၌ ခရုသင်းကဲ့သို့ အရေးရှိ၏။ ပြေပြစ်သော အပြစ်မရှိသော သားမြတ်မတိုမရှည် ငါးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော် ကောင်း၏။ ငှက်သွားခြင်းကဲ့သို့ တင့်တယ်သော ဟန်ပန်ကို ဆောင်၍သွားသော်၊ ဆင်၏ကြည့်ခြင်းကဲ့သို့ ကြည့်သော် ကရဝိတ်ငှက်ကဲ့သို့

အသံသာယာ၏။ လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏။ အဆန်းတကြယ် စီရင်တတ်၏။ လင်၏ အလိုခပ်သိမ်းကိစ္စတို့ကို ပြီးစေတတ်၏။ အမှတ် မရှိသော ကျေးဇူးလက္ခဏာနှင့် ပြည့်စုံသော အဆင်းရှိ၏။ ခါးစည်း ရင်ကျယ်ငယ်သောဝမ်းလည်းရှိ၏။ ဤသို့သော လက္ခဏာနှင့် ပြည့်စုံသော မိန်းမသည် ပဒုမနီ မိန်းမမည်၏။ ထိုမိန်းမသည် လင်၏ ကျင့်ဝတ်, လင်၏ အသရေကို ဆောင်ပေတတ်၏။ စည်းစိမ်ချမ်းသာ ကျေးဇူးအကျော် အစောကိုပွားစေတတ်၏။ လက်ချောင်းကြီး၍ မျက်နှာထူသော်, လည်တို သော် ရင်ကြားစေ့သော် ဆံနီသော် ဤကဲ့သို့သော မိန်းမသည် သခ်ါရနီ မည်၏။ လက်သည်းခြေသည်းတိုသော်, မြင်းခေါင်းတိုသော် ရင်ကုန်းသော်, တင်ကျယ်သော်, ချက်နက်သော် ဖမိုးမွေး, လက်မွေးရှည်သော် ဤကဲ့သို့ သော မိန်းမသည် စိတ္တရနီ, မည်၏။ ဝမ်းပျဉ်းကျသော်, ခေါင်းကြီးသော်, သားမြတ်ရှည်သော်, ဆံကောက်သော်, မေးကြီးသော် ဤကဲ့သို့သော မိန်းမသည် ဟတ္တနီမည်၏။ အဖိုးကား ပဒုမ္မနီတစ်သိန်းတန်၏။ သခ်ရနီ တစ်သောင်းတန်၏။ စိတ္တရနီ တစ်ထောင်တန်၏။ ဟတ္တနီတစ်ရာတန်၏။ **(ဤကား-အမြတ်ကိုဆိုလိုသည်။)** ရှေ့ဆိုလစ္ဆံ့သော ယောကျာ်းတို့နှင့် ယှဉ်ဟန်ကား ပဒုမ္မနီ မိန်းမသည် သခ်ရနီ ယောကျာ်းတို့နှင့် ယှဉ်ရာ၏။ သခ်ရနီ မိန်းမသည် ဗြဟ္မာဏယောကျာ်းတို့နှင့် ယှဉ်ရာ၏။ စိတ္တရနီမိန်းမ သည် မိဿယောကျာ်းတို့နှင့် ယှဉ်ရာ၏။ ဟတ္တနီ မိန်းမသည် အသွာန ယောကျာ်းတို့နှင့် ယှဉ်ရာ၏။ မိန်းမတို့သည် တပ်ခြင်း၊ တွေ့ခြင်း၊ ယားယံခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း၊ သိခြင်း၊ လုံ့လပြုခြင်း၊ တုန်လှုပ်ခြင်း၊ အရောင်အဆင်းကို ဆောင်ခြင်း၊ ယောကျာ်းတို့၏ နှစ်သက်ဖွယ်ကိုပြုခြင်း၊ အရာကိုကောင်းစွာဆောင်ခြင်း၊ လင်၏အလိုသို့ ပြုပြင်သော အရာကို ကောင်းစွာဆောင်ခြင်း၊ ပစ္စည်းဥစ္စာတို့၌ ကောင်းမွန်စွာ စောင့်ရှောက်ခြင်း ဤကားမိန်းမကောင်းတို့ လက္ခဏာတည်း။ တိုင်ပင်ရန်ရှိသောအခါ အမတ် ကြီးကဲ့သို့ဖြစ်စေ၊ အမှုကြီးငယ်တို့ကို လုပ်ဆောင်သောအခါ ကျွန်မကဲ့သို့ ဖြစ်စေ။ စောင့်ရှောက်အံ့သောအခါအထိန်းကဲ့သို့ဖြစ်စေ၊ အိပ်ရာဝင်သောအခါ

ပြည့်တန်ဆာမကဲ့သို့ဖြစ်စေ ပြုအပ်သောအခါ ဆရာကဲ့သို့ဖြစ်စေ ဤကား– မိန်းမဖြတ်တို့၏ လက္ခဏာတည်း။ ။ **အထူးသဖြင့် သတိပြုရန်ကား–** လပြည့်လကွယ်၊ လဆန်းရှစ်ရက်၊ လဆန်းတစ်ရက်၊ လဆုတ်ရှစ်ရက် သင်္ကြန်ကျသောနေ့ ဆိုအပ်ခဲ့သော နေ့တို့၌ မေထုန်မှီဝဲပေါင်းဖော်သူတို့ကား။ ဘေးသင့်အံ့။ ကျက်သရေယုတ်အံ့။ **အလိုရှိဟန်ကား–** အရပ်မြင့်သော မိန်းမသည်။ တစ်ညဉ့်လျှင် နှစ်ဆယ့်ငါးကြိမ် အလိုရှိ၏။ အရပ်ပုသော မိန်းမသည် ခုနစ်ကြိမ်အလိုရှိ၏။ ချက်နက်သော မိန်းမသည် ခုနစ်ကြိမ် အလိုရှိ၏။ အသားနီသော မိန်းမသည် နှစ်ဆယ့်ငါးကြိမ် အလိုရှိ၏။ အကြောရှည်သော မိန်းမသည် အကြိမ်နှစ်ဆယ် အလိုရှိ၏။ ကျုံ့သောမိန်းမသည် ဆယ်ကြိမ်အလိုရှိ၏။ ဆူသော မိန်းမအကြိမ်နှစ်ဆယ်အလိုရှိ၏။ ဖြူသောမိန်းမသည် တစ်ဆယ့်ခုနစ်ကြိမ်အလိုရှိ၏။ သားမြတ်ရှည်သော မိန်းမသည့်နှစ်ဆယ့်လေးကြိမ်အလိုရှိ၏။ အသားရွှေသော မိန်းမသည် တစ်ကြိမ်သာအလိုရှိ၏။ ခါးစည်းတင်ကျယ်ငယ်သော ဝမ်းရှိသော မိန်းမသည် ကိုးကြိမ်အလိုရှိ၏။ ပဒုမ္မနီမိန်းမမျိုးကား ငါးကြိမ်အလိုရှိ၏။ သခ်ရနီ မိန်းမမျိုးကား ခုနစ်ကြိမ်အလိုရှိ၏။ စိတ္တရနီမျိုးမမျိုးကား ကိုးကြိမ်အလိုရှိ၏။ ဟတ္ထနီမိန်းမမျိုးကား တစ်ဆယ့်နှစ်ကြိမ်အလိုရှိ၏။ပဒုမ္မနီမိန်းမမျိုးကား မျောက်နွားတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ သခ်ရနီမိန်းမမျိုးကား၊ မျောက်၊ ငှက်တို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ စိတ္တရနီမိန်းမမျိုးကား။ ကျားမိကျောင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဟတ္ထနီ မိန်းမမျိုးကား ဆင်, မြင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဤကား ခပ်သိမ်းသော မိန်းမတို့ကို ပေါင်းဖော်ရာ၌ နှစ်သက်သော အခြင်းအရာတို့ကိုဆိုသတည်း။

**ဣတ္ထိသျှတ္တရကျမ်းပြီး၏။**

* * *

## တိထိငါးပါး–အကျဉ်းအကျယ် နှစ်ရပ်ကိုပြဆိုခြင်း

**၁၆၇။ တိထိငါးပါးတွက်နည်းကား။** ။ ၎င်းလရက်ဆောက်အုံ သောနေ့အထိရေ၊ ၅–ခုစား၊ တစ်ခုကြွင်းမူနန္ဒာတိထိ။ ၂–ခုကြွင်းမူ ဘဒြာတိထိ။ ၃–ခုကြွင်းမူ ဇေယျာတိထိ။ ၄–ခုကြွင်းမူ ရိတ္တာတိထိ။ ၅–ခုကြွင်းမူ ပုဏ္ဏတိထိ။ ဟူ၍မှတ်။ ထိုငါးပါးသောတိထိတို့တွင် ရိတ္တာတိထိ၌ ကျောင်း, ကန်, ဘုရားတည်ထားခြင်း၊ အိမ်ရာဆောက်ခြင်း စသည်တို့ကို အထူးရှောင်ပါလေ။

* * *

**၁၆၈။ တိထိငါးရပ်၏ ခရားစောက်ပုံ**

| အမည် | နန္ဒာ | ဘဒြာ | ဇေယျာ | ရိတ္တ | ပုဏ္ဏ |
|---|---|---|---|---|---|
| တိထိ | ၁ | ၂ | ၃ | ၄ | ၅ |

**၁၆၉။ ၎င်းတိထိ အဟောလင်္ကာကိုပြဆိုခြင်း**

အခါပေးရာ၊ မျိုးလေးဖြာတို့၊ နန္ဒာတိထိ၊ ကိုက်ညီသောခါ ကျောင်းဝိဟာနှင့်၊ တည်ရာဘုရား၊ တံတားခင်းရန်၊ ရေကန်–ရေတွင်း၊ အခင်းကိစ္စ၊ ဟူသမျှကို၊ ပြုရာသော်ကား အကျိုးများ၏၊ တစ်ခြားဘဒြာ၊ တိထိမှာလည်း၊ ကေသာထုံးခြင်း၊ နားထွင်း မင်္ဂလာ။ အိမ်ယာဆောင်နှင်း၊ အခင်းကိုသာ၊ ပြုဖို့ရာ၏။ မှန်စွာအညီ၊ တိထိဇေယျ၊ ရန်စအောင်ကြောင်း၊ စည်မောင်းရိုက်ဆော်၊ စစ်သော်ဆင်သွား၊ တရားဆင်ရာ၊ အောင်စေမှာ၏။ မကွာမုချ၊ ရိတ္တကြုံလျှင်၊ ထိုတွင်လက်ဖွဲ့၊ ပြစ်မဲ့ဆေးဝါး၊ နာဖျားအကယ်၊ ပြုဖို့လွယ်၏။ တစ်သွယ်ဓိဝ၊ ကြုံလာကမူ၊ ပုဏ္ဏတိထိ၊ ကျီနှင့်ဘဏ္ဍာ၊ ဥစ္စာသိမ်း၊ တစ်သီးရတနာ၊ ခုနစ်ဖြာတို့၊ ဝယ်ရာမဘောက်၊ စိန်ကျောက် သွေးမှု၊ အစုစုကို၊ ပြုပ်လှစွာ၊ ကောင်း၏မှာသည်၊ အခါပေးဖို့ မခဲတည်း။

* * *

**၁၇၃။ အကျယ်ခရားတောက်နှင့်တကွ အဟောကိုပြဆိုခြင်း၊**

ထိုနေ့ တိထိကို သိလိုသော် စတုဒသထည်၊ ရောက်သော လတွင် ရက်ကိုရေ၍ နော၊ ပဥ္စဒသာစား။ စားကြွင်းမှာထိုနေ့တိထိဖြစ်၏။

| နန္ဒာ | ဘဒြာ | ဇေယျ | ရိတ္တ | ပုဏ္ဏ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |

ကောင်းသောမင်္ဂလာ။ ချမ်းသာစီးပွားများပါစေအောင်၊ ကောင်းကျိုးဆောင်မည်၊ နားတို့လည်လော့၊ တိထိတစ်လုံး၊ ၆–လုံး၊ ၁၀–လုံးသည် နန္ဒာတိထိဖြစ်၏။ ထိုနန္ဒာတိထိ၌ အိမ်တိုင်တူခြင်း၊ အိမ်ဆောက်ခြင်း၊ ကောက်မျိုးကြဲခြင်း၊ ကျောင်းဆောက်ခြင်း၊ ဘုရားစေတီပုထိုးတည်ခြင်း၊ ထီးတင်ခြင်း၊ အလှူကောင်းမှုပြုခြင်း၊ မင်းဝယ်ခစားခြင်း၊ ဤသို့ပြုကောင်းလျက် မပြုဘဲ ဘဒြာတိထိပြုမိချေအံ့၊ စန်း, လဂ်, နေ့၌ပင်ကောင်းသော်လည်း ပျက်တတ်လေသတည်း။ ထိုသို့အဖြစ်အပျက်ဖြစ်သည်ကို အကြောင်းမသိမှု၍ မစစ်မကြောမမေးမမြန်းကျမ်း၌လာသော အစီရင်မတတ်သောသူတို့ကို အမှုဆောင်၍ မပြီးနိုင်လျှင် ကံကိုသာရီး၍ ငရဲလားရလေ၏။ ထို့ကြောင့်ရကား ဘဒြာတိထိ၌ မပြုရာဟုမှတ်လေ။

ဘဒြာတိထိ၌ကား ၂–လုံး၊ ၇–လုံး၊ ၁၂–လုံးတည်း။ ဘဒြာတိထိ၌ အမှုဆောင်ရသည်ကား အရှင်စကားဆိုခြင်း၊ ဝန်ခံခြင်း၊ အမည်အရည်ခံခြင်း၊ အမည်မှည့်ခြင်း၊ ကိုယ်စားလည်သွားခြင်း စသောအမှုကို ဘဒြာတိထိ၌ မပြုဘဲ ဇေယျာတိထိ၌ပြုမိအံ့၊ နေ့တိုင်း ပျက်စီးတတ်သည်။ ။ ဇေယျာတိထိကား ၃–လုံး၊ ၈–လုံး၊ ၁၃–လုံးတည်း၊ ထိုဇေယျာတိထိ၌ ပြုရသော အမှုကား တရားဆုံးဖြတ်ခြင်း၊ အားထုတ်၍ ကောင်းသောအမှုပြုခြင်း၊ မြို့တည်ခြင်း၊ ကျုံးတူးခြင်း၊ တံခါးတိုင်, တံခါးတပ်ခြင်း၊ အဲမောင်း, လှံရှည်အိမ်ထား, ခွက်ခွင်း ကြေးနင်း, မောင်းစည်, လက်ခတ်, မှုရိုးစည်, ပဥ္စင်,

တူရိယာ, မနောလင်ပန်း, ကြေးရောသနွေ့ဖလား, ကာလွှားဘုနပ်, ကျောက်အုပ်ခင်းခြင်း၊ ရန်သူရှိရာအရပ်သို့ စစ်ထိုးခြင်း၊ တပ်တည်ခြင်း၊ ကင်းတို–ကင်းရှည်ထားခြင်း၊ အောင်တမန်သွားစေခြင်း၊ ကြီးစွာသော သစ္စာရှည်တို့ကို တိုက်ခြင်း၊ ဤသို့စသော အမှုတို့ကို ဓေယျာတိထိမပြုဘဲ ရိတ္တာတိထိ၌ ပြုမိသော် မကောင်းပျက်တတ်၏။ ရိတ္တာတိထိ၌ကား ၄–လုံး၊ ၉–လုံး၊ ၁၄–လုံးတည်း။ ရိတ္တာတိထိ၌ပြုရသော အမှုကား မြေ၌ တည်ထွင်ခြင်း၊ သစ်ပင်ကောက်ပင်စသည်တို့ကို ခုတ်ထစ်ဖြတ်လှဲခြင်း စသောအမှုတို့ကို ပြုခြင်း၊ လှေခါးထောင်ခြင်း၊ လက်ကတုံးဖွဲ့ခြင်း၊ အိမ်တက်ခြင်း၊ ဘိသိက်မြှောက်ခြင်း၊ ခမဲပေးခြင်း၊ ဈေး, ဆောက်, တစည်း, ပုဆိန်, လေးမြားခတ်ခြင်း, တောင်း, တင်း, ပုတ်ယက်ခြင်း၊ ရက်ဖောက်ခြစ်နဲ့သပ်ခြင်း၊ ဥယျာဉ်စသည်တို့ကိုလည်းကောင်း ဆေးကုခြင်း။ ဆေးကြိတ်ခြင်း၊ သူနာတို့–ဆေးသမားခေါ်ခြင်း၊ ဆေးသမားလာခြင်း၊ ပခွင်းခံခြင်း၊ ဆံ, မုတ်ဆိတ်ရိတ်ခြင်းတို့ကို လည်းကောင်း၊ ရိတ္တာတိထိ၌ ပြုရာ၏။ ပုဏ္ဏားတိထိ၌ကား ၅–လုံး၊ ၁၀–လုံး၊ ၁၅–လုံးတည်း။ ထိုပုဏ္ဏားတိထိ၌ကား အတတ်ပညာသင်ခြင်း၊ စာပေးခြင်း၊ စာလှူခြင်း၊ မန္တရားသရဏ္ဍာယ်ခြင်း၊ မိုးမြေချခြင်း၊ မော်ကွန်းတည်ခြင်း၊ လင်မယား ဥစ္စာအတူထားခြင်း၊ အမိ, အဘတို့ကို ပူဇော်ခြင်း၊ ဘယက် တန်ဆာဆင်ခြင်း၊ ရတနာတို့ကို သိမ်းဆည်းခြင်းစသောအမှုတို့ကို ပုဏ္ဏားတိထိ၌ ပြုရာ၏။ ဤသို့လျှင် တိထိငါးပါးတို့၌ အမှုဆောင်သရုပ်ကို ဆရာတို့ မိန့်ဆိုကုန်၏။

**တိထိငါးပါး စယားနှင့်တကွ အဟောပြီး၏။**

* * *

## နေ ကြတ် လ ကြတ် အကျိုး ဟော ရန်

၁၇၁။ အဝတ္ထာကောင်းကင်၊ ပုံတောင်ယှဉ်လျက်၊ အစဉ်ထွက်ကြ၊ နေနှင့်လတို့၊ ကမ္ဘာ့ဓမ္မတာသူရာတမ်းလာဘ် ကြတ်သည့် ရောင်ခြည်၊ အတည်မရှိ၊ ဝိပရိသဘော၊ အဟောစေ့ငုံ၊ စုံစွာရှု၍၊ ယခုအကန့်၊ တစ်တန့်တစ်ပါး၊ ပိုင်းခြားပြသအံ့သော နေကြတ်, လကြတ် အကျဉ်းဟောကား။

နေ, လတို့ကို ရာဟုကြတ်သောအခါ နီသောအဆင်းရှိမူ မိုးဘေး၊ ငတ်မွတ်ဘေး၊ မိုးကြိုးလောင်မီးဘေး၊ မီးနှင့်စပ်အပ်သည့်အလုပ် စသည်တို့အား နှိပ်စက်ခြင်းဖြစ်အံ့။ မိုးသည်းထန်စွာရွာအံ့။ သားငှက်တို့ ပျက်စီးအံ့။ ချိုးရင်မွေး၊ ခိုခြေ၏အဆင်းကဲ့သို့ နီပြေသော အဆင်းရှိမူကား သူဆင်းရဲတို့အား များနာဆင်းရဲခြင်းဖြစ်အံ့။ ကြာပဒုမ္မာကဲ့သို့ ဖြူသော အဆင်းရောယှက်၍ နီသော အငွေ့သန်းမူ ကုန်သည်လူမျိုးတို့ ရောင်းရေးဝယ်မှု ညှိုးခြင်း၊ သတ္တဝါအပေါင်းတို့ များနာတတ်ခြင်း၊ အစားဆန်ရေ ပေါများခြင်း၊ မီးဘေးရောက်ခြင်းတို့သည်ဖြစ်၏။ နေအရုဏ်တတ်သကဲ့သို့ အဆင်းရှိမူ ငတ်မွတ်အံ့။ ထွေနီအဆင်းရှိမူ စစ်ဖြစ်အံ့။ **(မီးအရောင်ကဲ့သို့မူ ဘေးများအံ့လည်းဟူသည်။)**

ဆေးဒန်းအဆင်း၊ ရွှေသောအဆင်း၊ နေစာရီးအဆင်းကဲ့သို့ရှိမူ အသေအပျောက်များအံ့။ တစ်နည်းစစ်ထွက်အံ့။ ဖြူသောအဆင်းရှိမူ ဝပြောအံ့။ ပုဏ္ဏားလူမျိုးတို့အား နှိပ်စက်အံ့။ ဖျော့သော အဆင်းရှိမူ ငတ်မွတ်အံ့။ မန္တာအယူမကောင်းသူတို့ ပျောက်ပျက်အံ့။ ကြောင်သော အဆင်းရှိမူ သစ်သီးမျိုးပျက်စီးအံ့။ ခရီးသွားသောသူ အမျိုးယုတ်သူတို့ ပျက်စီး ငတ်မွတ်အံ့။ အရောင်မညီးမူ သူဆင်းရဲတို့ အနာရောက်အံ့။ မီးခိုးရောင်ရှိမူ— ဘေးကင်းအံ့။ ပြည်းညင်းစွာ မိုးရွာအံ့။ **(ကတစ္ဆိုဒ္ဓမဏိကျမ်း၌ မိုးနည်းအံ့လည်းဟူ။)**

ရှေးသူရ ကျမ်းဟောင်း၌ သဗ္ဗကြတ်မှုမွတ်သိပ်အံ့။ နံထောင်ဖောက်မူ အနာနှိပ်စက်အံ့။ အပ်မူ ဝပြောအံ့။ ကြတ်သောအရောင်နီမူ မင်း။

ကြောင်မှ ရဟန်း, ပုဏ္ဏား၊ ရွှေမှုသူဌေး, သူကြွယ်။ ညိုမှုစစ်သူကြီး။ မည်း မှု ဆင်းရဲသားနှင့် အခြေလေးခုသတ္တဝါတို့သို့။ ဖြူမှု ဝပြောအံ့ဟူ၏။

**အစိတ်အားဖြင့် အဆင်းကား။** ။ လကြွတ်၌ ထက်ဝက်အောက်ကြွတ်မှု မီးခိုးအဆင်း။ ထက်ဝက်အလွန်ကြွတ်မှုမည်းနက်သောအဆင်း။ လွှတ်စ၌မှု အညို, အနီရောသောအဆင်း။ အလုံးစုံသဗ္ဗကြွတ်ရာ၌ ကြောင်သော အဆင်းတို့ဖြစ်ကုန်၏။ နေကြွတ်ရာ၌ အခါခပ်သိမ်းမည်းသော အဆင်းသာတည်း။ ဤစကားသည် သူရိယသိဒ္ဓန္တကျမ်း ဆင္ဒမမြောက်ဆေဒကပိုင်း၌လာ၏။ အချို့သော ကျမ်း၌မူကား လေးစိတ်ကြွတ်မှု နီသောအဆင်း။ သုံးစိတ်ကြွတ်မှုဆေးဒန်းကဲ့သို့ ဝါသော အဆင်း။ ထက်ဝက်ကြွတ်မှုမည်းသောအဆင်းတို့သည် ဖြစ်ကုန်၏။

**ထိုအစိတ်၌ အစိတ်ငယ်ဝေဖန်ခြင်းကား။** ။ စတုတ္ထအစိတ်၌ ချိုးရင်မွေး၊ ကြာပဒုမ္မာ, နေအရုဏ်တို့ကဲ့သို့ နီသောအဆင်၊ ဖြစ်ကုန်၏။ တတိယအစိတ်၌ ရွှေသောအဆင်း၊ နနွင်းကဲ့သို့ဝါသောအဆင်း၊ သဖန်းခါးသီးမှည့်ကဲ့သို့ ဝါရင့်သောအဆင်းတို့သည်ဖြစ်ကုန်၏။ ဒုတိယအစိတ်၌ ဖြော့တော့သော အဆင်း၊ ကြောင်သောအဆင်းတို့သည်ဖြစ်ကုန်၏။ ပထမအစိတ်၌ နေဇာမြက်ကဲ့သို့ စိမ်းသောအဆင်း၊ မြက်သီးကဲ့သို့ ညိုသောအဆင်းမီးခိုးကဲ့သို့ မည်းညိုသောအဆင်းတို့သည်ဖြစ်ကုန်၏။ တစ်စိတ်စိတ်၌ သုံးပါးစီပြား၍ တစ်ဆယ့်နှစ်ပါးအဆင်းအရောင်ဖြစ်သည်ကိုဆိုသည်။ ဤသို့များသောအားဖြင့်သာယူသင့်သည်၊ လကြွတ်၌ ဒေသအတိုင်း အစိတ်တူကအရောင်တူရန်ရှိသည်။ တစ်ကြောင်းလည်း နေကြွတ်၌ သဘာဝအားဖြင့် မည်းသော အရောင်ရှိသတည်း။ အထူးအားဖြင့်ကား၊ သက္ကရာဇ် ၁၂၀၉–ခု၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့ သုံးချက်တီးကျော်တွင် အနောက်မြောက်ကစ၍ တောင်သို့လှည့်၍ သုံးစိတ်ခန့် ငုံပြီးလျှင် ကြွတ်လျက် အလွတ်မဝင်မီရာဟုသည်ဖြူသော အရောင်ရသောကြောင့် စေ့စေ့ကြည့်မှ နေ, ရာဟု ကွဲပြားမြင်ရှိသည်။ မိမိတို့ဒေသ၌ မြင်သောအရောင်ကို စွဲပြီးလျှင် မြင်ရာဒေသ၌ အရောင်အားနှင့်လျော်စွာ သုဘာ, သုဘာ

ဆုံးဖြတ်ကြခြင်းသာ သင့်မြတ်ရာ၏။ အချို့ဆရာတို့ကား ဒိဂ်စွဲအလိုက် ဆိုကြကုန်၏။

နေ,လတို့သည် တစ်လတည်း၌ နှစ်ကြိမ်သော်လည်းကောင်း ကြတ်လျက်သွားသော်လည်းကောင်း၊ ပါပဂြိုဟ်မြင်သော်လည်းကောင်း ပညာရှိ သုခမိန်, မင်းတို့ပျက်စီးခြင်းဖြစ်အံ့။ အလုံးစုံကြတ်သောအခါ၌ ပါပဂြိုဟ်မြင်သည်ရှိသော် ရှားပါးငတ်မွတ်အံ့။ ဖောက်ပြန်ကွေကင်းခန္ဓာကင်း အံ့။ ရာဟုလွတ်သော ရက်မှ ခုနစ်ရက်အတွင်း မြူမှုန်များစွာ ကျမူ သတ္တဝါတို့များစွာ ပျက်စီးအံ့။ နှစ်မိုးကျမူ အနာနှိပ်စက်သော ဘေးဖြစ်အံ့။ မြေသော်လည်းလှုပ်မူ မြတ်သောမင်းသေအံ့။ ဥက္ကာကျမူ မင်းသားပျက်အံ့။ တခဲနက်သော အဆင်း၊ အထူးထူးသော နိမိတ်ဖြစ်မူကား တုဘက် ကင်းဝေးသော ဘေးကြီးဖြစ်အံ့။ မိုးသည်ပြင်းထန်သော အသံဖြစ်မူ ကိုယ်ဝန်ပျက်စီးအံ့။ လျှပ်စစ်ပြက်ဖန်များမူ ရေ, မြေသေ၌နှင်း မင်းသားအား အစွယ်ရှိသော သတ္တဝါတို့သည် နှိပ်စက်ခြင်းဘေးဖြစ်အံ့။ နေလအိမ်ဖွဲ့မူ အနာရောဂါနှိပ်စက်အံ့။ အရပ်မျက်နှာ မီးသဏ္ဍာန်လောင်မူ မင်း၏ နတ်ရွာလားခြင်း၊ မီးဘေးသင့်ခြင်းဖြစ်အံ့။ လေပြင်းမုန်တိုင်းထမူ သူခိုး ဘေး ထကြွ၍လွန်စွာ ဆူပွက်အံ့။ မိုးကြိုးကျမူ ရှားပါးမွတ်သိပ်အံ့။ သက်တန့်ကိုင်းပေါက်မူ မိမိ၏ အတွင်းရန်တွေအံ့။ အဖြောင်သက်တန့် ပေါက်မူ အပြင်ရန်တွေအံ့။ ဂြိုဟ်ချင်း ထိခိုက်မူ မင်းတို့စစ်ဖြစ်အံ့။ ကိတ်တို့ကို ထို့အတူ ယောအပ်၏။ ခုနစ်ရက်အတွင်း၌ ဆိုခဲ့သည့်အတိုင်း မဖောက်ပြန်မူ မိုးကျမှုကား ဝပြောခြင်းဖြစ်အံ့။ ဆိုခဲ့သော အပြစ်ကိုလည်း မိုးရွာမူ ဝပြော၏ဟူသတည်း။ ထိုရာဟု ဖမ်းဟန်ကား သံယုဂ် အဋ္ဌကထာ လာအတိုင်း အကျဉ်းပြဆိုလိုက်သည်။

**၁၄။ မထိမ်းမြားသင့်သော ခြောက်လ။** ။ အမဂ်လာ၊ ဝါ- ဝါကဲတော်၊ ပြာ၊ ပေါင်း, ခေါ်၊ ခြောက်ဖော် ဤသည်လ။

**၁၇၃။ ထိမ်းမြားသင့်သောနေ့။** ။ ထိမ်းမြားမင်္ဂလာ၊ နေ့ကိုသာ၊ လက်ာမိန့်ခွန်းချေ။ ရဝိ, ဘောမ၊ ဂုရုကျ၊ လောက ထိမ်းမြားပေ။ ပုတ္တရတနာ၊ သားသည်းချာ၊ များစွာတိုးတက်လေ။ စန္ဒရာ သောကြာ၊ ထိမ်းမြားပါ၊ ဥစ္စာမိုးသို့ဇွေ။ သမီးကညာ၊ ပေါများစွာ၊ ခ,လာပေါင်းရုံရွေ။ စနေ, ဗုဒ္ဓ၊ ထိမ်းမြားက၊ နတ္တနည်းပါးချေ။ ရသေ့ရှာန်ပျံ၊ မိန့်တော်သံ၊ နာခံမှတ်ကြလေ။

**၁၇၄။ ပျိုးကြဲရက်ရွေးနည်း။** ။ ကောက်, လာ, မိုး, သက်၊ ပျိုး ကြဲရက်၊ စန်း, လပ်, အ, နေ၊ မလှစေ။

**၁၇၅။ လယ်နတ်ပူဇော်၍ လယ်ထွန်းနည်း။** ။ လယ်နတ်ကိုသာ၊ ပူဇော်ရာ၊ နည်းနာ ယူကုန်ကြ။ နွားတပ်လျက်သာ၊ ထွန်ကိုင်းမှာ၊ ကိုင်ကာသ, ပြီးမှ။ မြတ်လေးဖြို့စွာ၊ ပန်းနံ့သာ၊ လယ်မှာ တင်ပသ။ သဒေါသဗ္ဗာ၊ ရှင်းရှင်းကွာ၊ များစွာသိတတ်လှ။

**၁၇၆။ ထွန်သွားတပ်နည်း။** ။ တစ်ချောင်း, သုံးချောင်း၊ ငါး ချောင်း, တစ်ဆယ်၊ မှုကြီးငယ်၊ တပ်ဖွယ်ထွန်သွားများ။ တစ်ချောင်းထွန်က၊ သင့်မြတ်လှ၊ သုခတိုးစီးပွား။ သုံးချောင်းထွန်မူ ထိုသည့်သူ၊ ပြောထူစား ဖွယ်များ။ ငါးချောင်း ထွန်လျှင်၊ လယ်သခင်၊ စည်ပင်ဥစ္စာများ။ ဆယ် ချောင်းထွန်ပေ၊ ကျက်သရေ၊ တက်နေပုံအလား။ ထွန်သွားတပ်ရာ၊ ကျမ်း အလာ၊ မှတ်ပါနောင်လူများ။

**၁၇၇။ ကောက်သစ်ဆန် စားသောနေ့။** ။ ကောက်သစ်စပါး၊ ရလာငြား၊ စားနေ့-လှ, မိုးသူ။ ဆရာသမား၊ မိဘများ၊ ဘုရား, ကျောင်း ကန်လှူ၊ နက္ခကောင်းရာ၊ စားလေပါ၊ ချမ်းသာသုခဟူ။

**၁၇၈။ စပါးသွင်းရ မသွင်းရသောနေ့ရွေးနည်း။** ။ တနင်္ဂနွေ၊ တနင်္လာ၊ စပါးမသွင်းရာ။ ဆောင်, လ ပေါ, မန္တာ၊ စပါးသွင်းနေ့ပါ။ ။ တစ်နည်း။ ဟာဗ္ဗေနေ့များ၊ တွေ့လေငြား၊ စပါးမသွင်းရ။ ကြွင်းငါးနေ့မှာ၊ သွင်းလေပါ ဥစ္စာတိုးတက်လှ။

**၁၇၉။ မောင်းဆင်နည်း။** ။ မောင်းတုံးရှည်စွာ၊ ဆယ့်လေးထွာ၊ လေးထွာခါးလျှင်ပြု။ ရှစ်ထွာမှာကား၊ လည်ညှပ်ထား၊ မှတ်သားမယွင်းမှု။ ဆယ့်တစ်ထွာတွင်၊ ကျည်ပွေ့ပင်၊ ဦးလျှင်ကျန်းသုံးခု။ ဂဟပတိမှာ ထားလေပါ။ ရောဂါရန်မပြု။

**၁၈၀။ ယောက်မလုပ်နည်း။** ။ ယောက်မလုပ်လို၊ များလှုဗိုလ်၊ ရှက်ကို ကြိုးဝမ်းဆွဲ။ ထိုကြိုးဆန့်တင်၊ အပေါ်မှာ၊ လေးဖြာလက်သစ်ကဲ။ ယောက်မရိုးကို၊ ထားစေလို၊ ကျမ်းဆိုမှန်မလွဲ။ ထိုထက်လွန်, ထုတ်၊ ပြုပြင်လုပ်၊ ကျိုးနပ်လွန်သေးဖွဲ့။

**၁၈၁။ ဗိုခနောက်လုပ်နည်း။** ။ ဗိုခနောက်လုပ်ရာ၊ ရှေးနည်းနာ၊ ကျမ်းလာမှတ်သားစု။ လုံးပတ်သုံးထွာ၊ ကြီးဆုံးသာ၊ ငယ်မှာလေးသစ်ပြု။ အမြင့်တစ်ထွာ၊ မပိုရာ၊ ဆိုမှာထုံးတန္တု။

**၁၈၂။ ပုံဆိုးယက်ခြင်း, ဖြတ်ခြင်း, ချုပ်ခြင်း, ဝတ်ခြင်းနည်း။** ။ ပုဆိုးယက်ဖြတ်၊ ချုပ်ဝတ်အပ်၊ ရှေ့မှတ်နည်းနယ။ ဗုဒ္ဓနေ့မှာ၊ စယက်ပါ၊ စန္ဒပြီးစေရ။ ကြာသပတေးနေ့တွင်၊ ဖြတ်ပြီးလျှင်၊ ဝတ်ဆင်နေ့သောကြာ၊ ဆိုတိုင်းပြုမူ၊ ထိုသည့်သူ၊ နတ်လူဆေးပိယာ။

**၁၈၃။ အဝတ်မချုပ်ရသောရက်ရွေးနည်း။** ။ ဆန်းရက်ကြုံရောက်၊ လေး–ခြောက်–ခုနစ်၊ ရှစ်–ကိုး–တစ်ဆယ်၊ အထည်အဝတ်မချုပ်ရ။ လဆုတ်တစ်သွယ်၊ ဆယ်နှင့် တစ်–နှစ်၊ သုံး–ခြောက်–ရှစ်၊ ဆယ့်နှစ်မချုပ်ရ။

**၁၈၃။ တစ်နည်း–အဝတ်မချုပ်သော ရက်ယူနည်း။** ။ လဆန်းကြံ့ ရေး၊ လေး–ခြောက်–တစ်ဆယ်၊ တစ်ဆယ့်တစ်ဝယ်၊ အထည်မချုပ်နှင်။ လဆုတ်စစ်စစ်၊ တစ်–နှစ်–သုံး–ခြောက်၊ ရှစ်မြောက်ဆယ်ဟူ၊ ဆယ့်နှစ်မူ၊ ချုပ်ယူဘေးဒဏ်သင့်။

**၁၈၄။ ခေါင်းအုံးမွေ့ရာချုပ်ရန်ရက်။** ။ ဝါ–လဲ–ဖုံ–သာ မွေ့ရာဖုံချုပ်၊ ခေါင်းအုံးလုပ်လေ၊ ဤသုံးထွေ၊ ကြံ့စေနက္ခတ်ကောင်း။

**၁၈၅။ လအလိုက်အရှင်းမြှုပ်နည်း။** ။ ပေါင်၊ ကူး၊ ဆုန်သား ဖွားမြင်လာ၊ မြောက်မှာ အချင်းမြှုပ်။ နယုန်–ဝါ–ဝါဖွားမြင်လာ၊ ရှေ့မှာ အချင်းမြှုပ်။ တော်သလင်းနှင့်၊ သီတင်း–တန်ဆောင်၊ နောက်မြောက်ရှောင်၊ တောင်မှာ အချင်းမြှုပ်၊ နတ်တော်, ပြာသို, ခေါ်ဆိုတပို့တွဲ၊ နောက်လွှဲ အချင်းမြှုပ်။

**၁၈၆။ သူငယ်ထမင်းစခွံ့ရက်။** ။ ဖွားမြင်ပြီးနောက် ခြောက်လ မြောက်၊ ကောက်၍ ထမင်းခွံ့။ လဆုတ်၊ လဆန်း၊ ဤရက်ကြမ်း၊ ဘေးကျမ်းများ၊ ကြံ့လွန်။

**၁၈၇။ သူငယ်ကို မြေနင်းစေသောရက်။** ။ ဖွားသန့်စင်နောက် သုံးလမြောက်၊ ကောက်၍ မှန်မသွေ။ မိဘနှစ်ပါး၊ စုံညီထား၊ သားကို မြေနင်းစေ။ မြေချသောခါ၊ နေ့အင်္ဂါ၊ ရှောင်ပါ နေ့စနေ။

**၁၈၈။ ဦးခေါင်း လက္ခဏာ။** ။ ဦးခေါင်း လက္ခဏာ၊ ကျမ်းအလာ၊ သေချာမြဲမှတ်သား။ ဦးခေါင်းကြီးမူ၊ များသူခင်မင်။ လုံးလျှင်ကောင်းစား၊ ဝန်းပြားဂုဏ်ပျက်၊ ငယ်မူဝန်တို၊ မောက်မို့နဖူး၊ ဣသကြူး၊ အထူးသတိထား။ ဆင်ဦးကင်းမူ၊ များသူခင်လေ့ နောက်စေ့ထွက်မှာ၊ ပညာထိုးထွင်း၊ နောက်ဖယ်ထွင်း၊ နက်မြင်း ပျင်းရိများ။

**၁၉၀။ နားရွက် လက္ခဏာ။** ။ နားရွက်အလို၊ ကျမ်းအဆို၊ လူဗိုလ် မှတ်ယူလစ်။ နားကြီးငြူရှူ၊ ငယ်မူငြိုငြင်၊ ဝန်းလျှင် စွမ်းရှိ ကဝိအမွန်၊ နားချွန်မင်းဖြစ်၊ရှည်လစ်ပညာ၊ ကျယ်စွာ နားတွင်း၊ ထွန်းလင်း ကျော်ကြား၊ နားမွေးများ၊ နှံ့ပွားလူပေါင်းချစ်။

**၁၉၁။ မျက်စိလက္ခဏာ။** ။ မျက်စိအနေ၊ ညွှန်ခဲ့ပေ၊ မှတ်လေ မျိုးလေးပါး။ မျက်စိကျယ်က၊ကြီးလှဉာဏ်မြင့်၊ ဝန်းကျင်လျှပ်ပေါ်၊ ညိုသော် ကောင်းတတ်၊ ကြောင်လတ် ကြမ်းတမ်း၊ နီမျက်ခမ်း၊ မှိန်းစမ်း လူမုန်းများ။

**၁၉၂။ နှာခေါင်းလက္ခဏာ။** ။ နှာခေါင်းသဏ္ဍာန်၊ လက်ာပြန်၊ မြဲမြဲမှတ်ဖို့ရာ။ ကြောင်နှာတူဘိ၊ နှံ့သိပညာ၊ သစ်နှာတူပြန်၊ ဆောင်ရန်မှူ ကြီး၊ ပြီးစီးအောင်မြင်၊ သမင်ဃာန၊ ကြွယ်ဝဖြစ်ထွန်း၊ နှာချွန်းမိတ်များ၊ နှာတိုငြား၊ နည်းပါးဉစ္စာမှာ။ နှာပွကြမ်းကြွတ်၊ သူတတ်ဖျင်းသိမ်း၊ နှာပိန်တစ်မူ၊ နှာဖြူတစ်သီး၊ ပညာကြီး၊ အံ့ချီးသူသူငါ။

**၁၉၃။ လျှာ၏လက္ခဏာ။** ။ လျှာ၏ လက္ခဏာ၊ ညွှန်ပြမှာ၊ နှုတ်မှာအာဂုံစွဲ။ လျှာလယ်ရှိုက်ငြား၊ စပါး, ရွှေ, ငွေ၊ ခြွေရွေ့များရာ၊ ကြီ၊ လျှာသွင်မူ၊ ချစ်သူလွန်ပေါ၊ ဝန်းသောလျှာလျှင်၊ မြော်မြင်ဉာဏ်ရှိ၊ စွမ်း သတ္တိနှင့်၊ နှံ့သိလျှံ့ရဲ၊ ဖြူမြဲသဏ္ဍာန်၊ ပါးပြန်ဘုန်းရှိ၊ ကြီးဘိလျှာဖျား၊ ရှည်မူကား၊ အများခဝပ်မြဲ။

**၁၉၄။ သွားလက္ခဏာ။** ။ သွားဖြူနေပာန်၊ အကျိုးပြန်၊ နှာခံမှတ်ယူပါ၊ သွားကြီးမြဲမြဲ၊ ငယ်ပြန်ဆင်းရဲ။ သွားကျဲဉာဏ်ရှိ၊ စိပ်ဘိထို သွား၊ စကားကြွယ်ဝ။ ချွန်မြသွားမူ၊ အများသူ၊ ကြည်ဖြူလှန်မေတ္တာ။

**၁၉၅။ နှုတ်ခမ်းလက္ခဏာ။** ။ နှုတ်ခမ်းလက္ခဏာ၊ သိဖို့ရာ၊ လက်ာညွှန်ပြခဲ့၊ နှုတ်ခမ်းငယ်လျှင်၊ပျော်ရွှင်ဘိသူ၊ ကြီးသူဒုက္ခ၊ နီလှနှုတ်ခမ်း၊

ဘုန်းတန်ခိုးကြီးမား၊ အများကော်ရော်၊ ဖြူသော်တစ်ချက်၊ မည်းနက်အနေ၊ ရှုပ်ပွေမတရား၊ နှုတ်ခမ်းပါး၊ စကားကောင်းတတ်မြဲ။

၁၉၆။ မမွေးသင့်သော သတ္တဝါ ၉–ဦး။ ။ ခွေး၊ ကြောင်၊ ကြောင်နက်၊ ကြက်ပြာ၊ ကြက်ညို၊ အပြာခို၊ လူကိုနှုတ်ခမ်းတွဲ။ နွား၊ နှမ်း၊ မြင်း ဝါ၊ ဆင်ဟိုင်းသာ ရှောင်ရာ အဖြူကျွဲ။ မမွေးသင့်ငြား။ ဤကိုးပါး၊ ပယ်ရှားလိုက်ကြကွယ့်။

၁၉၇။ မမွေးအပ်သော နွား ၇–မျိုး။ ။ အသားပွငြား။ နိမ့်တင်ပါး၊ ထိုနွားမမွေးအပ်။ ပေါင်အနေစောင်း၊ ဒူးမြင်းခေါင်း၊ မကောင်းဟူ၍မှတ်။ သွားကြားရေယို၊ တယ်လူးချို၊ နံတို–နံ့ကြပ် မမွေးအပ်။ မျက်တွင်းကျနွား၊ခြေခွင်နွား၊ မွေးထားမပြုအပ်။ ခြေကပ်၍ပါး ခြေတိုခါး၊ ခေါင်းမှာ တိုလတ် မမွေးအပ်။ မွေးရှည်၊ မြီးရှည်၊ မွေးကြမ်းသည်၊ လည်ရှည်, တိုလက် မမွေးအပ်။ နှာခေါင်းရှည်ငြား၊ ထိုထိုနွား၊ ရှောင်ရှား သက်လုံးမှတ်။

၁၉၈။ မွေးအပ်သောနွား ၉–မျိုး။ ။ သိပ်လယ်ကျားနေ လည်ပင်းဖွေ ရှိလေနွားမြတ် မွေးမြူအပ်။ ခြေ–လက်အဖြူ မြီးဖျားဖြူ ခွာမှုရှည်လတ် မွေးမြူအပ်။ ကျောက်ကုန်း၌ဖွေ၊ မြီးရင်းဖွေ။ ရှိလေတုံ လတ် မွေးမြူအပ်။ မျက်စိ မျက်နှာ၊ တင့်တယ်စွာ၊ နားမှာတိုလတ် မွေးမြူအပ်။ ဆိုခဲ့လေငြား၊ ထိုသည့်နွား၊ ကောင်းစားစေတတ် သက်လုံးမှတ်။

၁၉၉။ ခုနစ်နေ့သား၊ နွား–မွေးကျမ်း။ ။ နေ့ခုနစ်ရက်၊ နွားမွေး ချက်၊ တစ်သက်မှတ်လေကွဲ။ တနင်္ဂနွေသား၊ မွေးသငြား နွားမှာ နီ, ဖြူ တဲ့။ ။ တနင်္လာသား၊ မွေးဖို့ကား၊ နွားနီပြောက်ကျားတဲ့။ နွားနက်အင်္ဂါ၊ ဗုဒ္ဓါနေ့သား၊ နီးကျားကျား မွေးထားကောင်းသည်တဲ့၊ ကြာသပတေး၊ သောကြာ၊ စနေမှာကြောင်, ပြာ အနှမ်းမွေးလေတဲ့။

**၂၀၀။ နံ့သင့်နွားမွေးနည်း။** ။ တနလ်ာသား၊ မွေးသင့်ပြား၊ နွားနီ, နွားနက်တဲ့။ နီပြောက်မွေးပါ၊ တနလ်ာ၊ အင်္ဂါဖြူကြားတဲ့။ ဗုဒ္ဓနီဖြူဖြူ၊ ဂုရုမှူ၊ မွေးယူနွားနက်တဲ့။ နှမ်းပြောက် သောကြာ၊ စနေမှာ၊ ဥစ္စာတက်မည်တဲ့။

**၂၀၁။ ခုနစ်နေ့သား မြင်းမွေးကျမ်း။** ။ မြင်းမွေးကျမ်းကို ပြည့်စွန်းဆို၊ လူ့ဗိုလ်မှတ်နားသွင်း၊ တနင်္ဂနွေသားမှာ မွေးသင့်ရာ၊ ဆင်းမှာ နီမောင်း ဖောင်းဝတ်မြင်း၊ တနလ်ာမူ၊ ပြောက်အဖြူ မှတ်သူ– အုန်းခမြင်း။ အင်္ဂါမြင်းနက်၊ စိုင်းလျော်ချက်၊ တစ်သက် မှတ်လေမင်း။ ဗုဒ္ဓဟူးသားမူ၊ လေးသက်ဖြူ၊ မဋ္ဌူနီချင်းချင်း။ ကြာသပတေးရွှေ၊ သောကြာပေ၊ မွေးလေခံသီး ဆင်း။ စနေ နီ, နက်၊ မွေးရန်ချက်၊ ကျမ်းထွက်မှန်မယွင်း။

**၂၀၂။ မမွေးအပ်သော ကြောင်–ခွေးများ။** ။ ခြေ, လက်, မည်းတူး၊ မြူးထူ, နားရောင်၊ ပွသောကြောင်၊ ကောင်းအောင် မွေးအပ်စွ။ ခြေသည်း, လက် သည်း၊ နက်မည်းမှင်တူး၊ ကိုယ်လုံးဖြူ ခွေးမူမွေးလေကြ။ ခြေလက်မည်း, ဖြူ၊ နှာမောင်းဖြူနှင့်၊ ကိုယ်မူအနီ၊ ကြမ်စုံညီ၊ ဤသုနခ မွေးသင့်လှ။ ပုတ်သင် မည်သွင်၊ အမည်ထင်၊ နားလျှင်ရှည်လေစွ။ ကြွတ်ရုံးမြက်ဆံ၊ မွေးကြောင်းပျံ့၊ နိုင်းစံမရ သုနခ။

**၂၀၃။ မွေးသင့်သောဆိတ်။** ။ ၁၀–ချောင်း ၉–ချောင်း၊ သွားကောင်းရှိက၊ မွေးသင့်လှ ဆိတ်များ ရာဇာမင်း၊ ဝဲ, ယာ ဇွေပါ၊ ရှေ့လာသောက်စား။ ထိုဆိတ်များ၊ မွေးထားကောင်းကြွယ်ခြင်း။

**၂၀၄။ မမွေးသင့်သော ကြက်။** ။ ဥကို ဖောက်စား၊ ကြက်မများ၊ ဘုရားကျောင်းကန်လှူ၊ ငါးဥ, ရှစ်ဥ၊ ဥပြောက်တစ်သွယ်၊ ဥငယ်, ဥပြား၊ ကြက်မများ၊ ဘုရားကျောင်းကန်လှူ။

**၂၀၅။ အဦးမွေးရသောသတ္တဝါ။** ။ ခြေလေးချောင်းတွင်၊ ရှေ့ဦးတွင်၊ အလျင်ဝယ်လို့မွေး။

**၂၀၆။ ဂြိုဟ်ဇာပွင့်ရာ။** ။ ဆယ်ပါးဂြိုဟ်ဇာ ပွင့်မျက်နှာ၊ သေချာစွဲယူအပ်။ နေ့တနင်္ဂနွေ ခြေခံပေ၊ ပွင့်လေနောက်တောင်ရပ်။ ဂြိုဟ်တနင်္လာ။ တောင်ရပ်သာ၊ အင်္ဂါရှေ့တောင်မှတ်။ ဗုဒ္ဓအရှေ့၊ ကြွက်နေ့ကောင်းကင်၊ သောကြာလျှင်၊ မြေတွင် ပွင့်ပေတတ်၊ စနေရှေ့မြောက်၊ ရာဟုမြောက်၊ နောက်မြောက်ကိန်းဂြိုဟ်မြတ်၊ အနောက်မိတ္တုမျက်နှာပြု၊ အမှုအောင်မြင်တတ်၊ ဆယ်ဂြိုဟ်ပွင့်ရာ၊ မူမျက်နှာ၊ ပြုပါကောင်းကျိုးကပ်။

**၂၀၇။ လဆန်း–လဆုတ်–သားဖွား အဟော။** ။ ဆန်းတစ်ရက်မှာ၊ ဖွားမြင်လာ၊ ယုတ်မာဆိုးမယ့်သား၊ နှစ်ရက်ဖွားက၊ ငယ်ဒုက္ခ၊ ကြီးမှချမ်းသာများ၊ သုံးရက်ရဟန်း၊ လေးခန်းပေါ်ကြွယ်၊ ငါးဝယ်ပဒေသာ၊ ခြောက်ချမ်းသာ၊ ခွန်မှာဥစ္စာပွား၊ ရှစ်မူမိုက်ရိုး၊ ကိုးကားညှိုးငယ်၊ ဆယ်မှာဆူလစ်၊ တစ်ဆယ့်တစ်၊ ဝင်းသစ်လွင်ထင်ရှား။ ဆယ့်နှစ်တစ်သွယ်စလွယ်တစ်သုံး၊ တစ်ဆယ့်သုံးဆင်မြင်း၊ ပေါ်ခြင်းကြွယ်ငွေ၊ ဆယ့်လေးကုန်သွယ်၊ လုပြည့်ဝယ်။ တကယ်ပြင်းတတ်ငြား။ ကျော်တစ်ဖျင်းလှ၊ နှစ်မှာဥစ္စာ၊ ရရာမလွဲ ရောက်ဆဲသုံးရက်၊ မထွက်သီတင်း၊ လေးရက်တွင်း၊ ထန်ပြင်းပုလောင်လှ။ ငါးရက်မှီရာ၊ ခြောက်မှာချမ်းမြ သတ္တသူတော်၊ ရှစ်ရက်ပေါ်၊ တောပျော်ထွက်တတ်စွ၊ ကိုးရက်နှမ်းနယ်၊ ဆယ်ဝယ်တရား၊ လယ်သွားဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ စင်စစ်ငွေးကြွယ်ဝ။ ဆယ့်သုံးထင်ပေါ်၊ ဆယ်ကျော်လေးတွင်၊ ဆင်ယင်လှငြား၊ တစ်ဆယ့်ငါး၊ ကောင်းငြားသွင်ရှုပ။

**၂၀၈။ နေ့ထပ်မင်္ဂလာအဟော။** ။နေ့ထပ် မင်္ဂလာ၊ ပြုသည်သာ၊ နည်းမှာ မှတ်ယူတွေး။ ဂဠုန်နှစ်သွယ်၊ မောင်နှင့်မယ်၊ ပေါ်ကြွယ်ဥစ္စာငွေး။ ကျားနှင့် ကျားမှာ၊ ဦးချမ်းသာ၊ နောင်လာဒုက္ခရေး။ ခြင်္သေ့နှစ်တန်၊

ပေါင်းတုံပြန်၊ ရင်နှင့်ကွာမဝေး၊ ဟိုင်းနှင့် ကားဆင်၊ ပေါင်းဖက်လျှင်၊ ရှည်ပင်မမြဲသေး။ ကြွက်မင်း၏နံ နေ့ချင်းပန်၊ သက်ပန်ချမ်းကြည်အေး။ ပူးနှင့် ပူးမှာ၊ ငြင်းတတ်စွာ၊ ဒုက္ခာမောက်လို့ထွေး၊ နဂါးနှင့် မြွေ၊ ရန်မိုးဇွေ၊ နောင်ရှုလေမေတ္တာဝေး။ ပညာစက္ကူ၊ မြော်မြင်ရှု၊ နောင်မှုချမ်းသာရေး။

**၂၀၉။ ဆယ့်နှစ်ရာသီသံပေါက်။** ။**ရာသီမိဿ**၊ တန်ခူးလ၊ တတ်မှာ တေဇောသာ။ ကံ့ကော်ရင်ခတ်၊ ပွင့်တုံလတ်၊ ခေါ်မှတ်ပွဲအတာ။

**ပြိဿရာသီ**၊ ပထဝီ၊ ယှဉ်မှီမြဲမကွာ။ စကားမိုးဇွေ၊ ပွင့်မြဲပေ၊ ညောင်ရေပွဲတော်သာ။

**ရာသီမေထုန်**၊ **လနယုန်**၊ တတ်ကြွံဝါယောသာ၊ စံပယ်မြတ်လေး၊ ကြိုင်ကြိုင်မွေး၊ စာမေးပွဲတော်သာ။

**ဝါဆိုကြကဋ်**၊ အာပေါတတ်၊ မပြတ် ယှဉ်ပါလေ။ ။ ပုန်းညက်မညို၊ ရန့်ကြို၊ ပွဲမှုပဥ္စင်းသာ။

**ဝါခေါင်လည်းကြိမ်**၊ ရာသီသိဟ်၊ ပြင်းရှိန်တေဇောသာ၊ စာရေးတန်ပွဲ၊ လှူတော်မြဲ၊ ပွင့်မြဲပန်းခတ္တာ။

**တတ်ဆန်းပထဝီ**၊ ကမ်ရာသီ၊ အညီယှဉ်မြဲပါ။ ယင်းမာကြိုင်သင်း၊ တော်သလင်း၊ ရေကင်းပွဲတော်သာ။

**တူရာသီမှတ်**၊ ဝါယောတတ်၊ **လမြတ်သီတင်းကျွတ်**၊ ကြာနီ၊ ကြာညို၊ လန်းလန်းစို၊ မြင်းမိုရ်ပွဲမချွတ်၊ **ဗြိစ္ဆာရာသီ**၊ ရေနှင့် မှီ၊ ခေါ်ညီအာပေါတတ်။ ကထိန်တော်ပွဲ၊ လှူတော်မြဲ၊ ခဝဲရွှေပွင့်ချပ်၊ **နေဒွန်လျှင်**၊ တေဇောယှဉ်၊ သစင်ဂမုန်းပ။ မဟာပိန္နဲ၊ နတ်ကြီးပွဲ၊ ခေါ်မြဲနတ်တော်လ။ တတ်မြတ်ပထဝီ၊ ယှဉ်ပြိုင်မှီ၊ **ရာသီမကာရ**။ မြင်းပွဲကြွံလို၊ လပြာသို၊ နွာညိုဖူးငုံစ၊ ရာဂုမ်းပုံ၊ **ရာသီကုန်**၊ တတ်ကြွံဝါယောပ။ ဆူးပန်းပေါက်လဲ၊ တပို့တွဲ၊ ပွင့်မြဲသာကာလ။ ပိတောက်သရဖီ၊ **မိန်ရာသီ**၊ စေတီပွဲတော်ကျ။ အာပေါတတ်ပြောင်း၊ ရွက်သစ်လောင်း၊ တပေါင်းဆိုသည့်လ၊ ဆယ့်နှစ်လစဉ်၊ တတ်လေးအင်၊ ပွဲလျှင်ဒွါဒသ။ ပန်းဆယ့်နှစ်ရုံ၊ ရန့်လုံ၊ မှတ်ကုန်မြဲကိစ္စ။

**၂၁၀။ နက္ခတ် ၂၇-လုံး ရေတွက်၍ ယူနည်း။** ။ အဿဝဏီ ဘရဏီ၊ ကြတ္တိကာ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ အသလိ၊ မာဃ၊ ပြုဗ္ဗဘရဂုဏီ၊ ဥတ္တရာဘရဂုဏီ၊ ဟဿဒ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗသဠ်၊ ဥတ္တရာသဠ်၊ သရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တဘိသျှ ပြုဗ္ဗဘဒြပိုဒ်၊ ရေဝတီ။

**၂၁၁။ နက္ခတ် ၂၇-လုံး သံပေါက်။** ။ အဿဝဏီ၊ ခြောက်လုံး ညီ၊ တူပြီ မြင်းခေါင်းလို၊ ဘရဏီမှာ၊ သုံးလုံးသာ၊ ပမာခမောက်လို။ ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ယယ်စုသလို။ သုံးလုံးယှဉ်လာ၊ ကျီးတာရာ၊ သချာဆယ်လုံးဆို၊ ဆဲယ်လုံးအညီ၊ ရောဟဏီ၊ တူပြီငါးလိုလို၊ မိဂသီမှာ၊ သုံးလုံးသာ၊ ဝေါဟာ လိပ်ခေါင်းလို၊ လိပ်လက်ခေါ်ကြ၊ အဒြ၊ ကေတစ်လုံး ဆို၊ သုံးလုံးယှဉ်လာ၊ ရွှေဟသာ၊ သချာဆယ်လုံးဆို၊ ပုဏ္ဏဖုသျှ၊ ငါးလုံးစု၊ နှိုင်းတုသဘော်လို၊ ငှက်ချေးခံတွင်း၊ ဆယ်လုံးမြင်းခေါ်တွင် ဖုသျှဆို။ အသလိသမှာ၊ လေးလုံးသာ၊ တူဗွာခရင်းလို။ ပုစွန်တာရာ၊ ဆယ့်လေးသာ၊ ယှဉ်လာသွားသည်ဆို။ ကြယ်မာဃမှာ၊ လေးလုံးသာ၊ တူဗွာသံကောက်လို။ ပြုဗ္ဗဘရဂုဏီ၊ ဥတ္တရာဘရဏီ၊ နှစ်လုံးစီ။ တူညီညောင် စောင်းလို။ ချိန်ခွင်တာရာ၊ လေးလုံးသာ၊ယှဉ်လာသွားသည်ဆို။ ဟဿဒ မှာ၊ ငါးလုံးသာ၊ ပမာလက်ဝါးလို။ စိတြ-၁။ သွာတိ-၂၊ သစ်ပွင့်လိုလို၊ ဆန်ခြင်တာရာ၊ လေးလုံးသာ၊ ယှဉ်လာသွားသည်ဆို၊ ဆယ့်လေးလုံးသာ၊ ဝိသာခါ၊ ပမာပတ်ကိုင်းလို၊ ဆယ့်ငါးလုံးရ၊ ဓနုရာဓ၊ ကနာလည်းဆစ်ဆို။ ငါးလုံးမှန်လှ၊ ကြယ်ဇေဋ္ဌ၊ နဂချက်ခေါ်ဆို၊ တံငါတာရာ၊ ရှစ်လုံးသာ၊ သွားလ ယှဉ်မြဲဆို။ လေးလုံးမှန်လှ၊ ကြယ်မူလ၊ နာဂမြီးဖျားဆို၊ ပြုဗ္ဗသဠ် ဥတ္တရာသဠ်၊ လေးလုံးမှန်၊ လှမ်းဟန်ဆင်မလို၊ ကိုးလုံးသချာဆင်တာရာ၊ ယှဉ်ကာသွားသည်ဆို၊ သရဝဏ်များဟန်၊ သုံးလုံးမှန်၊ ရောင်လှံ့ရွှန်းရွှန်းစို။ အင်ကြင်းသီးတွင်၊ လေးလုံးမြင်၊ မည်တွင် ဓနသိဋ္ဌဆို။ သတ္တဘိသျှ၊ ခြောက်လုံးရ၊ တူလှဆုံကြီးလို။ ဆယ့်လေးလုံးသာ မြင်းတာရာ၊ ယှဉ်လာ သွားသည်ဆို။ ပြုဗ္ဗာဘဒြပိုဒ် ဥတ္တရာဘဒြပိုဒ်၊ ခေါ်သမိုက်၊ မှတ်ပိုက်ညောင်

စောင်းလို ကိုးလုံးအညီ၊ ရေဝတီ၊ တူပြိုင်မြဲလုံးလုံ။ ရှစ်လုံးမှန်စွာ၊ ဗျိုင်းတာရာ၊ သွားလာယှဉ်မြဲဆို။ နက္ခတ်တာရာ၊ ယှဉ်တွဲကာ၊ ရံခါကွဲမပြို။ ကျမ်းသျှတ္တရာ၊ ဤသို့သာ၊ မှတ်ပါများ လူဗိုလ်။

**၂၁၂။ တစ်ဆယ့်နှစ်လ သန်ခေါင်နက္ခတ်ရှေးနည်း။** ။ တန်ခူးမာသ၊ စိတြ၊ ယှဉ်လ မှတ်ပိုင်းခြား၊ ဝိသာခါကြုံ၊ လကဆုန်၊ နယုန် ဇေဋ္ဌထား၊ ဝါဆိုတစ်ဖန်၊ ပြုဗ္ဗသဠ်၊အမှန်ယှဉ်လျက်သွား။ သရဝဏ်ဝါခေါင်၊ လဲ့ဆောင်၊ လူ့သောင်မြဲမှတ်သား။ ပြုဗ္ဗာဘာဒြပိုဒ်ကြယ်မင်း၊ တော်သလင်း၊ မယွင်းနှစ်လုံးထား။ ရေဝတီတုလွတ်၊ သီတင်းကျွတ်၊ မချွတ်ပျော်ဘွယ်များ၊ တန်ဆောင်မုန်းမှာ၊ ကြတ္တိကာ–မှတ်ပါလူအများ၊ နတ်တော်မှန်ပြီ၊ မိဂသီ၊ မိုးဆိုလွန်ထင်ရှား။ ပြာသိုဖုသျှ၊ နက္ခတ္တ၊ ထွန်းပစက်ရထား။ မာဃမလွဲ၊ တပို့တွဲ၊ ယှဉ်မြဲအာကာဖျား။ တပေါင်းဥတ္တရ၊ သရဂုဏ်၊ လနှင့်ကြည်၊ သင်္ဂီရှေ့ အလား။ ထိုကြယ်ထိုလ၊ ပြည်ဝန်းပ၊ တည့်မတ်သန်းခေါင်ပြား။

**၂၁၃။ လူ့, ဘီလူး, နတ်, နက္ခတ်ရှေးနည်း။** ။ ဖွားခါ မတ်မတ်၊ တည့်နက္ခတ်၊ တည်လတ်ပါကုန်ကြ၊ သုံးခုဖြို့ခွင်၊ ထိုအကြွင်း၊ မှတ်ခြင်၊ သညာပြ၊ တစ်ကိုနတ်ဟူ၊ နှစ်မှာလူ၊ သုံးမူ ဘီလူးရ၊ လူသား, လူချင်း၊ ထိမ်းမြားခြင်း၊ ချစ်ခြင်းမေတ္တာမျှ။ လူနှင့်နတ်မှာ၊ လွန်ချမ်းသာ၊ ကြည်ဖွာအေးမြမြ။ဘီလူးနှင့်လူ၊ ထိမ်းမြားမူ၊ အတူမနေရ။ ဘီလူးနှင့်နတ်၊ ထိမ်းမြားလတ်၊ ကောင်းမြတ်ရန်မျိုးပ။ နတ်ချင်းချင်းနော်၊ ထိမ်းမြားသော်၊ ရာကျော်သက်ရှည်ကြ။ ဘီးလူးအချင်းချင်း၊ ထိမ်းမြားလျှင်း၊ သတင်း တောဇော်ကြ။

**၂၁၄။ ဒလိန္ဒစသော အမျိုး ၉–ပါး နက္ခတ် ၉–ခိုင် သံပေါက်**

၁။ အဿဝဏီမှာ၊ မူလသာ၊ လိဒ္ဒါ ဆင်းရဲသား။

၂။ ဘရဏီ, ဏီ၊ ပြုဗ္ဗာချို၊ များပြီ မဟာဒ္ဒနထား။

၃။ ကြတ္တိကာ, ဏီ၊ ဥကြာမည်၊ စောရီ နိုးသူများ။

၄။ ရောဟာ ဟာဿဒ၊ သရဝဏ်ပြ၊ ရာဇမင်းကိုထား။
၅။ မိဂသီ၊ စိတြိ၊ နေမှိ၊ ဒေဝီမိဖုရား။
၆။ အဒြဿာတိ၊ သတ္တတိ၊ ပစ္စလိဒ္ဒတောင်သူပြား။
၇။ ပုဏ္ဏသာခါ၊ ပြုဗ္ဗသာ၊ မစ္စာအမတ်များ။
၈။ ဖုဿျနုရာ၊ ဥတ္တရာ၊ ဗြဟ္မာပုဏ္ဏားထား။
၉။ လိသာဇေဋ္ဌ၊ ရေဝတီပြ။ သမဏာရဟန်းများ။

| ၁ | ၂ | ၃ | ၄ | ၇ |
|---|---|---|---|---|
| ပ | အဝ | တေ | ဝါ | အကာ |
| အဿဝဏီ | ဘရဏီ | ကြတ္တိကာ | ရောဟဏီ | မိဂသီ |
| မာဃ | ပြုဗ္ဗဘာရဂုဏီ | ဥတ္တရာဘာရဂုဏီ | ဟာဿဒ | စိတြ |
| မူလ | ပြုဗ္ဗသဠ် | ဥတ္တရာသဠ် | သရဝဏ် | နေသိဒ္ဒ |
| ဒလိဒ္ဒေါ | မဟာဒ္ဒနော | စောရော | ရာဇာ | ဒေဝီ |
| သူဆင်းရဲ | ဥစ္စာများသူ | ခိုးသူ | မင်း | မိဖုရား |

| ၅ | ၈ | ၆ | ၉ |
|---|---|---|---|
| သည်းခြေ | ရာဟုမာတ် | သောကြာအဝုဒ် | ကိတ် |
| အဒြ | ပုဏ္ဏဖုဿျ | ဖုဿျ | အဿလိဿ |
| ဿာတိ | ဝိသာခါ | အနုရာဓ | ဇေဋ္ဌ |
| သတ္တဗိဿျ | ပြုဗ္ဗာဘဒြပိုဒ် | ဥတ္တရာဘဒြပိုဒ် | ရေဝတီ |
| ပစ္စလိဒ္ဒေါ | အမစ္စာ | ဗြဟ္မဏော | သမဏော |
| တောင်သူ | အမတ် | ပုဏ္ဏား | ရဟန်း |

## ၂၁၅။ နက္ခတ်အလွက်– အဝင် ခါးပတ်ရွေးနည်း

ရဝိသောလသဿ၊ ဝိယစန္ဒ၊ ဘောမတောဝိသ၊ ဗုဒ္ဓပုညာ၊ ဇီဝါစတု၊ ဘရဂုအဋ္ဌ၊ ဒွါဒသသောရီ နေ့မှီချလစ်၊ နှစ်ဆယ့်တစ်နှင့်၊ နှစ်ဆယ့်နှစ်ကြား၊ ချထားကြက်ခြေ၊ မြီမှတ်လေဟု၊ နေမိတ္တက ဝိဇ္ဇာ၊ ဆရာ ညွှန်းတုံ၊ ကဆုန်ကစ၊ ရေထသဘော။ ရောက်လချန်ထား မြှောက်ပွားခွိ သာ၊ ရောက်ရာရက်စုတ်၊ ဖြိုးကုတ်သတ္တာဗီသ သေသကြွင်းမှတ်၊ ရနက္ခတ်ပေါင်း၊ ထီးဆောင်းနန်းတက်၊ စုံဖက်ထိမ်းမြား၊ တိုင်းကားပြည်ရွာ၊ တည် ထောင်ရာသား၊ မင်္ဂလာမ၊နေဝတ်ဆင်၊ နက္ခတ်ဝင်တည့်၊ ထိုပြင်တာလစ်၊ စစ်ချီစစ်သွား၊ ယန္တရားယတြာ၊ ပညာသင်မှု၊ ဆေးကု, ဆေးစား၊ နား ထွင်းဆံရိတ်၊ ကောက်စိုက်ပျိုးကြဲ၊ ဆောင်မြဲဗေဒင်၊ အတွင်းပင်တည်း။ ထို့ပြင် တစ်သင်း၊ လက်ဖွဲ့အခင်းနှင့်၊ ထိုးကွင်းမန္တာန်၊ မကျန်ဆေးကြိတ်၊ တစ်လိပ်ဆေးကြူး၊ အထူးမင်္ဂလာ၊ ကြံ့ရာကမ္မတ်။ ဝတ်နက္ခတ်ပေ၊ စီရင်လေလော့။ တစ်ထွေစုတ်, လာဘ်၊ သံအပ်သေချာ၊ ကောကစ၊ ဆယ့်ကိုးကျဆုံး၊ သီကုံးပြည့်အောင်၊ လှ,တန်ဆောင်ကို၊ ပေါင်မြှောက်နေ့ လိုက်၊ ရောထွေးဆိုက်ရာ၊ နှစ်ဆသာပို၊ နောက်ဆိုသည်ကား၊ မြအလားနှင့်၊ နှောငြားပြီးလက်၊ သတ်ဖြတ်စားလတ်။ တစ်, နှစ်ဆုံမှတ်၊ ကြွင်းမြင်လတ် မူ၊ ဥပဒ်မိတ္တူ၊ ကာဏရှုလော၊ စတုပဥ္စ၊ ဆသုညကား၊ မြိတ္တ, လာဘ် သိဒ္ဓိကံဟု ဝရုံစုတ်မှတ်၊ ဥပဒ်ဘေးပြု၊ မိတ္တူကြားသေ၊ ပျက်ကြေကာဏ၊ အမြိတ္တနှင့်၊ လာဘတို့မှာ၊ ကောင်းမြတ်ရာသည်၊ ဝိဇ္ဇာသိပ္ပတင်ကျမ်းတည်း။

* * *

(၁) မွန်းတည့်နက္ခတ်ကိုယူလွတ်စေခြင်းဌာ လစဉ် ဗဟိုရ်တည့် နက္ခတ်ကိုပြပုံဇယား

| လစဉ် | နေ့ ၄– ချက်တီး | နေ့ ၁–ချက်တီး | နေ့ ၂–ချက်တီး | နေ့ ၃–ချက်တီး |
|---|---|---|---|---|
| တန်ခူး | ဥတ္တရာသင့် | သတ္တဗိသျှ | ရေဝတီ | ရောဟဏီ |
| ကဆုန် | ဓနသိဒ္ဓ | ဥတ္တရာဘဒြပိုဒ် | ဘရဏီ | အဒ္ဒရ |
| နယုန် | ပြုဗ္ဗာဘဒြပိုဒ် | အသဝဏီ | မိဂသီ | ဖုသျှ |
| ဝါဆို | ရေဝတီ | ရောဟဏီ | ပုဗ္ဗာဖုသျှ | မာဃ |
| ဝါခေါင် | ဘရဏီ | အဒ္ဒရ | အသဿလီသ | ဥတ္တရာဘရဂုဏီ |
| တော်သလင်း | မိဂသီ | ဖုသျှ | ဥတ္တရာဘရဂုဏီ | သွာတိ |
| သီတင်းကျွတ် | ပုဗ္ဗာဖုသျှ | မာဃ | စိတြ | အနုရာဓ |
| တန်ဆောင်မုန်း | အသဿလီသ | ဟဿဒ | ဝိသာခါ | မူလသင့် |
| နတ်တော် | ဥတ္တရာဘရဂုဏီ | သွာတီ | ဇေဋ္ဌ | သရဝဏ် |
| ပြာသို | စိတြ | အနုရာဓ | ဥတ္တရာသင့် | သတ္တဗိသျှ |
| တပို့တွဲ | ဝိသာခါ | မူလသင့် | ဓနသိဒ္ဓ | ဥတ္တရာဘဒြပိုဒ် |
| တပေါင်း | ဇေဋ္ဌ | သရဝဏ် | ပြုဗ္ဗာဘဒြပိုဒ် | အသဝဏီ |

(၂) မွန်းတည့်နက္ခတ်ကိုယူလွတ်စေခြင်းမှာ လစဉ် ဗဟိုရ်တည့် နက္ခတ်ကိုပြပုံဇယား

| လစဉ် | နေဝင် ၄– ချက်တီး | ညဥ့် ၁–ချက်တီး | ညဥ့် ၂–ချက်တီး | ညဥ့် ၃–ချက်တီး |
|---|---|---|---|---|
| တန်ခူး | ပုဗ္ဗဖ္ဂုဏ္ဏိ | မာဃ | စိတြ | အနုရာဓ |
| ကဆုန် | အဿလိဿ | ဟဿဒ | ဝိသာခါ | မူလသဥ္ဇ |
| နယုန် | ပြုဗ္ဗာဘဒ္ဒရဂုဏ် | သွာတိ | ဇေဋ္ဌ | ဥတ္တရာသဥ္ဇ |
| ဝါဆို | စိတြ | အနုရာဓ | ပြုဗ္ဗာသဥ္ဇ | သတ္တဘိသျှ |
| ဝါခေါင် | ဝိသာခါ | မူလသဥ္ဇ | သရဝဏ် | ဥတ္တရာဘဒြပိုဒ် |
| တော်သလင်း | ဇေဋ္ဌ | သရဝဏ် | ပြုဗ္ဗာဘဒြပိုဒ် | အဿဝဏီ |
| သီတင်းကျွတ် | ဥတ္တရာသဥ္ဇ | သတ္တဘိသျှ | အဿဝဏီ | ရောဟဏီ |
| တန်ဆောင်မုန်း | ဓနသိဒ္ဓ | ဥတ္တရာဘဒြပိုဒ် | ကြတ္တိကာ | အဒြ |
| နတ်တော် | အဿဝဏီ | အဿဝဏီ | မိဂသီ | ဖုသျှ |
| ပြာသို | အဿဝဏီ | ရောဟဏီ | ဖုသျှ | ပြုဗ္ဗာဘရဂုဏီ |
| တပို့တွဲ | အဿဝဏီ | အဒြ | မာဃ | ဟဿဒ |
| တပေါင်း | မိဂသီ | ဖုသျှ | ဥတ္တရာဘရဂုဏီ | သွာတိ |

## ၂၁၆။ နက္ခတ်တစ်ဖက်ကမ်းအမြင်ရွေးနည်း၊

ရာဇသဗ္ဗ၊ ဣတ္တိယနှင့်၊ ကာယသိဒ္ဓိပြီးဘိမှန်လှ၊ ဝိဇ္ဇာမယမှတ်ကုန် ကြလေ၊ တက်ရိုးဖွေပိမ့် တစ်ထွေရုံးပေါင်း၊ ဂူကျောင်းဌာပနာ၊ ပြုလိုရာကို၊ ပညာရှိများ၊ အမျိုးသားတို့၊ မှတ်သားစေရုံ၊ လက်ခြိပိမ့်၊ ရတုံမရွေ ထိုနေ့နက္ခတ်၊ တည်လတ်ပြီး ငြား ၉–ခုစားရ၊ ကြွင်းငြားပဥ္စ၊ ကေသုညာ၊ မြင်လာကမူ၊ မျှော်ရှုတစ်ခမ်း၊ တစ်ဖက်ကမ်းတည်း ထမင်းဘောမ သတ္တိဗိသျှ၊ မြင်မှုမထွက်၊ နှစ်ဖက်မမြင်၊ ထိုပြင်စနှ၊ ဗုဒ္ဓသောကြာ။ ကြွင်းမြင်လာမူ၊ ချမ်းသာကြည်လင်၊ နှစ်ဖက်မြင်၏။ ထိုပြင်တစ်ခမ်း၊ တစ်ဖက်ကမ်းကား၊ ပုထိုးဂူကျောင်း၊ တန်ဆောင်း, ဇရပ်၊ မဏ္ဍပ်မြေစိုက်၊ တည်လိုက်ကောင်းစွာ၊ ပြုတုံရာ၏။ ဘယ်ညာနှစ်ချက်၊ နှစ်ဖက်အမြင်၊ အကန်းတွင်ကား။ ရှိန်းဝင်ဆာယာ၊ ဌာပနာနှင့်၊ ဝိဇ္ဇာဓိုရ်ရ ကာယသိဒ္ဓိ ပြီးဘိစီရင်၊ နှစ်ဖက်မြင်မူ၊ ချစ်ခင်ဆပွား၊ သနား၊ ကြင်နာ၊ ဣတ္တိယာနှင့်၊ ရာဇာသဗ္ဗ၊ ဟူသမျှကို ဆောင်ကြစီရင်၊ ပြီးအောင်သည်–––ဉာဏ်အင် ကျေးဇူးတောက်ထွန်းတည်း။

## ၂၁၇။ ရောင်းလိုသောအခါ တွက်ပုံ

ရောက်သက်တဲ့တည့်တို့ပါ။ ရောင်းလိုရာကုန် နံနေ့ဘော ဘဥ္စ တာ၊ ဒွေပဥ္စာ၊ မူမြတ်ကယ်ပါသေး။ တစ်သုံး, ဆနန်နှင့်၊ ကြွင်းပြန်လျှင်၊ ကေန်မြတ်ပါလိမ့်မယ်၊ မှတ်တော့လှဌေး။ ၎င်းအချိုးကဗျာ အဓိပ္ပာယ်ကား ရောင်းလိုသော သူ၏ အသက်နှင့်လိုသော ကုန်နံယူ၍နော၊ ခြောက်ခုနှင့် စား၊ ၂–၅ ခုကြွင်းလျှင် မမြတ်၊ ၃–ခု၊ ၄–ခု ကြွင်းလျှင် မြတ်၏။ သုညကြွင်းလျှင် မမြတ်မရှုံးရှိ၏။ ဟုမှတ်။

**၂၁၈။ ။ နှစ်ဓိုက်ခနွာအိမ်အပေဟာ။** ။ အသက်တည်လှန်း မသွေမှန်။ နံဂြိုဟ်ဖိဝနော။ ကြိန်သုံးတန်၊ ခြောက်တုံပြန် ကိုးတန် ဘုဥ္စကော။ ။ ဆနှင့်သုညာ။ ကြွင်းသောအခါ။ ခန္ဓာပျက်အပေဟာ။

**၂၁၉။ ခုတ်လေးပါးနှင့်တကွ သုဉ်းသောအခါ ဝေဒနာများကုသရန်။** ။ လေးသော်သက်တည်၊ ပထဝီ– ၂၀၊ အာပေါ–၁၂၊ တေ, ဝါ ၄–၆၊ ရောလောက်သချ်ာ၊ ထားပြီးခါမှစတုဘုဋ္ဌ၊ အသုန်းကျမှု၊ ပထဝီ, သီသ, အာပေါ, သလိပ်၊ ချောင်းညိပ်, လည်နာ၊ ရင်နာတေဇော၊ ဝါယော, ဝမ်းမှာရောဂါရသည်။ သဲ, ရေ, ယပ်မီး လျှကြောင်းတည်း၊ **ငင်းတစ်နည်း** နာသောသူမှာ၊ ကောဇာဂြိုဟ်လျောက်၊ တိုမြှောက်ကြ၊ စားသတ္တတည်း။ ကေကြွင်းသည် ဆိမ်းညီမှ ပူဇော်ခလော။ ဒွေးသုဝဏ္ဏ၊ တြအဂ္ဂ၊ မှတ်ဘိမုချ၊ ရက္ခဒေဝါ၊ ပူဇော်ကာဖြင့်၊ ဓေယျာသက်ရှိ၊ လွတ်ဘိချမ်းသာ၊ ပဥ္စမှာကား၊ ဆရာရဟန်းဆွမ်းပန်းကျွေးမွေး လှူဒါနပြု၊ ဆရာမှာယာယီ သုဉ်းပြီးဒွာန၊ ဝိဟာရမှု၊ ပြောင်းရွှေ့ပါက ချမ်းသာရမည်ဟောပါ ပွဲကြီးအလယ်တည်း။

**တွက်နည်းကား။** ။ ယခု ကောဇာကိုတည်။ နာသော သူ၏ဂြိုဟ်နှင့်လျောက်။ တိုမြှောက်၊ သတ္တစား၊ အကြွင်းကို ငင်းလင်္ကာအတိုင်းပြုလေ။ ။ နာသောသူလျှင် ယတြာပြုရန် အဟောလင်္ကာပြီး၏။

**၂၂၀။ စန်း, လွန်း, လဂ်သုဉ်းတွက်နည်းကား။** ။ သက်ငယ်တည်ထား စန်း–၁၅၊ လွန်း–၁၇, ,လဂ်ဝယ်–၁၂, နှောပြီးလစ်မှ၊ အဋ္ဌ–စာချိုး၊ စန်း, လွန်း၊ လဂ်ဝယ်သုဉ်း။

**တစ်နည်း။** ။ လွန်းသုဉ်းအတွက်ကား၊ အသက်တည်ဖြား၊ ဟုဘော်ထား၊ သတ်အဋ္ဌ–နှောနှင့်စား၊ သုဉ်းလျှင်နံ–ဘုရားမှာ နဖူးတော်ရွှေ ၇–ချပ် ရင်တော် ၈–ချပ်ခြေတော်မှာ ၉–ချပ်ချ၍ ယတြာပြုလေ၊ စန်းပြတ်လျှင်ကြေ။ လွန်းပြတ်လျှင် သေဇာတ်သည်။ သတိထားလေ။

**၂၂၁။ တြင်းနဝင်း, ဆေးသုဉ်းတွက်နည်း။** ။ ကိုးမြှောက်ကိုးစား၊ သက်တည်ထား၊ သုဉ်းဖြားတြင်းသာ။ သုံးမြှောက်, ကိုးစား၊ သက်တည်ထား, သုန်းဖြား နဝင်းသာ။ အသက်တည်ထား၊ ၃–ခုစား၊ သုဉ်းဖြားဆေးဆောင်ပါ။ **တစ်နည်း၊** အသက်ကိုတည်၊ ၂–ခုစား၊ သုဉ်းတော်စန်းသုဉ်း၏။ အသက်ကိုတည်။ ၃–ခုစား၊ သုဉ်းသော် တြင်းသုဉ်း၏။

**၂၂၂။ ကမ္မကွယ စသည် ရွေးနည်း။** ။ ကောဇာဟည်ထား၊ အသက်စား၊ ရဖြားလာဒ်မှာ သက်မြောက်ပါ။ ထပ်ခါဆယ့်နှစ်စား တစ်, နှစ်, ကြွင်းမှ၊ ထိုသည့်သူ၊ မှတ်ယူ ကမ္မကွယ၊ သုံးလေး ငါးတန်။ အကြွင်းကျန်၊ ခေါ်ရန် ဥပစ္ဆေဒက။ ။ ခြောက်ခွန်ရှစ်ခု၊ အကြွင်းမှု၊ ဥပပီဠက။ ကိုးနှင့် တစ်ဆယ်၊ ဆယ့်တစ်ဧယ်၊ မှတ်ဖွယ် အာယုကွယ၊ ပီဠက မှာ၊ မကောင်းတာ၊ သုန်းဖြာအကျ စိုးရိမ်ရ။

**၂၂၃။ နာသောသူကြည့်ရန်ကိန်း။** ။ အသက်တည်ထောက် ၅–ခုမြှောက်၊ ဗားလျောက်ခုနှစ်သာ၊ တစ်ကားရကွ၊ နှစ်ဂေဟာ၊ သုံးရ, ဝန်မှာ၊ လေးကား, လူပြု၊ ငါးဂြိုဟ်စု ခြောက်, ခု, ဝိပါက်သာ။ သုည ကြွင်းလျှင်၊ ကံကုန်မြင်၊ ဆင်ခြင်ကြည့်ကုန်ပါ။

**၂၂၄။ သုံးခွထောက် ပေါက်ကိန်း။** ။ ဦး, လှ, ရွှာ၊ ကြာ,တော, သား။ စံ, ပါ, ဓ၊ လေး, ရွှာ, က၊ များ, ဦးတု၊ သု, စ, မောင်၊ ထောင်, သာ, ဓံ၊ ခံ, နိုင်ဘူး၊ ရှုံးချင်ရှုံး၊ မရှုံးလျှင်သေ။

**၂၂၅။ အနာဖြစ်ရာလက္ခဏာကား** လူ၏ အသက်ကိုတည် ခန္ဓာ ငါးပါးနှင့် မြှောက်။ ခုနစ်ခုစား။ ။ ၁–ခုကား အရိုးမှဖြစ်သောအနာ။ ၂–ခုကား အကြောမှ ဖြစ်သောအနာ။ ၃–ခုကား အူမှာ ဖြစ်သောအနာ။ ၄–ခုကား ဝမ်းထဲကဖြစ်သော အနာ။ ။ ၅–ခုကား ခါးမှဖြစ်သောအနာ။ ၆–ခုကား အစားလွန်၍ဖြစ်သောအနာ။ သုဉ်းမူကား အရှုံးနာ။

**၂၂၆။ ဆေးသမား လူနာသင့်, မသင့်တွက်နည်း။** ။ လူနာ၏ အသက်ကိုတည်၊ ၈–ခုစား။ အကြွင်းကို ဆေးသမားနံနှင့်နှော၊ ၇–ခုစား သုဉ်း မကုနှင့် အသေဟူ၍မှတ်။

**၂၂၇။ လူနာ သေ–မသေ တွက်နည်း။** ။ လူနာ၏ အသက်ကိုတည်၊ မိမိနံကို ၁–ခု နုတ်၍နှော၊ ၈–ခုမြှောက်၊ ၁၂–ခုစား၊ သုဉ်းသော် ထိုလူနာ အာယုပြတ်၏ မကုနှင့် အသေဟုမှတ်။

**၂၂၈။ ခန္ဓာငါးပါးပြတ် တွက်နည်း။** ။ လူနာ၏ အသက်ကိုတည်၊ ၁၂–ခုရော၊ ၃–ခုမြှောက်၊ ၉–ခုစား၊ သုဉ်းသော် ထိုလူနာ ခန္ဓာငါးပါးပြတ်၏။

**၂၂၉။ ဆေးနံပြတ်တွက်နည်း။** ။ အသက်ကိုတည်၊ အထက်လဒ်နှင့်ရော၊ ၂–ခုစား။ သုဉ်းသော် လူနာ ဆေးနံပြတ်၏။ ဆေးမပေးနှင့်၊ ဘုရားကို ဆွမ်းတော်တင်။

**၂၃၀။ လူနာပြာပုံသို့ ကျ မကျ တွက်နည်း။** ။ လူနာ၏ သက္ကရာဇ်ကိုတည်၊ ကောဇာသက္ကရာဇ်နှင့်နှော၊ ၃–ဘော်တည်ထား၊ အထက်မှာ ၉–ခုစား၊ အလယ်မှာ ၈–ခုစား၊ အောက်မှာ ၇–ခုစား၊ ၃–ပါးလုံး သုဉ်းသော် သိကြားကုသော်လည်း မလွတ်နိုင်။

**၂၃၁။ လူနာယာယီရွှေ့ရန် တွက်နည်း။** လူနာ၏အသက်ကိုတည် ၅–ခုစား၊ ပေါနည်းမှာ မြှောက်ကိုအသုဉ်း၊ တစ်လုံးအရှေ့၊ ဒွေးတွေတောင်ရှိ၊ ကြီအနောက်ယာယီရောက်၏။

**၂၃၂။ အာယုပြတ်တွက်နည်း။** ။ ပြတ်မည့်နေ့ကို သိလိုမူ အသက်ကို တည်၃–ခုမြှောက်၊ ၇–ခုစား၊ တစ်ခုကြွင်းမူ တနင်္ဂနွေနေ့၊ ၂–ခု ကြွင်းမူ တနင်္လာနေ့၊ ၃–ခုကြွင်းမူ အင်္ဂါနေ့၊ ၄–ခုကြွင်းမူ ဗုဒ္ဓဟူးနေ့၊ ၅–ခုကြွင်းမူ ကြာသပတေးနေ့၊ ၆–ခုကြွင်းမူ သောကြာနေ့။ သုဉ်းမူ စနေသေအံ့။

**၂၃၃။ လူနာ၏ အသက်ကို အချိန်ပိုင်းနည်း။** ။ လူနာ၏ အသက်ကိုတည်၊ ၄–ခုစား၊ တစ်ခုကြွင်းမူ နံနက်မွန်းတည့်သေအံ့။ ၂–ခုကြွင်းမူ မွန်းတည့်ကသည် နေဝင်သေအံ့။ ၃–ခုကြွင်းမူ ညဦးကသည် သန်းခေါင်သေအံ့။ သုန်းမူ သန်းလွဲကသည် မိုးသောက်တိုင်လျှင် သေအံ့။

**၂၃၄။ အာယုစန်းပြတ်တွက်နည်း။** ။ ဇာတာမူလ သက္ကရာဇ်တွင် မူလနက္ခတ်နှော၊ ရောက်သော အသက်လည်း နှော ၂၇–ခုစား။ နက္ခတ်ရောက်ရာစန်းထား။ ရာဟု၊ ကြာသပတေးသက်ရောက်သော် ထောင်းတောင်းပြယ်၍ နှောဖွဲ့တွေ့အံ့။ အာယုစန်းပြတ်တွက်နည်း ယုံမှား မရှိသင့်။

* * *

## သူငယ်နာ အဖွဲ့ကျမ်း

၂၃၅။ ၇–ရက်သား၊ သမီးတို့ မွေး၍ ၁–ရက်, ၁–လ, ၁–နှစ်ရှိသော သားသမီးဖျားနာမူကား။ ပင်္ဂိသန္နေကို စောင့်သောနတ်ဖမ်းစား၏။ ထိုသူငယ် ဝမ်းရောင်၏၊ ကိုယ်ပူ၏။ အငိုများ၏။ ခေါပန်းတောင်းတွင် ထမင်းလေးဆုပ်, တံခွန်လေးတိုင်, ကွမ်းလေးယာ ပန်းလေးပွင့်ထည့်၍ အရှေ့မြောက်သို့ပို့လေ၊ ထိုသူငယ် ချမ်းသာအံ့၊ သူငယ်မွေးဖွား၍ ၂–ရက်, ၂–လ, ၂–နှစ်ရှိသော သား, သမီးငယ် နာမူကား တမှိန်းမှိန်းရှိ၏။ ကျော, ဝမ်းပူ၏။ ခေါပန်းတောင်းတွင် ထမင်းငါးဆုပ်, တံခွန်ငါးတိုင် ထည့်၍ မွေးဖွားသော အချိန်တွင် တောင်အရပ်သို့ပို့လေ၊ ထိုသူငယ် ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၃–ရက်, ၃–လ, ၃–နှစ်ရှိသော သားသမီး နာမူကား ပင်္ဂိသန္နေကိုစောင့်သော ပါလဒေဝနတ်ဖမ်းစား၏။ အရှေ့အရပ်သို့သွားရာတွင် မိသတည်း။ ဦးခေါင်းလေး၏။ ရင်ဆို့ရင်ပြို့၏။ လက်တယမ်းယမ်းရှိ၏။ ခေါပန်းတောင်းတွင် ပန်းဖြူငါးပွင့်၊ ထမင်းငါးဆုပ်၊ လူနာရုပ်ပုံမုန့်လုပ်၍ တံခွန်ဖြူငါးတိုင်ထည့်ပြီး မွေးဖွားသော အချိန်တွင်

အရှေ့အရပ်ပို့လေ၊ ထိုသူငယ်ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၍ ၄–ရက်, ၄–လ, ၄–နှစ်ရှိသော သားသမီး နာမူကား ပဋိသန္ဓေကို စောင့်သော ဝေဒနာဂနတ် ဖမ်းစား၏။ အရှေ့တောင်သို့ သွားမိရာတွင် နာသည်။ ကျောပူ၏၊ အော့အန်၏၊ ခြေအေး၏၊ တသမ်းသမ်းရှိ၏၊ ခေါပန်းတောင်းတွင် ဘီလူးရုပ်တစ်ခု, မုန့်လေးယှက် ငါးလေးခု, ထမင်းလေးဆုပ်, ပန်းလေးပွင့်ထည့်၍ ထိုသူငယ် မွေးဖွားသည့်အချိန်တွင် အရှေ့တောင်သို့ ပို့လေးချမ်းသာအံ့။ သူငယ် မွေးဖွား၍ ၅–ရက်, ၅–လ, ၅–နှစ်ရှိသော သား, သမီးနာမူကား ပဋိသန္ဓေကို စောင့်သောနတ်ဖမ်းစား၏။ ကိုယ်ပူတုံ, အေးတုံရှိ၏။ မနေသာ, မထိုင်သာရှိ၏။ ခါးညောင်း၏၊ ခြေလက်လေး၏၊ ထမင်းမစားလိုရှိ၏၊ ခေါပန်းတောင်းတွင် ထမင်း ၅ ဆုပ်၊ ပန်း ၅ ပွင့်၊ ငါးခုံးမ ၅ ကောင်၊ ဆီမီးတစ်တိုင်ထည့်၍ သူငယ်မွေးသည့်အချိန်တွင် အရှေ့အရပ်သို့ပို့လေ၊ ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၆–ရက်၊ ၆–လ၊ ၆–နှစ် ရှိသော သား,သမီးများနာမူကာ ပဋိသန္ဓေကိုစောင့်သော ကာလဒေဝနတ်ဖမ်းစား၏။ ကိုယ်ပူ၏။ နှလုံးဆို့မြို့ရှိ၏၊ တသမ်းသမ်းရှိ၏ အရူးကဲ့သို ငိုတုံရယ်တုံရှိ၏။ အနောက်တောင်သို့ သွားရာတွင် ဖြစ်ခဲ့သည်။ ခေါပန်းတောင်းတွင် ထမင်းခြောက်ဆုပ်၊ မုန့်ခြောက် ယှက်၊ သစ်သီးခြောက်မည်၊ အမွှေးအကြိုင်လည်းထည့် ပေါက်ပေါက်ကို နံ့သာရည်ဖျန်း၍ မွေးဖွားသည့်အချိန်တွင် အနောက်တောင်သို့ပို့လေ၊ ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၇–ရက်, ၇–လ, ၇–နှစ်ရှိသော သား, သမီးနာမူတားကာလမည်သောနတ်ဖမ်းစား၏။ ကိုယ်ပူတုံ ချမ်းတုံရှိ၏။ တက်နာကဲ့သို့ရှိ၏။ ခေါပန်းတောင်းတွင် မုန့်နှစ်ခုကို နတ်ရုပ်လုပ်၍ ထမင်းခုနစ်ဆုပ်, မုန့်ခုနစ်ယှက်, ပန်းခုနစ်ပွင့်, သစ်သီးခုနစ်လုံးကို နံ့သာရည်ဖျန်း၍ မွေးဖွားချိန်တွင် အနောက်တောင်ထောင့်သို့ပို့လေ၊ ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၈–ရက်, ၈–လ, ၈–နှစ်ရှိသော သားသမီး နာမူကား အနောက်တောင်ထောင့်သို့သွားမိရာတွင် မေဓာဝီမည်သော နတ်ဖမ်းစား၏။ နေ့–ည၌ မသိအောင် အပူအားကြီး၏၊ တမှိတ်မှိတ် မအိပ်တတ်, မနေတတ်ရှိ၏၊စိတ်ကြမ်းတမ်းခက်ထန်ရှိ၏၊ နှလုံးဆို့မြို့ရှိ၏။ ကျင်ကြီး ကျင်ငယ်မဖြောင့်ရှိ၏။

ခေါပန်းတောင်းတွင် ထမင်းဖြူတစ်ဆုပ်ကို စလောင်း၌ ထည့်၍ ပေါက်ပန်းဖြူပန်းတစ်မည်ကို ကြိုးနှင့်သီ၍လည်းထည့်၊ မုန့်ခုနစ်ယှက်, ငါးခုနစ်ကောင်ကြော်၍ ပန်းခုနစ်ပွင့်လည်းထည့်၊ ပေါက်ပေါက်, ဆီမီး ...စ်တိုင် အနီကိုလည်းထည့်လေ။ နံ့သာရည်ဖျန်း၍ အနောက်မြောက်သို့ ...ရွေ့သည့်အချိန်တွင်ပို့လေ၊ ချမ်းသာအံ့၊ သူငယ်မွေးဖွား၍ ၉–ရက်၉–လ ၉–နှစ်ရှိသော သားသမီးနာမှုကား အာကာသ ဒေဝမည်သော နတ်ဖမ်းစား၏ ကိုယ်လည်းပူ၏၊ အော့အန်၏။ ဦးခေါင်းနာ၏။ ချောင်းလည်းဆိုး၏။ ထမင်းမစားလိုရှိ၏။ ခြေအေး၏။ ခေါပန်းတောင်းတွင် ငှက်ပျောဖက်ခင်း၊ ထမင်းဖြူ, မုန့်ဖြူကြော်ခုနစ်ယှက် ငါးကြော်ခုနစ်ကောင်, ပေါက်ပေါက်လည်းထည့်၊ နံ့သာရည်ဖျန်း၍ မအိပ်မီ အိမ်မိုးပေါ်မှာ တင်ထား၍၊ နံနက်စောစော ကျီးမနိုးခင် ၎င်းခေါပန်းတောင်း ကို ယူ၍ မြောက်စူးစူးအရပ်သို့ပို့လေ ချမ်းသာအံ့။ သူငယ်မွေး၍ ၁၀–ရက်, ၁၀–လ, ၁၀–နှစ်ရှိသော သားသမီးနာမှုကား ပန်းသစ်သီးစားမိသည် နှင့် အပျော်အပါး ကစားရာတွင် ရိက္ခာဒေဝမည်သော ရက္ခစိုးနတ်ဖမ်းစား၍ နာသည်။ တွေဝေနေသည်၊ အပူဖမ်း၍ ဖျားသည်၊ လက်, ခြေ ဆွံ့ဆွံ့ ရှိသည်၊ ရေသောက်များ၍ ဝမ်းလည်းသွန်၏။ သွားတကြိတ်ကြိတ်ရှိ၏၊ ခေါပန်းတောင်းတွင် မုန့်နှစ်ကို နတ်ရုပ်လုပ်၍ထည့်၊ ပန်း, သစ်သီး ခုနစ်လုံး နံ့သာရည်ဖျန်း၍၊ ထမင်းဆယ့်တစ်ဆုပ်၊ မုန့်ကြော်ဆယ့်တစ်ခု၊ တံခွန်တိုင် ဆီမီးခုနစ်တိုင်၊ ပန်းဖြူပေါက်ပေါက်လည်းထည့်၊ နံ့သာရည် ဖျန်း၍ အိမ်မိုးမှာဖြစ်စေ။ အိပ်ရာပေါ်မှာဖြစ်စေ နေဝင်ကို ဆုတောင်း၍ ဟင်ထားရမည်။ နံနက်စောစောကျီးမနိုးခင် သချိုင်းသို့ ပို့လေချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၁၁–ရက် ၁၁–လ, ၁၁–နှစ်ရှိသော သားသမီး နာမှုကား တိကြာတိနတ် မာတြာဖမ်းစား၏။ ကိုယ်လက်ညောင်းညာ၏။ လက်လေး၏ မျက်စိလည်၏၊ ခြေ, လက် မချိနိုင်၏။ အိပ်လည်းမပျော် ရှိ၏။ ထိုသူငယ်ပျောက်စေလိုသော် ထမင်း, အမဲသား, ငှက်ပျောသီး, ထန်းလျက်, မုန့်ဖြူကိုလည်းထည့်၊ ပန်းခုနစ်ပွင့် ခုနစ်မည်ထည့်ရမည်။ ပြီးမှ ရွှံ့နှစ်ကို သူငယ်ရုပ်လုပ်ပြီး အားလုံးခေါပန်းတောင်းတွင် ထည့်၍

နေဝင်လျှင် အနောက်အရပ်သို့ ပို့လေ၊ ချမ်းသာအံ့။ သူငယ်မွေးဖွားရ၍ ၁၂–ရက်, ၁၂–လ, ၁၂–နှစ်ရှိသော သားသမီးနာမှုကား ဝိစဒီမည်သော နတ်ဖမ်းစား၏။ ပြင်းပြစွာဖျား၍ ပူတုံ, ချမ်းတုံရှိ၏။ အော့အန်၏၊ ခြေဖျား, လက်ဖျားအေး၏၊ ချမ်း၍ ဝမ်းရင်ဆို့မြို့ရှိ၏၊ ကျင်ကြီး ကျင်ငယ် မပြောင့်ရှိ၏။ ကျင်ငယ်ထုံ၏။ ခေါပန်းတောင်းတွင် ငှက်ပျောဖက်ခင်း၍ ၎င်းအပေါ်တွင် ဖက်ရွက်နှင့် ထမင်းကိုအပြည့်ထည့်ပြီးမှ ထောပတ်, မုန့်နီ, ချိုချဉ်တို့ကို တတ်အားသမျှ ထည့်၍ ပန်းနံ့သာဖြင့် သစ်သီးပင်၌ ရက္ခစိုးကို ဆုတောင်း၍တင်၊ ထိုသူငယ်အား ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၁၃–ရက်, ၁၃–လ, ၁၃–နှစ်ရှိသော သားသမီး နာမှုကား သုသာန်နတ်ဖမ်းစား၏။ ထမင်းတစ်ဆုပ်, အမဲသားတစ်တုံး, ခေါတိုင်တို့လုပ်၍ ဖွားသည့်နေ့ နေတက် ရှစ်နာရီအချိန်တွင် တောင်အရပ်သို့ပို့လေ၊ ထိုသူငယ်ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၁၄–ရက်, ၁၄–လ, ၁၄–နှစ်ရှိသော သားသမီး နာမှုကား အသောယသာ မာတြာနတ် ဖမ်းစား၏။ နေမကောင်း, ထိုင်မသာရှိ၏။ ချမ်းသာစေလိုသော် ထမင်းလေးဆုပ်, အမဲသားလေးတုံး၊ ပန်းခုနစ်မည်၊ သစ်သီးခုနစ်မည်နှင့် ခေါတိုင်လုပ်၍ထည့်၊ ဖွားသည်နေ့ နေတက်ရှစ်နာရီအချိန်တွင် အရှေ့အရပ်သို့ပို့လေ၊ ထိုသူငယ်ချမ်းသာအံ့၊ သူငယ်မွေးဖွား၍ ၁၅–ရက်, ၁၅–လ, ၁၅– နှစ်ရှိသော သားသမီး နာမှုကား ပရာမည်သော မာတြာနတ်ဖမ်းစား၏။ ထိုသူနာ ပျောက်စေလိုသော် မြင်းခေါင်းခွံ ဝါဇေ့, ဥဒေါင်းမြီး, ကြက်တောင်မွေး။ သျှိသျှားသီး, ကျွဲချို အကျွမ်းဖုတ်၍ ၎င်းဆေး အားလုံးကို အမျှစီစု၍ ကြိတ်ပြီးလျှင် စားရမည်။ ထိုသူငယ်ချမ်းသာအံ့။ သူငယ်မွေးဖွား၍ ၁၆–ရက်, ၁၆–လ, ၁၆–နှစ်ရှိသော သားသမီးနာမှုကား အပ္ပာမာတြာနတ် ဖမ်းစား၏။ အဖျားတာရှည်၏။ ခြေလက်အေး၏။ မုန့်နှစ်ကို သူငယ်ရုပ်လေးခုလုပ်ပြီးလျှင် ထမင်း, အမဲသား အားလုံး ခေါပန်းတောင်းတွင်ထည့်၍ အရှေ့မြောက်ထောင့်သို့ပို့လေ၊ ထိုသူငယ်
ချမ်းသာအံ့။

* * *

## ခြပုန်းဖွဲ့အဟော

၂၃၆။ ခြသည် လျောက်တွင်လည်းကောင်း၊ အခေါင်တိုင်တွင်လည်းကောင်း၊ နေထွက်အခါစွဲမူ ဆင်းရဲအံ့။ အလယ်တိုင်စွဲမူ အခြံအရံများအံ့။ မြောက်ကစွဲမူ အဆွေခင်ပွန်းများအံ့။ အနောက်က စွဲမူ သမီးကညာ ရအံ့။

* * *

## ဖျား– နကျည် အဟော

၂၃၇။ ပျားလည်းကောင်း၊ နကျည်လည်းကောင်း၊ အရှေ့အိမ်စွန်စွဲမူကြောင့်ကြဗျာပါပူဆာသောကရောက်အံ့။ (အိမ်ပြောင်းလေ, မနေးနှင့်)။ အနောက်အိမ်ခေါင်စွဲမူ ဥစ္စာရအံ့။ (ဥစ္စာပျောက်အံ့လည်းဟူ၍) ဤကဲ့သို့ နှစ်ချက်ဆိုသောကြောင့် ကြပ်ကြပ်သတိထားတော်မူကြပါကုန်၊ တောင်စွန်းက စွဲမူ သူဆဲရေးအံ့။ နာဖျားရာ၏။ အိမ်ပြောင်းလေ၊ မြောက်ကစွဲမူ အဆွေအမျိုး ဥစ္စာပေးလာအံ့။ တောင်ထုပ်ကိုစွဲမူ ထိုပျားနကျည်ကို အစာပေး၊ ရန်အောင်ရာ၏။ အရှေ့တောင်ထောင့်ကစွဲမူ သမီးကညာရအံ့။ အနောက်တောင်ထောင့်ကစွဲမူ ခိုးသူဝင်ရာ၏။ သတိထားလေ။ အနောက်မြောက်ထောင့်က စွဲမူ ဆွေမျိုးဥစ္စာပေးလာရာ၏။ အရှေ့မြောက်ထောင့်ကစွဲမူ ရွှေငွေလာဘ်ရရာ၏။ အရှေ့အိမ်ခေါင်ကစွဲမူကြောင့်ကြများရာ၏။ အနောက် အိမ်ခေါင်ကစွဲမူ ဥစ္စာပျောက်ရာ၏။ အထက်ထုပ်လျောက်ကစွဲမူ သား ယောကျ်ားရရာ၏။ တောင်အရပ်ကစွဲမူ မကောင်း၊ ပေါင်းကွပ်အလယ်က စွဲမူရန်အောင်ရာ၏။ သင်ဖြူးအောက်ကစွဲမူ မင်းပူဇော်ခံရအံ့၊ အိပ်ရာအောက် ကစွဲမူ မြတ်သော ဥစ္စာရအံ့။ ဝတ်သော ပုဆိုးတွင် စွဲမူ သူတကာတို့ထက် မြတ်အံ့။ ဥစ္စာပေးလာအံ့။ တံခါးရွက်တွင်စွဲမူလာဘ်ကြီးရအံ့။ စားဖိုကိုစွဲမူ ကျွန်၊ သမီးရအံ့။ လှေကားအောက်ကစွဲမူ၊ ကျွန်, နွားရအံ့။ ပျောက်ပြီးသော

ဥစ္စာရရာ၏လည်းဟူ၏။ (အနာအဖျားများရာ၏လည်းဟူ၍) ဤကဲ့သို့ သုံးချက်ထွက်သည်ကို ဆင်ခြင်၍ ယူကြပါကုန်။ ဆင်ကပ်, မြင်းကပ်စွဲမူ ခိုက်ရန်ဖြစ်အံ့။ (ရန်အောင်အံ့လည်းဟူ၍) ဤကဲ့သို့နှစ်ချက်ထွက်သည် ကို ဆင်ခြင်၍ယူကြပါကုန်၊ လုံရှိးတွင်စွဲမူ ရန်အောင်အံ့။ နတ်အုန်းတွင် ပျားမြောက်ကလာ၍စွဲသော် ကောင်းစားပြီးသော သူယုတ်ရာ၏။ ဆင်းရဲ သား ကောင်းစားရာ၏။ နံနက်အခါ အိမ်ဝန်းကျင်ပျံလာမူကားမိုလ်ပါသခင် ဖြစ်အံ့၊ လှေဝယ်စွဲမူ (ဖျားနာအံ့။ ရောင်း၍ ပစ်လေ၊ မစီးလေနှင့်) မြား ဝယ်စွဲမူ ဖျားနာအံ့၊ ရန်တွေ့အံ့၊ အောင်အံ့၊ အိပ်ရာကပ်အောက်ကစွဲမူ ကြွယ်ဝအံ့၊ အရှေ့ကလာ၍စွဲမူ ဥစ္စာပျောက်ရာ၏သတိထားလေ၊ တောင် ကလာ၍ စွဲမူကြောင့်ကြဗျာပါများအံ့။ အနောက်တောင်ထောင့်ကလာ၍ စွဲမူမင်းလာဘ်ပေးရာ၏။ နေထွက်သောအခါ အရှေ့ကလာ၍စွဲမူ သူကြီးဖြစ် အံ့။ မွန်းတည့်သောအခါတောင်ကလာ၍စွဲမူ အဆွေအမျိုးရောက်ရာ၏။ မြောက်ကလာ၍စွဲမူကျော်စောအံ့။ အရှေ့ကလာ၍ အနောက်ကစွဲမူ နှလုံး မသာဖြစ်ရာ၏။ အနောက်ကလာ၍ အရှေ့ကစွဲမူ လာဘ်ကြီးရအံ့။ မြောက်ကလာ၍ အနောက်ကစွဲမူကောင်း၏။ အရှေ့တောင်အနောက်တောင် ထောင့်ကလာ၍၊ အနောက်မြောက်ကလာ၍ အနောက်မြောက်ကစွဲမူ အခြေလေးခု ဥစ္စာရရာ၏။ အနောက်မြောက်ကလာ၍ အရှေ့မြောက်ကစွဲမူ မင်းပူဇော်ခံရအံ့။ တောင်ကလာ၍ မြောက်ကစွဲမူ ဥစ္စာရရာ၏။ မြောက်က လာ၍ တောင်ကစွဲမူ အိပ်ပျက်၏။ အရှေ့ခေါင်လျောက်၌စွဲမူ ဥစ္စာပျောက် ရာ၏။ သတိထားလေ။ တောင်လျောက်ကစွဲမူ ဥစ္စာချမ်းသာရာ၏။ မြောက်လျောက်ကစွဲမူ ငွေရအံ့၊ ချမ်းသာရရာ၏။ တောင်ထုပ်ကစွဲမူ မယားရရာ၏။ တောင်ထရံကစွဲမူ ဘေးသင့်ရာ၏၊ မြန်မြန်လွှဲပြောင်းလေ။ အရှေ့မြောက်ကစွဲမူ လာဘ်ရရာ၏။ ထုပ်လျောက်ကစွဲမူ ငွေရရာ၏။ မယားရရာ၏။ အနောက်မြောက်ထောင့်က ထုပ်လျောက်စွဲမူ အဆွေအမျိုး ဥစ္စာပေးလာရာ၏။ အိမ်ရှေ့ကစွဲမူ မကောင်း။ အမှုရှုပ်တတ်ရာ၏။ ပျားနကျည်, ပျားဆုပ်ပနီ ၎င်းသုံးမျိုးကိုပင် ယူရမည်။

## ၂၃၈။ လင်းတနား အဟော

လက်ယာမည် ၊ ငှက်လင်းတ၏၊ မူလအကြောင်း၊ နိမိတ်ကောင်းကို၊ ထုံးဟောင်းဖွေရှာ၊ ဟောရိုးမှာအံ့။ အစချီကာ၊ မြောက်ကလာ၍၊ ချာချာ တစ်တန်၊ ရှေ့သို့ပြန်သော်၊ လာဘ်လာဘ၊ လဘ်ကြီးရလိမ့်။ ထိုမှတစ်ဖန်၊ နောက်သို့ပြန်မူ သွားရန်ရှိလည်း၊ ကိုယ်ချုပ်တည်းလော့။ ဘေးလည်းလမ်း မှာ၊ ပျက်စီးရာသည်၊ လက်ယာ လက်တွေ့သဘောတည်း။

လင်းတလက်ယာ၊ မြောက်ကလာ၍ ပြုဗ္ဗာရှေ့က၊ နားလာကမူ။ ဘယာဘေးကြီး၊ အပြီးမှန်ထွေ၊ ပျက်စီးချေ၍၊ မွဲ လေတတ်စွာ၊ မြောက်ကလာ၍၊ တစ်ခါမြောက်သို့၊ ပျံပြန်တို့မူ၊ ကောင်းကျိုးမင်္ဂလာ၊ လာဘ်ပေါရာလိမ့်၊ ဒက္ခိဏာရပ်၊ ပြုဗ္ဗာရပ်သို့၊ ပျံမှာတတ်ပေသော်၊ မတော်မကောင်း၊ အကြောင်းတို့ဝယ်၊ အန္တရာယ်တည့်၊ နောက်ဝယ်ပစ္ဆိ၊ ပျံလေဘိမူ၊ ဟောဘိသုခ၊ စည်းစိမ်ရအံ့၊ ကြွယ်ဝချမ်းသာ၊ ရှိတုံပါလိမ့်၊ ပြုဗ္ဗာရှေ့က၊ လာလေကမူ၊ ဒုက္ခမှန်စွာ၊ ဆင်းရဲပါလိမ့်။ ဒက္ခိဏာထ၊ ဘယဘေးရောက်၊ မြောက်ဥတ္တရာ၊ ရပ်ကလာမူ၊ ချမ်းသာသုခ၊ ကောင်းကျိုးရလိမ့်၊ မုချမယွင်း မှတ်လေမင်း။

နိမိတ်ဟောရန်၊ လက်ဘပြန်အံ့၊ သွားရန်သွားခွင့်၊ ဆောင်ခွင့်ဆောင်ရန်၊ မူကြံကိစ္စ၊ ရှိသမျှပင်၊ နောက်ကငိုသံ၊ ခြေဆပ် ဟန်ကား၊ နောက်သံကောင်းမည်၊ မယွင်လည်လော့၊ ဘေးသည်တွေ့ရ၊ မှန်မုချသည်၊ ရှေ့ကဤသို့၊ တွေ့သည်တို့လည်း၊ ကောင်းဖို့မကြံ၊ ရှေ့ဖို့လျှံတည်း၊ ပြန်လည်ကာမှ၊ ချမ်းသာရသည်၊ ထိုမှတစ်ချက်၊ လက်ယာဘက်မှ၊ အသက်ဆုံး၍၊ ဘေးကြီးတွေ့အံ့၊ ထိုရွှေ့လက်ဝဲ၊ တွေ့မြဲအမှန်၊ ခြေဆပ်ဟန်နှင့်၊ ငိုသံထူးခြား၊ နိမိတ်ကြားမူ၊ အများတို့လျှင်။ တစ်ယောက်ပင်တည့်၊ အောင်မြင်နိုင်ရေး။ ဥပဒ်ဘေးသည်၊ စင်ပြေးလွင့်ပျောက်ရာ၏တည်း။

မြေနှင့်အိမ်မြှောင်၊ ခွေး၊ ကြောင်၊ လင်းတ၊ ဥဇျိုင်းစသည် ရောက်ထတောင်ပို့၊ ပျားပို့စွဲလျက်၊ လင်းစီးငှက်က၊ လင်းဝက်ကြီးကြွာ၊

သာလိကာများ၊ တောသားချိုး, ခါ၊ သတ္တဝါသဗ္ဗ၊ အတူတဟု၊ ပုဗ္ဗအနှောင်း၊ မဖြစ်ကောင်းကို၊ သိကြောင်းစစ်စစ်၊ မေးလှစ်သောခါ၊ လာသည်ခဏ၊ ဘဝါးပြ၍၊ နှောတ ၃–၃၊ မြှောက်မှုပဥ္စ၊ သုတ္တနှင့်စား၊ ကြွင်းပြားစန္ဒ၊ သောကြာဓိဝါ၊ ဂြိုဟ်ဗုဒ္ဓါကား၊ ရှားစွာရွှေငွေ၊ အခြေသက်ရှိ၊ လိုဘိဥစ္စာ၊ ရလေရာ၏။ အင်္ဂါ, စနေ။ တစ်တွေသူရန္တ၊ ပါပဂြိုဟ်စဉ်၊ ကြွင်းသည်မြင်မူ၊ အလျင်မနေး၊ ဦးဆေးမင်္ဂလာ၊ ပရိတ်နာ၍၊ ခွာလေအိမ်ကို၊ စွန့်လေဆိုလော့။ သိလိုတစ်ထောက်၊ အနောက်အရပ်၊ မြောက်ရပ်ဒေသန်၊ လေးတန်ဒိသာ၊ လာဘ်ကြီးလာ၏။ ပြုဗ္ဗအဂ္ဂိဒက္ခိနောက်တောင်၊ တိတ်တဘောင်ကား၊ ကုန်အောင်ဥစ္စာ၊ ပျက်စီးရာသည်၊ မှတ်ပါအများ ရှင်, လူတည်း။

* * *

## ၂၃၉။ အိမ်တွင် မှိုပေါက်သည် ပြဆိုပေဖော့

အိမ်တွင် မှိုပေါက်မှု ရတနာသုံးပါး၊ နတ်တကာတို့အားလှူပေ၊ လပ်ရွက်, ကင်ပွန်းသီး ဉမ္ဗုကို ရှာ၍ထား၊ လိုသောအခါ ဥသျှစ်ရည်နှင့် ဖျော်၍ ခေါင်းဆေးလေ၊ကြိတ်ခါလည်း သစ်သီးရည်စိမ်၍ ဦးခေါင်းဆေးရသော အကျိုးကားကောင်းသည်ဖြစ်၏။

* * *

## မြေခွဲကျမ်း

၂၄၀။ ဥ, ဒေါင်း, ညို, ပြာ၊ လက်ယာကခဲ၊ သား, ရွှေ, ခဲ၊ လက်ဝဲက မြေကိုက်သောနေ့ဖြင့် အဖို, အမ သိအပ်သောနည်း။ ၎င်းက လွဲသော်- မြေဆိုးမှတ်ရမည်။

အောင် စံ, မြတ်, သူ၊ အဖိုယူ၊ ကျော်, သံ, မ, ထွက် အမမှတ်။ မြေကိုက်သောနေ့ဖြင့် အဖို, အမ သိအပ်သော နည်း ၎င်းကလွဲသော် မြေဆိုး မှတ်ရမည်။

သစ်ယာကော၊ ကျမ်းဒွေး၊ အုန်းဆီနော၊ တယောဒဏ္ဍ၊ စသည်ကလွဲသော်၊ ကံကြမ္မာမြေကောင်းမှတ်ကြပါ၊ သော်ကြာနေ့၊ ဗုဒ္ဓဟူးနေ့ မြေကိုက်သော်–အစွယ်ရာတစ်ချောင်း၊ တနင်္လာ ကြာသပတေး နှစ်ချောင်း၊ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၌ အစွယ်ရာသုံးချောင်းရှိရမည်။ ၎င်းကလွဲသော် မြေဆိုး မှတ်ရမည်။

* * *

## ၂၄၁။ ရောယှက်၍ မစားကောင်းသော အရာများ

သားခြောက် ဟင်းရွက်၊ မုန်လာရွက်၊ ရောယှက် မစားကောင်း။ ပဲကြီး, တင်လဲ၊ နှစ်ပါးတွဲ၊ စားခဲမပြုကောင်း။နို့၊ ချဉ်,ပေအူ၊ ပေရေဟူ၊ ဝက်မှုမစားကောင်း။ ပဲဘတ် ဆိတ်သား၊ ကျွဲသား, ဘဲဥ၊ အစုစု၊ ရောမှု မစားကောင်း။ ဒေါင်းသား, ကြက်သား၊ ထိုအသား နို့များ ချဉ်နှင့် မစပ်ကောင်း။ သေ အရက်ချဉ်, ဆား၊ မို့ကြက်သား၊ ငါးကို နို့နှင့် မစပ်ကောင်း။ ပလောပီနံ့ဥ ယှဉ်မှု ဒေါင်းသား၊ သကြားသေရက်၊ ကင်းပိမ့်ရွက်၊ပျားစွပ် မစပ်ကောင်း။ ဆပ်ပြာ, ပြာ, ဆား၊ အချဉ်များ၊ စပ်ထားမပြုကောင်း။ ကင်ပိမ့်အရွက်၊ နှမ်းဖတ်စွက်၊ ချက်၍ မစားကောင်း။ ဝက်ဆီထိပြား၊ ဗျိုင်းအောက်သား၊ ချက်စားမပြုကောင်း။ ငါးချက်တူးတြား၊

ဟင်းအိုးများ နှင့်၊ ပျားရည်, ပိတ်ချင်းရွက်၊ ရောနှောစွက်၊ ချက်၍ မစားကောင်း။ မှုန်ညင်းဆီများ၊ ခိုအသား၊ ငါးကို နို့နှင့် မစားကောင်း။ ကြက်ဆူဆီများ၊ ငှက်အသား၊ ချက်စား မပြုကောင်း။ မဲနယ်အိုးများ၊ သားချဉ်ပါး၊ တည် ထားမပြုကောင်း။ ပဲကြီး, မုန်လာ၊ သားမှာ သားချင်း၊ ရောစပ်သွင်း၊ အလျင်း မစားကောင်း၊ နို့နှင့် ငှက်ပျောသီး၊ ထန်းသီး, နို့ချဉ်၊ ဆိတ်လျှင်အသား၊ ဆူးပန်းများ၊ ချက်စား မပြုကောင်း။ အစားမမှန်၊ ခါမမှန်၊ အလွန်အယုတ် မစားကောင်း။

* * *



## အရိုး ကျမ်း

၂၄၂။ ၎င်းကျမ်းအစ ပထမသိအပ်သော အခြင်းအရာသည်ကား လောကုတ္တရာ အလိုအားဖြင့် အဠကထာ ဋီကာကျမ်း၊ လောကီအလိုအားဖြင့် သုဿုဆေးကျမ်း၊ အနာတမိ ဆေးကျမ်းတို့မှလာသော အကြောအရိုးတို့ကို နေရာတကျ သိကျွမ်းကျေပွန်မှသာလျှင် သင့်လျော်မည် ဖြစ်ပါသဖြင့် အရိုးတို့သဏ္ဌာန် ၎င်းတည်ရာဌာန၊ အကြောတို့သဏ္ဌာန်-၎င်းတည်ရဌာန၊ ရောဂါရောက်ရာနှိပ်ပုံ အင်္ဂါဌာနတို့မှစ၍ နောင်လာနောက်သား အများသိမှတ် နားလည်ရန် ရှင်သန်ရင်း ရှိသည့်အတိုင်း အထူးသဖြင့် ပြပေအံ့။

သတ္တဝါတည်းဟူသော မိမိခန္ဓာ ကိုယ်ကာယ၌ အရိုးတို့သည် ဖြူသောအဆင်းရှိ၏။ သဏ္ဌာန်အမျိုးမျိုးတို့လည်း ရှိကုန်၏။ ထိုမှတစ်ပါး **"အဋ္ဌိတိ ဌပေတွာ ဒွတ္တိံသ ဒန္တဋ္ဌီနိ အဝသေသာနိ"** ဟူ၍ အဋ္ဌကထာကျမ်းမှာထားသောကြောင့် သုံးဆယ့်နှစ်ချောင်းသော သွားတို့ကို အရိုးအတွက်မှ ကင်းစေ၍ ခြေသည်း, လက်သည်းတို့ကို ယူသင့်ရာ၏။

**အရိုးတို့သည်ကား။** ခြေဖမိုးတို့၏ အတွင်း၌ ဝင်၍ တည်သော အရင်းအဆစ်အရိုးနှင့်တကွ ခြေသန်းရိုး ငါး၊ ခြေမ ရိုး ခြောက်၊ အလယ်ခြေချောင်းသုံးခု၊ ကျန်ခြေချောင်းခုနစ်ခုစီအားဖြင့် လက်ဝဲခြေရိုး သုံးဆယ့်နှစ်၊ လက်ယာခြေရိုး သုံးဆယ့်နှစ်၊ ပေါင်းအရိုးခြောက်ဆယ့်လေးခုသည်လည်း ရှိကုန်၏။ လက်ဝဲဘက်မျက်ရိုး နှစ်၊ လက်ယာဘက်မျက်ရိုး နှစ်၊ လက်ဝဲ မြင်းခေါင်းရိုး နှစ်၊ လက်ယာ မြင်းခေါင်းရို နှစ်၊ လက်ယာ, လက်ဝဲ ပုဆစ်ရိုး နှစ်၊ လက်ယာပေါင်ရိုး တစ်၊ လက်ဝဲပေါင်ရိုး တစ်၊ လက်ဝဲတင်သာရိုး တစ်၊ လက်ယာ တင်သားရိုး တစ်၊ ဤသို့သော အရိုးတို့သည် ဖြစ်ကုန်၏။ လက်ဝဲ, လက်ယာပါးရိုး နှစ်၊ ကျောက်ဆစ်ရိုး

တစ်ဆယ့်ရှစ်၊ လက်ဖဝါးရိုး နှစ်ဆယ့်လေး၊ လက်ဝဲ, လက်ယာရင်ရိုး နှစ်ဆယ့်လေး၊ နှလုံးရိုး တစ်၊ လက်ဝဲ, လက်ယာ ညှပ်ရိုး နှစ်၊ ကျောက်ထပ်ရိုး နှစ်၊ လက်ဝဲ, လက်ယာမောင်းရင်းရိုး နှစ်၊ လက်ဝဲ, လက်ယာ မောင်းဖျားရိုး လေး၊ လက်ဝဲ, လက်ယာ လက်ချောင်းရိုး ခြောက်ဆယ့်လေး၊ လည်ရိုးခုနစ်၊ အောက်မေးရိုး, အထက်မေးရိုး နှစ်၊ နှာခေါင်းရိုး တစ်၊ မျက်ကွင်းရိုး နှစ်၊ နားရိုး, နဖူးရိုး တစ်၊ ထိပ်ရိုး တစ်၊ ၎င်းနဖူးရိုးတို့၏ အထက်ခွံဟု ဆိုအပ်သော ခေါင်းခွံရိုးကို အလုံးစုံသော ကိုယ်တို့၏ အတွင်းသား၌ တည်သော အရိုးနှခြောက်ဆယ့်လေး။ ဤသို့သော အရိုးစုတို့သည်ရှိသည်ဖြစ်ကုန်၏။

ဤသို့သော သုံးရာသော အရိုးတို့သည် ခရသင်းကဲ့သို့ အလွန်ဖြူလွန်းသော အဆင်းရှိကုန်၏။ သဏ္ဌာန်အားဖြင့်ကား ခြေချောင်းတို့၏ အဖျားအဆုံး အဆစ်ရိုးတို့သည် အရင်းအဖျား စဉ်းငယ်ကြီးကြီး၊ အလယ်စဉ်းငယ်ခွက်ခွက်ခပေါင်းရေကြည်စေ့သဏ္ဌာန်ရှိ၏။ ဒုတိယခြေချောင်းအဆစ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဌာန်ရှိကုန်၏။ တတိယအဆစ်ရိုးတို့သည် ထက်စည်းသဏ္ဌာန် ရှိကုန်အံ့၊ စတုတ္ထ အဆစ်ရိုးတို့သည် ပတိုင်းခတ္တာငုံသို့ အငုံအဖျား၌ ဓားငယ်ဖြင့် လှီးဖြတ်ထားအပ်သော အဖျားဖြတ်သဏ္ဌာန်ရှိကုန်၏။ ပဥ္စမအဆစ်ရိုးတို့သည် ပတိုင်းခတ္တာအငုံကို အရင်း၌ တစ်ချက်, အဖျား၌တစ်ချက် ဓားငယ်ဖြင့် လှီးဖြတ်ထားသော အလယ်ဖြတ်သဏ္ဌာန်ရှိ၏။ ဆဋ္ဌမအဆစ်ရိုးသည် ပတိုင်းခတ္တာငုံ၏ အညှာအရင်း၌ ဓားငယ်ဖြင့် လှီးဖြတ်အပ်သော အရင်းသဏ္ဌာန် ရှိကုန်၏။ သတ္တမအဆစ်ရိုးတို့သည်လည်း ဆဋ္ဌမအဆစ်ရိုးတို့နှင့် အလားတူသဏ္ဌာန်ရှိ၏။ ဖနောင့်ရိုးတို့သည် တစ်စေ့သာရှိသော ထန်းသီးစေ့ကောက်၏ ထန်းစေ့မှတ် သဏ္ဌာန်ရှိကုန်၏။ ဖမျက်ရိုးတို့သည် သူငယ်ကစားသော ဂျင်လုံးနှစ်လုံးပွတ်သဏ္ဌာန် ရှိကုန်၏။ မြင်းခေါင်းရိုးတို့၏ ဖမျက်ရိုးတို့၌ တည်ရာအရပ်သည် အလယ်ခွက်ခွက် တစ်ဖက် တစ်ချက် အဖျားရှည်ရှည်၊ အခွံသင်၍ထားအပ်သော သံင်ပေါင်းညှောက်သဏ္ဌာန် ရှိကုန်၏။ ငယ်သော မြင်းခေါင်းရိုးတို့သည် ပိန်ချုံးသော မြွေ၏ ကျောက်ကုန်းသဏ္ဌာန် ရှိကုန်၏။ ပုဆစ်ရိုးတို့

သည် အပေါ်မောက်မောက်၊ အောက်ခွက်ခွက် တစ်ဖက်တစ်ပိုင်း ကုန်ခမ်းသော အပေါက်ပေါက်အတွင်းတွင်ရှိသော ရေမြုပ် သဏ္ဌာန်ရှိ၏။ မြင်းခေါင်းရိုးတို့၏ ပုဆစ်ရိုး၌ တည်ရာအရပ်သည် အလယ်ခွက်ခွက် နံပါး နှစ်ဖက်အစွန်းရှည်ရှည် နွားဦးချိုနှစ်ခုသဏ္ဌာန် ရှိကုန်၏။ ပေါင်ရိုးတို့သည် တစောင်းလိမ်ရွှေရွှေ၍ ထားအပ်သော ပေါက်ဆိန်ရိုးသဏ္ဌာန် ရှိကုန်၏။ ထိုပေါင်ရိုးတို့၌ တည်ရာအရပ်သည် သူငယ်တို့ ကစားသော ခုံညင်းသဏ္ဌာန် လုံးလုံးဝန်းဝန်းရှိ၏။ ထိုခါးရိုးတို့၏ ထိုပေါင်ရိုးတို့၌ တည်ရာအရပ်သည် မျက်နှာဝကို ဖြတ်၍ ထားအပ်သော ပုန်းညက်သီးကြီး သဏ္ဌာန်ရှိ၏၊ ထိုခါးရိုးတို့၏ နှစ်ခုပေါင်းသောသဏ္ဌာန်သည် အိုးထိန်းသည်တို့၏ ခုံလောက်သဏ္ဌာန်ရှိ၏။ တစ်စုတည်း တည်သည်ရှိသော် ပန်းပဲသူကြီးတို့၏ တူ၌ဖွဲ့သော သားရေလွန်ကြိုးသဏ္ဌာန်ရှိ၏။ အစွန်း၌ တည်သော တင်သားတို့သည် အောက်သို့ ရှေ့ရှုတည်သော မြွေ၏ပါးပြင် သဏ္ဌာန် ရှိကုန်၏။ ကျောက်ကုန်းရိုးအတွင်းသဏ္ဌာန်သည် ဦးရစ်ခေါင်းပေါင်းတို့ကို အဆင့်ဆင့် ခွေရစ်၍ ထားအပ်သော သဏ္ဌာန်ရှိ၏။ ပြင်ဘက်တစ်ချက် ပုတီးရွဲလုံးကို စီထားသကဲ့သို့သော သဏ္ဌာန်ရှိ၏။ အကြောအဆစ်ရိုးတို့၏ အကြား၌လည်း လွှသွားကဲ့သို့သော အရိုးဆူးတို့သည်လည်း ရှိကုန်၏။ နှစ်ဆယ့်လေးခုသော နံရိုးတို့သည် တစ်ချောင်းစီ တစ်ချောင်းစီ တည်ရှိသော သံလျက်သဏ္ဌာန် ရှိကုန်၏။ ပေါင်းအလုံးစုံတို့၏သဏ္ဌာန်သည် အတောင်ကိုဖြန့်၍ တည်ရှိသော ကြက်ဖြူ၏ အတောင်နှစ်ဖက်သဏ္ဌာန် ရှိကုန်၏။ ရင်ရိုးတို့သည် လှည်းရံတိုင် သဏ္ဌာန်ရှိ၏။ နလုံးရိုးတို့သည် ယောက်မရွက်သဏ္ဌာန် ရှိကုန်၏။ ညှပ်ရိုးတို့သည် ပဲကွပ်ရိုးကဲ့သို့ ရှည်ရှည်ကော့ကော့သဏ္ဌာန် ရှိကုန်၏၊ ကျောက်ကပ်ရိုးတို့သည် တစ်စောင်းတစ်ခြမ်း တိုၡ၍ခွက်၍သွားသော တူရွင်းပြားသဏ္ဌာန်ရှိကုန်၏။ မောင်းရင်းရိုးတို့သည် ကျောက်ကဲ့သို့ အရင်းကြီးကြီး အဖျားစဉ်းငယ်သေးသေး၊ အလယ်ညွတ်ညွတ်သဏ္ဌာန်ရှိ၏။ မောင်းဖျားရိုးနှစ်မွှာတို့သည် ထန်းမြစ်သဏ္ဌာန်ရှိ၏၊ လက်ကောက်ဝတ်တို့သည် တစ်ဖက်မှ တွယ်စေ၍ တစ်ဖက်မှမြှောက်၍ထားအပ်သော

ဦးရစ်ခေါင်းခွေသဏ္ဍာန်ရှိ၏၊ လက်ရိုးနှင့် ခြေဆစ်ရိုးတို့သည် စဉ်းငယ် ရှည်ရှည်၊ ခြေဆစ်ရိုးတို့အောက် စဉ်းငယ်သေးသောအသွင်ရှိသည်ဖြစ်၍ ခြေဆစ်ရိုးတို့နှင့် စဉ်းငယ်တူသောသဏ္ဍာန်ရှိ၏၊ တည်ဆစ်ရိုးနှစ်ခုတို့သည် ဝါးခြမ်းစိပ်လုံ့တံဖြင့် အစဉ်အတိုင်းထိုး၍ သီထားအပ်သော ဝါးမြစ်ကွင်း ခုနစ်လွှာသဏ္ဍာန်ရှိ၏။ အောက်မေးရိုးတို့သည် ပန်းပဲသူကြီးတို့၏ တူဦဖွဲ့သော လွန်ကြိုးသဏ္ဍာန်ရှိ၏။ အထက်မေးရိုးတို့သည် လက်သည်း လှီးထားသကဲ့သို့ ကုန်းညွတ်သောသဏ္ဍာန် ရှိကုန်၏။ နှာခေါင်းရိုးတို့သည် ထန်းသီးငယ်အတွင်းဆံကိုယူ၍ ထားအပ်သော ထန်းသီးဆံအိမ်သဏ္ဍာန် ရှိကုန်၏။ မျက်ကွင်းရိုးတို့သည် ထန်းသီးကြီး၏ အတွင်းအဆံကိုယူ၍ ထားအပ်သော ထန်းသီးဆံအိမ်သဏ္ဍာန် ရှိကုန်၏၊ နဖူးရိုးတို့သည် အောက်သို့မှောက်၍ ထားအပ်သော ခရုသင်းကွက်သဏ္ဍာန်ရှိ၏၊ နပန်းစွန်းရိုး တို့သည် ဆတ္တာသည်၏ သင်ဓုန်းအိမ်ကဲ့သို့ ပြားပြားခုံးခုံးသဏ္ဍာန် ရှိကုန်၏၊ နဖူးရိုးတို့၏ ပြင်ဘက်နပန်းရိုး၏ အထက်၌တည်သော နားထင်ရိုးသည် ညောင်ရေအိုးငယ် ထက်ခြမ်းကွဲသောသဏ္ဍာန်ရှိကုန်၏၊ ၎င်းနားထင်ရိုးနှင့်တကွ တစပ်တည်းသော ထိပ်ရိုးတို့သည် မျက်နှာဝကို ဖြတ်ထားသော အုန်းသီးသဏ္ဍာန် ရှိကုန်၏ ဆံပင်၏ ပေါက်ရာတည်ရာ ဦးခေါင်းခွံဟု ဆိုအပ်သော တစ်ခေါင်းလုံး၏ အထက်ခေါင်ခွံရိုးတို့သည် ရှစ်စိပ်ကိုးစိပ် ကွဲသဖြင့် ချုပ်စပ်၍ ထားအပ်သော ကွဲအပ်သော အရေး အကြောင်းထင်သော ဘူးအုန်းသဏ္ဍာန် ရှိကုန်၏။ ဤအလုံးစုံကို ပေါင်းသော အရိုးကောင်သည် ကြိမ်နွယ်တို့ဖြင့် ရစ်ဆိုင်းအပ်သော၊ နွားချေးစိုတို့ဖြင့် မွမ်းမံသော ကောက်ရိုး ရုပ်, သစ်သားရုပ် သဏ္ဍာန်ရှိ၏။ ဤသုံးရာသော အရိုးတို့သည် အထက်ကိုယ်အရပ်၊ အောက်ကိုယ်အရပ်ဟု ဆိုအပ်သော အလုံးစုံသော ကိုယ်အရပ်၌ဖြစ်အံ့။

ဦးခေါင်းရိုးတို့သည် လည်ရိုးတို့၌ တည်ကုန်၍ လည်ရိုးတို့သည် ကျောက်ကုန်းရိုးတို့၌ တည်ကုန်၏၊ ကျောက်ကုန်းရိုးတို့သည် ခါးရိုးတို့၌ တည်ကုန်၏၊ ခါးရိုးတို့သည် ပေါင်ရိုးတို့၌ တည်ကုန်၏။ ပေါင်ရိုးတို့ သည် မြင်းခေါင်းရိုးတို့၌ တည်ကုန်၏။ မြင်းခေါင်းရိုးတို့သည် ဖမျက်ရိုး

တို့၌ တည်ကုန်၏။ ကြွင်းသောအရိုးတို့သည် အချင်းချင်းသဘောတူရ အရိုးအသားတို့ကို မှီ၍ တည်ကုန်ရာ၏။

သုသုတဆေးကျမ်း၌ကား အသီးအခြားဟုဆို၏။ ဤသိရာမည်သော အကြောင်းနှစ်ခုတို့သည် ချက်တိုင်၌ဖွဲ့၍ ထက်ဝန်းကျင် ပျံ့နှံ့ကုန်၏၊ လူတို့၏ အသက်သည် ချက်၌တည်၏။ ချက်သည် အသက်၏ တည်ရာဖြစ်၏။ ဤ သိရာမည်သော အကြောဖြင့် ပိတ်ဖုံးအပ်၏။ ရထားဘီး၏ ပုံတောင်းဖြစ်သကဲ့သို့ ချက်သည်ဖြစ်၏။ ထိုအကြော နှစ်ခုတို့တွင် ချက်၌ မူလအရင်းဖြစ်သော အကြောကြီး လေးဆယ်တို့သည် ရစ်ပတ်ကုန်၏။ ထိုလေးဆယ်တို့တွင် လေ, သည်းခြေ, သလိပ်, သွေးတို့ကို အသီးသီး ဆယ်ခုစီ ဆောင်ကြလေကုန်၏။ လေ၏တည်ရာကို ရောက်ကုန်သော အကြောဆယ်ခုတို့သည် တစ်ရာ့ခုနှစ်ဆယ့်ငါးဖြာ ဖြစ်ကုန်၏။ ဤမျှလောက်သော သည်းခြေကိုဆောင်သော အကြော, သလိပ်ကို ဆောင်သော အကြောတို့သည်လည်းကောင်း၊ သည်းခြေ, သလိပ်တို့၏ တည်ရာသို့ ရောက်၍ တစ်ရာ့ခုနှစ်ဆယ့်ငါးခုစီ ဖြစ်ကုန်၏။ သွေးကိုဆောင်သော အကြောဆယ်ခုတို့သည်လည်း သွေး၏တည်ရာ အသည်း, သရက်ရွက်တို့ကို ရောက်၍ တစ်ရာ့ခုနစ်ဆယ်ငါးခုဖြစ်၏။ ဤသို့အကြောလေးဆယ်တို့သည် ခုနစ်ရာဖြစ်၏။ လေကိုဆောင်သော အကြောတစ်ရာ့ခုနစ်ဆယ့်ငါးခုသည်ကား ခြေနှစ်ဖက်, လက်နှစ်ဖက်တွင် တစ်ခုလျှင် ဆယ့်ငါးချောင်းစီအားဖြင့် တစ်ရာ။ တင် အင်္ဂါဇာတ်တို့ကို မှီသော ခါး၌တည်သော အကြောရှစ်ချောင်း၊ နံပါးဝဲယာ၌ နှစ်ချောင်းစီအားဖြင့် လေးချောင်း၊ ကျောက်ကုန်း၌ ခြောက်ချောင်း၊ ဝမ်း၌ခြောက်ချောင်း၊ ရင်ဘတ်၌ ဆယ်ချောင်းအားဖြင့် သုံးဆယ့်လေးချောင်း၊ လည်ပင်း၌ တစ်ဆယ့်လေးချောင်း၊ နား၌တစ်ဖက်နှစ်ချောင်းစီ ၄ ချောင်း၊ လျှာ၌ ၉ ချောင်း၊ နှာခေါင်း၌ ၆ ချောင်း၊ မျက်စိ၌ တစ်ဖက်လေးချောင်းစီအားဖြင့် ရှစ်ချောင်း၊ စုစုပေါင်း တစ်ရာ့ခုနစ်ဆယ့်ငါးချောင်း ဖြစ်၏။ သည်းခြေ, သလိပ်, သွေးတို့ကို ဆောင်သော အကြောသည်လည်း ဤနည်းအတိုင်း တစ်ရာ့ခုနစ်ဆယ့်ငါးချောင်း ဖြစ်ကုန်၏။ အထူးအားဖြင့်ကား သည်းခြေ,

သလိပ်, သွေးတို့ကိုဆောင်သော အကြောတို့၌ မျက်စိတွင်တစ်ဆယ်၊ နားတွင်တစ်ချောင်းစီထား၍ ရေတွက်ခြင်းမျှသာ ထူး၏၊ ဤသို့ နာဠိမည်သောအကြောတို့၏အကြောင်းကို နာဠိပရိက္ခရာကျမ်းသုသုတ ဆေးကျမ်းတို့၌ဆို၏။ အရိုးရှည်တို့၏ အလုံးထိပ်၌ ကွန်ချာကဲ့သို့ ဖုံးအုပ်သော အကြောမျိုးတို့သည် သုသုတဆေးကျမ်းတို့၌ အကြောဟူ၍ မဆို၊ ဓာကွန်ချာနှင့်တူသောကြောင့် ဓာလဟုဆို၏။ ဤဓာလကား အသား သိရာမည်သော အကြော၊ နှာရုမည်သော အကြောအရိုး၏ ဓာလအားဖြင့် လေးမျိုး ဖြစ်ကုန်၏။ လက်ကောက်ဝတ်, ခြေကျင်းဝတ်၌ မှီ၍ အချင်းချင်း ဖွဲ့ယှက်ကြကုန်၏ဟူ၍ ဆိုလေသည်။

* * *

## ၂၄၃။ ခေါင်းခဲ၍ ဇက်ကြောတင်းသည်ကိုနှိပ်ရန်

ထိုရောဂါ ကပ်ရောက်သော သူတို့သည် နောက်ဘက်၌သော်လည်းကောင်း၊ ကုပ်၌သော်လည်းကောင်း၊ လက်ဝဲ, လက်ယာနားထင်၌သော်လည်းကောင်း၊ အပူလျှံသည်ဖြစ်၍ အလွန်တရာ နာကျင်တတ်ပါသည်။ ရင်ကိုလည်း ဝါယောဓာတ် ပင့်မြောက်သည် ဖြစ်သောကြောင့် တနင့်နင့် တအင့်အင့် ရှိတတ်ပါသည်။ အာခံတွင်းမှ အပုပ်ဆန်လျက် တနံ့နံ့တစော်စော် ရှိတတ်ပါသည်။ တံတွေးလည်း များတတ်ပါသည်။ နှိပ်အံ့သော အချက်ကား လက်ဝဲဒူးဖျား၏ အထက်လက်လေးဆစ်ခန့် အရပ်၌ လက်မဖြင့် ထောက်မွှေနှိပ်နယ်ပြီးလျှင် နားရွက် နှစ်ဖက်၏နောက် သော်လည်းကောင်း၊ မေးရိုး, နားထင်ရိုး, မျက်မောက်ရိုးသို့သော် လည်းကောင်း၊ လက်ပြင်ညွန့် အပူများပြီး အောက်လျှောက်သွားသော အကြောသို့သော်လည်းကောင်း၊ လက်ညှိုးက အသားဖေး၍ တဖြည်းဖြည်း ချင်း လက်မဖြင့် ထိုးကြိတ်နှိပ်နယ်ရသည်ရှိသော တခဏအတွင်း၌ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

* * *

## ၂၄၄။ နားအူနားပင်နှိပ်ရန်

ထိုရောဂါကပ်ရောက်သောသူတို့သည် ဘေးကြော၊ ရင်ကြောတင်း၍ လည်၌ ဆို့မြို့နင့်တင့်ရှိတတ်ပါသည်၊ နားအုံတစ်ဖက်တစ်ချက်တို့၌ အပူ ကြွ၍ နားတွင်းမှ တစစ်စစ် ပိုးထိုးသကဲ့သို့ ကိုက်တတ်ပါသည်။ နှိပ်ရန် အချက်ကား ဇက်ကိုသော်လည်းကောင်း၊ နားသယ်ကိုသော်လည်းကောင်း၊ နားရွက်၏ အောက်လက်တစ်ဆစ်ခြားခန့် နေရာသော်လည်းကောင်း၊ လက်မဖြင့် အတော်ကြာကာလထောက်သဖြင့် အပူအပြင်သို့ရောက်လျှင် ခဏချင်းနှင့်ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါမည်။

* * *

## ၂၄၅။ မူး၍ တမှိုင်မှိုင်တတွေတွေရှိသည်ကို နှိပ်ရန်

ထိုရောဂါကပ်ရောက်သောသူတို့မှာ သွေးသည် အထက်ကို တက် သဖြင့်လည်းကောင်း၊ အောက်သို့တက်သဖြင့်လည်းကောင်း၊ နှလုံးကို လေရိုက်သဖြင့်လည်းကောင်း၊ တစ်ကိုယ်လုံး အေးမြတတ်ခြင်း၊ မျက်တောင် မွေးယှက်ခြင်း၊ တစ်ချက်တစ်ချက် သတိမေ့လျော့တတ်ခြင်း ဖြစ်တတ် ပါသည်။ နှိပ်ရန်အချက်မှာ နောက်စေ့သို့သော်လည်းကောင်း၊ ကုပ်၏နှစ်ဖက် စောင်းကိုလည်းကောင်း မျက်မှောက်အကြားသို့သော်လည်းကောင်း၊ မျက်ခုံးသို့သော်လည်းကောင်း၊ လက်ညှိုးဖြင့် ဖေးမ၍ လက်မဖြင့် အသာ အယာထောက်လျှင် တခဏချင်းနှင့်ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၄၆။ လေပူထသည့်ကိုနှိပ်ရန်

ထိုရောဂါကပ်ရောက်သော သူတို့ကို နားနောက်အရိုးဖု၏ အောက် တွင် လက်မနှင့် ထောက်သဖြင့်လည်းကောင်း၊ သကျည်း၏အောက် လေရောက်သောနေရာကို လက်ဝါးစောင်း တစ်ဖက်ဖြင့် နှိပ်ချ၍သော် လည်းကောင်း၊ တခဏအတွင်း၌ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၄၇။ ကြွက်ကြီးထိုးသော်နှိပ်ရန်

ထိုရောဂါ ကပ်ရောက်သော သူတို့ကို နောက်ဘက်ဆံစမှ သည်ကုပ်ရိုးတလျှောက် လျှောက်၍ လက်ညှိုး, လက်မနှစ်ဖက် ညှပ်ပြီးလျှင် သာယာစွာဖြင့် အနည်းငယ် နှိပ်သော်လည်းကောင်း၊ နှစ်ဖက်သော ခြေဖျားကို နာနာအုပ်၍ အတွင်းသို့ ချိုးပြီးလျှင်, ရင်ဝကို လက်ဝါးနှင့် ဖိကာ အုပ်သော်လည်းကောင်း၊ ခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၄၈။ သွားနာသွားကိုက်ကိုနှိပ်ခြင်း

ထိုရောဂါကပ်ရောက်သောသူတို့ကို နှုတ်ခမ်းစောင်း တစ်ဖက် တစ်ချက်ကစ၍ နားရင်းသို့ထိအောင် နှိပ်ခြင်း၊ ပါးသွယ်ရိုးအောက် တစ်ဖက်တစ်ချက် လက်ညှိုး, လက်မဖြင့် မမြှောက်,မကြွ ကသမတ်တည်း ထောက်၍နှိပ်ရသော် တခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၄၉။ မေးဆိုင်၍နေသည်ကို နှိပ်ရန်

ထိုရောဂါကပ်ရောက်သောသူတို့ကို လည်မျိုကလျှောက်၍ နားရင်းသို့ ရောက်အောင်သော်လည်းကောင်း၊ ပေါင်တွင်းကြောက လက်တစ်ဖက်ဖြင့်နှိပ်၍ ဇက်ကြောကို လက်တစ်ဖက်ဖြင့် ဆုပ်ခါချသော် လည်းကောင်း၊ တခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၅၀။ မျက်စိနာ တိမ်စွဲ သလ္လာလွှမ်းကို နှိပ်ရန်

ဝဲ, ယာ ခြေသလုံး ကြွက်သားကိုသော်လည်းကောင်း၊ ပခုံး နှစ်ဖက်နှင့်တကွ အုပ်ဆက်အလယ်တည့်တည့်ကိုသော်လည်း၊ ခြေသလုံးပြင် အနီး ညို့သကျည်းအရိုးမြှောင်ကိုသော်လည်းကောင်း၊ လက်ညှိုး, လက်မဖြင့်

ကုပ်လျက် အတန်ငယ်နာအောင်နှိပ်သော် တခဏချင်း ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၅၁။ မိန်းမတို့၌ မီးယပ်နှင့်ယှဉ်၍ဖြစ်သော ရင်ဆို့ရင်ကျပ်နာ တို့ကို နှိပ်ရန်

လက်ဝဲ, လက်ယာ မောင်းဆက်နစ်ဖက်အတွင်း၊ သားမြတ်အတွင်း ရင်နသားကို လက်မဖြင့် အသာအယာ နှိပ်၍ နံဘေးမှသော်လည်းကောင်း၊ ကျောမှသော်လည်းကောင်း၊ လက်ဖနောင့်ဖြင့် ဖိကာ–ဖိကာ နှိပ်ရသော် တခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ရပါသည်။

* * *

## ၂၅၂။ လက်သေ လက်ကာင်သော် နှိပ်ရန်

ရင်သား အထက် လက်လေးသစ်ခန့်တွင်သော်လည်းကောင်း၊ ရင်ဝအောက် မောင်းကွေးကြားတွင် သော်လည်းကောင်း၊ ရင်ဝအောက် မောင်းကွေးတွင်သော်လည်းကောင်း လက်ဖြင့် ထောက်ခါ–ထောက်ခါ နှိပ်နယ်ပြီးလျှင် လက်မောင်းရင်းမှ လက်ဖျားထိအောင် ရေနွေးနှင့်သုတ်သင်မိး၍ လက်ဝါးဖြင့် ဆုပ်နှိပ်ရသော် ဆိုခဲ့ပြီးသော ဝေဒနာသည် တခဏချင်းပင် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၅၃။ လေပူတိုး၍ ရင်ကျပ်သော် နှိပ်ရန်

ရင်ဝနှင့် ဘဝင်ကို ရှေးဦးစွာ လက်ဖြင့်ဖိလျက် အပူနိုး ပွဲ့နှံ့စေပြီးလျှင် ကျောကတစ်ဖန် လက်ဖနောင့်နှင့် ဖိကာ ဖိကာ အငေါန်ကြာကာလကို လွန်စေ၍ လက်ပြင်ညွန့်သို့ လက်မဖြင့် တစ်ဖက်တစ်ချက် နှိပ်ရသော် ဆိုခဲ့သော ရောဂါသည် တခဏချင်းနှင့်ပင် ကင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၅၄။ နံဘေးအောင့် ရင်အောင့်သော် နှိပ်ရန်

ဘေးကြောတစ်ဖက်တစ်ချက်ကို လက်ဖနောင့်ဖြင့် ဖိကာ ဖိကာ နှိပ်နယ်ပြီးလျှင် ချက်အောက်သုံးထစ်ကွာသော ဆီးချိုင့်အရပ်တက် လက်ဝါးဖြင့်အုပ်၍ နှိပ်ရသော်လည်းကောင်း၊ လက်ရုံး, ပခုံး,, နှစ်ဖက် ရှေ့ရင်ဘတ်စွန်းမှ ရင်အုံသားမြတ် အထက်တစ်ပြင်လုံးတွင် နှိပ်ရ သော်လည်းကောင်း ဆိုခဲ့သော ရောဂါသည် ခဏချင်းနှင့်ပင် ရှင်းကွာ ပျောက်ပရပါသည်။

* * *

## ၂၅၅။ ခြေလက်သေ ထုံကျင်သော် နှိပ်ရန်

မီးညောင့် အထက် လက်နှစ်သစ်အကွာတွင် လက်မဖြင့် သန်စွမ်းစွာ ထိုးနှက်၍ ပေါက်တွင်းကြောကို တံတောင်ဖြင့် တစ်တလျှဉ်းတည်း ကြိတ်ပြီးလျှင် ခြေသလုံး ကြွက်သားတွင်းသို့ နှိပ်ရသော် ဆိုခဲ့သောရောဂါ သည် ခဏချင်းနှင့်ပင် ပျောက်ပရပါသည်။

* * *

## ၂၅၆။ အိပ်မပျော်သော်လည်းကောင်း၊ အထစ်အမြစ်ကိုက်သော်လည်းကောင်း နှိပ်ရန်

ဒူးပေါ်ကလျှောက်၍ ပေါင်ခြံသို့ရောက်အောင် အကြောကို လျှော့စေခြင်းငှာ ကြိတ်၍ နှိပ်ပြီးမှ ခြေဖနောင့်အတွင်း၌ ရှိသောအပူကို ကြိတ်ခြေ၍ ခြေဖမိုးအရင်းကို နှိပ်ရာ၏။ ထို့နောက် ဘဝင်ကို သာယာစွာ ဖိလျက် နားရင်း၌ လက်ဝါးစောင်းဖြင့် ထောင်၍နှိပ်သော် ဆိုခဲ့သော ဝေဒနာသည် လျင်မြန်စွာ ပျောက်ပရပါသည်။

* * *

## ၂၅၇။ ဆီးကျင်–ဆီးအောင့် နှိပ်ရန်

ခြေဖနောင့်အထက် ကြွက်သားကို လျှောက်နှိပ်စေသော် လည်းကောင်း၊ ချက်တိုင်အောက် သကျည်းလိပ်မီးများကို လက်ဝါးဖြင့် အသာအုပ်လျက် လက်ဖျားဖြင့် ကုပ်ခါကုပ်ခါ နှိပ်ရသော်လည်းကောင်း ဆိုခဲ့သော ဝေဒနာသည် လျင်စွာ ပျောက်ပရပါသည်။

* * *

## ၂၄၈။ ခါးကိုက် ခါးနာ နှိပ်ရန်

ခြေဖမိုးကစ၍ ဒူးဆစ်ကျအောင် ရှေ့သို့သကျည်းရိုး ဘေးတစ်ဖက်တစ်ချက်အတွင်းသို့ လက်မဖြင့် ထောက်ခါထောက်ခါ နှိပ်ရသော်လည်းကောင်း၊ တင်ပါးခွက်အတွင်းသို့ တံတောင်ဆွန့်နှင့် နာနာမွှေပြီးလျှင် ခါးနောက်ကျောရိုးသို့ လက်မလက်ညှိုးဖြင့် အကြောရှိသွေး ပူအောင်နှိပ်ခါ နယ်ရသော်လည်းကောင်း ဆိုခဲ့သော ဝေဒနာသည် ခဏချင်းနှင့် လျှင်စွာ ပျောက်ပရပါသည်။

* * *

## ၂၄၉။ အဖျားကပ်ရောက်သောတောင်သူတို့ကို နှိပ်ရန်

ပူတုံ–ချမ်းတုံ ဖျားသော်ခြေဖဝါးကို နာနာကြိတ်ပြီးလျှင် ခြေမကြားအကြောကို နှိပ်ရာသည်။ အဖျားကြီး၍ မေး, ခေါမရမူ၊ ထူးမေ့တော့ရှိသော် ဖနောင့်ကြောကို နာနာနှိပ်ရာသည်။ ငန်းဖမ်း၍ လူးလဲသော် ခြေမျက်စိအောက်ကို နှိပ်ရာသည်။

* * *

## ၂၅၀။ ခြေမသာယ်နိုင် လက်မသာယ်နိုင်ရှိသော် နှိပ်ရန်

ဒူးဖျားကို တံတောင်ဖြင့် နာနာတော့၍ ဖရုံစွဲအသားကိုသော်လည်းကောင်း၊ လက်မောင်းရင်းအိုး ရှေ့နောက်နှစ်ရပ်ကိုသော်လည်းကောင်း နှိပ်ရာသည်ဟု ကျမ်းအစောင်စောင်တို့မှာ ပြပေသည်။

* * *

## ၂၅၁။ တစ်ပါးသောဆရာ၏ အလိုအားဖြင့် ရှစ်ပါးသော နှိပ်ချက်

၁။ နာစေးသော်၊ မျက်စိဝေသော် ပခုံးအလယ်ကြောကို နှိပ်ရာသည်၊

၂။ ဝမ်းကျသော် ချက်ကို လက်ယာရစ်လှည့်၍ နှိပ်ရာသည်။

၃။ ငန်းဖမ်းသော် ပေါင်တွင်းကြောဆုံကို နှိပ်ရာသည်။

၄။ ရင်ဘတ်နာသော်ဖဝါးအလယ်ကြောကို နှိပ်ရာသည်။

၅။ ကျင်ဖြူ, ကျင်နီဖြစ်သော် ဆီးကြောကို နှိပ်ရာသည်။

၆။ ဝက်ရူးပြန်သော် မောင်းတွင်းအလယ်ကြောကို နှိပ်ရာသည်။

၇။ သွေးတဂူဖြစ်သော် ဆီးကြောအထက်ကကြောသေးကြားကို နှိပ်ရာသည်။
၈။ အစာမကြေလေမစုံသော် ဝမ်းကြော မ, ကို ဖိနှိပ်လေရာသည်။

## ၂၆၂။ သကျည်းနှင့် နှိပ်အပ်သောအရပ်

အရသာနှင့်တကွ သွေး, သလိပ်တို့ကို ဆောင်ကုန်သော ခုနစ်ရာသော အကြောတို့တွင် မနီမည်သော နှစ်ဆယ့်လေးချောင်းသော အကြောကြီးတို့သည် လိပ်သဏ္ဍာန် ကုပ္ပဟု ဆိုအပ်သော သကျည်းဖြစ်ကုန်၏။ ထိုလိပ်ခေါင်းကား လက်ဝဲနံပါးသို့၊ အမြီးကား လက်ယာနံပါးသို့ ထားကုန်၏။ ထိုလိပ်သဏ္ဍာန်ဖြစ်သော အကြော နှစ်ဆယ့်လေးခုတို့တွင် ခေါင်းနှင့်အမြီးတို့မှ အကြောကြီးနှစ်ခုစီ ထွက်၏။ ဝဲ, ယာ နံပါးနှစ်ဖက်တို့ကို လျှောက်သွားကုန်၏။ လက်နှစ်ဖက်, ခြေနှစ်ဖက်တို့မှ အကြောကြီးငါးခုစီတို့သည် လူတို့၏ လက်, ခြေတို့၌ အသီးသီး ပြန့်နှံ့သွားလာကြကုန်၏။ ထို့ကြောင့် အနှိပ်လိမ္မာကုန်သောဆရာတို့သည် သကျည်းဖြင့်များစွာ နှိပ်နယ်ကုန်၏။

* * *

## ၂၆၃။ စမ်းသပ်ရန် သွေးကြောတို့အကြောင်း

နှလုံးသား၏အတွင်းငယ် အခေါင်းငယ်လေးခုတို့တွင် လက်ဝဲဘက်အောက် တွင်းကြီးမှ သွေးကြောကြီးတစ်ခုသည် နှလုံး၏နောက်လက်ယာဘက်သို စောင်း၍ ထွက်ပြီးလျှင် အထက်သို့တက်သွားပြီးအထက်ဆုံး နံရိုးအောက်ရင်ဘတ်ဆိတည့်တည့်အရပ်သို့ ရောက်သည့်ကာလလက်ဝဲဘက်သို့ ခွေကောက်၍ ကျောရိုးကို ကပ်ဆင်း၍ သွားရာနှလုံးအောက်အသည်းနေရာ အောက်အကိုင်း တစ်ခုထွက်၍ ၎င်းအကိုင်းမှအခက်ငယ် ၃ ခု ဖြာပြီးလျှင် လက်ယာဘက်သို့ သွားသည့်အခက်တွင် အသည်းနှင့်သည်းခြေ တွယ်ကပ်၍ ဖြစ်၏။

လက်ဝဲဘက်သို့ သွားသည့်အခက် အဖျားတွင် သရက်ရွက် တွယ်ကပ်၍ဖြစ်၏။ အလယ်ခက်သည် အခက်ငယ် အများအပြား ပြန့်၍ အချို့ကား အစာသစ်အိမ်တွင်းသို့သွား၏။ အချို့ကား ပြည်အိတ်ရှိရာ သို့သွား၍ အဖျားတွင် ပြည်အိတ်၌ ကပ်လျက်ရှိ၏။ အချို့သည် သူငယ်၏ ပထမပိုင်း၌ ဖြာလျက်သွား၏။

နှလုံးမှထွက်လာရင်း အကြောကြီးသည်ပင် အောက်သို့ ဆင်းသွား ပြန်၍ အောက်ဆုံး နံတိုနှစ်ချောင်းအနက်အထက် နံတိုနှင့်ပင်ဆက်သည်။ ကျောရိုးမှအောက်ကျောရိုး ၄ ချောင်းအတွင်းတွင် အကိုင်းနှစ်ခုထွက်ပြီး လျှင် အဖျားတွင် ဝဲယာ ကျောက်ကပ်နှစ်ခု ဖြစ်ပြန်၍ ဤကျောက်ကပ်၏ အရှေ့ဘက် အကြောကြီးထွက်သည့် အညှာမှ နောက်အခေါင်းရှိသော အကြောတစ်ခုစီထွက်၍ ဆီးအိမ်ဆီးပေါက်တွင်းသို့ဝင်၏။

နှလုံးမှ ထွက်ရင်းသွေးကြောကြီးသည် လည်ပင်းသို့ရောက်သည့် ကာလ အကိုင်းကြီးနှစ်ခု အကိုင်းငယ် သုံးခု ခြေနှစ်ဖက်သို့ အကိုင်းကြီး နှစ်ခုတို့သည် သွားကုန်၏။ အကိုင်းငယ်သည် နောက်ထားမချပ် မီး ညောင်ရိုး–တင်ပါးတို့သို့ ဖြာ၍သွား၏။ ခြေနှစ်ဖက်သို့သွားသော အကိုင်း နှစ်ခုတို့သည် တစ်ခုလျှင် နှစ်ခုစီဖြာ၍ ဝဲယာပေါင်တို့ကို ရှေ့နောက် အုပ်ပြီးလျှင် အောက်သို့ဆင်းသက်၍ ခြေသလုံးသို့ ရောက်ပြန်လျှင် သုံးဖြာကွဲ၍ ခြေဖျားတိုင်အောင် အတွင်းအပြင် ဖြာ၍ သွားလေ၏။

ဤနှလုံးက ထွက်ရင်းသွေးကြောကြီး၏ အထက်ဆုံးရင်ရိုးအနီးသို့ ရောက်၍ ပြန်ခေါက်သည့်အကွေးဘက်မှ အကိုင်းသုံးခုထွက်လျက် လက်ဝဲ, လက်ယာနှစ်ခုတို့သည် လက်နှစ်ဖက်သို့ သွား၏။ အလယ်အကိုင်းသည် နှစ်ဖြာကွဲလျက် လည်းပင်း ဝဲ,ယာကို ညှပ်ပြီးလျှင် နား, နှာခေါင်း, မျက်လုံး, လျှာ, ဦးကျောက်အတွင်းတိုင်အောင် များစွာသော အခက်ငယ် တို့သည် ဖြာဂ၂က်အုပ်၏။ လက်သို့သွားသော အကိုင်းနှစ်ခုတို့သည်လည်း အထက်လက်မောင်းအလယ်ခန့်လောက်တွင် နှစ်ခုဖြာလျက် လက်ရှေ့ နောက်ကို အပ်ပြီးလျှင် လက်ဖျားတိုင်အောင် အပြန့်အနှံ့ ဖြာလျက်သွား၏။

ထို့ကြောင့် ဆေးဆရာတို့သည် ဤအထက်သို့သွားသောသွေးကြောတို့တွင် လက်ကောက်ဝတ်၌ရှိသော သွေးကြောကိုလည်းကောင်း၊ ထိုမှတစ်ပါး ဆိုအပ်ခဲ့ပြီးသော အရပ်ရပ်ဌာနတို့ကိုလည်းကောင်း စမ်းသပ်လျက် အနာရောဂါအကြောင်းကို သိကြကုန်ရာ၏။

* * *

## နေ-လ-တာရာ-နက္ခတ်တို့၏ ထိတ်-နိမိတ်အကြောင်း

၂၆၄။ ကမ္ဘာဦးအခါ၌ အဘိဉာဉ်ရသော ရှသေ့ရှစ်သောင်း သူတော်ကောင်းတို့ ပေါ်ဖြော မိန့်ဖော်ထားသော်မူခဲ့သည်မှာ ကောင်းကင်၌ ကြယ်တံခွန်လည်းထွက်အံ့၊ နေလလည်း နာအံ့။ မင်း၏ အမတ် ဟူးရာတတ်တို့ အပြစ်ရှိလတ္တံ့။ မျောက်ဆိတ်ထွက်ရာ လဝင်မှု လျှောင်လှုပ် လတ္တံ့။ ရသေ့မြတ်စွာ ဗာရာသခင်၊ နတ်ရှင်မင်းသို့၊ တင်သောအလျောက်၊ မှတ်စလောက်၏။ အနောက်စူးမူး၊ ဆံဦးအမှတ်၊ လဦးစွန်းထွက်၊ ထွန်းသည့် ရောင်ဝါ၊ အင်္ဂါလာမူ၊ ရဋ္ဌာတိုင်းမြေ၊ နေသည့်မင်းတို့၊ ပျက်ခြင်းဖြစ်အံ့၊ ရှစ်လနီသော်၊ စစ်ကြီးဖြစ်အံ့-မလွဲတည်း။ အရှေ့မျက်နှာ၊ လနှင့်အင်္ဂါ၊ ထိကြရာကား၊ ခြောက်လလွန်သော်၊ မတ်မွန်တကာ၊ ချမ်းသာဖြစ်အံ့ မလွဲတည်း။

လ၏အဦး၊ ဗုဒ္ဓဟူးနှင့်၊ ယှဉ်ပူးအတူ၊ ထိကြမူကား၊ မိုးလေမရှိ၊ ဖြစ်တုံဘိအံ့။ ။ လနှင့်ဗုဒ္ဓဟူး၊ မွန်းတည့်ပူးမူ၊ ရှစ်လကြူးသော်၊ ရပ်ထူးတခြား၊ တိုင်းကားမိုးမြေ၊ နေသည့်မင်းမှ၊ ပစ္စည်းဥစ္စာ၊ ရတနာကို၊ များစွာရအံ့မလွဲတည်း။ လနှင့်၊ ကြာသပတေး၊ မဝေးရာယှက်၊ အရှေ့မျက်နှာ၊ ထိကြရာကာ မိုးဦးမိုးနှောင်း၊ ကောင်း၏ဝစွာ။ စားရပါသည်၊ မချမ်းသာယာ၊ ဝမ်းတို့နာအံ့။ မွန်းတည့်အခါ၊ ကြာသပတေးကြယ်ကြီး၊ လနှင့်နီးသော၊ ကြီးသည့်မင်းတို့၊ ပျက်အံ့ဖြစ်အံ့ မလွဲတည်း။

ထိုမှတစ်ဖန်၊ မွတ်သိပ်ပြန်အံ့၊ တစ်ဖန်များစွာ၊ ကွေကင်းရာ၏။ ရန်သူဥပဒ်၊ ဖြစ်လက်ခုနစ်လ၊ မုချမလွတ်၊ မချွတ်ဖြစ်အံ့၊ အကယ်မလွဲတည်း။ ။ အရှေ့မျက်နှာ၊ လနှင့်သောကြာ ထိကြရာကား၊ ငါးလရောက်သော် ပျောက်အံ့လည်းကောင်း။ မင်းကောင်းမိဖုရား မင်း၏အလားတည်း။ အရှေ့မျက်နှာ၊ လနှင့် စနေ၊ တွေ့ကြလေမူ၊ တိုင်းကားမိုးမြေ၊ နေသည်မင်းတို့၊ ပျက်ခြင်းပြစ်အံ့ အလားတည်း၊ မွတ်သိပ်ခြင်းနှင့်၊ ထန်ပြင်းခိုးသူ၊ ပွလတ္တံ့။

မွန်းသည့်အခါ၊ လနှင့်စနေ၊ တွေ့ကြလေမူ၊ ပုံသေမုချ၊ ၄–လ မလွန်၊ ရပ်စွန်တခြား၊ မင်းတစ်ပါးမှ၊ ခွန်သဥစွာ၊ များစွာရအံ့မလွဲတည်း၊ အရှေ့စူးစူး၊ စနေပူးမူ၊ မင်းကြီးဆရာ၊ ဗိုလ်ပအလုံး၊ စုရုံးညီညာ၊ မဂ်လာဦးထိပ်၊ ဘိသိက်အကျော်၊ တန်ခိုးတော်ဖြင့် လျင်မြန်မြောက်အံ့–မလွဲတည်း။ ကြာသပတေး သောကြာ၊ နေခါတစီ၊ ထိကြရကား၊ ခြောက်လလွန်သော်၊ မင်းမွန်ခန္ဓာ၊ ပြောင်းအံ့–မလွဲတည်း။ စနေ–အင်္ဂါ၊ ထိကြရာကား၊ ခြောက်လလွန်မြောက်။ ခုနစ်လရောက်သော်၊ ပျောက်အံ့ မင်းကြီး ဆရာတည်း။ ။ ဝသန်အခါ၊ စနေ–အင်္ဂါ ထိကြရာကား။ အထူးထူးသောအရပ်မှ စစ်မက်ဖြစ်အံ့–မလွဲတည်း။

ဟေမန္တအခါ စနေ–အင်္ဂါ၊ ထိကြရာကား၊ ခြောက်လလွန်သော်၊ အမွန်ချမ်းသာ၊ များစွာရအံ့–မလွဲတည်း။ ။ ဂိမှာနအခါ၊ ကြာသပတေး၊ မဝေးအင်္ဂါ၊ ထိကြရာကား များဖြင့်သတ္တဝါ၊ ကမ္ဘာမီးသွင် ရောက်လာချင်သို့၊ ဥယျာဉ်ရေကန်၊ မကျန်ခပင်း၊ ပျက်စီးခြင်းဟု၊ မယွင်းမှတ်ကုန်ရာသတည်း။ ။ ဝသန်အပါ၊ ဇီဝါကြာသပတေး၊ မဝေးအင်္ဂါ၊ ထိကြရာကား၊ မကြာခဏ လွန်သုံးလတွင် သတ္တဝါများစွာ၊ လူတကာတို့၊ ပူဆာညွတ်ယိမ်း၊ တိမ်းတိမ်းပါးပါး၊ သွားလာမပျက်၊ ငိုကြွေးလျက်နှင့်၊ စစ်မက်ရောထွေး၊ ရောဂါဘေးနှင့်၊ အရေးဆက်လက်၊ ပျက်အံ့မချွတ်–မလွဲတည်း။

ဟေမန္တအခါ၊ ကြာသပတေး–အင်္ဂါထိကြရာကား၊ လေးလမြောက်သော်၊ ပျောက်အံ့ထင်ရှား၊ မင်းကြီးမယား၊ မိဖုရား၏အလားတည်း။

ပောမန္တ အခါ၊ ရာဟု–အင်္ဂါ ထိကြရာကား၊ ခြောက်လလွန်သော် ရပ်စွန် ဇနပုဒ်၊ ဥပါဒ်ကြိုက်အံ့မလွဲတည်း။ ရာဟုကင်းသည်၊ လမင်းကြက်တိုက်၊ ဆိုက်လျက်လည်သွား၊ ချဉ်းလတ်ငြားမူ၊ ဘုရားမြတ်စွာ၊ သုံးလူ့ချာနှင့်၊ စကြာမန္တတ်၊ လေးကျွန်းနတ်တို့၊ သူမြတ်များစွာ၊ ထင်ရှားရာသည်၊ မှတ်ပါမချွတ်–မလွဲတည်း။ ။ ဆိုင်းတန်းကြယ်ကား၊ လဝယ်ထက်ရုံး ထိကြတုံအံ့၊ ဗိုလ်ပုံမှတ်ရာ၊ များစွာပြောသူ၊ ပြည်သူဘေးကြီး ရောက်အံ့ မလွဲတည်း။

သဘော်ကြယ်ကား၊ လဝယ်ထိအံ့၊ ဣန္ဒိပျံ့မွေး၊ စကြာဝတေး မင်းရေးတစ်ပါး၊ ဘုရားမြတ်စွာ၊ ခန္ဓာပျက်အံ့ မလွဲတည်း။ ဆိုင်းတန်း ကြက်တိုက်၊ ဆိုက်၍အကြား၊ လမင်းသွားမူ၊ ဘုရားနိဗ္ဗာန်၊ လွန်သည် အရောင်၊ ကမ္ဘာလွန်သို့၊ ဆောင်သည်ပြည်ထဲ ပြိုပျက်ကွဲအံ့–မချွတ်တည်း။ ဖျောက်ဆိပ်ကြက်တိုက်၊ ဆိုက်၍အကြား၊ လူမင်းသွားမူ၊ မင်းကြီးမယား၊ မိဖုရားသေအံ့–မချွတ်တည်း။ ဆိုင်းတန်းကြက်တိုက်၊ တိုက်သည့်အကြား၊ လူမင်းသွားမူ၊ မင်းသားအမတ်၊ တစ်ရပ်ပြည်သူ၊ ပူလောင်ဗျာပါ၊ ပျက်စီး ရာအံ့၊ မှတ်ပါမချွတ်–မလွဲတည်း။ ကြယ်သဘော်တွင်း၊ လမင်းသွားမူ ကျွဲ, နွား, မြင်း, ဆင်၊ ပျက်စီးလျှင်အံ့၊ သို့စဉ်မချွတ်–မလွဲတည်း။ ကြတ္တိ ကာကြယ်စီ၊ ရောဟိဏီထက်၊ ချဉ်းလျက်လမင်း၊ သွားလတ်လျင်းမူ၊ ထန်းပြင်သီးသီး၊ မြေကြီးလှုပ်ခြောက်၊ ဒုမ္ဘိရောက်အံ့၊ ခတ်မြောက်အိုးရေ၊ မြေသို့အလို၊ ပျက်ပြိုတီမ်းလု၊ ဆနဝုနှင်၊ ကြီးထူရောဂါ၊ အနာပွားများ၊ ထူးခြား–အံ့လောက်၊ ကျောက်နှင့်ဝက်သက် ထွက်အံ့ရေရုံ၊ မြို့၍အနာ၊ ပေါက်တတ်စွာ၏။

ကောင်းကင်အလယ်၊ ကြယ်သဘော်ထက်၊ ပြက်ပြက်ထင်ရှား၊ လမင်းသွားမူ၊ မင်းဖျားစကြာတေး၊ အရေးတစ်ပါး၊ ဘုရားမြတ်စွာ၊ မဟာ ပရိနိဗ္ဗာန်၊ ဝင်ကြစမြဲ၊ မလွဲမှန်စွာ သတ္တဝါတို့၊ ရောဂါနှိပ်စက်၊ ခန္ဓာပျက်အံ့–မလွဲတည်း။ ဗုဒ္ဓဟူးကြယ်၊ လ,ဝယ်တစ်တွေ၊ ချဉ်းတုံလေမူ၊ ဆာပူ ကျွမ်းလောင်၊ မိုးခေါင်မွတ်သိပ်၊ ဒုဗ္ဘိမကောင်း၊ ပုန်းချောင်းခိုးဝှက်၊ လုယက် ဖျက်ဆီး၊ ပြည်ကြီးပျက်အံ့–မလွဲတည်း။ ။ အရောင်အဝါ၊

ပေါက်ပြစွာသား၊ သောကြာ–ကြာသပတေး၊ မြေ့းသည်အထက်၊ နင်းလျက်မခြား လမင်း သွားအံ့၊ လူများစောထီး၊ မင်းကြီးလည်းသေ၊ အနေလည်းပျက်၊ ထွက်ခဲ့ ပြည်တွင် မနေရာ။

သောကြာကြယ်ကြီး လထက်စီးမူ၊ မင်းကြီးဆရာ၊ အမစွာတို့၊ ခန္ဓာနစ်မွန်း၊ ဖန်ရေစွန်းသည့် ရဟာန်းအကြီး၊ မင်းမထီးနှင့်၊ အပြီးထင်ရှား၊ လူသုံးပါး၏ကြမ္မာတည်း။ စနေပူးမှီ လှည့်ပတ်ချိ၍၊ ရောင်နီထွန်းဝင်း၊ လမင်းစန္ဒာရာ ချဉ်းလတ်ရာမူ၊ များစွာပြည်သူ၊ ဗိုလ်လူတကာ၊ ပူဆာလှိုက်လှဲ၊ တကွဲတပြား၊ အိမ်ကားဓားလှံ၊ တွေ့ရန်လေဘေးမလွဲတည်း။ ။ ရာဟုပူးသား၊ သွားလှည့်ရာ၌၊ စဉ်ဆိုက်ရောက်ချက်၊ ထက်ဝက်လမင်း၊ ချဉ်းလတ်ရာကား၊ အိမ်သားဘေးလည်း မဝေးရောက်ရန်၊ ကျိန်းကြီးမှန်၍၊ တန်တန်စဉ်းစား၊ လှံနှင့်ဓားကို၊ ဆီ အားအံ့ငှာ၊ ငြိမ်းချမ်းသာအောင်၊ ရတနာသုံးပါး၊ ဦးဖျားထိပ်တက်၊ နေ့တိုင်းရွတ်လော့၊ ပျက်အံ့ပုံသေ–မလွဲတည်း၊ **(ဤအရာ၌ လဆန်းဖြစ်လျှင်၊ အနည်းငယ် ချွတ်ယွင်းတတ်၏။ လဆုတ်ဖြစ်လျှင်ကား အလွန်မှန်ကန်တတ်သည်။)**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး စနေ၊ ကြာသပတေး ဤဂြိုလ်လေးလုံးကို နဂိုရ်ဟူ၍မှတ်၊ တနင်္လာ အင်္ဂါ၊ သောကြာ၊ ရာဟု၊ ကိတ်တို့ကို ယာယီ ဟူ၍မှတ်၊ ၎င်းယာယီနဂို၊ နှစ်လုံးဂြိုလ်တို့၊ ရောင်စုံလက်လတ်၊ ပြက်ပြက် လျှံဝင်း၊ ပထွန်းလင်းသော်၊ မင်းနှစ်ဖော်တို့ မနစ်လို၍၊ စစ်မက်လိုစိုး၊ထိုးကြ အံ့သော–အလာတည်း။ နဂိုကြယ်လည်၊ အံ့ဖွယ်ထူးဆန်း–အလာတည်း။ ရောင်ဝါလင်းအံ့၊ နဂိုရ်မင်းတို့၊ ပျက်ခြင်းဖြစ်အံ့–မှန်စွာတည်း။ ။ဂြိုဟ်များ ဆရာ၊ ကောဇာ ကြာသပတေး၊ မနေးခွာရ၊ သိပ္ပံကျ၍၊ မာဃဆက်ဖျား၊ နင်းလျက်သွားအံ့၊ မှတ်သားစစ်မက် အလားတည်း။

စနေဂြိုဟ်ဖျား၊ ကံနှင့်သွား၍၊ ပိုင်းခြားထွက်ဆ၊ တသဒထက်၊ နင်းလျက်လာအံ့၊ မမှားပြည်ထဲ၊ ပြိုကွဲကြမ္မာ ပျက်သောတည်း။ ။ တမောရာဟု၊ ရှုလောမကွာ၊ သွာဒီစိတြ၊ မှတ်ထနက္ခတ်၊ မချွတ်နင်းက၊ ပျက်ခြင်းကြီးစွာ၊ ပြည်ကြီးဒသာ၊ ပြည်ကြီးကြမ္မာတည်း။ ဤမျှသုံးပါး၊ မမှားကောဇ၊ ညီလှရာကား ပြည်ရွာလန့်စိုး၊ စစ်မက်ထိုးအံ့၊ ကောဇာ

မကောင်း သင့် လက်ရှောင်အံ့။ ပြည်ကြီးအုပ်ကျက်၊ ဆူပွက်လောင်ဈွဲ၊ လူခပဲတို့၊ စွဲသည်လုံးစား၊ ဘေးရန်များအံ့။ တခြားကောဇာ၊ ထက်နတာဋ္ဌ၊ သွားရာလမ်းတွင် နှောင့်ယှက်ချင်မှု၊ ပြည်ရှင်ဘေးရ၊ ဘောမအင်္ဂါ၊ ကောဇာသွားကြင်း၊ ခပင်းမချွတ်၊ နက္ခမူလ၊ အဒြရေဝတီ၊ တူညီတကွ ဟဿဒထက်ဖျား၊ နင်း၍သွားမူ၊ လူများစောတီး၊ မင်းကြီးလည်းသေ၊ တိုင်းပြည်လည်းကြေ၍၊ ဗိုလ်ခြေပွမ်းဆောက်၊ မီးလျှံတောက်သည်၊ ပြေးပေါက်လမ်းကို ရှာပါလော့၊

## ၂၆၅။ ကိတ်ကြိုပ်သုံးပါးကို ကွဲ၍ ၎င်းကြိုပ်၏ ကိတ်, နိမိတ်ကိုပြခြင်း

အကြင်ပြည်ရွာ အရပ်တို့၌ကိတ်သည် အရောင်အဝါ ပြင်းထန်စွာ ထွန်းလင်းမူကား ထိုအရပ်၌နေသော မင်းတို့သည်လည်းကောင်း၊ ပြည်သူ ပြည်သား လူအများတို့သည်လည်းကောင်း ပျက်စီးအံ့။ သို့ရာတွင် ကိတ်ဟူသည်ကား မြေ၌ဖြစ်သော ကိတ်, အန္တရကိတ်, ကောင်းကင်ကိတ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် ဖရုံရေပြွန်း၊ မီးငါးစုန်း၊ ပတ္တမြားစသည် တို့ကို ကြဉ်၍ အရပ်ရပ်တို့၌ ထန်စွာသော အခိုးအလျံအရောင်အဝါတို့ဖြင့် တောက်ပသောကိတ်တို့သည် မြေကိတ်မည်၏။

မြို့ပြ, တံခွန်, ကုက္ကား, လှံအိမ်ရာ, ပြသာဒ်ဆောင်မုစ်, စုလစ်မွန်းချွန်းထန်းပင် သစ်ပင်, ပုထိုးဘုရား, ဂူကျောင်း, စသည်တို့ဖြစ်သော ကိတ်သည် အန္တရကိတ်မည်၏။ ဥက္ကာကျသော်၊ ဗုဒ္ဓဟူးကြိုပ်ထွန်းသော၊ ကြယ်တံခွန်, တိမ်တံခွန်ထွက်သော်၊ နေကြတ်သော်၊ လကြတ်သော်၊ ကောင်ကင်ထက် အရောင်အဝါ တောက်ပသော် ကောင်းကင်သံသဲ ကျော်သော်၊ ကြက်ခွပ်သော်၊ နေမဏ္ဍိုင် လမဏ္ဍိုင်သင့်သော်၊ ကြယ်, လ, နေ, တိမ်တို့၌မြင့်သော် ထိုကိတ်သည် ကောင်းကင်ကိတ်မည်၏။ နေဝန်းတွင်ဖြစ်စေ၊ လဝန်းတွင်ဖြစ်စေ ကိတ်သည် အဆင့်ဆင့်ဦးတို့, လည်တို့, လက်နက်အဆင်းသဏ္ဌာန်ကဲ့သို့မြင်မူ ထိုအရပ်နေ လူအပေါင်း တို့သည် လုံဘေး ဓားဘေးတွေအံ့။

နေဝန်းတွင် တိမ်သည် လုံတဲ အဆင်းသဏ္ဍာန်ကဲ့သို့မြင်မူ မင်းကြီးသေအံ့။ ကိတ်အဆန်းမြင်မူ ခိုးသူသေအံ့။ ထမ်းစင်အဆင်းသဏ္ဍာန် ကဲ့သို့မြင်မူ ငတ်မွတ်အံ့။ မင်းတို့အဆောက်အဦးဖြစ်သော တိမ်တံခွန်သည် တောင်ဇေုး ယပ်, အဆင်းသဏ္ဍာန်ကဲ့သို့မြင်မူ မင်းတစ်ပါးဖြစ်အံ့။ မီးကျီလျှံကဲ့သို့မြင်မူ လူတို့ပျက်စီးအံ့၊ ကိတ်တစ်ပါးထွက်မူ မွတ်သိပ်အံ့။ နှစ်ပါးထွက်မူ ပြည်ရွာမီးလောင်များအံ့၊ သုံးပါးထွက်မူ မင်းတို့ပျက်စီး အံ့။ : **(တိုင်းကားပြည်ရွာ ရဟန်း, ပုဏ္ဏား, မင်းတို့အား အကျိုးပေးအံ လည်းဟူ၏။)** ဤကား အာကာသနိမိတ်တည်း။

## ၂၆၆။ ကိတ်, နေဝန်း, လဝန်း, အဆင်းပြရာ တိတ်, နမိတ်တို့၏ အကျိုးအပြစ်ကိုပြခြင်း

ကိတ်, နေဝန်း–လဝန်းတို့သည် အကြင်မြို့ရွာရှိ ကျောင်း, ကန်, ဘုရား, ပုထိုးတို့ကို အဆင်းပြအံ့၊ ထိုအရပ်၌ နေထိုင်လျက်ရှိကြသော ရဟန်း, ပုဏ္ဏား, လူအများတို့ ဘေးဥပဒ်အန္တရာယ်ကြီးစွာ ရောက်အံ့သော နိမိတ်ဖြစ်ကုန်၏။ တော်လဲသော်လည်းကောင်း၊ မြေကြီးကွဲသော် လည်းကောင်း၊ မြေလျင်လှုပ်သော်လည်းကောင်း၊ မင်းအချင်းချင်း စစ် မက်ကြီးမား၍ ရဟန်း, ပုဏ္ဏား, တိုင်းကားပြည်ရွာ ချောက်ချားအံ့သော မြေကြီးနိမိတ်တည်း။

* * *

## ၂၆၇။ လနှင့်ကြယ်ခြင်းရာအကျိုးအပြစ်ကို ပြခြင်း

လ၏အလယ်တွင် သောကြာကြယ်ချဉ်းမူ၊ မာဂရာဇ်တိုင်း၊ ယဝတိုင်း၊ ပလိင်္ဂတိုင်း၊ သောရာတိုင်း–ယုဇ္ဇမည်သောပြည်ကျဉ်းပြည်၊ ပဥ္စာလရာဇ်ပြည်၊ သုဿဝါသပြည်၊ ဤပြည်တို့သည် ပျက်လတ္တံ့။ ကြာသပတေးကြယ်ချဉ်းလတ်မူ၊ ဂန္ဓလရာဇ်တိုင်း၊ သောစိကတိုင်း၊ သောဠသ တိုင်း, သိန္ဓုနတိုင်း ထိုတိုင်းတို့သည် ပျက်စီးလတ္တံ့။ စနေကြယ်ချဉ်းလတ်မူ၊ ကုရုတိုင်း၊ ယောမတိုင်း ဤတိုင်းတို့ပျက်စီးအံ့။ **(အမတ်ကောင်းကောက် ကျစ်အံ့။ ယာယီမင်းကား မထောင်းသာ)** ဗုဒ္ဓဟူးကြယ် ချဉ်းလတ်မူ၊

သွေးချောင်းဖြစ်အောင် သတ်ကြလတ္တံ့။ နေထွက်ဦးက ဥဒေါင်းလည်ဆံ ကဲ့သို့ ထွက်လတ်မူကား အခြံအရံများသော မင်းတို့စစ်ထိုးကြ၍ ပျက်စီး ကြလတ္တံ့။ (ဤသည်လျှင် ဈာန်အဘိညာဉ်ရ ဆရာရသေ့တို့အဆိုတည်း။)

* * *

## ၂၆။ လတွင်းငြိုဟ်ခွင်း အကျိုးအပြစ်ကိုပြခြင်း

လတွင်း အင်္ဂါခွင်း၍သွားမူ၊ မင်းတို့ပျက်စီးအံ့။ ဗုဒ္ဓဟူးခွင်းမူ၊ ဆည်, ကန်, ချောင်းမြောင်း၊ မိုးမကောင်း၍ သူခိုးဓားပြ ထကြွ သောင်းကျန်းပြီးလျှင်၊ ပြည်ရွာ၊ ပျက်စီးအံ့။ စနေခွင်းလတ်မူ၊ လူ တို့မွတ်သိပ်အံ့၊ စစ်ကြီးဖြစ်အံ့။ ကြာသပတေးခွင်းမူ ရတနာသခင် မင်းလျှင် သက်တော်သေအံ့-မချွတ်တည်း။ သောကြာခွင်းလတ်မူ၊ မာဂရာဇ်တိုင်း၊ မေရုမစ္ဆအမည်ရှိသော ပြည်ပျက်လေသည်ချည်းတည်း။

ဂန္ဓာလရာဇ်ပြည်၊ သီဟိုဠ်ပြည်ပျက်လေသည်ချည်းတည်း။ ဖျောက် ဆိပ်ခွင်းလတ်မူ၊ ပြည်တွင်းပျက်စီးအံ့။ စစ်မက်ထွက်အံ့။ ပြည်ရွာတိုင်းကား ချောက်ချားအံ့။ မြေကြီးပွဲတင် လျှောင်လှုပ်အံ့။ မချွတ်တည်း။ ရသေ့မြတ်စွာ၊ ဆရာသခင်၊ နတ်ရှင်မြတ်တို့၊ ဗေဒင်သုတတ်၊ သူတော်မြတ်တို့၊ အမှတ် သိမူ၊ ရာဟုစီးနင်း၊ လမင်းကြက်တိုက်၊ ထိုက်၍သွားအံ့၊ ပြည်အားရတနာ၊ စကြမန္တတ်၊ လေးကျွန်းပတ်ကား၊ သူမြတ်ထင်ရှား၊ ဘုရားဖြစ်အံ့ အသွား တည်း။

ဆိုင်းတန်းကြယ်မင်း လတွင်ခွင်းအံ့၊ ပြည်တွင်းပြည်ပ၊ သူခိုး ထ၍၊ ဝါဏိဇ္ဇမည်၊ ကုန်သည်လူကောင်း၊ထောင်းထောင်းဖြစ်အံ့- အလာ တည်း၊ ဆိုင်းတန်းကြက်တိုက်၊ ဆိုက်ကာလမင်း ခွင်း၍သွားမူ၊ ဘုရားမြတ်မွန်၊ လွန်သည့်အရောင်၊ ကမ္ဘာလောင်သို့ ဆောက်သည်ပြည်ထဲ၊ ပြိုပျက်ကွဲအံ့ အလာတည်း။

* * *

## ၂၆၉။ ကြွက်, အိမ်မြှောင်, ပင့်ကူ, မြွေစသော တိရစ္ဆာန်တို့ကျသော နိမိတ်ကို ဖတ်ခြင်း၊

ကြွက်, အိမ်မြှောင်, ပင့်ကူ, မြွေ, ပုတ်သင်, ကင်းလိပ်, ကြက်, နို စသော ဤသတ္တဝါတို့သည် နေမွန်းလွဲ၌ မိမိတို့ ရှေ့ကကျမူ၊ လာဘ်ရအံ့။ နောက်ကကျမူ၊ ခိုးသူခိုးအံ့၊ လက်ယာကကျမူ အမြိန်အရသာ စားရအံ့။ လက်ဝဲကကျမူ ဆေးသင့်အံ့။

ပူရပရံ မဟာလာဘံ၊ ပစ္ဆိမတော မဟာဓေယျံ

ဒက္ခိဏံ ရာဇပူဇိတံ၊ ဝါမကော ကာလဟံ ဘာဝေ။ ။ ပူရပရံ၊ ရှေ့ပြင်မှ ကျလာမူကား၊ မဟာလာဘံ၊ လာဘ်ကြီးရအံ့။ မစ္ဆိမတော၊ နောက်၌ကျမူကား၊ မဟာဓေယျံ၊ အောင်မြင်ကျော်စောအံ့၊ ဒက္ခိဏံ၊ တောင်လက်ယာကကျလာမူကား၊ ရာဇပူဇိတံ၊ မင်းပူဇော်ခံရအံ့၊ ဝါမကော၊ လက်ဝဲမှကျလာမူကား၊ ကာလဟံ၊ ငြင်းခုံခြင်းသည်၊ ဘာဝေ၊ ဖြစ်လတ္တံ့.

အိမ်မြှောင်သည်၊ ဦးခေါင်းထက်, ပခုံးထက်, လက်ရုံးထက် ကျလာမူကား၊ အမိ, အဖ ဆရာသမားနှင့် ကွေကွင်းအံ့။ ဦးခေါင်း ဆေးလေပါး၊ နား, ပေါင်ထက်ကျမူ၊ သားမယားနှင့်ကွေးကွင်းအံ့။ လက်ထက်ကျလာမူ၊ အနှောင်အဖွဲ့ခံရအံ့၊ ကျောက်ကုန်းထက်ကျလာမူ၊ အနာကြီးသင့်အံ့၊ ဝမ်းထက်ကျမူ၊ မိန်းမသေအံ့။ လက်ယာပေါင်ထက် တောင်သို့ မျက်နှာမူလျက်ကျမူ၊ လာဘ်ကြီးရအံ့ **(ကျွန်ယောကျ်ား ရအံ့လည်းဟူ၏)** လက်ဝဲပေါင်ထက်ကျမူ၊ ကျွန်မိန်းမရအံ့၊ သလုံး မြင်းခေါင်းထက်ကျလာမူ သူပူဇော်လာအံ့။

မြတ်သောလာဘ်ရအံ့။ လက်ဝဲဖမိုးထက်ကျလာမူ၊ သူတထူးနှင့် မျက်လိုကြအံ့။ လက်ယာဖမိုးထက်ကျမူ၊ ကျွန်မိန်းမရအံ့။ မေ။ မုတ်ဆိတ် ထက်ကျမူ၊ မယားလင်ရအံ့။ သူနှင့်ချစ်ခင်ဆက်ဆံရအံ့၊ ပေါင်ထက်ကျမူ၊ သားကောင်းရအံ့၊ခါးထက်ကျမူ၊ကောင်းသောပုဆိုးကိုဝတ်ရအံ့၊သားမြတ်ထက် ကျမူ၊ သမီးကညာရအံ့၊ ချက်ထက်ကျမူ၊ အစာရေစာများအံ့၊ ရင်ထက်ကျမူ၊ ရွှေငွေရတနာရအံ့။အရပ်တစ်ပါးမှလာသော ပုဆိုးကောင်းကိုရအံ့။လည်ထက် ကျမူ၊ပြည်ထိုက်ပြည်တန် တန်ဆာဆင်ရအံ့။ ဦးခေါင်းထက်ကျမူ၊ ကြွယ်ဝ

အံ့၊ မင်းသားသော်၊ မင်းဖြစ်အံ့၊ မိမိတို့ရှေ့၌ ကိုယ်ကို လက်ဝဲကတက်မူ၊ မကောင်း။ လက်ယာကတက်မူ၊ ဖြူသော ဥစ္စာရအံ့။

**တစ်နည်း။** အိမ်မြှောင်သည် ဦးခေါင်းထက်ကျမူ၊ ဆရာသမား မိဘသေအံ့။ ထိပ်ထက်ကျမူ နာဖျားအံ့၊ ကျောက်ကုန်းထက်ကျမူ အဆွေခင်ပွန်းသေအံ့။ ကိုယ်နာအံ့။ **(ဥစ္စာကျအံ့လည်းဟူ၏။)** လက်ယာက ကျမူ၊ အစ်ကိုကြီးသေအံ့၊ လက်ဝဲကျမူ၊ ညီသေအံ။ ခါးတွင်းကျမူ ဆင်သည့်တန်ဆာပျောက်အံ့။ မွတ်သိပ်အံ့။ သူနှင့်မျက်လိုအံ့၊ လက်ယာ ပေါင်ထက်ကျမူ သားယောက်ျား သေအံ့။ လက်ဝဲပေါင်ထက်ကျမူ ကျွန်၊ သား၊ မြေး၊ သေအံ့။ လက်ယာပုဆစ်၌ကျမူ၊ ရန်အောင်အံ့။ လက်ဝဲ ပုဆစ်၌ကျမူ၊ ရန်သတ္တပျောက်အံ့။ လက်ဝဲ မြင်းခေါင်းတွင်ကျမူ၊ ကျွန်မိန်းမပြေးအံ့။ လက်ဝဲဖမိုးတွင်ကျမူ၊ ကျွန် ယောက်ျားပြေးအံ့။

**ဤသို့လျှင် အိမ်မြှောင်ကျ နိမိတ်ကို တစ်နည်း ဖတ်ခြင်း ပြီး၏။**

## ဓာတ်ဘက်

အ–ဠော၊ ဂ–ဇော၊ စ–ရော၊ ဝ–သော၊ ဓာတ်ဘက်ပေ။

* * *

## သား, သမီး အမည်မှည့်နည်း

အရင်းမွေးနံ၊ အဖျားခံ၊ မှတ်ရန် ပဥ္စပွတ်။
သား–သမီး ရတနာ။ မည်သညာ၊ မှတ်ရာလောကဝတ်။
ဤသို့ကညာ၊ ပြုသူမှာ၊ ချမ်းသာမှန်မချွတ်။

**အဓိပ္ပာယ်ကား** ။ တနင်္ဂနွေ သား, သမီးမှာ၊ ပဥ္စပွတ်နံ၊ ကြာသပတေး ခံ၍၊ အုန်းပွင့်, အုန်းမြင့် မှည့်ဟူလို။

## ဝရိုးမသွားကောင်း နေ့–အရပ်

**အုန်း–သောင်–သူ၊ ချစ်–သူ–ထံ၊ စံ–ထွန်း–ဦး၊ လူ–အံ့–ကြံ ပြန်–ချင်ဖွ၊ သူ–စာ–လှ၊ ထွား–လှ မှတ်။**

**အဓိပ္ပာယ်ကား** ။ အုန်း-တနင်္ဂနွေသားသည်၊ ဘောင်-ကြာသပတေး နေ့၌၊ သူ-သောကြာအရပ်သို့ မသွားကောင်း။ (ကျန် ၆-နေ့ကိုလည်း ဤနည်းအတိုင်း သိလေ။)

## ခရီးသွားသင့်-မသွားသင့် တွက်နည်း

ခရီးသွားလို၊ ရန်ဂြိုဟ်သက်နေ၊ စားလောအင်္ဂါ၊ ကြွင်းကေရာဇ ပူဇော်ရာ။ နှစ်ဖော်-ဆင်းရဲ၊ အောင်ပွဲတြိန်း၊ ချမ်း-ငြိမ်း စတုငါးခု-လာဘ်ရ၊ ဆ-ကားဖျားနာ၊ သတ္တ-ခိုးသူ၊ သုဉ်းမူတစ်ဖန်၊ အိမ်မပြန်တည်း။

## ဥစ္စာပျောက်ဟောကိန်း

အို, ကြင်ရာ, ဥဒကော၊ သူ-ဝနေ၊ စိတ်တူ၏ဂူပေ။ လ,ဒီ,သာ-ဂါမေ။ ပျော်ရွှင်ရာပဗ္ဗတေ၊ သင်တို့မောင်မင္ဂေ၊ တို့ဆောင်ပန်း-အာသန္နေ။

**အဓိပ္ပာယ်ကား** ။ အို-တနင်္ဂနွေနေ့ ပျောက်မူကား၊ ကြင်တနလာ် အရပ်သို့ထုတ်၍၊ ရာ-ရာဟုအနောက်မြောက်၊ ဥဒကော ရေတွင်းရှိ၏။ **(ကျန် ၆ နေ့ကိုလည်း ဤနည်းအတိုင်း သိလေ။)**

## စန်း-လွန်း-လဂ်-တြင်း-နဝင်းပြတ် တွက်နည်း

အသက်တည်ထား၊ နောဆယ့်ငါး၊ စားလေရှစ်ခုသာ။
သုဉ်းမူ-စန်းပြတ်၊ မှတ်လေအစ်၊ ဆုံးတတ်ထိုလူနာ။
ဆယ့်ခွန်နှောထား၊ ရှစ်ခုစား၊ သုဉ်းဖြား-လွန်းပြတ်ပါ။
ဆယ့်နှစ်နှောလေ၊ ရှစ်စားပေ၊ သုဉ်းလေ-လဂ်ပြတ်ပါ။
ကိုးခုမြောက်ထား၊ သုံးခုစား၊ သုဉ်းဖြား-တြင်းသာ။
သုံးမြောက်-ကိုးစား၊ သုဉ်းလေဖြား၊ မှတ်သား နဝင်းပါ။

## ဓာတ်သုဉ်း–ဆေးသုဉ်း တွက်နည်း

သက်တည်သုံးစား၊ သုဉ်းလေငြား၊ မစားဆေးရှောင်ရာ။
အသက်တည်ပါ၊ နှစ်ဆယ်သာ၊ နှောကာလေးခုစား။
သုဉ်းလျှင်–မြေဓာတ်၊ ပျက်စီးလတ်၊ နာတတ်ဦးခေါင်းများ။
ဆယ့်နှစ်နှောကာ၊ လေးခုသာ၊ စားရာ မှန်မမှား။
သုဉ်းလျှင်ကားရေ၊ ပျက်စီးလေ၊ နားထွေလည်ချောင်းယား။
လေးနှောလေးစား၊ သုဉ်းလေငြား၊ ပျက်ပြားတေဇောဓာတ်။
ဘယရောဂါ၊ ဖြစ်တတ်စွာ၊ ရင်နာမလွဲမှတ်။
နှောခြောက်ခုပင်။ လေးစားချင်၊ သုဉ်းလျှင် လေပျက်ဓာတ်။ ဝမ်းပြည့်–ဝမ်းနာ၊ ဖြစ်ပြီးခါ ရောဂါစွဲလို့ကပ်။

*

## ယတြာ

ထိုဓာတ်လေးပါး၊ ပျက်ပြိုငြား၊ ပြုထားယတြာ။
သက်ရောက်နံထင်၊ ဘုရားတွင်၊ ဖူးမြင်လှူဒါန်းရာ။
သဲ–ရေ–မီး–ယပ်၊ ထိုသည်ဓာတ်၊ ယူမှတ်စဉ်တိုင်းသာ။
ကပ်လေ လှူလေ၊ ပူဇော်လေ၊ ဒုက္ခဘေးကင်းကွာ။

*

## ပုည–ဓိဝ–ကမ္မတွက်နည်း

အသက်တည်ထား၊ သုံးခုစား၊ ထက်ကားသုံးတော်။
လယ်သော်ပဉ္စ၊ အောက်နဝ၊ မြှောက်တဆယ့်နှစ်စား။
ထတ်သုဉ်း–ပုည၊ လယ်ဓိဝ၊ အောက်မှ–ကမ္မထား။
ပုညသုဉ်းက၊ ရပ်တေဇ၊ ထောက်မ, ညောင်ပင်အား။
ဓိဝသုဉ်းလတ်၊ အာယုရပ် လွှတ်အပ်–ပုစွန်–ငါး။
ကမ္မသုဉ်းပါ၊ ပရိပါ၊ လှူပါ ကိုယ်ချိန်ထား။

## ကမ္မကွယ စသည် တွက်နည်း

ကောဇာတည်ထား၊ အသက်စား၊ ရတြားလာဘ်မှာ။
အက်မြွောက်ပါ၊ ထပ်ခါ–ဆယ့်နှစ်၊ စားလေကြ။
တစ်–နှစ်ကြွင်းမူ၊ ထိုသည့်လူ၊ မှတ်ယူကမ္မကွယ။
သုံး–လေး–ငါးတန်၊ အကြွင်းကျန်၊ ခေါ်ရန် ဥပစ္ဆေကာ
ခြောက်–ခွန်–ရှစ်ရ၊ အကြွင်းပြ၊ ဥပပီဠတာ။
ကိုးနှစ်တစ်ဆယ်၊ ဆယ့်တစ်ဝယ်၊ မှတ်ဖွယ်အာယုက္ခ၊
ပီဠကမှာ၊ မထောင်းသာ၊ သုံးဖြာအကျ–စိုးရိမ်ရ။

*

## သူဌေးဖြစ်ဇာတာ အဟောကိန်း

ကောဇာမှာ၊ နောက်, နေ့၊ ကောကန်၍ ပစ်ချေ။
ဟောရန်တွေ့၊ ဝေ့ကြ၊ ခေတ်ကြေအောင်ကျော်သဲ။
ကြမှ–စနေကြွယ်၊ မြန်မာ့နယ်၊ ငြိမ်းလိမ့်ပျော်ပွဲ။
ကျန်ငါးတန်၊ လုံ, စားရန်၊ ခံစားရန်ဖော်ကဲ။
ကံအားသန်၊ တော်ဆဲမို့၊ စော်ကဲတို့ကိန်းနယ်။
သူညမှာဆုံးလာတြား၊ မင်းသားဖြင့် မင်းဖြစ်ရမယ်။
ဆင်းရဲသားတစ်သွတ်၊ အနွယ်အပါးကျော်ဟိုးလို့။
တန်ခိုးဖြင့်ကြီးကျယ်ကုန်၊ မျိုးဆွေလုံးစုံ။
ဤလေးပါးတွေကြုံလျှင်၊ လူ့ဘုံထက် တန်းမို့လေး။

# ၁၂ လ ရာသီဘွဲ့

## တန်ခူးလ

တန်ခူးလဟု၊ မိဿရာသီ၊ ကြယ်နီစိတြ၊ ဓာတ်ကား–ပထဝီ၊ တောဓောညီ၍၊ ပွဲမှီသင်္ကြန်၊ ပန်းကန့်ကော်၊ ဘဝါးသော်ကား၊ သုံးခုထား၍၊ ပြဿဒါးရက်၊ ကြွက်နှင့်စနေ၊ တထွေရာဇာ၊ တနင်္လာနှင့်၊ သောကြာပူးမင်း ရက်ထွန်းကားကျား၊ နဂါးသီသ၊ ပစ္ဆိမတည့်၊ နေ့–ညနာရီ၊ သုံးဆယ်ချို၍၊ ဤသည်မာသ၊ တန်ခူးလကို၊ရက်မစုံဆိုသည်၊ ဤသည်စဉ်းစား သတိထား။

## ကဆုန်လ

သို့ပြီးမှတ်ယုံ၊ လကဆုန်မှာ၊ ဝိသာခါနက္ခတ်၊ ဓာတ်ကားအာပေါ၊ ဝါယောတစ်လီ၊ ရာသီပြိဿ၊ ပွဲကညောင်ရေ၊ ပန်းသပြေနှင့်၊မိုးဇွေမာဃ၊ ဘဝါးမှာကား၊ နှစ်ခုထားလော့၊ ပြဿဒါးရက်၊ ဆင်, ပူးတက်၍၊ ကြက်နှင့်စနေ၊ ရာဇာပေတည်း၊ ထွန်းလေကြာသပတေး၊ နေရေးနဂါး၊ ခေါင်းနောက်ထား၍၊ နေ့ကားနာရီ၊ သုံးဆယ်ကကို၊ နှစ်ခုပို၍၊ ညဥ့်မှာနှစ်ဆယ့်ရှစ်၊ ရက်စုံဖြစ်သည်၊ စင်စစ် ဤသို့ မှတ်ရန်ဖို့။

## နယုန်လ

လသစ်နယုန်၊ မေထုံရာသီ၊ ကြယ်နီပေဿဓာတ်ကား ဝါယောအာပေါ မလွဲ၊ စာမေးပွဲတွင်၊ မြတ်လေးဇင်ရွေး၊ ပန်းတွင်စံပယ်၊ နေ့လယ်ဘဝါး၊ တစ်ခုထား၍၊ ပြဿဒါးတုံ၊ ဂဠုန်နှင့်ကျား မဝှံစားနှင့်။ အမျှားတကာ၊ သုံးစွဲရာသည်၊ ရာဇာရက်ထွန်း နှစ်ခုပြွမ်း၍၊ သားမင်းခြသေ့၊ အင်္ဂါနေ့ကို၊ မှတ်၍ထားလေ၊ ဒေဝါနဂါး၊ ခေါင်းမြောက်ထားသော်၊ နေ့ကား နာရီ၊ သုံးဆယ်ချို၍၊ စွန်းမှိလေးချက်၊ ညဥ့်မှာနှစ်ဆယ်။ ခြောက်ခုကယ်သည်၊ ရက်ဝယ်မစုံ သတ်သတည်း။

## ဝါဆိုလ

တစ်ဖုံမှာသ၊ ဝါဆိုလမှာ ဓာတ်ကားပထဝီ၊ ဝါယောညီ၍၊ ရောင်ခြည်ထွန်းလျှံ–ပြုဗ္ဗာသံနှစ်၊ ခံပဋ္ဌင်းပွဲ ပွင့်မြဲပုန်းညှက်၊ ပဉ္စုဘက်၍၊ အသုဉ်းဘဝါး၊ ပြဿဒါးမှာ၊ အင်္ဂါရာဟု၊ ရာသီလုသော်၊ ပျော်မှုကာရကာင်ရက်မြတ် ရာဇာ၊ မဟာဆင်မင်း၊ ဂဠုန်မင်းနှင့်ရက်ထွန်းမသွေ၊ တနင်္ဂနွေဟု၊ ဒေဝါနဂါး၊ ခေါင်းမြောက်ထား၍၊ နေ့နာရီထောက်၊ သုံးဆယ့်ခြောက်နှင့်၊ ညဥ့်ရောက်နှစ်ဆယ်၊ လေးခုကယ်သည်၊ ရက်ဝယ်အစုံသတ်သတည်း။

## ဝါခေါင်လ

တစ်လီဆိုမှ၊ ဝါခေါင်လကို၊ သိဟ်ပရာသီ၊ကြယ်နီနက္ခတ်၊မှတ်ကြ သရဝဏ်၊ ဓာတ်မွန်တေဇော၊ အာပေါမကျန်၊ စာရေးတံပွဲ၊ ခါမလွဲအောင်၊ ပွင့်မြဲဝယ်ယူ၊ မြတ်လေးဖြူနှင့်၊ ဆင်ကြူခတ္တာ၊ ဘဝါးမှာကား၊ တစ်ခုထား၍၊ ပြဿဒါးရက်၊ ကြွက်နှင့် စနေ၊ တစ်ထွေရာဇာ၊ သောကြာဗုဒ္ဓဟူး၊ ပူးကားရက်ထွန်း၊ နတ်မင်းနဂါး ခေါင်းမြောက်ထား၍၊ နေ့ကားနာရီ၊ သုံးဆယ်ချီလျက်၊ စွန်းမှီလေးချက်၊ ညဥ့်ကိုတွက်သော်၊ နှစ်ဆယ်ပေါ်က၊ ကျော်ခြောက်ရာဘွယ်၊ သည်လကွယ်ကို၊ ရက်မှာမစုံ သတ်သတည်း။

## တော်သလင်းလ

ကံရာသီတွင်း၊ တော်သလင်းကို၊ ကြယ်မင်းအဿဒ၊ ဓာတ်ကား ဝါယော၊ အာပေါတစ်ထွေ၊ ရေသဘင်ပွဲ ပွင့်မြဲယင်းမာ၊ ဘဝါးမှာကား၊နှစ်ခု ထား၍ ပြဿဒါးရက်၊ အစောင့်ခက်သည်၊ ဆင်မင်းဗုဒ္ဓဟူး၊ ပူးမင်းသောကြာ၊ ရက်ရာဇာက၊ မြွေပါနှင့်ကြွက်၊ ထွန်းရက်ကြာသပဒေး၊ နေ့ရေးနဂါး၊ ခေါင်းရှေ့ထား၍ နေ့ကားသုံးဆယ် နှစ်ခုကယ်သည်၊ ညဥ့်ဝယ် ဝီသ၊ နှစ်ဆယ်ချသော်၊ စွန်းကားရှစ်ခု၊ သည်ဥတုကို၊ စု၍ ရက်စုံသတ်သတည်း။

## သီတင်းကျွတ်လ

နဒီမြစ်တွင်း၊ သင်ဖြူးခင်းသို့၊ သီတင်းမာသ၊ ကျွတ်သည့်လကို၊ တတ်ကားဝါယော၊ အာပေါကချို၊ တူရာသီနှင့်၊ အဿဝဏီနက္ခတ်၊ ပန်းမြတ်ရွှေကြာ၊ ပွဲမှာဆီထွန်း၊ နေ့မွန်းတည့်ဝြား၊ သုံးဘဝါးဟု၊ ပြဿဒါး ရက်၊ ဂဠုန်ငှက်နှင့်၊ တောဗျူဟကျား၊ မှတ်သားဖွယ်ရာ၊ ရာဇာနှစ်ထွန်း၊ ခြသေ့်ပြွမ်းသည်၊ နတ်မင်းနဂါး၊ ခေါင်းရှေ့ထား၍၊ နေကားသုံးဆယ်၊ ညဥ့်ဝယ်တထာ၊ တူညီလာသည်၊ ရက်မှာမစုံသတ်သတည်း။

## တန်ဆောင်မုန်းလ

ရာသီဗြိစ္ဆာ၊ ကြတ္တိကာဟု၊ ရောင်ဝါထွန်းတုံး၊ တန်ဆောင်မုန်းကို၊ ပွင့်ထုံးရွှေနှယ်၊ နေ့လယ်ဘဝါး လေးခုထား၍၊ ပွဲကားကထိန်၊ သက်န်း ရှိန်နှင့်။ တတ်အိမ်ပထဝီ၊ တေဇောညီ၍၊ ဓာနီရာဇာ၊ ရက်မှာနဂါး၊ ပြဿဒါးဟု ရက်ထွန်းပြုသော်၊ ခေါ်မူ ဗုဒ္ဓဟူး၊ ရှေ့ရှုးရှူးကို၊ ခေါင်းဦး လှည့်သွား၊ နတ်နဂါးတည့် နေ့ကားနာရီ၊ နှစ်ဆယ်ချိ၍၊ စွန်းမှီရှစ်ခု၊ ညဥ့်ကိုရှုသော်၊ သုံးဆယ်ပေါ်မှာ၊ နှစ်ခုသာသည်၊ လမှာ ရက်စုံသတ်သတည်း။

## နတ်တော်လ

မိဂသီဟု၊ ရောင်ခြည်ထွန်းပေါ်၊ လနတ်တော်မှာ၊ ခေါ်သည်ဓနု ရာသီပြု၍၊ နှစ်ခုတတ်ညီ၊ ပထဝီဇော၊ အုံညြဖွယ်ရာ၊ မဟာပိန္နဲ၊ ပွဲတော် သဘင်၊ ဂမုံးအင်နှင့်၊ သစင်မုခြား၊ ဘဝါးငါးခု မွန်းတည့်ပြု၏။ ရက်မူ ပြဿဒါး၊ နဂါးနှင့်ကြွက်၊ ရက်မှာရာဇာ ဆိုသည်မှာကား၊ သောကြာဗုဒ္ဓ ထွန်းသီဟနှင့်၊နာဂလှည့်ရာ၊ဒက္ခိဏာသို့၊ သိသာလည်းပြောင်း နေ့ပေါင်းနာရီ၊ နှစ်ဆယ်ချိ၍ စွန်းမှီခြောက်ခု၊ ညဥ့်ကိုရှုသော်၊ သုံးဆယ်ပေါ်တွင်၊ ကျော်သည် လေးခု၊ အမှန်ပြု၍၊ ယခုဆန်းလှ၊ ဤမာသကို၊ ရက်မှာမစုံ သတ်သတည်း။

## ပြာသိုလ

ပွင့်ခွာညိုနှင့်၊ ပြာသိုမာသ၊ ဆိုသည့်လကို၊ ဖုသျှနက္ခတ်၊ ဓာတ်ကား အာပေါ၊ ဝါယောတစ်လီ၊ ရာသီမကာရ၊ နန်းမပြည့်ရှင်၊ မင်းကားဆင်နှင့်၊ နေ့လျှင်ဘဝါး၊ မြောက်ခုထား၍၊ ပြဿဒါးမှာ၊ သောကြာဗုဒ္ဓ၊ ရာစတမူ၊ ကြွယ်ယှူနဂါး၊ ခေါင်းတောင်ထား၍၊ နေ့ကားနာရီ၊ အညီနှစ်ဆယ်၊ လေးခုကယ်သည်၊ ရက်ဝယ်အစုံ သတ်သတည်း။

## တပို့တွဲလ

ယာဂုလှူပွဲ၊ တပို့တွဲကို၊ ပေါက်လဲဆူပန်း၊ ဓာတ်ဆန်းဝါယော၊ နောပထဝီ၊ ကုံရာသီတွင်၊ ထွန်းညီမာဃ၊ ဘဝါးတမူ၊ ငါးခုယူလော့၊ ရက်မူပြဿဒါး၊ ကျားနှင့်ဂဠုန်၊ တစ်ဖုံရာဇာ၊ အင်္ဂါနှင့်ကြွက်၊ ထွန်းရက် ကြာသပတေး၊ နေရေးနဂါး၊ ခေါင်းတောင်ထား၍၊ နေ့ကားနာရီ၊ နှစ်ဆယ်ချို၍၊ ဗွန်းမှိုမြောက်ခု၊ ညဦကိုရှုသော်၊ သုံးဆယ်ပေါ်တွင်၊ ကျော်လျှင်လေးခု၊ ယခုမာသ၊ ဆိုသည့်လကို၊ ရက်မှာမစုံ သတ်သတည်း။

## တပေါင်းလ

ပြုဗ္ဗာဘဂုဏ္ဍီ၊ မိန်ရာသီနှင့်၊ ပထဝီဓာတ် တေဇောထပ်၍၊ လမြတ်တပေါင်း၊ ခါတော်ကောင်းကို၊ ထောင်သောင်းခြွေရွေ၊ နန်းကြီးနေတို့၊ ပန်းရွှေမာလာ၊ ထိန်ဝါပိုတောက်၊ လက်မြှောက်ကိုင်ခါ၊ သူငါချိမ့်သဲ၊ ဘုရားပွဲကို၊ သွားမြဲသည်လ၊ နေ့ကားဘဝါး၊ လေးခုထား၍၊ ပြဿဒါးရှင့်၊ ဟိုင်းနှင့်ခြင်္သေ့၊ ရာဇာနေ့ကို၊ စေ့စေ့စုံလေ၊ တနင်္ဂနွေနှင့်၊ စနေနေ့ကား ရက်ထွန်းထားမှု၊ မှတ်ရာဟူ၏၊ ခေါင်းမူအနောက်၊ နဂါးရောက်၍၊ နေ့လျှောက်နာရီ၊ ဗွန်းမှိုနှစ်ဆယ်၊ ရှစ်ခုကယ်၍၊ ညဦဝယ်ကားသော်၊ သုံးဆယ်ပေါ်က၊ နှစ်ခုရသည်၊ မာသအကြောင်း၊ လတပေါင်းကို၊ ရက်ကောင်းအစုံသတ်သတည်း။

*

## နေထွက်အချိန်

၁။ "ကျူး" သောင်း–နေး–တုန်။
၂။ "ဆုန်"–ပေါ်–ဖီ–နင်း။
၃။ "ယုန်"–မင်း–လှ–ဘန်။
၄။ "ဆို"–ပြန်–ဆယ်–ထပ်။
၅။ "ခေါင်"–မြတ်–လည်–တို့။
၆။ "သော်"–ပြို–ပြန်–နက်။
၇။ "ကျွတ်"–ဟိန်–ထွက်–တင်။
၈။ "မုန်း"–သက်–အောင်း–ထိတ်။
၉။ "နတ်–သား–ချိတ်–တည်း။
၁၀။ "သို"–သိတ်–စို–နံ့။
၁၁။ "တွဲ"–သန့်–ကောင်း–တွင်။
၁၂။ "ပေါင်း"–သင်း–အင်း–ထွေ။

စနေမှာ သုညချလျက်၊ ကြွင်းသမျှကို နံသင့်ဆိုသည်၊ ဗဟိုနေထွက် နာရီတည်း။

နာရီကို နောက်ဆုတ်ဆိုလှည့် ဗဟိုအရက် အချိန်တည်း။

*

## နေဝင်အချိန်

၁။ "ဟာ"–သံ–တော်–တော်။
၂။ "ကံ"–သူအော်–နှင့်။
၃။ "န"–သော်–ချိတ်–ဆိုး။
၄။ "ဝါ"–သူ–ဆိုး–တွင်။
၅။ "ခေါင်"–သိုး–ကြံ–နံ့။
၆။ "လင်း"–သန့်–အောင်–ထူ။
၇။ "သ"–သူ–နယ်–တင့်။
၈။ "ဆောင်"–ပန်း–ပွင့်–တည်း။

၉။ "နတ်"-မြန်-လယ်-ထွန်။
၁၀။ "ပြာ"-မွဲ-စွန်-တို့။
၁၁။ "တွဲ"-မြန်-လှန်-တောင်း။
၁၂။ "ပေါင်း"-မူ-မြို့-နယ်။

ရှေ့စယ်နံသင့်၊ ယူရန်ဖွင့်သည် နေမင်းသူရိန် ဝင်ချိန်တည်း။

**ယူပုံကား**

| | |
|---|---|
| ကူး-တာကူးလ။ | ဆုန်-ကဆုန်လ |
| သောင်း ၆-နာရီ။ | ပေါ် ၅-နာရီ။ |
| နေ့ သုညမိနစ်။ | ဖိ ၅၀-မိနစ်။ |
| တုန်-သုညစက္ကန့်။ | နင်း-သုညစက္ကန့်။ |

**(အထက်ပါနည်းအတိုင်းယူလေ)**

*

## ဒွားဂဏာန်းရေးနည်း

တစ်လျှင်ကကြီး၊ အသီးသီး၊ မငြီးမှတ်ကုန်ကြ။
နှစ်လျှင် ကချွေး၊ ခေါ်မူရေး၊ မထွေးမှတ်ကုန်ကြ။
သုံးမှာကား-င၊ ရေးကုန်ကြ၊ မုချမှတ်လေပါ။
လေးတွင်-စလုံး၊ ရေးမြဲထုံး၊ လက်သုံးမှတ်ကြပါ။
ဆလိမ်-ငါးယူ၊ ခြောက်မူကား-ည၊ အ,မှာ ၁၀၊ မှတ်ကြမျိုးလေးဖြာ။
တ-ဝမ်း-ပူ-ခုနစ်၊ ရေးရိုးဖြစ်၊ အသစ်မှတ်ကြပါ။
ရှစ်မူ-ထဆင်ထူး၊ အထူးထူး-မည်ကြူး မှတ်ကြပါ။
ကိုးမူ-နငယ်၊ အသွယ်သွယ်၊ အလွယ်မှတ်ကြပါ။
တစ်, နှစ်လုံးက၊ ပစောက်ရ၊ မုချ မှတ်လေပါ။
နှစ်, နှစ်လုံးကား၊ ဖ-ကိုထား၊ မှတ်သားပြုကြပါ။
သုံးနှစ်လုံးမူ၊ မ-ကိုယူ၊ ကြည်ဖြူမှတ်လေပါ။
လေး, နှစ်လုံးကား၊ ယ-ငယ်ထား၊ မှတ်သားပြုလေပါ။
ငါးနှစ်လုံးမှာ၊ ရ-ကောက်သာ၊ မှတ်ပါပေါင်းသိသာ။
ခြောက်, နှစ်လုံးက၊ လ-ကိုရ၊ မုချ မှတ်လေပါ။

ခွန်, နှစ်လုံးမှာ၊ ဝ–ယူပါ၊ သေချာမှတ်လေပါ။
ရှစ်, နှစ်လုံးမူ၊ သ–ကိုယူ၊ ကိုးမူ ဟ–ယူဝါ။
ကြက်ခြေမှာ–အ၊ ရေးလေကြ၊ မှတ်ကြ ပေါင်းသိသာ။

*

## ကျောက်စာရေးနည်း

"ဂူ,ကျောင်း, ဘုရား၊ တည်ထားကျောက်စာ၊ ကမ္ဘည်းမှာကို ဘယ်ခါလွယ်ကူ၊ သိစိမ့်ဟူ၍၊ ထုတ်သူဖော်ငင်၊ လက်ာဆင်အံ့၊ ချလျှင် ၁ စီး၊ လုံးကြီး ၂ တင်၊ ၃ လျှင်ဆံခတ်၊ ထက်ရပ်စီးတင်၊ တစ်ကျောင်းငင် မူ၊ လေးလျှင်အမြဲ၊ အောက်ကဆွဲလော့၊ တတွဲနှစ်ချောင်း၊ ဝင်တုံရှောင်းမူ၊ ၅ လျှင်ဟူ၏၊ ၆–မူသဝေ၊ သတ်လေသမျှ၊ အောက်ကအမြဲ၊ ၇ ဆွဲတည်း။ ပင်မြီမောက်ချ၊ ရစ်ထလို့နိကွေး၊ အောက်ပင့် ၈–တည့်။ ရေးလျှင်အမြဲ– ဝ–ဆွဲလုံးကြီး၊. တင်တုံပြီးမှ၊ လုံးကြီး ဝ–ဆွဲ၊ ယ–ဆွဲ၊ လ–ဆွဲ၊ နောက်ပစ် ကဲလော၊ ပစ်မြဲအောက်ထိုး၊ ခေါ်ရိုးစဉ်ပင်၊ ကျောက်တွင် ရေးနည်း၊ ဤနည်းနဲ့ယူ၊ နလုံးမူ၍၊ ဖတ်သူပညာ၊ ရေးထည့်မှာသည်၊ နောင်လာလူများ၊ မှတ်လို့ထား။

## ပိဋကတ်သင်္ချာရေးနည်း

တစ်, မှာကား–က၊ နှစ်မှာ–ခ၊ သုံးမှာ ဂ–ကိုယူ။
လေးမူဃ–ကြီး၊ င–လည်းပဉ္စ၊ ခြောက်မှာ–စ၊ သတ္တဆ–ကိုယူ။
ဈ–မြင့်ဆွဲသာ၊ ရေးနဝါ၊ ရှစ်မှာ ဇ–ကွဲယူ။
ၡ–ဋ–ဌ–ဎ–ဏ၊ ငါးလုံးပ၊ ရေးကြစဉ်အလာ။
၁–၂–၃–၄–၅–ထိရေး၊ မှတ်ရေးငါးလုံးသာ။
တ, မှာကား–ဆ။ ဆ–သတ္တ၊ ဒ–မှာရှစ်ခုသာ။
ဓ အောက်ချိုက်မှာ၊ ရေးနဝါ၊ မှတ်ပါပေါင်းသိသာ။
ပ–ဖ–ဗ–ဘ–မ၊ ငါးထိပြ၊ မှတ်ကြစဉ်အလာ။
ယ–မှာကားတစ်၊ ရ–မှာနှစ်၊ သုံးဖြစ်လ–ကိုယူ။

ဝ–မှုလေးရှ။ သ–သတ္တ၊ အင္ဂဟ–ကိုယ္။
ဋ္ဌ–ကြီးမှာကား၊ ကိုးခုထား မှတ်သားတပည့်ဟူ။
ယှ–မှာငါးယူ၊ ခြောက်မူကား–ရှု၊ ရေးနည်းပြ၊ သိကြစဉ်အလာ
သရ–ရှစ်ခု၊ ည, န, ရှ၊ မှတ်ပြု သုညသာ။

ပဒိုကတ်သရျာအတွက် အလွယ်တကူမှတ်ရန် ဇယား

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁-က | ၂-ခ | ၃-ဂ | ၄-ဃ | ၅-င | ၆-စ | ၇-ဆ | ၈-ဇ | ၉-ဈ |
| ၁-ဋ | ၂-ဌ | ၃-ဍ | ၄-ဎ | ၅-ဏ | ၆-တ | ၇-ထ | ၈-ဒ | ၉-ဓ |
| ၁-ပ | ၂-ဖ | ၃-ဗ | ၄-ဘ | ၅-မ | | | | |
| ၁-ယ | ၂-ရ | ၃-လ | ၄-ဝ | ၅-ယှ | ၆-ရှ | ၇-သ | ၈-ဟ | ၉-ဠ |

မှတ်ချက်။ ။ ည-နှ-အ-ဣ-ဤ-ဥ-ဦ-ဧ-ဩ-ပေါင်း ၁၀ လုံးကို သုညယူ။

## ၁–ကြွင်းတိုင်

| | | |
|---|---|---|
| | ၅<br>အဓိပတိ | |
| အထွန်း<br>၇ | သိုက်<br>၃ | ရာဇ<br>၆ |
| ၄<br>မရဏ | ၁<br>ဘင်္ဂ | ၂<br>ပုတိ |

တွက်လိုသူတို့၏ ဖွားသက္ကရာဇ် တည်ရာ ၇–ခုစား၊ အကြွင်းကို ဘင်္ဂကစ၍၊ မွေးနံကြရာတွင်ဟောလေ။

### ချုရန်လက်ာ

အောင်, လံ, ထူ, စစ်, သူ, ကြီး, ပွဲ။

### မဟာဘုတ်ကိန်း

၁ ၂ ၇ ၆ ၃ ၂ ၅

### ဘင်္ဂတိုင်ကြိုဟ်အဟော စာတမ်းတေးထပ်

အောက်တန်းလယ်ဘင်္ဂ၊ ခင်အလှကျရင်။ ဝင်မရ နေခွင်မှာ ပျက်ကိန်းပင်ဆိုစို့။ နွား, ကျွဲ, မြင်း, မြေ,ယွင်းမသေ့ ဆုံးတတ်တာမို့။ ။ အိမ်ကလဲမလုံပါ၊ မိုးရွာလျှင် စိုလို့ ကြွေးရှင်တွေ ဆူဆူဗျို့ ပူပူလို့ကြုံလာ။ ။စိတ်အနေတယ်မအေး၊ ကလေးနှင့်မိန်းမကြောင့်သာ၊ အိမ်နီးချင်း အမှုရှာတယ်၊ ခုအခါတယ်မကောင်းပေဘု၊ စိတ်ထောင်းလို့ ကိုယ်ကြေ၊ ပူသောကမွေ။ ။ မရှင်စရာဘင်္ဂမြေမှာ၊ ခင်လှတာမေ ပျက်ကိန်းမို့လေး။

## မရဏတိုင်

မရဏာအိမ်၊ ကြိမ်အကျ၊ ထဏ္ဍနှနတ်မောင်၊ ဝတီ ကဓာတ်ရှောင်တယ်၊ မကောင်းပေါင်နော်နော့။ ဆွေမျိုးနဲ့ကြီးငယ်သူ၊ မီးနှယ်ပူကိန်းထပ်သပေါ့။ ။ မိဘနှင့်ကိုယ့်ဆရာ ဘိဓ္ဓနာသဘော၊ အနီစွာခယောက်ကိုဖြင့်၊ ဟောပြတဲ့ကိန်းအနေ။ ။ ရတနတ္တယံ အပ်ဝန္ဒာမိ၊ လွန်စွာ သတိပြုထိုက်လှပေ။ ။ ဖျားနာတတ် ကိန်းအခြေမှာ၊ ယိမ်းမသွေမူလင့်လို့၊ ပူခွင့်အေးစေရန် သီလနှင့်ဖန်၊ စိတ်ပုတီးနဲ့ နိသျည်းခံတယ်၊ ရိပ်ကြီးထံဆောက်တည်ကိန်းမို့လေး။

## အထွန်းတိုင်

အထွန်းနေ့၊ လွမ်းပြေစခန်း၊ ကွမ်းဘွေငြမ်း ကြုံလာ၊ ရွှန်းဝေလမ်းဘုံပေါ်မှာ၊ တဂုဏ်နေတင်တင့်။ ။ ညွှတ်ခလျက် နာမည်ပြောင်တယ်၊ တန်ခိုးရှောင် ကဲတဆင်ဆင့်။ ။ကြွလိုက်တိုင်း လိုရာပါ၊ သရေမှာ အမြင့်၊ ဘွေပထဗျာ ဓေယျာပွင့်နေစဖို့ ကျေညာနှင့် ဂုဏ်သီရိ။ ။ အောက်ကျသူရှိလျှင် ခိုးလောက်ကဲ့၊ တန်ခိုးကမောက်လို့သာထိန်၊ အမျိုးထက်မောက်ဖို့ကြိမ်တယ်၊ ထူးအရှိန်ကဲထူးမို့လေး။

## သိုက်တိုင်

နန်းသိုက်မြို့ဂြိုဟ်တစ်ပါး၊ ခိုစားလို့ရောက်သူ၊ ပိုပတ္တမြား မောက်ကြူတယ်၊ မောက်ကောက်ဟူ–သူဌေး။ ။ ရွှေ, ငွေနှင့် ကျောက်စိန်တွေမှာ၊ တောက်ထိန်ဝေပါပါဘိပဂေး။ ။ နွား, ကျွဲနှင့်မြင်း, လယ်ယာ, အဖြာဖြာပြည့်ရေး၊ စိတ်ကြိုက်ရာ ဖန်လာအေးပါငဲ့၊ ဟိုရှေးက ကံ–ကံ။ ။ သိုက်ဆိုလျှင် ဘိုက်ကို နှိပ်ပါရ၊ ဝမ်းသာစိတ်မဲ့သာကြီ။ ။ ဝင်လိုက်တဲ့စုတ်ဘန်ဘန်မှာ၊ အုပ်တိုက်ပျံငါးဆင့်ထက်၊ ခြားအခွင့်မရှိအောင်၊ ထွန်းလို့ထိန်ပြောင်၊ ရွှေသိုက်နန်းမို့ ဝေလျှမ်းဆောင်တယ် မေ, မ, မောင်မောင်အေးငြိမ်းဖို့လေး။

## ရာဇာတိုင်

တစ်သိင်္ဂီနန်းရာဇ၊ ဆန်းလာကြသက်လုံ၊ မှန်းရာပဆက်တုန်အောင်၊ ကနက်စုံရွှေထီး။ ။ မဟာမျိုးသတိုးဆွေမှာ၊ မိုးရေ, မြေအုပ်စိုးလို့စီး။ ။ မြို့အုပ်နှင့် ဝန်ထောက်မှာ၊ ညွှန်လောက်ရာအပြီး။ ။ အရေးပိုင်နယ်မင်းကြီးမတော့၊ ဆွယ်ရင်းနှီးကံကော် ဆင်းရဲသူမောင့်မယ်တမိ မြှောင်ဆွယ်အတိ၊ မင်းကဲ့သို့မော်။ ဩဇာရှိ ရပ်ရွာပေါ်မှာ၊ ဒြပ်နော်ဘယ်မညှိုးပေဘူး၊ တန်ခိုးရှိန်တေဇာ၊ ကြီးပအာဏာ။ ။ နန်းရာဇ ခုကြုံလာလျှင်၊ လူ့ဘုံမှာ ထက်ပိုင်းမို့လေး။

## ပုတီတိုင်

၇–ပဝနေ၊ ဓာတ်နက်မီး၊ တိပ်စွည်းသက်ဟန်၊ သဒ္ဒါရေးနှင့် စာတွေကြုံလျှင် ပုတီစံအကောင်း။ ။ သို့ကတဲ့သုတ်ဋီကာမှာ၊ ပုဒ်ညီစွာဟောပွင့်လေရှောင်း။ ။ သို့ဖြစ်၍ ပုတီခိုလျှင် သူမလိုအကြောင်း၊ အပူပိုချောင်းမြှောင်းလို့၊ ဘစောင်းပြောဆို။ ။ ဣသမစ္ဆေရတွေနဲ့၊ စနစ်ပွေဆဝေးရန်ကပို။ အကောင်းပြေ၍ သဘောမချိုတယ်၊ အလိုလိုရန်စလို့၊ ခံရဖို့ ရှေးကြမ္မာ၊ ဝင့်ကဖန်လာ ပုပ်ပုတီအယုတ်မာရယ်၊ မဟုတ်တာတွေများလွန်းလို့လေး။

## အဓိပတိတိုင်

ဇေယျာသိန်းနန်းဂဟာ စန်းသမ္ဗျရောက်သူ၊ စခန်းကမောက်ကြူတယ်၊ နောက်တလူပြိုင်နဲ့။ ။ ဇမ္ဗူဒိပ်သပြေငှမှာ၊ နေတစ်ဆူထွန်းမယ့်အလှဲ့။ ။ ကြံလိုက်တိုင်းလိုရာပါ၊ ဆိုစရာမငဲ့ ပျိုကာ ယမင်းနွဲ့တွေနဲ့ အနင်းလှဲ့ကြုံပြီး၊ ကာမဂုဏ်အာရုံငွေ၊ ကြာမှုလေ့မှိုင်းလို့သာရှိ။ ။ တိုက်ကြီးနှင့်စိန်ကတ္တီ ဣန္ဒနီမြသားနှင့် လရထားပုံလိုလို၊ ခုံးမျက်စချိုလှ၊ မကာ နတ်အပျိုကို၊ ခါးချပ်တိုတို ဝတ်စမ်းစို့လေး။

*

## သက်ရောက်တွက်နည်း

စာတာရှင်၏ အသက်သည် ၈-ခုစား အကြွင်းကို စာတာရှင်၏မွေးနံ့မှစ၍လက်ယာရစ် ရေတွက်ပါ၊ ကျရောက်ရာသည် သက်ရောက်ဂြိုဟ်ဖြစ်၏။

| | | |
|---|---|---|
| ဧသန် တနင်္ဂနွေ | ပုရတ္ထိမ တနင်္လာ | အဂ္ဂိ အင်္ဂါ |
| ဥ သောကြာ ၆ | | ဒက္ခိဏ ဗုဒ္ဓဟူး ၄ |
| ၈ ရာဟု ပါယပ် | ၅ ကြာသပတေး ပစ္ဆိမ | ၇ စနေ နရတီ |

**မှတ်ချက်။** ။ အထက်ပါပုံမှာ ဂြိုဟ်အမည်နှင့် နေရပ်ဖြစ်၏။

*

### တနင်္ဂနွေဂြိုဟ် သက်ရောက်အဟော

ဥဏှာဂုဏ်ဖလ်ပြာသာဒ်၊ ဂြိုဟ်မြတ်တဲ့သက်ဆုံ၊ စာပေါင်းသိုက်ရိပ်မြုံကို မျှောက်သူပုန် မွှေနှောက်။ ။ မကောင်းပကြွမ္ဘာဖန်၊ မ တော်မှန်သည် ကိန်းသို့ရောက်၊ တန်ခူးနှင့်ကဆုန်၊ နှင်းငွေမှုန်မြူသောက် လပြာသို ချိန် အထောက်တွင်မှ အမှုပေါက်ပွေရှုာ သား, မြေး, ဆွေ၊ ကျန်တသင်းငယ် ကြောင့်၊ မှုအခင်းဖြစ်တတ်လှပါ။ ။ သူခိုးနှင့်မီးဆိုတာမှာ၊ သတိသာ ဆောင်ပြားလို့၊ ရှေ့နှောက်ပါ၊ မြောက်တောင်စွယ်၊ ရှောင်ရှားပါကွယ်၊ ချစ်သူနဲ့စပ်သွယ်လျှင် ခင်ပျိုမယ်မိန်းမနဲ့လေး။

*

### တနင်္လာဂြိုဟ် သက်ရောက်အဟော

သီတဂုဏ်ငွေပွင့်၊ စန်းယုန်မင့်ဗိမာန်၊ သက်ရောက်တို့ဝင်ပြန်လျှင် ဟောဆိုရန်တဝ။ ။ မောင်ကောက်ရ သူဌေးကျော်၊ သင့်တော်လျော်သည့် ကိန်းသို့ကျ။ ။ ငွေနှစ်ကိုဥစ္စာ၊ လိုရာရာကိစ္စ၊ ရှေ့နှောက်ရန်ဒေသက၊

ရတော့မည်မှန်စွာ၊ ခါကဆုန် ဝါခေါင်တုံး တန်ဆောင်မုန်း ရောက်သောအခါ၊ ကြွက်မင်းနှင့် တနင်္လာချမ်းသာရာ နိုကပ်လို့၊ ဂြိုဟ်ရပ်က လာဘ်ဖြူစင် ရငြားလိမ့်ထင်။ဟောလိုက်တဲ့ ဓာတာရှင်မှာ၊ နတ်ဗေဒင်ဆိုလောက် ကဲ့လေး။

*

## အင်္ဂါဂြိုဟ် သက်ရောက်အဟော

ကေသရာရန်ဇေ့၊ နံခြသေ့ရောက်လာ၊ ခေါင်းဆယ်လုံး ကံကြမ္မာ ငယ်။ မင်းသိတာယဉ်နှဲ့။ ။ သူ့တွက်ကြောင့် ခန္ဓာကုန်သည့်၊ သည် ထုံးပုံကိန်းရောက်ပြန်ခဲ့။ ။ ကဆုန်နှင့် ဝါခေါင်မှာ၊ ပြာသိုနှောင်တလွဲ၊ မိန်ရာသီမကုန်တဲ့ခင်က၊ ကြောက်မက်ဖွယ်လမ်းတာ၊ ရှောင်တိမ်းပါမိန်းမ ခင်း၊ ယိမ်းမယွင်းဖြစ်မြဲမကြာ။ ။ ရှေ့တောင်တောင့်ရပ်ဆီမှာ၊ အသားနီ လူတစ်ယောက်ကယ်ကြောင့်၊ စိတ်နှောက်လို့ပူဗျာပါ။ ငြိုးရန်စရာ။ ။ ချစ်သူနှင့်ကွေကွင်းကွာသည်။ ချစ်ဒဏ်ရာ ထိမည်ပလေး။

*

## ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်အဟော

မျိုးမာတင်မုန်ဦး၊ ဗုဒ္ဓဟူးဂြိုဟ်တွင်၊ လောင်းဆဒ္ဒန်ပျော်ရွှင် ညိုးမာန်ဝင်စိတ်ထား၊ သောနတ္ထိရုံမြားဒဏ်ငယ်၊ စူးမှန်ရာသည်ကိန်းနှင့် ငြား။ ။ တပို့တွဲခေါ်ဆို၊ လပြာသိုတခြား၊ မနာလိုရန်ပွားလို့၊ စကားက အပြစ်တင်၊ ဝမ်းရောဂါအနာမှတ်၊ စွဲကပ်လိမ့်ငါဆရာထင်၊ ခြေနှစ်ချောင်း စုတ်ကြီးဝင်၊ ရှေ့တောင်ခွင်ဒေသက လာဘ်လာဘဥဒဟိုရမြဲပဆို။ ။နတ် မျက်စိနှင်းဆိုသည်၊ တက္ကသိုလ်တော်ကြီးမို့လေး။

*

## စနေဂြိုဟ် သက်ရောက်အဟော

မျက်စောင်းရှိန် ထိန်လျှပ် မျိုးရေနတ်ရောက်ခါ၊ ဓနက္ကလောင်း ရာဇာ၊ လှေနဝါပျက်ပြုန်း။ ။ သည်ကိန်းခုကြုံပြန်လျှင်၊ ပူတန်တန်ပွားနေကြ ထုံး။ ။ အရောင်းနှင့်အဝယ်မှာ ကြောက်မက်ဖွယ်ရှောင်အုံး။ ။ မီး, ခိုးသူ ပျက်ပြုန်းလို့၊ ဆုံးတတ်လှအနေ။ ။ လကဆုန်ဝါခေါင်တွင်း၊ မိန်းမခင်းဖြစ်မြဲပမသွေး၊ သူ့အရိပ်ဂြိုဟ်နေကို၊ ရှောင်ကာ သွေယာယီ

ပျက်ကာယ်ကြောင့် ခြေ, လက်, အနာတသွယ် ပေးတတ်လှတယ်၊ ဂြိုဟ်ပါပ, အမူကြွယ်တယ်၊ အန္တရာယ်များနိုင်မျှလေး။

*

## ကြာသပတေးဂြိုဟ် သက်ရောက်အဟော

ဆယ်ရပ်ခွင်ရောင်ခြည်စု၊ ဂြိုဟ်ဂုရုရောက်သော်၊ မင်းကုသအလောင်းတော်၊ ရွှေကြင်တော်ယှဉ်နွဲ့။ ။ မယ်ပပဝတီကို၊ ရပြန်သည်ကိန်းသို့ကြုံဆဲ။ ။ တပေါင်းတဲ့ရွက်ကြွေ၊ ကဆုန်နွေရောက်မြဲ၊ နေ့မကြာ–ပြတ်မစဲ၊ လာဘ်ခဲဥသုံ။ ။ လှကညာပျိုပေါက်၊ နောက်ရပ်က တွင်းစုတ်နှင့်ကြုံ။ ။ စနေထောင့်ရပ်ဘုံမှာ၊ အချစ်ဟုန်မဝင်လွန်းနှင့်၊ နှုတ်ခွန်းမှ မသာကြည်၊ မိန်းမဖျက်မည်။ သတိကိုဆောင်တည်၊ စိတ်ကြံရည်ရိုင်း စေနှင့်လေး။

*

## ရာဟုဂြိုဟ် သက်ရောက်အဟော

ဟိုင်းဆင်ပြောင် မုန်သောက်၊ သက်ရောက်သောအခါ၊ သေနင်္ဂသူရာကို၊ နတ်ဣန္ဒာလျင်ဖျက်။ ။ ဤကိန်းနှင့်ကြုံပြန်လာ။ ကွာစည်းစိမ်ဆုံးတတ်အသက်။ ။ကံပိန်လှသည်ခါ၊ ပျောက်ဥစ္စာဝင်ထွက်။ ရပ်ဌာနီ ဟိုအကွက်က။ ။ မာန်အမျက်ထွေးအုံ၊ ကြီးမြတ်သူသင်္ဂဟာ၊ မိန်းမကညီးစစ်နှင့်ကြုံ။ ။ အကြောင်းမဲ့ဖြစ်ပုံကို ရာသီကုန်လှမှ၊ တရားမှု ချစ်ဆွေလင်၊ ကွာကိန်းရမြင်၊ လာဘ်လာဘ စုတ်မဝင်သည်။ ဥာဏ်ဆင်ခြင် ဟောလေကွဲ့လေး။

*

## သောကြာဂြိုဟ်သက်ရောက်အဟော

မှုန်ရီလွန်သင်း၊ ဂြိုဟ်ပူးမင်းဌာနီ၊ မယ်ဒွေးလှကြံညီ၊ သက်ဆံလည်းပျော်ပိုက်။ ။ သုခနေဘုန်းလှိုင်မှာ၊ ကြင်တူပြိုင်သည့် ကိန်းနှင့်ဆိုက်။ ။ ကွမ်းခွက်နှင့်ထီးစည်၊ ဘွဲ့အမည် အမိုက်၊ မိန်ရာသီအခါကြိုက်တွင်မှ သိုက်မြိုက်သည့်ကညာ၊ မြောက်ဒိသာရပ်ခြားက၊ လာဘ်ရည်းစားရတော့မည်သာ။ ။ဆန်စပါးရတနာမှာ၊ အခါခါရမြဲပ၊ မှန်မလွဲကေန်သာ၊ဟောသင့်လှပါ။ ။ ရဟာန်းမြတ်ဖြစ်ပါလျှင် ရရန်မှာ ရွှေကျောင်းတဲ့လေး။ ။

**သက်ရောက်အဟောပြီး၏**

## ဂြိုဟ်စား

| | | |
|---|---|---|
| သေန် တနင်္ဂနွေ ၆ | ပုဗ္ဗုတ္တိမ တနင်္လာ ၁၅ | အဂ္ဂိ အင်္ဂါ ၈ |
| ဥတ္တရ သောကြာ ၂၁ | | ဒက္ခိဏ ဗုဒ္ဓဟူး ၁၇ |
| ၁၂ ရာဟု ပါယပ် | ၁၉ ကြာသပတေး ပစ္ဆိမ | ၁၀ စနေ နရတိ |

ဇာတာရှင်၏အသက်တည်၊မွေးနံကစ၍ဂြိုဟ်စဉ်အတိုင်း ဂြိုဟ်သက်ကိုနုတ်၊မနုတ်လောက်သော ဂြိုဟ်သည်ဂြိုဟ်စားဖြစ်၏။

**(တစ်ဖက်ပါပုံမှာ) နေရပ်ဂြိုဟ်အမည်ဂြိုဟ်အသက်တို့ဖြစ်သည်။**

*

### တနင်္ဂနွေဂြိုဟ်စားအဟော

သူ့ရကန်ဖလ်ဂယက်၊ မှန်မပျက်စားရင်း၊ ရန်စနက်ပွားမြင်၊ အများပင်ခနေ။ ။ ခွေ်ကျလို့ငွေကကုန်၊ နေရပုံအေးခွင့်မရ။ ။ ပွဒ္ဒက္ခ ရောတွယ်၊ ဟောရာဝယ်တာဝ။ ။ ကျွန်ပူလောင်ဒေါသကြောင့်၊ ဗျာရနှင့်တွေ့ဟန်။ နေအိပ်ရာညီးပြောင်လစ်၊ မီးလောင်စစ်ကိန်း ရောက်ခဲ့ပြန်။ ။ အရှေ့မြောက်ကေန်ကို၊ မနေမှန်ရှောင်ရှားမှ၊ နောက်မမှား နိုးသူသွေငြိမ်းကြမယ်လေ၊ ကျမ်းအထွက်ပုံအခြေ၊ ကုန်မသွေမှန်ဆိုးတဲ့လေ။

*

### တနင်္လာဂြိုဟ်စားအဟော

စန်းနဂိုရ်ကျမ်းဆိုပြ၊ စန်းဂြိုလ်များစားရာ၊ ရွှေ၊ ငွေနှင့်ထည်ပုဝါ ကြည် သာသာမစဲ။ ။ ရှေ့ရပ်ကဝင်စစ်မြင်၊ ကြင်ချစ်ခင်ပေါ်လိမ့်မလွဲ။ ။ ဥပဒ်နှင့်အန္တရာယ်၊ ရန်မဆွယ်လွတ်ရဲ။ ။ မှန်တကယ်ချွတ်မလွဲသာပ၊ ကျွန်ခပဲခြွေရံ။ ။ လာဘ်လာဘဆိုသမျှ၊ လိုမတများလိမ့်ကေန်။ ။ ညီအလှ ကေဆန်ဝယ်၊ ဆင်ပန်ရန်မောရမယ်လို့၊ ဆရာကသည်ကိန်းဝင်၊

ဟောချည့်ထင်ထင်၊ ဇော်ပီတိမနော်ရှင်အောင်၊ သဘောတွင်၊ မှတ်စမ်းတော့လေး။

*

## အင်္ဂါဂြိုဟ်စားအဟော

ကေသရာဂြိုဟ်အကျ၊ ခိုဏာစားမှု၊ ချို့မလှစားမှု၊ တစ်ပါးသူလွှန်မုန်း။ ။ ချစ်သူက သွေးဖောက်ရှောင်တယ်၊ သေလောက်အောင်ဆွေးလိမ့်နှလုံး၊ ချည်နှောင်ဖွဲ့အမှုမြင်ီ ယခုပင် ရှောင်အုံး၊ မျိုးအဆွေစုရုံးလို့၊ ပြုဂုံးတိုက်ရန်ရှာ။ ဒက္ခိဏာ ထိုအရပ်ကိုဖြင့်၊ ခိုမကပ်ကွင်းတော့မြန်စွာ၊ မပွင့်တဲ့တစ်မျက်နှာ၊ ခက်ဗျာပါခံစားလို့၊ လုံ့တားထိအေားကိုမြင်၊ ဆိုတဲ့ကိန်းဝင်။ ။ နတ်စကျွပမာထင်၊ ဆရာပင်ဟောလိုက်ကဲ့လေး။

*

## ဗုဒ္ဓဟူးဂြိုဟ်စားအဟော

ငွေဆဒ္ဒန်ဂြိုဟ်များ၊ ခိုစားတဲ့အခါ ပျိုထားနဲ့ကညာကို မကြာပချက်ချင်း၊ မုချအပြီး စုတ်ကောင်းဝင်မယ်၊ ဟုတ်ကြောင်းပင် ဟောတော့မယွင်း။ ။ ထည်အဖြူဖွေးစွာ၊ သူပေးလာမကင်း၊ ပူဆွေးတာအရှင်းပ၊ သတင်းကောင်း ကျော်မယ်၊ လာဘ်ပါဒေခြေစတု၊ မသွေခုဖြိုးမောက်လို့ကြွယ်၊ ဖလ်မြေထုမိုးအောက်နယ်မှာ၊ စိုးကြောက်ဖွယ် ဘာမရှိပေဘု၊ ငါကဝိကိန်းအလာ ဟောတော့အခါ။ ။ စောင်းမငဲ့ မြတ်ဓာတ်တာမှာ၊ နတ်သမာ မ, တုံးမို့လေး။

*

## စနေဂြိုဟ်စားအဟော

ရေနာဂိန်ဂြိုဟ်ရောက်၊ အိုကြောက်ကယ်အခါ၊ ခိုပေါက်လဲမသာ၊ ဖုတ်ပြိတ္တာနတ်စုန်း။ ။ နောက်ရပ်က ကံဆိုးပင်၊ ရန်ငြိုးပင်ပွဲကြီးတွေ့တုံး။ ။ ပူဒုက္ခကိုးကုဋေ၊ ပူအဆွေစုရုံး၊ ကြိုးဂဟောရစ်ထုံးသို့၊ နှလုံးခုမကြည်၊ သတ်နိုက်ရန် တကယ်များချည်ငဲ့၊ နယ်တခြားပြေးထွက်သင့်သည်။ ။ အေးတက်နှင့်ခွင့်မလည်၊ မြင့်အရှည်မကြာတွေ့မယ်လို့ ဓာတာမွေ့အသိဉာဏ် ဟောချက်ကမှန် သဘောခက်ပရိက်၊ သတိဉာဏ်စွဲလေတော့လေး။

## ကြာသပတေးဂြိုဟ်စားအဟော

ဂြိုဟ်ရာဇာဓိဝ၊ အညီကျစားမူ၊ ပလီလှစကားထူ၊ တစ်ပါးသူ မကောင်း၊၊ စိုးမင်းမြှတ် ပူဇော်ချင်တယ်၊ သူတော်စင်ကောင်းတဲ့သတင်း။ ။ လယ်ယာချောင်း၊ မြို့ကျေးရွာ၊ ပို့ပေးလာမကောင်း၊ ဝတ်ဖြူစွာခပင်းနှင့်၊ ဆင်မြင်းခုနှားမှန်၊ ပစ္စိမေအနောက်များငယ်က၊ မမှောက်မှားရမည်ကောန်၊ သည်ကိန်းနှင့် ကြုံပြန်လျှင်၊ စုံညှာတန်ခူးတဲ့၊ ငွေပွင့်ဖူးပန်းစံပယ်ကို၊ လှမ်းမယ်တဲ့ပျို။ ။ကျမ်းကျယ်ချဲ့၊ ဆရာဆိုမယ်၊ ကဗျာချို ရှုစမ်းလှဲ့လေး။

*

## ရာဟုဂြိုဟ်စားအဟော

ဆိုင်းမကြာ ဟိုင်းရာဟု၊ နှိုင်းစာမှုအမှန်၊ ခိုမှားလို့ဂြိုဟ်စားပြန်လျှင်၊ ကိုယ်ယားယံမလွဲ။ ။ သက်ဆုံးခွင် ကြိမ်ပေလာ၊ စိန္တေယျာ ကိုးတော့ အမြဲ။ ။ ရွှေအဆက် ငွေထက်ပြောင်၊ ရေစက်ရောင်မြူခွဲ။ ။ နေခက် အောင် ပူစွဲလို့၊ တစ်ခုထဲ လေနာဂြိုဟ်ရပ်ခွင် မရှောင်ရှားလျှင်၊ နောင်မမှား တွေ့လိမ့်မှန်စွာ၊ ခေါင်ထားတဲ့ကိန်းအလာ၊ တိမ်းစရာ ဘယ်မရှိပြီဘူး၊ ယာယ်ပရိကျမ်းအလို၊ ဟောလိုက်သည်ကို။ ။ သဘောကြိုက်၊ ဖေကြား ဆိုမယ်၊ ရွှေနားချို ဆင်အုံးကွဲလေး။

*

## သောကြာဂြိုဟ်စားအဟော

ရောက်မကြာမြောက်ကြာဆို့၊ သောကြာသို့စားမူ၊ ထောက်စာလို့ သနားကူတစ်ပါးသူချစ်ကိန်း၊ ကျွန်ကျေးနှင့်မြင်း, နွား၊ ဆင်၊ သွင်းပြား ဝင်ပေါလိမ့်မတိမ်း။ ။ မြောက်ရပ်က ဝတ်ဖြူစွာ ညွတ်ယူပါမယိမ်း၊ မင်းပူဇော်ခံကြိမ်းမို့၊ သိမ်းပေတော့မသွေ၊ ပုဏ္ဏားတော် ဆရာများငယ်က၊ လာမမှား ပေးလိမ့်မလေ။ ဆုလာဘ်သပ်ထန်မိုးဖွေ တိုးသရေရောင်တင့်လို့၊ ခေါင်းမြင့်တဲ့ သည်အခါ၊ ဘေးနှင့်ရန်ကွာ။ ။ အေးရန်ခွင့်ကြုံလာတယ်၊ ယုန်ခစာ ငွေနန်းသို့လေး။

ဂြိုဟ်စားအဟောပြီး၏။

## သုံးထပ်ကိန်း

| | | |
|---|---|---|
| ၄<br>၆<br>၁ | ၆<br>၇<br>၂ | ၇<br>၈<br>၃ |
| ၅<br>၅<br>၆ | | ၄<br>၁<br>၇ |
| ၈<br>၄<br>၁ | ၅<br>၃<br>၄ | ၇<br>၂<br>၆ |

ဓာတာရှင်၏အသက် တည်၊ ၈ ခုစားအကြွင်း ကို မိမိ မွေးနံကစ၍ လက်ယာရစ်ရေတွက်လေ။ ကျရောက်ရာ အရုပ်ဂြိုဟ်တွင် ဟောရမည်။

### အထက်ပုံမှာ ကိန်းချုပ်ဖြစ်၍ (ချရန်လင်္ကာမှာ)

အောင်–သာ–လှေ၊ င–နေ–သစ်၊ ဆယ့်–ရှစ်–တောင်၊ ရောက်–အောင်–ထိုး၊ တိမ်ခိုး–သာ၊ မြစ်–ညာ–ဝ၊ ရောက်–လွယ်–အောင်၊ သောင်–မွေး–မွေး။

*

### ဗုဒ္ဓဟူးဂြိုဟ်အဟောစာတမ်း

ရောက်သက်တည်ထား၊ ရှစ်ခုစား၍၊ ကြွင်းတြားသေသ၊ကိန်းအရမှာ၊ တြိတြာ အိမ်ခွင်မှာကြိမ်မူ၊ ဗုဒ္ဓနှောင့်ယှက်၊ လာသည့်ချက်ကြောင့်၊ ကိန်းထွက်နာမံ၊ ကြုံပြန်တစ်ဖုံ၊ ဥသုံကာခါ၊ သိုက်နေရာကို၊ ဖျက်သာကြီးမှောင်၊ ကြုံသောကြောင့်လျှင်၊ တောင်ထောင့်ရပ်ရှူး၊ နဖူးခပ်မောက်၊ နှာရောင်ကောက်နှင့်၊ ဝင်ရောက်လာလို၊ လူပုဂ္ဂိုလ်မှန်၊ လက်မခံနှင့်၊ တစ်ဖန် သောကြာ၊ ခိုဝင်လာ၍၊ သွားရာလမ်းမြစ်၊ ထိုပြင် မိန်းမ၊ ဝင်ထလာပြန်၊ လက်သင့်ခံကာ၊ သောကြာကြီးကဲ၊ ဂြိုဟ်ကိုစွဲ၍၊ ညှဉ်းဆဲနှိပ်စက်၊ ကိုယ့်ထက်ကြီးသူ၊ ရန်လျှင်မူအုံ၊ မှတ်ယူသေချာ၊ ဂြိုဟ်သောကြာနှင့်၊

နှောပါဂဠုန်၊ ပြုလေတုံက၊ သတ္တအစစ်၊ သချုံဖြစ်၍၊ ယုတ်ညစ်ခိုးသူ၊ ရှိန်ပူအဂ္ဂိ၊ ကိန်းကြီးရှိ၏၊ ရဝိဗုဒ္ဓ၊ ပူတွေကြသဖြင့်၊ လုဒ္ဒလူညစ်၊ ဆဒ္ဒန်စစ်ကို၊ လေးပစ်ကိန်းဆိုက်၊ ကြုံလာကြိုက်၍၊ ဝမ်း၌ရောဂါ ပေးတတ်စွာ၏။ ဒီသာတောင်က၊ ပါဒလေးဘက်၊ တစ်ကွက်မြီးစွပ်၊ မချွတ်ဂေါ်ဏာ၊ဝင်ကလက်ခံ၊ သက်နံ့အိမ်နေ၊ သေတတ်ချေ၏။တြေတြေယုတ်၊ ဆင်မှာကုပ်က၊ ယာမကြွင်းကျန်၊ ရပြန်လာဘ်စုတ်၊ ပူးကိုထုတ်၍၊ ခြေကုတ်ဂဠုန်၊ သုတ်တုံပဋ္ဌ၊ ကျန်သေသကြောင့်၊ တိရည်ရောင်မောင်း၊ ရွှေကောင်းကေန်၊ ဝင်ရန်မယွင်း၊ ယင်းကြွင်းယာမ၊ ပဋ္ဌသေသ၊ ပေါင်း လေပါက၊ အဋ္ဌသချုံ၊ ဖြစ်ပြန်လာ၍၊ ရောဂါဝါယု၊ တွေ့မှုတစ်ဖန်၊ ကင်းလွတ်ပြန်မူ၊ ဂြိုဟ်နံ့ရဝိ၊ ရှောင်ရန်ရှိသည်၊ သတိမြဲချုပ် စိတ်ဝယ်မှတ်။

*

## တနင်္လာဂြိုဟ်အဟော

ဂြိုဟ်စန္ဒြ၊ ခွန်မှာကျသော်၊ ဒါနယာခု၊ ပြုရလိမ့်မည်၊ စနေသည်လည်း၊ မတည်ထိုအိမ်၊ ခိုလာကြိမ်မူ၊ အိမ်မှာကိုယ်ဝန်၊ သားမွေးဖွားလစ်၊ ဂြိုဟ်စစ်သောကြာ၊ ဝင်လာကြီးထ၊ မိဘဆရာ၊ အရာကြီးကဲ၊ မောင်းမဲ ဟန့်ဆီး၊ ခရီးသွားရာ၊ တနင်္လာကျား၊ မြွေကိုစား၍၊ ကြွင်းငြားပဋ္ဌ၊ ကိန်း အရမှာ၊ ခနဉစ္စာ၊ ကိုယ့်ဘဏ္ဍာကို၊ မေတ္တာကျွမ်းဝင်၊ မိတ်ဆွေပင်လျှင်၊ ချစ်ခင်သောယောင်၊ ဟန်ဆောင်ရုံမျှ၊ ခိုးစောရနှင့်၊ ခဏာလိမ်လည်၊ ခိုးလိမ့်မည်တည်း၊ ပူးဝယ်မယုတ်၊ ကျားနှင့်ကုပ်က၊ ကျန်သေသမှာ၊ ဇယလည်းမြင်၊ ယင်းတွင်ငါးတန်၊ လေးခုကျန်နှင့်၊ နှောပြန်အရ၊ ကိုးနဝကို၊ အဋ္ဌနှင့်ခွင်း၊ တစ်ခုကြွင်းသော်၊ မိရင်းဘမွေ၊ ရွှေငွေ ရတနာ၊ လယ်ယာ ဝတ်စား၊ ရငြားလာဘ်သပ်၊ နောက်တောင်ရပ်က၊ မိန်းမသနွေ၊ စွဲဝင် နေပြောက်၊ လက်ခံရောက်က၊ ခဏာပြန်းတီး၊ ပျက်စီးတတ်ငြား၊ အသွား အလာ၊ ဒိသာဥတ္တရ၊ မြောက်ဒေသသို့၊ ရှောင်ကဆေားရန်၊ လွတ်ကင်းတည်း။

*

## အင်္ဂါဂြိုဟ်အဟော

ဂြိုဟ်ကေသရ၊ ခွင်ဂေဟာသွင်၊ ပါပတစ်ခု၊ ရှိသည်မှုကြောင့် နှစ်ခုကျွဲမင်း၊ စစ်အင်ကျင်းသော်၊ တမင်စေရှုံး၊ ဤသည်ထုံးကို၊ ပုံနှုန်းရှုထား၊ ခိုက်ပွားရန်စစ်၊ ဖြစ်ဖြစ်သမျှ၊ ငယ်သူကသာ၊ နိုင်ရာသမှု၊ ရာဟုဂြဟာ၊ ငင်သည်တာကြောင့်၊ အင်္ဂါရာဟု၊ သည်ရပ်စုကာ၊ မာဃ္ဃတ္တိ၊ လင်ရှိထင်ရှား၊ ဖျက်လာကြားသော်၊ စကားဇစ်ရေ၊ မဆိုလေနှင့်၊ စနေနဂါး၊ဖွားကားအင်္ဂါ၊ ရင်ဆိုင်လာ၍၊ ဒီသာမဖြောင့်၊ နောက်တောင်ထောင့်ခွင်၊ သွားဆင်ခြင်လော့၊ ရံလျှင်ဥပဒ်၊ ထိပ်ခပ်ကြိုးချည်၊ ထွက်သည်သွေးမှာ၊ သိယာဦးခေါင်း၊ ဖြစ်တတ်ရောင်း၏။ တစ်ကြောင်းစနေ၊ ခိုလေအရ၊ ဥဏ္ဏာအဂ္ဂ၊ကိန်းရှိ တစ်ချက်၊ နောက်တောင်ဘက်က၊ လူထွက်လူဝင်၊ လာလျှင်တစ်ဖန်၊ လက်မခံနှင့်၊ အင်္ဂါရပ်နှင့်၊ သမှသတ်မြင်၊ နှစ်ခွင်ဒေသ၊ အရပ်ကလျှင်၊ ဝင်ကမကောင်း၊ ခြေလေးချောင်းမှာ၊ ညိုမောင်းမွဲပြောင်၊ ဝင်ရောက်တံခါး၊ မခံထားနှင့်၊ ထင်ရှားသိဟာ နှုတ်ထရာဟု၊ ချည်းကြွင်းမှုကြောင့်၊ ဝင်စုလာဘ၊ ဘောမှစနေ၊ နှုတ်ပြန်လေကာ၊ တထွေစတု၊ ကြွင်းမှုအမှန်၊ အတွင်းရန်တည်း။ ရပ်မှန်နောက်ခွင်၊ မဆင်ခြင်လေ၊ ရောက်တက်ချေ၏။ ကြွင်းလေစိပါ၊ သေသံစတု၊ နောပြုအရ၊ ပေါင်းနှစ်ဝကို၊ အင်္ဂနှင့်ပယ်၊ တစ်ခုဝယ်ကား။ ရှုဖွယ်နိဝါ၊ ဝင်လာစုတ်မေ၊ ဘုရားရွှေတည်း၊ ရှောင်လေလွတ်ကင်း၊ လက်ခံသွင်းက၊ မကြွင်းမကျန်၊ ပြောင်းပြန်ပျက်ပြုန်း၊ အိမ်လုံးမွဲတေ၊ ခန္ဓာကြေမည်၊ ရှောင်လေစုတ်လာဘ် မကောင်းတည်း။

*

## တနင်္ဂနွေဂြိုဟ်အဟောစာတမ်း

ဂြိုဟ်ဗုဒ္ဓခွင်၊ ရောက်တုံချင်သော်၊ မာဆင်ဆဒ္ဒန်၊ မြားသင့်ဟန် ကြောင့်၊ ဖောက်ပြန်ဝမ်းနာ၊ ပေးတတ်စွာ၏။ တိတြာလျှင်၊ အိမ်ခွင်မတည်၊ ပါလာသည်မှု၊ တစ်ပါးသူက၊ ငြူစူမျက်ကြွတ်၊ စီးပွားယုတ်အောင်၊ ပြုလုပ်တတ်လေ၊ ဂြိုဟ်စနေလည်း၊ ခွင်နေမတည်၊ ဝင်လာသည်ကြောင့်၊ စနေထောင့်နှင့်၊ တော်ဖြောင့်သမသတ်၊ ထိုနှစ်ရပ်က၊ ဝင်လာထလို၊ လူပုဂ္ဂိုလ်မှာ၊ ထိုတို့ရတနာ၊ အိမ်မှာရှိငြား၊ ခိုး၍သွားမည်၊ မယုံကြည်နှင့်၊

တစ်လီဆင်မင်း၊ မြွေကိုခင်းသော်၊ အကြွင်းဘောမ၊ သူရဇ္ဇနှင့်၊ ရောထတုံလေ၊ ဓယနေ၍၊ အခြေလေးခု၊ ဝင်မူဆတ်ဆတ်၊ လက်မခံသာ၊ ခံမိပါမူ၊ ဥစ္စာနေ၊ ပျက်တတ်လှ၏၊ ဗုဒ္ဓ–ဂဠုန်၊ နှောတုံပြန်က၊ ပဥ္စသချာ၊ ဖြစ်ပြန်လာ၍၊ နေရာပစ္ဆိ၊ ရပ်ဒက္ခိနှင့်၊ ဥတ္တရိရပ်၊ ဝင်စုတ်လာဘ်သည်၊ ရအပ်သည်နှင့် မလွဲတည်း။

*

## စနေဂြိုဟ်အဟော

ဂြိုဟ်ရေနတ်မင်း၊ ခွင်ကိုနင်းသော်၊ မြွေမင်းနှင့်ကျား၊ ပွူးကာ၊ ခိုဝင်၊ သုံးဂြိုဟ်မြင်၍၊ စနေလျှင်မူ၊ ခိုမှီးဓောရ၊ ကိန်းကြီးလှ၍၊ မိန်းမအိမ်တွင်၊ သားဖွားလျှင်မူ၊ လွတ်ပြီယူမှ၊ ဂြိုဟ်သောကြာကြောင့်၊ ဒေသမြောက်ခွင်၊ အရှေ့ပြင်သို့၊ လှည်းယာဉ်လှေစီး၊ ခရီးလည်းမြင်၊ သွားမိလျှင်က၊ တနင်္လာသောက၊ ပျက်ကိန်းကျ၏၊ နာဂနဂါး၊ ပွူးကိုစား၍၊ ပွူးကားယေ် မြောက်၊ မစားလောက်က၊ အိမ်ရောက်ညှော်ချင်း၊ ပွူးကျလျဉ်းသော်၊ မယှင်းအဋ္ဌ၊ ဂဏန်းရကို၊ ဓောရနှင့်သော်၊ စိတ်ဆွေတော်၍၊ မင်းခေါ်ပွဲတိုး၊ ဆင်းရဲမျိုးမှာ၊ လယ်မိုးယာမြေ၊ မိမွေဖရင်း၊ ရာဟုကြွင်းကို၊ ဟောလျင်း တစ်ချက်၊ နွားနက်–နွားနီ၊ တစ်လီတိမ်စွဲ၊ ရှေ့လူမြောက်ရပ်၊ ဝင်လာတတ်ဘိ၊ လက်ခံမိက၊ မွေးမိသခင်၊ အိမ်ရှင်မယား၊ နှစ်ယောက်သားမှာ၊ ကံကားနိမ့် ရာသက်ခန္ဓာသည်၊ ကင်းစွာချုပ်တတ် ကိန်းဝင်တည်း။

*

## ကြာသပတေးဂြိုဟ်အဟော

ဂြိုဟ်နဂုရ၊ ခွင်မှရွှသော်၊ ရုံးစုခိုဝင်၊ ဆင်–ခြသေ့ ကြွက်၊ ပွူးလာယှက်၍၊ ရပ်ဒက္ခိဏ၊ ရှေ့ထောင့်စက၊ ခေတ္တလယ်ယာ၊ ဥစ္စာမှာမူ၊ ဓိဝစမြဲ၊ နှစ်ဒေသက၊ ရအပ်ဟောဆို၊ အသားညိုနှင့်၊ မုဆိုးဖိုလျှင်၊ ရှေ့တောင်ခွင်က၊ ရောက်ဝင်ခိုလာ၊ မသင့်စွာတည်း၊ခြင်းရာဘဝ၊ ရပ်ဗုဒ္ဓက၊ ဝင်ထလာလို၊ လူပုဂ္ဂိုလ်မှာ၊ ဆံတိုသာတည်း။ ဆေးစွာပယ်ထ၊ ကြွက်ကခြသေ့၊ စားလေ့မတန်၊ ခြသေ့လန်၍၊ စားပြန်လျှင်းက၊ ကြွင်းခယကြောင့်၊ ဒါနချိမ့်ချိမ့်၊ ပြုလိမ့်ကေန်၊ ဆဒ္ဒန်ပြောင်မျိုး၊ ကြွက်ကိုတိုးက၊ သူရဇ္ဇကြွင်း၊

နိဝင်းစုတ်လာဘ်၊ ရကြတတ်၏၊ နှစ်ရပ်ဒေသ၊ ပေါင်းလေကမူ၊ ဘော မမြင်ရာ၊ မျက်စိနားနှင့်၊ ရှောင်ကာမရှား၊ ရှေ့တောင်ပါးသို့၊ သွားမည်လေရာ၊ ဤခြင်းရာကြောင့်၊ အိမ်မှရှိတောင်း၊ ခြေလေးချောင်းသည်၊ ဘေးပေါင်းဥပဒ် ဆုံမည်တည်း။

*

## ရာဟုဂြိုဟ်အဟော

ဂြိုဟ်အသူရိန်၊ ခွင်မှာကြိမ်မူ၊ ပူရှိန်းပြင်းပြ၊ သူရဋ္ဌနှင့်၊ ဗုဒ္ဓရာဟု၊ ဂြိုဟ်တစ်စုတွင်၊ ရာဟုမြင်က၊ မိဘ, ဆရာ၊ မျက်ပါမာန်လိုက်၊ ရန်ခိုက် တစ်ဆစ်၊ လင်ချစ်မယား၊ ဆွဲထားမမိ၊ ကွာစစ်ရှိ၏။ မိဖမြောက်ချို၊ သားသမီးလည်း၊ ပုံကြီးမသင့်၊ဒေါသနှင့်သာ၊ရင်ဝမ်းမှာလည်း၊ ရောဂါကပ်ရန်၊ ရာဟုနံကို၊အမှန်ရှောင်ကွင်း၊ဆင်ဂြိုဟ်မင်းလည်း မယွင်း ဝင်လာ။ တောင်ဒိသာက၊ ဂေါဏကဏ္ဍာ၊သုနက္ခမြည်း၊ ဝင်လည်းမလှ၊ မှဆိုးမလည်း၊ ဝင်ထမလျော်၊ ဝင်သော်လာဘ်ပေ၊ ဘုရားခွေတည်း။ ရှောင်လေပယ်ခွာ မသင့်တည်း။ တစ်ခါရာဟု၊ ဆင်ကိုရှုက၊ ခွင့်မရဘ္ဘ ဆင်ကထိုးချ၊ကြွင်းဓယမှာ၊တောင်မှမြောက်ပါး၊ ရှေ့ရပ်များက၊ အသားနီပြာ၊ လူတို့လာ၍၊ ရှည်ကြာမကောင်း၊ အပေါင်းစကား၊ ပြောပြားတတ်လှ၊ ဂရုဠမင်း၊ရှစ်ကိုခွင်းသော်၊ အကြွင်းသက်ကျန်၊ ဖောက်ပြန်စေ့စေ့၊ ခိုးကျိန်း တွေ့၏၊ အရှေ့မြောက်တောင်၊ သွားမရှောင်က၊ မဟိသလည်း၊ ခတ်ထ ကိုက်မိ၊ ဆိပ်ရှိသတ္တဝါ၊ထိတတ်စွာသည်၊ ရှောင်ခွာသည်ရပ် ခန်းဝါတည်း။

*

## သောကြာဂြိုဟ်အဟော

ဂြိုဟ်ပူးရာဇာ၊ ကြွက်နှစ်ဖြာတို့၊ ခွင်မှာရုံးစု၊ ဘရဂုဆို၊ ယာယီဂြိုဟ် ကြောင့်၊ သွားလိုခရီး၊ တစ်သီးညှိသည်၊ ရောက်ရာဖွယ်တည့်၊ မူးဝယ် မတ်သား၊ ဖြတ်တုံဖြားမှု၊ တိုးပွားအရာ၊ ဒလိဒ္ဒါကား၊ လယ်ယာမိုးမြေ၊ ရွှေ ငွေသည်ပင်၊ တောင်,မြောက်ဝင်အံ့၊ ကြွက်လျှင်နှစ်ခု၊ တွေ့ဆုံမှုကြောင့် ခွဲပြုတည်ရောက်၊ အကြံကောက်နှင့်၊ နှစ်ယောက်မှုဆိုးမ၊ နောက်ရပ်ကသာ၊ လိမ်လည်လာအံ့၊ မေတ္တာနှင့်ပန်၊ လက်မခံနှင့်၊ တတန်သောကြာ၊ဂြိုဟ်စီဝကို၊

စားထမလောက်၊ ကိန်းရောက်ဗျည်းချင်း၊ ဒွေးတော်ချင်းက၊ ပေါင်းဒသကို၊ အင္ဂနှင့်ပယ်၊ကြွင်းဝယ်ဒွေးမှာ၊ သူတကာကြောင့်၊ ဗျာပါသောက၊ ရှိတတ်စွတည်း။ ဒါနဂြိုဟ်၌၊ ဖြစ်ပြန်သည်ကြောင့်၊ လူမည်ဟောဆို၊ သောကြာဂြိုဟ်ကြောင့်၊ ထိုသူမယား၊ နောက်မြောက်ပါးက၊ ရပြားကေန်၊လက်သင့်ခံလျှင် ဘေးရန်မြင်သည်၊ ရှောင်လျှင်အေးမြ၊ ချမ်းသာတည်း။

*

## ရှားမီးကိန်း

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၄ | | ၂ |
| ၆ | ၇ | ၈ |

ဇာတာရှင်၏အသက်တည် ၈–ခုစား။ အကြွင်းကို မွေးနံကစ၍ လက်ယာရစ် ရေတွက်ရောက်ရာဂြိုဟ်အိမ်တွင် သမသတ်ရှိက်၍ ဟောလေ။

ချုရန်လင်္ကာ။ ။ မိုး–ဗွေ–အုံ့–ခါ–ရွာ–တုံ–သာ–လှ။

### ဟောရန်အကျဉ်း

(၁–၆–အုံ့–သာ) ကျသော်၊ သူအိုယာယီယူလေ။ ယာယီရွှေ့ပြောင်းရပေမည်။

(၂–၄၊ ခါ–လှ) ကျသော်၊ ကောလီ စုတ်ကြီးယူလေ။ စုတ်ကြီးလာဘ်ကြီးများ ဝင်ချေမည်။

(၃–၇၊ ဗွေ–တုံ) ကျသော်၊ ဇော–ထွေ–နွဲ့–နှောင်း၊ စုတ်ကောင်းနဂိုရ်ယူလေ။ လာဘ်များဝင်၍ ရွှေ့ပြောင်းရန်မလို။

(၈–၅၊ ရွာ–မိုး) ကျသော်၊ ရှားမီးတွင်ကျ၊ မရဏ ယူလေ၊ ဘေးရန်ရှိ၍ ရှားမီး ပူဇော်ရမည်။

*

## စွေရီကိန်း

| | | | | |
|---|---|---|---|---|
| ၄ | + | | ၂ | ၁ |
| ၁ | ၄ | + | | ၂ |
| ၂ | ၁ | ၄ | + | |
| | ၂ | ၁ | ၄ | + |
| + | | ၂ | ၁ | ၄ |

(ဟောရန်ယူပုံမှာ)

ဖော်ပြပါကိန်းအရ တစ်နေ့ ၅ပိုင်းပိုင်း၍ ဟောလေ၊ အထက်နှင့် အောက် ၁ ရက်က ၅ ရက်အထိ ရေတွက်၍ ဆုံးလျှင် အစကို ပြန်၍ကောက်၊ ၁၈ ရက်ပြည့်လျှင် အရင်းစတုကို ပြန်၍ကောက်၊ အသက်ကောဇာ အလိုမရှိ။ ရောက်နေ့ အတန်းစဉ် အတိုင်း ကြည့်၍ဟော။

## ဟောစာတမ်း စက်လေးလုံး အဟောလင်္ကာ

စက်လေးလုံးအခါ၊ မေးရောက်လာသော်၊ မဟောသိဝ၊ ရှုဝဥမင်၊ ပြင်ပထွက်မူ၊ ကိန်းနှင့်တူ၏။ စိုက်ထူသစ်ဝါး၊ အဖျားအကာ၊ ရှိလေရာ၏။ တစ်ဖြာထို့ထက်၊ လက်တွင် ဖြူ၊ မဲ၊ ကိုင်စွဲတစ်မူ၊ အဖြူလက်ယာ၊ အမဲမှာမူ၊ လက်ဝဲဟူ၏။ ငြင်းမူတရား၊ ကြက်လောင်းပြေးမူ၊အသားဖြူကို၊ နိုင်လိုသူက၊ မှီကပ်ခလော၊ မုချမယွင်း၊ သီတင်းစကား၊ ကြားသည်မှာမူ၊ အသားဖြူမှ၊ ကြားသည်မှန်လှ၊ သွားထခရီး၊ ဝေးနီးပြားလျှင်၊ ဖြူထွားနီဝါ၊ လာဘ်ပဏ္ဏာနှင့်၊ ဆွေညာတူကွ၊ တွေ့ခဲ့ရလိမ့်၊ သွားထလေရာ၊ ခရီးမှာကား၊ မကြာသုံးရက်၊ ရောက်မည်ဆက်ဟု၊ ပျောက်ပျက်ဥစ္စာ၊ မေးတုံလာမူ၊ ရလိမ့်ဟူလော့။

ထိုတွတသွန်၊ ကျွန်၊ ကျွဲ၊ နွား၊ မြင်း၊ ပျောက်ပျက်လျင်းသော်၊ မယွင်းအခြေ၊ စေရေတထောက်၊ မြောက်မှာမချွတ်၊ ရှိလတ်မှန်စွာ၊ မကြာလေကြ၊ ရလိမ့်မလွဲ၊ ကျွန်၊ ကျွဲပျောက်မူ၊ မြောက်သို့ရှာလေ၊ ရှေ့နှစ်ရက်နှင့်၊ သုံးရက်တိုင်ခါ၊ ရလိမ့်သာတည်၊ နှာသည်သူမှာ၊

မေးရောက်လာသော်၊ ရွာနတ်ဒက္ခိဏာ၊ ရပ်ဒေသမှာ၊ မိန့်ညြဖာနှင့်၊ လျှင်စွာပို့မှ၊ ချမ်းသာရမည်၊ မှန်လှစက်လေးလုံး အဟောတည်း။

*

## ကြက်ခြေအဟောလင်္ကာ

ကြက်ခြေအခါ၊ မေးရောက်လာမူ၊ သူအိုလင်မယား၊ ပြေးသွားဝင်ရာ၊ လင်ရှာမရ၊ ကိန်းဝင်ကျ၏။ စိုက်ထ သစ်ပင်၊ ဖျားလျှင်မြေကြီး၊ တစ်သီကြက်မှာ၊ လောင်းပြန်ပါက၊ စစ်ထိုးစသည်၊ ညှိမြသသူ၊ နိုင်လေဟူလော့၊ ထို့သူ ဖြူမဲ၊ ကိုင်စွဲ၍သာ၊ မေးရောက်လာသော်၊ ဝါမဟာတွေ့၊ အဖြူပေတည့်၊ ကြားလေစကား၊ အသားမဲသူ၊ ပြောသူမှန်လှ၊ နေပျောက်လည်း၊ အနောက်ရပ်သို့၊ လူညိုပို့၏၊ မချိဆက်ဆက် ရှေ့ကိုးရက် တွင်၊ ရမည်ထင်၏၊ ကျွန်လျှင် ကျွဲ၊ နွား၊ ခိုးသွားပျောက်မှ၊ နောက်ရက် ကသာ၊ လူညိုပြော၏။ လက်မှာဆက်ဆက်၊ ခုနစ်ရက်ကြာ၊ ရမည်သာတည့်၊ သည်ကလွန်က၊ အတိတမူ၊ ဒါနချလှူ၊ သဘောဖြူလော့၊ ထို့တူတစ်သီ၊ ခရီးသွားမြောက်၊ ရောက်–မရောက်ကို၊ စွေးကောက်ဆင်ခြင်း၊ ရန်ကြီးမြင်၏။ လျှင်လျှင်မလာ၊ အတန်ကြာလိမ့်၊ ရောဂါကပ်ငြိ၊ မေးသည်ရှိသော်၊ တစ်နောက်ပါး၊ သွားရှာမိပေ။ ဖြစ်တတ်ချေ၏။ ဖမ်းလေအိမ်နတ်၊ စွဲမှတ်သတိ၊ ကိုးကွယ်ဘိလော့၊ ပစ္ဆိမဒေသာ၊ နောက်ရပ်မှာသို့၊ ပစ်ပါဆိုချင် ချမ်းသာမြင်သည်၊ မှတ်လျှင်မလွဲ ကြက်ခြေတည်း။

*

## ကွက်လပ်အဟောလင်္ကာ

ကွက်လပ်အချိန်၊ မေးလာချိန်သော်၊ ဂုဏ်ဖြေရရ၊ မာဃသိကြား အံကစား၍၊ နိုင်ဖြာသောသွင်၊ ကိန်းနှင့်ယှဉ်၏။ မှတ်ချင်တစ်ခြား သစ်ဝါးထောင်မူ၊ ကိုင်စွဲပြုသော်၊ ဇောက်ရှမယွင်း၊ ရင်းအောက်ဖျားဘက် ဝဲနက်ယာဖြူ၊ ကြက်ဖြူကြက်န ၂၊ တရားယှဉ်က၊ သဗ္ဗလောင်မျိုး၊ စစ် ထိုးအောင်ရာ၊ မအောင်ရာနှင့်၊သိသာရှင်းလင်း။ ဝိစိကင်းအောင်၊ လင်းလင် သိလို၊ မေးလာဆိုမူ၊ လူအသားဖြူစိမ်း၊ ယူသိမ်းထားလေ၊ မြောက်မှာပေရှင့်၊ တတွေတဝ၊ ဒါသကျွန်ပြေး၊ အဆေးမရောက်၊ အနောက်တောင်မှာ

ရှိလေရာ၏။ လျင်စွာချက်ချင်း၊ အပြင်းလိုက်လေ၊ နှစ်ရက်ပေတည့်။ လွန်လေမုချ ရှာမရတည်း။

မှန်လှတစ်ခါ၊ ခရီးမှာမူ၊ ဖြူနံ့လာဘ်ရ၊ ဘယကွေကွင်း၊ ကိုယ်တွင်းဗဟိ၊ ဆားမထိတည့်၊ မရှိစကား၊ သေသည်ကြားလည်း၊ မမှားတို့ပါ၊ လာသည်မှာမူ၊ မကြာခုထက်၊ ထမင်းချက်ပါ၊ ကြားသည်မှာမူ၊ အသားဖြူက၊ မှန်မူစကား၊ ရှောင်ရှားလူနတ်၊ အမှတ်တစ်ချက်၊ စကားပျက်တည့်၊ မယှက်မထွေး၊ သူနာမေးလာ၊ ဘုတ်တစ္ဆေနတ် တောင်ရပ် မြောက်ပါး၊ သွားမိငြား၍၊ ဖမ်းစားဘီလေ၊ ခေါ်တစ္ဆေကို၊ ပစ်လေချက်ချင်း ရောဂါကင်းသည်၊ ရှင်းရှင်းလွတ်အံ့–လွတ်ကူတည်း။

*

## စက်နှစ်လုံး အဟောလက်ာ

စက်ထွန်းနှစ်ဖော်၊ ကျလေသော်လျှင်၊ မနောဟာရီ၊ ဆင်းသီဂိသည်၊ ကြာနီရေကန်၊ ပျော်စံကစား၊ ကိန်းနှင့်ငြား၍၊ ပျောက်သွားဥစ္စာ၊ ရှေ့ဒိသာသို့၊ ထွက်ပါမကွက်၊ ရှေ့နှစ်ရက်နှင့်၊ သုံးရက်တိုင်က၊ ရပါလိမ့်မည်၊ မရသည်မှ၊ ဆုံးပြီဟူရှင့်၊ အဖြူ့ အမည်း လက်ဝဲအညိုရှိ၏ဆိုလော့။

ထိုထိုသစ်ဝါး၊ အဖျားထက်မှာ၊ မှန်စွာတစ်ယောက်၊ အောက်မှာ အရင်း၊ တိမ်းမယွင်းသည်၊ ကျွန်, မြင်း, ကျွဲ, နွား၊ ရှေ့တောင်ပါးသို့၊ ခိုးသူပို့ငြား၊ ကြက်တရားသစ်၊ ကြွေအံပစ်က၊ လောင်းတန်းစသည်၊ အတည်တည်မူ၊ အဖြူကနိုင်၊ မှတ်ပိုင်တနဲ၊ အမဲရှုံးဖွယ်၊ တသွယ်ကြောင်းရေး၊ ကျွန်ဝယ်မေးသော်၊ မနှေးခဏ၊ ဝယ်ကြပါလေ၊ တစ်တွေတစ်ရေး အစေး စကား၊ ကြားရတမူ၊ အသားဖြူဖြူ၊ မှတ်၏ယူလော့၊ ထို့တူတစ်သီး၊ ခရီး သွားမူ၊ သုံးရက်ဟူ၏။

နာမရောဂါ၊ ရှေ့ပြုဗ္ဗာသို့၊ သွားရာမလတ်၊ ရောဂါကပ်မူ၊ လူရုပ် နှင့်သာ၊ ကြည်ရုပ်မှာလည်း၊ဖြူစွာထမင်း၊ ငါးဆုပ်သွင်း၍ ၊ ပို့ခြင်းမှန်ရောက်၊ ရောက်သည့်ရောဂါ၊ မိန်းမမှာမူ၊ပျောက်မည်ဟူ၏။ ပုရိသမှာ၊ အနာပျောက်ခဲ–မချွတ်လွဲတည်း။

## စက်တစ်သုံးအဟောလင်္ကာ

တစ်လုံးစက်မှာ၊ သူမေးလာသော်၊ ပြည်ဇာရာမှာ၊ အာဏာကြီးဘိ၊ ကျော်ခေါင်ထိသည်၊ ပေါရိသာဒ၊ မုနုဿ၏၊ မံသခေါင်ငြား၊ လူ့အသားကို စားတနည်းယူ၊ ကိန်းနှင့်တူ၏၊ စိုက်ထူတစ်ဝါး၊ အဖျားပေါ်ရှိ၊ ဟောင်ပြီးအရင်း၊ အယူသွင်းလော့။ ကျွန်၊ မြင်း၊ နွား၊ ကျွဲ၊ နိုးမြဲနောက်တောင်၊ အထူး ဆောင်၍၊ အမောင်လိုက်လေ၊ တောင်ရှိပေလိမ့်၊ ရပ်နေဝေးကွာ၊ ညာတကာ ဆွေများ၊ သေသည်ကြားလည်း၊ မမှားမှန်ပြီ၊ လာပြီစကား၊ သတင်းကြား လည်း၊ မမှားပုံသေ၊ ယူအပ်ပေ၏။

တစ်ထွေပြုမည်း၊ ကိုင်စွဲ၍သာ၊ မေးရောက်လာမူ၊ အပြုလက်ဝဲ၊ အမြဲလက်ယာ၊ ကြက်မှာအနက်၊ နိုင်ဖက်တစ်တည်၊ ကြားသည်စကား အသားမည်းက၊ မှန်မုချတည့်၊ ပျောက်အပ်ဥစ္စာ၊ မိန်းမမှာသို့၊ ရှာလေမကွက်၊ ခြောက်ရက်တိုင်က၊ ရလိမ့်မှန်ပြီး၊ ခရီးသွင်းမူ၊ မလာဟူ၏။

သူနာမေးငြား၊ နောက်တောင်ပါးသို့၊ သွားရှာမိလတ်၊ တောင်ပို့ နယ်က၊ ငြားကပ်မဆုတ်၊ လူရုပ်နှစ်ဖြာ၊ ပြုစွာထင်မင်း၊ သုံးဆုပ်သွင်း၍၊ ယင်းသည်ရပ်သို့၊ အပြီးပို့မှ၊ ချမ်းသာရမြဲ၊ ကျွဲ၊ နွားပျောက်မူ၊ လူ့အသားမည်း၊ တစ်နည်းယူတတ်၊ နောက်တောင်ရပ်သို့၊ ပို့ထားချေမိ၊ တောင်ရိုးရှိ၏။ ဆိုဘိတ ၊ မှုဖြစ်ငြားမူ၊ အသားမည်းသူ၊ မှီမူရှေ့နေ၊ အောင်တတ် ချေ၏။ ငါးထွေစက်ပုံ၊ သိမ်းခြုံပိုင်းခြား၊ ဟောခဲ့ထားသည်၊ ဤကား စက် တစ်လုံးအဟောတည်း။

*

## ပဉ္စကာလ ကိန်းချရန်နှင့် ဟောရန် အတိုချုပ် လင်္ကာ

တစ်နေ့တွင်သာ၊ ချိန်ခါယူချက်၊ ပဥ္စလက်ကား၊ နေထွက်ဝီသ၊ သတ္တစတု၊ ကိုးခုနေဝင်၊ ဆင်ဆင်မပျက်၊ ဤခြောက်ချက်ကား၊ စဉ်ကာထားမှ၊ အ–ဣ–ဥ–ဧ–ဩ သဘောပိုက်ကြ၊ ဤငါးလုံးကို၊ သိမ်းရုံးမသွေ၊ မချွေဗိဝါ၊ အင်္ဂါထက်စ၊ အောက်မှာသောကြာ၊ သူရိယနှင့်၊

မြောက်မှဗုဒ္ဓ။ စန္ဒတူဝင်။ တောင်ခွင်စနေ၊ မှတ်လေရက်စ၊ ဤသို့မှချ၊ ဂြုဟာသွားရန်၊ အကြောင်းပြန်သော်၊ တက်စွန်းတောင်သွား၊ မြောက်ပါးပဇ္ဈုံ၊ သက်တုံ အောက်ထက်၊ လှည့်လျက်သွားခြင်း၊ အတွင်းစန္ဒ၊ စနေချလျက်၊ ကြာထက် အင်္ဂါ၊ ဥ–မှာသူရဇ္ဇ၊ ဗုဒ္ဓ–ဂုရု၊ ဇ–တွင်ရှု၊ ဘရဂုဩ၊ ချ၍ဟောလော့။

သဘောမှတ်သား၊ အ–ကားအဖြူ၊ ကြာ–မူအနက်၊ ဥ–ထက်အမွဲ၊ ဇ–တွဲအနီ၊ ဩ–သည်အပြာ၊ လယ်ချာအသေ၊ တောင်းနေအကန်း၊ အောက် တန်းအပြေး၊ နိုင်ရေးမြောက်ပါး၊ ထက်ကားမင်းပင်၊ ယူတတ်ချင်က၊ သဘင်ပွဲပေါင်း၊ လောင်းတိုင်းအောင်သည်၊ များမြောင် လူတို့မရှုံးတည်း။

| | | | |
|---|---|---|---|
| | ထက်မင်း<br>၃–အင်္ဂါ | | (တစ်ဖက်ပါပုံမှာ) |
| မြောက်နိုင်<br>၄–ဟူး ၂–လာ | အလယ်–သေ<br>၅ တေး | တောင်–ကန်း<br>စနေ | နေ့အလိုက် ချရန် နေရာကျသော အရပ်၏အကျိုး နှင့် နေရပ်တို့ဖြစ်သည်။ |
| | အောက်–ပြေး<br>၆–ကြာ ၁ နွေ | | |

(တစ်ဖက်ပါပုံမှာ)

| ချရက်အက္ခရာ | နေ့ချအဟော | အဆင်း |
|---|---|---|
| အ | ၂၀ | အဖြူ |
| ဣ | ၃ | အနက် |
| ဥ | ၁ | အမွဲ |
| ဧ | ၄–၅ | အနီ |
| ဩ | ၆ | အပြာ |

ချရန် အက္ခရာ ငင်းအက္ခရာ အလိုက်ယူရန် နေ့နှင့်အက္ခရာ များ၏ အဆင်းတို့ ဖြစ်သည်။

## ချယောဂရန်အချိန်

| | | |
|---|---|---|
| ပထမအခါ | ၆–နာရီက ၈–နာရီ ၂၄ မိနစ်ထိ | နေထွက်မှ ဘဝါး ၂၀ ထိ (ဝါ) |
| ဒုတိယ | ၈ နာရီ ၂၄ မိနစ်မှ ၁၀–၄၈ ထိ | ဘဝါး ၂၆ မှ ဘဝါး ၇ ထိ |
| တတိယ | ၁၀–၄၈ မှ ၁၁–၁၂ | ဘဝါး ၇ မှ ဘဝါး ၄ ထိ |
| စတုတ္ထ | ၁၁–၁၂ မှ ၃–၃၆ | ဘဝါး ၄ မှ ဘဝါး ၉ ထိ |
| ပဉ္စမ | ၃–၃၆ မှ ၆ နာရီ | ဘဝါး ၉ မှ နေဝင်ထိ |

## ပဉ္စကာလကိန်း–ချပုံယေားများ

| ၆–၁ နေ့(ပ)ချ | ဒုတိယ–ချ | တတိယ–ချ | စတုတ္ထ–ချ | ပဉ္စမ–ချ |
|---|---|---|---|---|
| ဣ<br>● [ဩ] ဥ<br>အ | ဥ<br>[ဩ] အ ●<br>ဣ | ●<br>အ ဣ [ဩ]<br>ဥ | [ဩ]<br>ဣ ဥ အ<br>● | အ<br>ဥ ● ဣ<br>[ဩ] |

| ၄–၂ နေ့(ပ)ချ | ဒုတိယ–ချ | တတိယ–ချ | စတုတ္ထ–ချ | ပဉ္စမ–ချ |
|---|---|---|---|---|
| ●<br>အ ဣ [ဩ]<br>ဥ | [ဩ]<br>ဣ ဥ အ<br>● | အ<br>ဥ ● အ<br>[ဩ] | ဣ<br>● [ဩ] ဥ<br>အ | ဥ<br>[ဩ] အ ●<br>ဣ |

## ပဉ္စကာလကိန်း–ချပုံဇယားများ

| ၃ နေ့(ပ)ချ | ဒုတိယ–ချ | တတိယ–ချ | စတုတ္ထ–ချ | ပဉ္စမ–ချ |
|---|---|---|---|---|
| အ<br>ဥ ● ဣ<br>[ဩ] | ဣ<br>● [ဩ] ဥ<br>အ | ဥ<br>[ဩ] အ ●<br>ဣ | ●<br>အ ဣ [ဩ]<br>ဥ | [ဩ]<br>ဣ ဥ အ<br>● |

| ၅–၂ နေ့(ပ)ချ | ဒုတိယ–ချ | တကိယ–ချ | စတုတ္ထ–ချ | ပဉ္စမ–ချ |
|---|---|---|---|---|
| ဥ<br>[ဩ] အ ●<br>ဣ | ●<br>အ ဣ [ဩ]<br>ဥ | [ဩ]<br>ဣ ဥ အ<br>● | အ<br>ဥ ● ဣ<br>[ဩ] | ဣ<br>● [ဩ] ဥ<br>အ |

## ပဉ္စကာလကိန်း–ချပုံစယားများ

| | |
|---|---|
| ပဉ္စမ–ချ | ဧ<br>အ ဣ ဩ<br>ဥ |
| စတုတ္ထ–ချ | ဥ<br>ဩ အ ဧ<br>ဣ |
| တတိယ–ချ | ဣ<br>ဧ ဩ ဥ<br>အ |
| ဒုတိယ–ချ | အ<br>ဥ ဧ ဣ<br>ဩ |
| စနေနေ့(ပ)ချ | ဩ<br>ဣ ဥ အ<br>ဧ |

## အထက်ရပ်ငြိုဟ်နေအဟော

၁။ ။ ထက်အကျတွင်မှ၊ လာလပဥ္စာကို၊ ယဉ်ကဗျာ ချီးကျူးလို့၊ ကြည်နူးဖွယ်ချိုငြိမ့်ပေစ—ဆိုမိန့်ဟန်။ ။ ဂြိုဟ်မြတ်ကယ်ငါးဖြာ၊ရှိလေရာဝယ်၊ ဝိဒေဟာညွန့်၊ ထက်ဆုံးနံကွန့်လျှင်လ၊ ညာကွန့်ဖလ်ကူ၊ ဥကင်ငှမှာ၊ နှစ်ဆူစက်ရန်၊ ကညာတော်နှံ့ ချိန်မို့၊ ကြံသရွေ့ အောင်မြင်သည်။ စိန်မြတ်ရှင်ဝေဘူကျောက်ကယ်သို့၊ တွန်းဇော်ပလျှံ၊ ပျောက်ပျက်ကာဃ်တိမ်သည်၊မဟိဂါဏာမြင်း,,ဆင်လှနှင့်၊ထီး,,မ,,များမြောင်၊ကျေးကျွန်ပေါင်းလည်း၊ဝေးအောင်မသည်၊ ရွှေဥဒည်က၊ မိတ်ရည်နံတူ၊ ချစ်ကျွမ်း သူတို့၊ ကြည်ဖြူသာယာ၊ ပို့ဆောင်လာလိမ့်ဟု၊ မှာထွေသံငယ်၊ ဝေဒလီကျမ်း ကြီးကိန်းပုံတဲ့။

သူငယ်ရယ်ပျိုမြစ်၊ နာသည်ဖြစ်လဲ၊ ဖြူနှစ်ကယ်ဥစ္စာ၊ ရတနာကို၊ မာတာမိခင်၊ ခမဲယင်က၊ လွှတ်စင်ဥပဒ်၊ ငါးရက်ဝယ်ပြယ်ပါလိမ့်၊ ဝင်လာဘ်ကယ်စုတ်ရှင်၊ ပြောင်မာတင်မူ၊ ကြံအင်ယွင်းယို၊ စွယ်လက်ယာတို့မြိပ၊ စုတ်ခိုတဲ့ ရာသီသို့၊ ပြည်ပူရီမငြိမ်းသက်နိုင်ငဲ့၊ တိုင်းပျက်ရာခဲ့။

*

## ငင်းအထက်ရပ်ငြိုဟ်နေအဟော

၂။ ။ ကြည်လို့သာ လှိုင်းတော့တယ်၊ တိုင်းပြည်ငဲ့တည်ထောင်လျှင်၊ ရှည်ယခေါင်စည်ကား၊ တရားပြိုင်နိုင်ရှိုးမို့၊ စစ်ထိုးအောင်။ ။ ဒုက္ခလောင်သူ၊ ကံပေဟင်းငယ်ကူသည်၊ ရွက်ဖြူလှေတက်၊ လမ်းယာယီခက်ပေလိမ့်၊ မြိုင်နက်တယ်ကြီးနယ်၊ ရှာကြံသူကြွယ်တတ်တဲ့၊ ရာစွယ်တဲ့မင်းမြောင်မှာ၊ ကြဉ်းဆောင်ရောင်၊ စလွယ်ထီးငယ်နှင့်၊ ကြီးမြင့်ဥသျှောင်း၊ ခရီးငယ်ကွာကွေ၊ မလာနေသည် ကြာလေသွေးငဲ၊ `ယဉ်ကျေးနွဲ့တဲ့၊ လေးမဲ့ဓာတာ၊ ရပ်ရွေလွှာကို၊ ကြင်စာရေးနတ်၊ မှင်ဆေးစုသတ်ပါတဲ့၊ လက်ရပ်ကယ်ယာပြင်၊ ရှာသူတွင်လဲ ပုံရင်သီးနှံ့၊ ကျိုလုံးသာလျှံတော့မယ်၊ မှန်မရှောင် သည်ထက်ခေါင်နံသင့် ကြိုက်သူတို့။ ။ အို—ဘူငယ်ရွယ်လတ်၊ နာဖျား တွယ်ကပ်လျှင်ကောင့်၊ ပြတ်ပြတ်ကယ် ကင်းစင်၊ ဒွါဒသင်ဟု၊ ကြာတင်မရှည်၊ ထိုရက်ဝယ်တည်မြိပ၊ သောင်းပြည့်နယ်ချက်ချာမှာ ဘာဏ်စကြာ ဗေဒင်ရပ်တွင်မှ ကမ်းခက်ပေမို့။

## တောင်အရပ်ဤုဟ်နေအဟော

၃။ ။ ညာယံဘက်မှာလ၊ နံရက်ကယ်မြင်လာလျှင်၊ သေနင်္ဂါ ဂုဏ်နှမ်းလို့၊ ဘုံနန်းတည်မှားချေက၊ ရန်များဖွယ်။ ။ တရားငယ်ဆိုင်ဆုံ၊ မပြိုင်လို သည်ရက်ပိုရှည်မြောက်၊ ကျွန်၊ နွားငယ်ပျောက်လျှင်ကောင့်၊ ရထောင့်ကယ်ဝေးရှည်၊ ရန်မွေးမြူစည်လတ္တံ့။ ကုန်သည်တို့ရေးခွာမှ၊ ရွှေငွေစင် ပုံယင် ပေါပါလိမ့်၊ တောင်တောငယ်ကုန်သွယ်ကြလဲ၊ ကြည်းရန် ကကြွယ်၊ မာတင်မှန်ငယ်၊ နှစ်စုံစက်အောက်၊ ပဏ္ဏာရောက်လဲ၊ အာသောက် ကယ်ညီညာ၊ ရန့်နိုးငယ်ခွာသည်၊ ကေသရာသို့၊ ရဲမာန်ပျို့နှင့်၊ မြို့ကျက်သရေ၊ တြင်း-သံချွေလောက်တဲ့ သပြေနယ်မှာ၊ နေနွယ်ရာမင့်ခေါင့်၊ စကြာရ- ကညာငယ်လုံမိ၊ မစုံသိလဲ၊ မည်ရှိကျေးတင်၊ မရပြင်ကို၊ လောင်းလျှင် ငြင်းခုံ၊ ခင်းမကုန်ခဲ၊ ဆားကြိုလူလတ်၊ နာဥပဒ်လဲ၊ ရက်မြတ်ကယ်မကြွယ်၊ ပျောက်ငြိမ်းလွယ်လိမ့်၊ သိရွယ်သသူ၊ နာပြန်မူလည်း၊ တူရူပက္ခာ၊ တောင် လက်ယာက၊ မှင်စာ-မိုက်ကယ်၊ ခေါစာရွက်ရှေထင့်၊ သက်ငယ်သူ့အာ သူ့ကို၊ နတ်ဥရုဇလိကျေးလို့ ပေးပို့ကြပါ။

*

## မြောက်အရပ်ဤုဟ်နေအဟော

၄။ ။ ကုရုကျူးတင်မှ၊ ရှည်ညွန်းနံတူလျှင်၊ ရန်သူတို့ ခေါင်နင်း လို့၊ အောင်ခင်းငယ်ဆင်ခြေနှင့်၊ ပြည်ရွာမြေတည်ထားလျှင်၊ လ,စည်ကား မည်။ ရေကြောင်းငယ်ပြည်ကြွယ်၊ ကြည်းမလွယ်သည်၊ နည်းတော် ယုတ်လျော့၊ ခြသေ့တိုင်ကြောင့်ပါတဲ့၊ ဆင့်တော်စွယ်ဖြူ လက်ဝဲကိုယ့်မည် ပြည်သူတို့ ငြိုငြင်သည်၊ စုတ်ခိုဝင်ထိုမာသတွင်မှ၊ သောကတွေလည်၊ ကြည်စရာဝယ်၊ လင်ကွာ, လင်ရ၊ မင်းမှာခလဲ၊ မြို့ပြယာဉ်ညင်၊ ရကိန်း မြင်လို့၊ ကြွေးတင်ဆပ်ပြေ၊ ရန်မပွေ့သည့် မှန်စေမဟောက်၊ ခရီးမြန် ရောက်လာလိမ့်၊ ပြေးပေါက်ကယ်ကင်းစင်၊ ကျွန်, မြင်း, ဆင်လဲ၊ မြောက်ခွင်ဒေသာ၊ လိုက်တွေနည်းရှာစမ်းတော့၊ ကြာမရှည်သည်၊ သည်ကြည် လျှင် ဆောစုံတွေပါလိမ့်။ ။ လူအိုငယ်ပါပု၊ နာလကလဲ၊ ဥတ္တရဒွာန်၊ စားဖွယ်မှန်နှင့်၊ နေ့သန်မွန်ချိန်၊ ထွန်းထိန်ထိန်ကို၊ နိုးလိမ်ခေါ်ခွက်၊

ဖုတ်စာပတ်လို့၊ နှသက်ကယ်ငယ်ရှယ်၊ နာသူငယ်လည်း၊ ပြုပြင်စေချင်၊ တွင်းမြေစာယင်ပြီးမှ၊ နီလွင့်တဲ့သပြာကို၊ မွေးမာတာချည်ခမဲငယ်၊ ဆွဲမှ တော်ချိမ့်။

*

## အလယ်ရပ်ကြိုဟ်နေအဟော

၅။ ။ ခြယ်လို့သာ သန်းတော့တယ်၊ လယ်နန်းမြေစုံငယ် ပြည် ရွှေဘုံတည်သိမ်းလျှင်လ၊ ရှည်ငြိမ်းစွာ။ ။ နေရပ်ကယ်ပြည်ရွာပြောင်းလှည့် ငယ်ခွာသည်၊ ပြန်သာခလေ့၊ ကိန်းနဂိုမွေ့ပေမို့၊ ရန်ငွေ့မထိန်၊ စစ်မျက်နှာ မှိန်လှချည့်၊ ဉာဏ်လိမ်နှင့် ကပ်ခိုသည်၊ တရားဆို ရှည်မပြီးလေဘု၊ ကြီးစွာဗျာပါ၊ ကြင်သသူငယ်၊ လျှင်မူခဏ၊ ယှဉ်တွဲရလျှင်၊ ပျောက်ရှုဗိတ် စင်၊ သဝိညာဉ်တို့၊ ဖွဲ့ကြဉ်မသွေ၊ တလည်လည်မနေတတ်ကဲ့။ ရက်ရေငယ် ကွာသော်၊ သေနာပိန်ချုံးလို့ ဆုံးတိုင်ကဲ့။ ။ စည်းစိမ်ငယ်မဖွံ့၊ ရှေးကံညွှ လဲ တည်တဲ့တော်မည်၊ ခရီးသည်မှူ၊ ဝေးရှည်ကန္တာ၊ လွန်ဝေးငယ်ကွာသည်၊ ညိုပြာသူ့ကြောင့် လမ်းမတော် ထောင့်ချည်ပေါ်၊ ပူတောင့်ပူဆာ၊ ကြီးငယ် နာမှူ၊ ချမ်းသာကဲချေ–ကြွေးမြေမှာ ပြေကောင်းငဲ့၊ ဝေဒလ္လပါဂူငယ်၊ သိမ်တစ်ဆူတံခွန်စိုက်လေမို့၊ သောင်းထိကျော်နှံ့။

*

## အောက်ရပ်ကြိုဟ်နေအဟော

၆။ ။ တောက်လို့သာစမ်းရ၊ အောက်ခန်း နံ့ကြိမ်လျှင်၊ ဉာဏ်မပိန်ကဆုတ်ချည့်၊ လူယုတ်မာဖျက်ဆီးလို့၊ မူကြီးကျယ် စစ်ထိုးငယ် မဖွယ်။ ဆိုင်းငံ့ဝယ်တွယ်တည်၊ ကန်ဝယ်မထည့်၊ ကြွေးအလို ပြည့်နိုင်ဘု၊ ပတ်လှည့်ကြည်းတောင်၊ လမ်းယှာယီရှောင်ဦးတော့၊ ပြောင်နာဂစုတ်ဝင်မှာ၊ ရွှေပြည့်ရှင် ပူပင်ဖျိုးလေသို့၊ ညှိုးကြုံချည့်မယ်။ ။ ရှေးင်ခွာငယ်သွေသည်၊ ရှာဖွေမရ ပျောက်ဖျက်ကယ်ပမည်၊ ထိုမှန္တား၊ ကျွန်၊ သက်ရှိဝန်တို၊ နောက်စွန်းဒီသာ၊ ပျော်နေထိုင်ပါလိမ့်မည်။ ရှာစလွယ်၊ သည်ရက်ကယ် ခုနစ်နှင့်ရတန်ငဲ့။ ။ ဥစ္စာသက်မဲ့၊ ပျောက်ပျက်ခဲ့မူ၊ ငှက်ကဲ့ချေပြီ၊ အသားနီနှင့်၊ နောက်ဆိုကလူ၊ ဆောင်လေယူလဲ၊ ရှေ့တူရက်ဘွင်၊

ရက်ကိန်းမြင်လို့။ ။ လယ်ပြင်ယာမြေ၊ လုပ်ဆောင်ရှာဖွေကြတယ်၊ ဖေတောင်ဥူခေကံငယ် လုပ်သီးနှံသည်ခချိမ့်အောင် တိုးလီမ့်မယ်တဲ့။

*

## ပြိုဟ်နေ ၅ ကွက် ကြက် ၅ မျိုး အရွှံအနိုင်အဟော

၇။ ။ ရပ်မစဲပြီဟု၊ ကြက်ပွဲမြေပြင်ဝယ်၊ ဘော်ငွေစင်ကိုယ်သုံးလို့ နိုင်ရှုံးမှာ ထိန်စေဖို့ ခါချိန်ပုံ။ ။ အ–အက္ခရာကြယ်ဖြူငယ်ပါသည်၊ ဏ–မှာ မည်းနက်၊ ဥ, မွဲကြက်ကယ်နှင့်၊ ဧ, ကွက်ကယ်လွှင်၊ ဩ,ပြာညိုစင်လှတယ်၊ လယ်ခွင်ကကြွက်တိုင်မှာ၊ ချက်မပိုင်သေကြေ၊ ဆုံးစစ်နှင့်ကြွ၊ တောင်ညာခွင်မှာ၊ မပြင်ကြက်ကန်း အောက်ကွက်ခန်းတွင်၊ လိုက်ဖမ်းငယ်မှီ၊ နောက်ညောင်းငယ်ချိလို့၊ နီအောင်ပြေးထွက်။ မြောက်ရန်ကြက်မူ၊ ငွေရွက်ကယ်နီဒိုင်ကြယ်လောက်အောင်နိုင်တန်းမို့၊ ကံခိုင်လှံသည်၊ သူဖြိုပါပေရီးလ ခုနယ်ဖြင့်။ ။ ထက်ဘွေငယ်ပုံစက်၊ တိုင်းကျော်ကြက်မူ၊ ပြိုင်ဘက်ကယ်မမှီ၊ ဇမ္ဗူဒီဝယ်၊ လောကီမကိုင်၊ မင်းရာဇာထိုက်ပေထင့်၊ အမြိုက်ကယ်တစ်ဆူ၊ မင်္ဂလာမူရတယ်၊ ဇမ္ဗူရစ်ကြိုးခိုင်မှာ၊ စိန်ချည်တိုင်သန္တာညှောက်ကယ်နှင့်၊ ထားလောက်ပေထင့်။

## မူလဇာတာကိန်း

အဓိပတိ

၁

| | |
|---|---|
| အဓိပတိယောဂ–၄<br>ရာဇယောဂ–၇ | ၂၅–သိရိ<br>၂၂–ယဘ |
| ပုတိ–၁၀ | ၁၉–သောက |
| ဘင်္ဂ–၁၃ | ၁၆–မရဏ |
| | (တစ်ခုကြွင်းတိုင်ဟူပုံ) |

ဇာတာရှင်၏သင်္ကြန်ရာစ်ကိုတည်၊ ၁၂ နုတ်၊ ၂၃ နှင့်စား၊ သေသကို အဓိပတိတိုင်မှာ ၃ ခုစီ တိုး၍ လက်ယာရစ်ချ၊ အသက်ကို ရေတွက်၍ ကျရာတွင် ဟောလေ။

## ဟောစာတမ်း အဓိပတိ ယောဂတိုင် ဟောရန်လင်္ကာ

ငွေစာတာအိမ်၊ ဝေလာဟိန်၊ ဗေဒါရှိန်းနန်း၊ စက် ၁၂–ခွင် ဒွါဒသာဝယ်၊ ခါအစဉ်လှမ်းကြတယ်၊ ဆန်းပေ့မန်းလေ့ ကျမ်းမတွေ့သူတို့၊ ပြကတော့အလို၊ တိုင်ဆယ်ပါးမတော့ ကြွားလို့သာစိုးရော့၊ ဆိုဆိုသမျှ၊ ပိုပိုစရာ့၊ အလကားစကား၊ ဉာဏ်မရှိလျှင်၊ ဟန်ထိအောင် ကြွင်းနိုင်ဘု၊ ပတ္တာမြားစိန်ပွင့်၊ စံကဝေက မှန်နဘောနှင့်၊ ဉာဏ်အခြေချင့်ပြီး၊ သုံးသုံး ကိုးဆင့်၊ ပတ်လည်ထပ်ပါတဲ့၊ အဓိပတိ ရွှေတိုင်မြတ်၊ ဉာဏ်ရဟတ် ကြွားခဲ့မည်၊ ဘွားကောဇယ ဒွါဒသနတ်၊ သတ္တဗိသကုန်ပြက၊ သေသကို အဓိပတိ၊ သုံးခုစီ တိုးပါလို့ ကိုးပါးလှည့် အဓိပတိ၊ အဓိပတိယောဂ၊ ရာဇရောဂ၊ ပုတိ–ဘင်္ဂ–မရဏ–သောဘက ယဘာ–သိရိ စဉ်တိုင်းမတော့ဉာဏ် လှိုင်း၍ သိပါရော့၊ လိုအရှိ ကိုးခန်းတွင် အဓိပတိမှ အကယ်မယွင်းရောက်ခဲ့ သော်၊ ဝင်းဝင်းတောက်ပလ္လင်ဆွေမှာ၊ မြတ်စိနေ မာန်အောင်ခန်းဟာမို့၊ ပွင့်လန်းမည်မုချ၊ လူပျိုစင်ဟုတ်ပြန်က၊ ဖြူတုတ်တုတ်ခင်ကညာနဲ့၊ သဥ္ဇာမှာ အသာနွဲ့ရန်ဖို့၊ စုတ်ပုလဲ ဖြစ်သကို၊ လူအိုမှာဖြစ်ပြန်က ဖြူစွာလာဘ်သပ်၊ ပျော့ နောစာ်ထပ်ချင်သံညည်နှစ်ရပ်က၊ ဆတ်ဆတ်မုချ၊ မရဘဲလွဲလို့၊ များပခဲ့သော်၊ သည်ဆရာ့ပညာ၊ ဘာပြုလို့မှတ်တော့မတုံး၊ လက်အဖြတ်ခံ ပါ့မယ်၊ရွှေနှယ် ငွေနှယ် အသွယ်သွယ် ဝယ်လိုဝယ်, ရောင်းလိုရောင်းမသမာ သူတို့ ပြူစုလို့စောင်းသော်လဲ မထောင်းတာ၊ အခင်းဒြပ်ကျော်လို့မို့တိုင်မိပတိ ကို ဉာဏ်ရှိတိုင်းဟောပြန်က၊ဟောဆိုရန်များလှတယ်၊ စာတာကြွားဆိုရမယ်။

*

## အဓိပတိယောဂတိုင် ဟောရန်လင်္ကာ

တစ်သွယ်ထိုမှ၊ အဓိပတိယောဂသို့၊ ကျပြန်လျှင်တစ်ခန်း၊ ထက် ရတနာ၊ သတ္တဌာနထွင့်မြတ်စွာစံမြန်းတဲ့၊ ကိန်းခန်းနှင့်ကြုံလာ၍၊ အိပ်ယာ ခမ်းနား၊ ဥစ္စာပွားများမည်၊ စင်စစ်မနှော၊ ရှိသမျှ ပေါ်သည့်ဂန၊ ဆောတိက ခေတ်ဟာမို့၊ လူချစ်လူခင် မြင်မြင်သမျှ မနှင်ပါနှင့်ဦး၊ တရုံးရုံးနှင့်၊ ကျပ် သုံးဒင်္ဂါး၊ အပြားရေဖို့၊ အကြောင်းမတန်။ ဘလောင်းဆန်အောင်း ဒေါင်းသံနှင့် ခေါက်နိုင်၏။ အနောက်မြောက်အရှေ့တောင်၊ မဖြူမညို၊

အမူပိုတဲ့၊ အပ်ိဳႀကီးကို ေရွာင္ရမည္။ မေရွာင္လွ်င္တစ္ခ်က္၊ ဗိုက္ဆံေတြ အကုန္ေလွ်ာၿပီး ဒလေဟာ ထြက္တတ္၏။ ကိုယ့္ထက္ငယ္တစ္ေယာက္က၊ ယုံေလာက္ေအာင္စကား၊ ႏွုတ္ဖ်ားခ်ိဳခ်ိဳ၊ မိုခိုပါရေစဆိုလွ်င္၊ ထိုသူကို လက္မခံႏွင့္၊ သဒၶါျပန္ ကၽြမ္းေဆာင့္ေအာင္၊ အထြက္ေကာင္း ႀကံတတ္သတဲ့။

*

## ရာဇေယာဂတိုင္ ေဟာရန္လကၤာ

တစ္ေထြတစ္ဖန္၊ ရာဇေယာဂကို၊ ကိန္းအက်ဳံမွန္ခဲ့လွ်င္။ ေဝယံနန္းငွ သတၱဌာနတြင္၊ ဘုရားလ်ာကို သိၾကားတို႔၊ ခ်ိဳၿပဲစာနတ္ႀကဖူးသီးကို ကပ္လွူလွ်င္မေအးဖြယ္မ်ား၊ ျမတ္ဝမ္းေတာ္အလားတြင္၊ ႏွစ္ပါးညီေနာင္၊ အဖုသဃ–ဘလိကတို႔၊ လွူဒါနမုန္႔မ်ားကို၊ ျမတ္ဘုရားသုံးေဆာင္ခါမွ ထြင့္ဘုန္းေခါင္ အားရွိေတာ္မူသတဲ့၊ ကိန္းအရွိသည္အေနေၾကာင့္၊ ခ်စ္ေဆြ အမ်ား သားမယားႏွင့္၊ ခိုက္ပြားရန္စ၊ ေငြမေနမွာေတာ့၊ ရရကုန္ကုန္၊ ဖူ မလုံေသာေၾကာင့္၊ ပူပုံေတြတစ္ရာႏွင့္၊ မေနာသာဒုကၡခုသမယသုခဘာဝ၊ မၿငိမ္မသက္၊ ဝိဘက္မ်ားဖြယ္၊ နိစပ္စပ္လူသူႏွင့္၊ တရားမွုမ်ား တြယ္တတ္ သတဲ့၊ ေျပာဆိုဖြယ္ ဆင္ျခင္ပါမွ၊ ဗ်ာမ်ားအင္ အပူမေအးတဲ့ စိတ္ေတြကုန္၊ အဖန္ဖန္မ်ားတာေၾကာင့္၊ အင္မတန္ျဖင့္ မေကာင္းလွေပဘု။

*

## ပုတိတိုင္ ေဟာရန္လကၤာ

တစ္ေၾကာင္းပုတိ၊ စန္းအာယုထိခဲ့ေသာ္၊ မာတလိနတ္သားဝတိ'က သက္လာ၍၊ ရထားဝင္းေျပာင္၊ ျမင္းတစ္ေထာင္ႏွင့္၊ ႀကဳံးေဆာင္အၿပီး၊ ေစာေနမိ ဇနီးႏွာဟု မိတၱိလာမင္းႀကီးကို၊ နန္းထီးႏွင့္ေဝးကြာ၊ ရထားႏွင့္ ေခါပင့္တုံး၊ ဝတိ'ျမင့္သီဟာသို႔၊ ပါရွားသည့္အေနေၾကာင့္၊ ရပ္ေနရြာသား၊ လူအမ်ားႏွင့္၊ စကားမကဲ့၊ ကဲ့ရဲ႕တေစာင္း၊ အေပါင္းမညီ၊ မအီမသာ၊ တစ္ရြာသို႔ ေျပာင္းရဖို႔၊ ေဗဒင္အေၾကာင္းလာခဲ့သကို။ အနာအဖ်ား မ်ားစြာေတြ႕တတ္၊ ရာေဖြလာဘ္လဲ၊ ႀကပ္ႀကပ္မၿပဲ၊ မိုခိုသူတို႔၊ အပူနဲ႕ ေတြ႕တတ္သတဲ့၊ ေျမာက္အရပ္က၊ ဝဝတိုတို၊ လူပုဂၢိဳလ္ေၾကာင့္၊ ၿငိဳၿငိဳျငင္ျငင္၊ ကိုယ္မရွင္၊ ဆိုခ်င္သူႏွုတ္သတင္းႏွင့္ ပုတိခင္းရန္ စစ္ပါမလား။

## ဘင်္ဂတိုင် ဟောရန်လင်္ကာ

တစ်ပါးဘင်္ဂ၊ စိတ်သန် ဝင်ကြွခိုလှုံ၊ မဟာနက္ခမင်း၊ ပင်လယ်တွင်း၊ သင်္ဘောပျက်ကိန်းကြုံလို့၊ ကုန်စည်ဖောက်ကား၊ မဝယ်ငြားနဲ့၊ ငါးပါးမှောက် သဒ္ဒါလန်လို့၊ ဝန်နဲ့တွေ့ရှိမယ်၊ဗျာဓိကထပ်ပို့သူမယားစကားမဆိုနဲ့ ထွားညို တင်ကော့၊ အနောက်ထောင့်အရပ်က၊ မျိုးမတတ် ချောလိမ့်မည်။ စိတ်ကျော့– ကိုယ်ကျော့၊ ရာဂမြူးဆော့တတ်သည်။ အသော့လျင်မြန်မြန်၊ အရှက်တကွဲ၊ အကျိုးနည်းအောင်၊ မွဲစာတာဖန်တတ်သတဲ့။ ဉာဏ်သတိချုပ်၊ အနေ စုတ်နိုင်မှ၊ အမှန်မယွင်း ရန်ကင်းမည်။

*

## မရဏတိုင် ဟောရန်လင်္ကာ

တိုမှတစ်ခန်း၊ နန်းမရဏကို၊ စန်းအာယုပူးခဲ့သော်၊ ပျော်မြူးရော့ရှု မှိုင်းတသိမ့်သိမ့် လှိုင်းတချိမ့်ချိမ့် လှိမ့်လှိမ့်ဆူ၊ ဗူးပွျမ်းဆောင်၊ မဟာသမုဒ် ဝဲဇလုတ်၊ အိုးတယ်မြုပ်မှောတိတုန်းက၊ တောက်ပါရမီ၊ မကြောက်မရွံ့၊ နောက်မတွန့် အားညွတ်ချီ လက်စုံသည် အကျအဏ္ဏဝါ၊ ရန်စလွယ်ပြန်၊ ဆားငန်သမုဒ်၊ ဝဲဇလုတ် မဲပုတ်မိဋ္ဌာန် စိတ်အကြံ နိဗ္ဗာန်ရည်ရှူး၊ မင်း ဇနက်မှာ ရက်သတ္တာချာချာကူးလျက်၊ အထူးဆင်းရဲ၊ ခင်မေခလာရွှေရင်လွှာ နှင့် ပိုက်ခါနွဲ့ အမြိုက်နန်းကြုံ၊ ပူဗျာပါ ကြမ္မာဖန်လို့မို့၊ ဂုဏ်သိန်နှမ်းလျ ပင်ပန်းစွာမို့ ရောဂါထက်ဖွေ မသောကြွင်းသော်လဲ,မင်းတေးတာဝ, ဓောရအဂ္ဂိ ဖွတ်မင်းသား ပြာရထားဖိသကဲ့သို့၊ မရှိဝေဒနာ သေတတ်စွာသတဲ့၊ရတနာ ကို ပူဇော်က၊ အတော်ဖြင့် အေးပါလိမ့် တွေးသိဉာဏ်ကူလို့ ကြီးသူကိုမှ ခ,ရသတဲ့။

*

## သောကတိုင် ဟောရန်လင်္ကာ

သောကနန်းအိမ် စန်းအကြိမ်မတော့။ ဝေဝိန္ဓ မိုးမာဃသည် အသူရာသမီး, သုဇာတာရှုကြည့်ကာမှိုးပြီး၊ သူအိုကြီး ဆရာတင်လို့၊ သုဇာတာမြင်တော့၊ ငယ်ကြင်ညာဂမုန်းဟာမို့၊ ပန်းကုံးကို လည်တွင်ခသေး အခါ၊ သုဇာတာကညှာလှကို၊ မိုးမာဃယူဆောင်လာလို့ နတ်ဘောင်မှ

ရှည်းအောင်၊ မိဖုရားကြီးအရာ သနားတဲ့ကိန်းဟာမို့ ဆရာမိဘ, ကြီးသူတို့ မ,ရမည်။ အနောက်မှအကြီးကြောက်မစိုးပေဘု၊ နောက်ပိုးဖြင့်ကြီးပါငဲ့၊ ခရီးကုန်သွယ်, သွားတော့လာတော့ ကြံစည်တိုင်းကျော့ပါငဲ့၊ ငွေသောစ အပြည့်ကြွယ်၊ စံပယ်သိုင်းရစ်, လူမြင်တိုင်းချစ်သောကြောင့် အပြစ်မိန်းမမှုသည် အရေးကို၊ တွေးလို့သာရှု၊ ညစ်ကျူရာဂ, စိတ်လောဘကြောင့်၊ သောကရန်ဖန် အတန်ဖြင့် ရှိလေငဲ့။

*

## ယသတိုင် ဟောရန်လင်္ကာ

မဝေးဆန်းစနန်းယသသို့ စန်းကျအလို, အနောက်မှတစ်ခါ သုံးရတနာ ဝန္ဒာဦးနှိမ် အကျိုးစီးပွားလွန်များပြားပွားအရှိန်နှင့်၊ သိန်သရေမြင့်, ကိန်းအခြေတင့်သမို့ များဖြင့်ဥစ္စာဘောဂအရာ စောစွာယခု၊ မိုးသို့လဲရွာလိုရာရာ ဆိုခါစုတော့မယ်၊ ပဒုရွှေကြာ ရေပမာ၊ အေးစွာသုခ၊ သားရော, မယားရော ကြွားမပြောဘု၊ ဒေါနအဆီ, မွေးတပျံ့ပျံ့လေးရနံ့နှင့် အေးသန့်ကြည် မှီခိုစလောက်၊ အခြံအရံ အတန်တန်ဖန်လို့ မောက်မတဲ့၊ မကြောက်နဲ့သည်အခါ၊ ဇမ္ဗူမြိုင်ဝှမ်း တိုက်တစ်ကျွန်း, ထွန်းတောဇာကျော်ညာ ဘိတောင်းများမည် ပွားမယ်ထားစလွယ်နဲ့၊ မင်းဝယ်ချောင်း ဘူးကောင်းစစ် ဖြစ်စစ်ရှိသေးသည်။

*

## သီရိတိုင် ဟောရန်လင်္ကာ

စံပယ်တစ်ခန်းသီရိနန်း၊ စန်းအထက်မတော်၊ မြတ်သမ္မာထူး၊ ကမ္မာဦးသူတို့၊ စိတ်ကူးတိုင်းတွေး အပေါင်းကြီးသောကြောင့် ဗျာပါမီးငွေ့တုံး,ဆုံးအမွှာသီ ဘဂ္ဂဏီခြည်တစ်ထောင် ပွင့်ရောင်ရှိန်ငယ်လင့်၊ စွင့်စွင့်ငွားငွား၊ လင်းရောင်ခြည်ဖိတ်ခါမှ၊ စိတ်ပျော်ပါးသတဲ့၊ ကိန်းအနေအခြေလန်းပါဘိ ဆန်းလို့သာကြူးရောကရို့။ မတူပြိုင်ဖက်၊ လူသာမန်မတော့အမွေဆက်ကြီးမယ်၊ ကုန်သည်သားမွေး၊ လူတဝေးမွေးလို့သာကြူး ဖော်အပေါင်းနှင့် ပျော်ကောင်းအောင် ရလိမ့်မတဲ့။ ဘောဂံနေ့သူဌေးသားမှန်ပါက၊ ဘဲ့များကိုရတန်၏။ မင်းထံခစား မင်းယော်ကျားမတော့၊ ရွှေဖလား

ရွှေထီးထားစမြောင်နဲ့၊ ခါးတောင်မိုးပြီး၊ မင်းကြီးအရာသားတော်မှာ ဖြစ်ပြန်က၊ ကဒါန်ရိပ်စုံ၊ မန်ဒလိပ် စံဘိသိက်လှုံ့ရတဲ့၊ ကိန်းအကြွ တကယ်နိတ်သောကြောင့်၊ အစိတ်ကိုဖွေမရှာဘု၊ ရွှေထားကိုင်မိုလ်မင်းများ။

*

## စာရေးတော်ကြီး နော်ရတာသီဟရေး ယှီးဒယားရုပ်ပုံဟော တေးထပ်

၁။ မူလခေါ် သက္ကရာဇ်၊ စော်နှတ်၍ထားပါ။ တစ်ဆယ့်ဘုဥဝယ်၊ ကြွင်းလေရာအဟော၊ တစ်ခုကြွင်းမှန်ပါလျှင်၊ ထန်းဝင်မှာဖွားတဲ့သဘော။ ဘုရားတကာနက္ခတ်ဝင်၊ ကြွက်ရုပ်ပင်မှန်သဘော။ ကုန်သွယ်လယ်ယာ ဝပြောလို့ မင်းစိုးသော်တပ်မတော်၊ ကျိုးမမြင် ထန်းပင်ထောက်လျှင်၊ မိုး, ဆောင်း, နွေ ခြောက်နိုင်ဘုနော်၊ မုသိကနှာမှန်ပေါ်သည်။ ရှင်ဉာဏ်တော် ရှိငြားငဲ့၊ ကိုယ်အားနှင့်ချင့်ချိန်ပြန်၊ များကြည်ညိုရန်၊ သူ့ဖို့ကိုယ့်ဖို့ ကျိုး နှစ်တန်ကို၊ ရိုးအမှန်ဖြောင့်သားပါရဲ့လေး။

၂။ နှစ်ခုမြင် ဘုန်းပင်ပွား၊ ဘုန်းခင်အား မှတ်ရာ၊ ကျောင်းတကာ့ နက္ခတ်ပါသည်၊ နွားရုပ်သာမှန်လှ။ မင်းစိုးခမလျော်တယ်၊ ကျေးဇူးနော် ရှိဘူးဆိုရ။ ကူးသန်းလို့ကုန်သွယ်၊ တောင်သူငယ်တော်ပ။ ဆင်အခြင် မြော်မြင်ဆ၊ ပေါ်ထင်စွာလှ့ပြည်၊ ကြံစည်ကာလုပ်ဆောင်စားလျှင်၊ ကျိုးစီးပွားခံရတတ်သည်။ ကတည္ဟတကတဝေဒီ၊ သွေမဖီသိငြားရဲ့ သူတစ်ပါး နှင့် နှောဆက်ဆံ၊ များလိမ့်ခိုက်ရန်၊ စဉ်းစားချက်အတန်တန်ကို သူတကာ ဒွံလွန်းလှလေး။

၃။ ယောပါလေ သုံးခုကြွင်း၊ ဖွားရင်းတဲ့ ကညင်ပင်၊ ဘီလူးနက္ခတ် အမြင်မှာ၊ ကျားရုပ်ပင်ဆိုစမြဲ။ မင်းစိုးဖြစ် ဆရာခေါ်ခံလျှင်၊ ငယ်နာမည် ပျောက်လိမ့်မလွဲ။ ဝါဏိဇ္ဇတောင်သူ၊ ရှောင်တော်မူအမြဲ။ ကျိုးမထင်အင်ခွင် နဲ့မှာမို့၊ သည့်ပြင်လွဲကြံပါဆရာကို၊ ဘယာထွက်စေတော့၊ အာဏာစက် ကြီးလှသည်ကာ။ ရွှေကျားမင့်သညာမှာ မြင်မြင်တကာရွံ့ထိတ်လို့၊

ဟိတ်တန်ခိုးနှင့်ကျင့်အကြံ၊ ကြီးတဲ့ဒေါမာန်။ လောဘပွားလို့၊ သမားလုပ်ပြန်လျှင်၊ သူနာတစ်ဖန် ပေါက်ငန်းပါလိမ့်လေး။

၄။ ကြွင်းသေသာထားစတု၊ ဖွားသမှုပင်လက်ပံ နတ်သမီးနက္ခတ်မှန်၊ စန္ဒာရက်ယှက်မင်း၊ ပရိယေသနတယ်မပူ၊ လွယ်တကူစားမဲ့ခင်း ရစမြဲ ငွေအသပြာ၊ သေချာစွာထုတ်သွင်း။ သူလိုလျှင် လက်ငင်းပ၊ ပေးကမ်းခြင်းရက်ရောစွာ၊ ပင်လက်ပံဂျူနှစ်စိုးတာမို့၊ ဟိတ်တန်ခိုးကြီးမြတ်လှပါ၊ သီးပွင့်တဲ့ချိန်အခါ၊ ငှက်များစွာ ခိုမှီးလို့၊ ထိုနည်းဥပမာ နိုင်းဆယူပါ။ ဖော်အပေါင်းနှင့် ပျော်ကြောင်းရှာ၊ ကျေးဇူးကိုယ်မှာ ရှိဘူးစို့လေး။

၅။ ငါးခုမြင် သက်န်းဖွား၊ ဇော်ဂျီများ၊ နက္ခတ်ပါ၊ ရေနဂါးသူဓဝါ၊ မင်းစိုးမှာခထမ်း၊ မကြာသုမြန်စွာငယ် ဓကန်ဝယ်မင်းဖြစ်မယ့်လမ်း၊ ကုန်သွယ်ခြင်းတောင်ယာ၊ ရှောင်ဖယ်ခါတစ်ခန်း၊ ကျိုးမထင်ပင်ပန်းမည်ကြောင့် စီးပွားလမ်းမမြင်။ လိုချင်ချင်လောဘနှင့်၊ ဒေါသများကြီးမြတ်သည်ပင်၊ ပညာ့ဂုဏ်ဇာတိအင်မှာ နာဂီသွင်ဖြိုးမောက်လို့၊ တန်ခိုးတောက်ဟိတ်ကြီးစွာဖြစ်တတ်လှပါ၊ ဆွေမျိုးထက် တပိုးသာသည်၊ ထွန်းကားစွာဖြစ်ပါလိမ့်လေး

၆။ ခြောက်ခုမြင်ပင်ဗောဓိ၊ ဖွားဇာတိပလ္လင်၊ ဘုရားတကာ့နက္ခတ်၊ ရုပ်သန္တာန်ဖြေငန်း ကုန်သွယ်ခြင်းလယ်ယာကို၊ ဘယ်အခါလုပ်ဇော့မပန်းကြီးပမ်းရဲ့မြဲမှတ်ပါ၊ မြတ်ဆရာခွင့်လမ်း၊ မင်းစိုးကို စိတ်မလှမ်းလေနှင့်၊ နမ်းစေ့ခန့်ကျိုးမထင်၊ မင်းဆိုလျှင် ဆယ့်အိမ်ခေါင်းတောင်မှ၊ ကောင်းစွာခွင့် တယ်မမြင်၊ ဆွေမျိုးထက် ထွန်းကားအင်မှာ၊ ဥစ္စာရှင်ခဲ့ညားလို့၊ သူ့အား အလိုလို ရှက်တတ်နဂိုရ် မျက်နှာငဲ့လို့ စကားဆို၊ များမပိုအိုနဲ့ပါလှလေး။

၇။ ကြွင်းသတ္တာကွက်အဟော ငှက်ပျောတဲ့ ဖွားအင်၊ တောထွက်ခန်း၊ ရဟန်းမြင်၊ နက္ခပင်မှတ်သား။ ရုပ်အသုဝေလာမှာ၊ ထွေထွေရာရာရှိဘူး ပထား၊ဖြောင့်မတ်တဲ့စေတနာ၊ ပေးကမ်းရာလက်ဖွား၊ သူလိုလျှင် ချန်မထား ပါဘု၊အားရအောင်ယူစေ။ကိုယ်လိုကမရချေသည်၊ ဓနငွေကုန်ကျရဲ့၊ ဘုံဘဝ ဤလူ့ရွာ၊များမှိုခိုလာ၊သူတစ်ပါးတော့မထင်စရာခင်ဗျားမှာအကြောင်းပလေး။

၈။ ရှစ်ခုမြင်ကသစ်၊ ဖွားတဲ့လစ်မှန်စွာ၊ ရက္ခစိုးနက္ခတ်ပါသည်၊ ဆိတ်ရုပ်သာထင်ရှား။ မင်းခလို့ကုန်သွယ်လျှင်၊ ကျေးဇူးဝယ်ရှိလိမ့်အများ၊ လယ်လုပ်ကတော်လျော်၊ စီးပွားနော်သင့်ငြား၊ ဆိတ်ကညာ ဖြစ်ငြားသော် ကြောင့်၊ မပေါ်မရှားမှတ်ရာ ကျေးဇူးကိုလွန်သိတတ်၊ တည်မတ်တဲ့လူပေပါ။ အတ္တပရ ကျိုးနှစ်ဖြာကို သည်မှိုကာတွေးဆလို့၊ မဝေးရသမွဇဉ်၊ ရှိရက်အစဉ်။ သမာဓိနှင့်ဇာတိအင်၊ နက္ခတ်တွင်ပါရင်းမို့လေး။

၉။ ကြွင်း၊ နဝါကိန်းလဲလျှင်၊ ပိန္နဲမှာဖွားအင်၊ ဟနုမန်နက္ခတ် ထွင်သည်၊ မြောက်ရုပ်ပင်ခေါ်မြဲ။ မင်းခလျှင် သူတော်ကောင်း ဗောင်း နတောင်းနော်ရလိမ့်မလွဲ မှုခင်းကိုကျိုးရှက်ဆောင်၊ မင်းမျက်တောင်ရှိပဲ၊ ကုန်သွယ်လယ်ယာထဲ၊ မျက်နှာလွှဲနိုင်းချင်။ သူ့မှုကိုဆောင်ကြဉ်းငဲ့၊ ကိုယ့်မှုတော့ ဆောင်မှဲ့မမြင်။ ရဲရင့်ခြင်းပညာတွင်၊ လိမ်မာအင်ရှိတတ် သူမို့၊ ရှေ့အရပ်က၊ နေမည်အမှန်။ မုချကေန်။ နောက်များက မြင်ခဲ့ပြန် လျှင်၊ နက္ခတ်ပင်မှန်ဘူးဆိုစို့လေး။

၁၀။ ခုတစ်ဆယ်ကြွင်းအဟော၊ သဘော်တဲ့ဝါနီ၊ ပင်ရက္ခခါမှီ၊ ဖွားပြန်ပြီမြန်လှ။ တကြော်ဒေဝါနက္ခတ်မြင်၊ ကြက်ရုပ်ပင် ဆိုရမည်ပ။ မင်းဖြစ်တတ်ကေန်ပါ၊ ဝါဏိစ္ဆတော်စွ၊ တောင်သူမှာမှော်ရရဲ့၊ ပေါ်ထင်လှ မှတ်ပါ၊ ဆရာဆို လုပ်မနေးစေနှင့်။ အကျိုးပေးခံစားရမည်သာ။ ဆွေမျိုးကို မကိုးစားရာ ခိုကိုးစရာ မြင်ဘူးပ၊ ကိုယ့်ထူးကိုယ်သာချွန်၊ တွေးဆဉာဏ်လွန် ရဲရင့်ခြင်း ဂုဏ်တံခွန်မှာ၊ လူရည်မွန်ဆိုလောက်ကဲ့လေး။

၁၁။ ဆယ့်တစ်မြင်ကြာပင်ဖွား၊ ကြာဘက်ဆောင်းကား မှတ်ပါ ဒီသာမောက်နက္ခတ်မှာ၊ သကြားစက်သာရစမြဲ၊ မင်းစိုးခကောင်းကျိုး ပေါ်တယ်၊ မင်းဖြစ်လိမ့်နော် ဟောကွဲ့မလွဲ။ ဆရာကြီးအခေါ်ခံ၊ သံမားတော် ဖြစ်ရန်ပေပ။ စားသောက်မှန် အိပ်နေနဲ၊ ရိပ်ခြေလဲသိမယ်။ ကောက်အလိမ်မွေ မဆန်း၊ ရွှေကျမ်းထွက်ဖြောင့်အောင့်ကျင့်တတ်သည်၊ ရိုးသားလို့ တရားသည်၊ စကား မပြည်ယွင်းပျက်ဘု၊ မင်းအမျက်ရန်ကိုရှောင်၊ ကောင်းဖို့ကြံဆောင်။ စိတ်ပုတီးနှင့်သူတော်ဘောင်၊ သီလတော်င် မြဲမယ်ပလေး။

၁၂။ ယိုးဒယားရုပ်အဟော၊ သဘောနှင့်ယှဉ်ရန်၊ သူညကြွင်းချင်ခဲ့ ပြန်လျှင်၊ ပလ္လင်ကံအဖွား။ ကံယုံသည့်မင်းကုမာ၊ ဖြဟ္မဒတ်ရာဇာ နက္ခတ်ဟုထား၊ ရဲရင့်တဲ့သူပါ၊ အာဏာနည်းတစ်ပါး၊ ကြောက်ရွံ့ဆိုခဲ့ညားပါဘု၊ သိကြားမ,တဲ့သူ၊ မင်းဒဏ်နှင့်မင်းဘေး၊ ကင်းဝေးနေကြ မှတ်တော်မူ၊လယ် လုပ်လို့ ယာကူ၊ တောင်သူကိုစိတ်မကူးနှင့်၊ ရွံ့လူးခံရမည်သာ၊ ပေးဘူးကျိုးမှာ ကုန်သွယ်လို့ ရောင်းအဝယ်ပါလျှင်၊ ကောင်းမယ်ဟာ ရပါရဲ့လေး။

**ယိုးဒယားရုပ်ပုံဟော တေးထပ် ၁၂ ပုဒ် ပြီး၏။**

*

## အင်္ဂဝိဇ္ဇာကာလကြီးကိန်း

အင်္ဂဝိဇ္ဇာကာလကြီးမှာ သုဒ္ဓိဖမ်း၍ တွက်ရသည်။

### တွက်ပုံမှာ

သုဒ္ဓိနကို ၃ နတ်၊ ၃၀ စား၊ ကြွင်းလဒ်ကို မိဿရာသီခွင်မှ လက်ယာရစ်ရေတွက်၍ ကျရာခွင်သည် နေထွက်အိမ်ဟု မှတ်သားရမည်။ ဂဏန်းသွင်းသောအခါ နေထွက်အိမ်မှ တစ်ခွင်လွှန်၍ စချရမည်။ တစ်နေ့ တွင် ၈ ပိုင်း ပိုင်း၍ချလေ။

### ချရန်ဂဏန်းကား

"သူရဋ္ဌ–သောကြ–ဗုဒ္ဓ–စန္ဒြာ–သောရီ–ဂုရု–ဘောမ–သူရဋ္ဌ" ဟူ၍ ချပါ၊

လက်တပ်ရန်ကား

| | | | | | |
|---|---|---|---|---|---|
| ပထမအအချိန် | ၆– နာရီ | ၀– မိနစ်မှ | ၇– နာရီ | ၃၀– မိနစ်ထိ | တစ်ခွင်တည်း |
| ဒုတိယအချိန် | ၇– | ၃၀– | ၉– | ၀– | တစ်ခွင်ခြား |
| တတိယအချိန် | ၉– | ၀– | ၁၀– | ၃၀– | ၂–ခွင်ခြား |
| စတုတ္ထအချိန် | ၁၀– | ၃၀– | ၁၂– | ၀– | ၃–ခွင်ခြား |
| ပဥ္စမအချိန် | ၁၂– | ၀– | ၁– | ၃၀– | ၃–ခွင်ခြား |
| ဆဋ္ဌမအချိန် | ၁– | ၃၀– | ၃– | ၀– | ၄–ခွင်ခြား |
| သတ္တမအချိန် | ၃– | ၀– | ၄– | ၃၀– | ၅–ခွင်ခြား |
| အဋ္ဌမအချိန် | ၄– | ၃၀– | ၆– | ၀– | ၆–ခွင်ခြား |


**မှတ်ရန်မှာ။** ။ တစ်ခွင်တည်း–တစ်ခွင်ခြား၊ ယူသည်ကား တနင်္ဂနွေခွင်ဖြစ်သည်။

လက်တပ်ပြီးသောအခါ ငှင်းလက်အိမ်ရှင်က မိဿခွင်မှစ၍ "စ–သာ–ဈေ–ကူ–အင်း–ဝ–သူ။ ဆံ–ဖြူ–တစ်–တင်း–ဃေး" ဟူသော လင်္ကာနှ ချပြီးရှာ၊ လက်အိမ်တွင် တွေ့သောစာလုံး၏ နံသင့်ဂဏန်းကိုကြည့် မှတ်ထား၊ ငှင်းလက်အိမ်မှစ၍ "တနု–ကုဋုမ္ဗ–သဟာဇ–ဗန္ဓု–ပုတ္တ–အာရိ

ပထနီ–မရဏ–သုဘ–ကမ္မ–လာဘ–ဗျာဃ" ဟူသော လက်ဖြင့် လက်ယာရစ် လှည့်ချလေ။ အထက်ကမှတ်ထားပြီးသော ဂဏန်းကွက်ချရာ တွင် ဟောလေ။

(ငှင်းကိန်းမှာ ဆရာနှင့် လက်ထပ်သင်ရမှ နားလည်သည်။)

## လဂ်တစ်ခုကြွင်း၍ တနင်္ဂနွေနေ့ ပထမအချိန် ချသော ကိန်းပုံ




တနင်္ဂနွေနေ့ပထမအချိန်ယူရန်ဂဏန်း ၁ ၆ ၄ ၂ ၀ ၅ ၃ ၁

ကြက်ခြေပြထားခြင်းသည် တနင်္ဂနွေနှင့် တစ်ခွင်တည်းလင်္ဂတစ်၊ စ–သာ–ဇွေ–ကူနှင့် လင်္ဂအိမ်ရှင် ရှာသောအခါ ၁၀၁ အရ သောကြာမှာ တွေ့၍ တနင်္ဂ–ကဠုမ္ပနှင့် ရှာသော် ကဠုမ္ပမှာ တွေ့သဖြင့် ၎င်းအတိုင်း ဟောလေ။

## ဟောစာတမ်း တနင်္ဂ–ကဠုမ္ပလာသ ဟောရန်လင်္ကာ

သမ္မာသက်ပွ၊ ကြံစိတ်မျှ၍၊ မှတ်ကြကုန်ရာ နည်းဝိဇ္ဇာကို၊ သိသာလွယ်မူ၊ လင်္ကာပြုအံ့၊ တနင်္ဂ ကုဠုမ္ပ အိမ်ရှင်ကျ၍၊ လာဘဉ္စတွင်။ တွေ့လေမြင်သော်၊ ကောင်းအင်ခြင်းရာ၊ လမ်းမည်သာတည့်၊ မကြာစေနှင့်၊ သွားလေသင့်၏၊ လာဘ်ဖြင့်မကွာ၊ ဥစ္စာစည်းစိမ်၊ ရိပ်ငြိမ်ကြွယ်ဖြိုး၊ စစ်ထိုးအောင်မြင်၊ တရားဆင်လည်း၊ ငြိုငြင်မဲ့စွာ၊ ကိုယ့်ဖို့သာတည့်၊ ဥစ္စာကျွဲနွား၊ ပျောက်လေငြားမူ၊ ရပ်ခြားမပြောင်း၊ နေဟောင်းမှာသာ ရှိလေရာ၏။ ဖျားနာရေးမူ၊ ဦးရှအိမ်နတ်၊ ဂြိုဟ်ချွတ်ခေါင်းဆေး၊ ငှက်စာပေးက၊ မနေးရောဂါ၊ လွယ်လွယ်စွာသည်၊ ဖျားနာကျွမ်းကြမ်းတော်တော့ပြီ။

## သဟာဇ–ဗန္ဓု–ပုတြ ဟောရန်လင်္ကာ

လက္ခဏာရှင်၊ အိမ်သခင်သည်၊ နေချင်မဆွ၊ သဟာဇဟော၊ ပုတြဗန္ဓု၊ ကြိုကြိုက်မူကား၊ မာတုဂါမ၊ တရားစသည်၊ ထိုမှမျှားမြောင်၊ စစ်မက် ထောင်လည်း မအောင်မရ၊ ကြေမဲ့ကျအံ့၊ ဥစ္စာပျောက်ရှု မရရာတည်း၊ သူနာသော်ကား၊ ဆေးသမားနှင့်၊ ဘုရားမကင်း၊ ငါးရက်တွင်းမှာ၊ တင်တင်းကုလေ၊ တစ္ဆေ, အိမ်နတ်၊ ပ,သလွတ်အံ့။ အပင်းတကုပ်၊ ရုန်းနှင့်ဖုတ်လည်း၊ မျက်ကြွတ်ပြင်းပြ၊ ညှိုးတတ်လှ၏၊ ကြေးချပေးငွေ၊ ဆုံးတတ်ချေသည်၊ မှတ်လေ ကေန်သဘောတည်း။

## အာရီ–မရဏ–ဗျာယ ဟောရန်လင်္ကာ

အာရီ–မရဏ၊ ဗျာယတို့တွင်၊ တွေ့လေမြင်သော်၊ သူနာမူကား၊ တလားတင်းပုံ၊ မီးလျှင်စုံတော့၊ မယုံသင်္ကာ မရှိရေတည့်၊ အာကာဒေဝ၊

ရက္ခစောင့်နတ်၊ စုန်းနတ်လည်းညှိုး၊ ကိုးကိုးကွယ်ကွယ်၊ ပြုလွယ်သော်မှ၊ ချမ်းသာရအံ့၊ မုချရန်ပြိုင်၊ ထိုးစစ်ဆိုင်သော်၊ နိုင်ရမည်သာ၊ မရှိရာတည့်။ ဥစ္စာစပါး၊ ကျွဲနွားပျောက်ရှု၊ မရနိုင်သာ၊ ဟောကိန်းလာ၏၊ မှန်ရာလွယ်ဖောက်၊ လွတ်ကွယ်မြောက်လျှင်၊ အံ့လောက်ကျော်ကျော်စောစောတည်း။

## ပထရီ–ကမ္မ–သုဘ ဟောရန်လင်္ကာ

ပထနီဟု၊ ခေါ်ညီကမ္မ၊ သုဘယူလျက်၊ ဤသုံးချက်၌၊ လက္ခဏာအိမ်ရှင်၊ မေးလာချင်မူ၊ ရန်မြင်စစ်မက်၊ ရန်မက်ဟူက၊ အောင်ကြစတမ်း၊ ငြိမ်းချမ်းသင့်ရာ၊ အောင်မြေသာတည့်။ ဥစ္စာပျောက်ရှု၊ ရွှေငွေစသည်၊ လက်စမရွေ့၊ ချမ်းမြေ့မြေ့လျှင်၊ တွေ့လေစမြဲ၊ ဆင်းရဲချမ်းသာ၊ မေးလာရာကား၊ မကြာကြွယ်ဝ၊ မတောင့်တနှင့်၊ ကြွေးချဥစ္စာ၊ တောင်းသော်ခါလျှင်၊ မကြာချက်ချင်း၊ ရလွယ်လျှင်းအံ့။ သတင်းပြန့်စွာ၊ ကျမ်းဝိဇ္ဇာ၏၊ ဖွင့်ခါသမုတ်၊ ဤလေးပုဒ်သည်၊ ဖွေထုတ်ကျမ်းရင်း၊ သဘောတည်း။

**(ဗေဒင်အမျိုးမျိုးပြီး၏။)**

* * *

## ဟင်းကျွေးဆေးနည်းတို့များ

### ဆီးဆေး

ချိုးသီး၊ ကလောသီး၊ ချင်းခြောက်၊ ပင်လယ်ရေမြှုပ်၊ ဆားပုတ်၊ ကလိန်ဆံ၊ ခုံညင်းဆံ၊ ကြွေပုတ်၊ လိပ်ကျောက်ဆူး။
(ငှင်းကိုးပါးဆတူ အားလုံးအလေး ပွေးကိုင်းကဲ)
**(အကျိုးကား)** ဆီးပူ–ဆီးပုပ်၊ ဆီးချုပ်–ဝမ်းချုပ်၊ ဝမ်းဖေါ–ဝမ်းရောင်သူတို့ ကွမ်းသီးလုံးခန့် စားလေ။

### အနာဝင်ပျောက်ဆေး

အနာဝင်နေသည်ဟုထင်သော် သံချေးတက်သော သံချောင်း၊ မီးဖုတ်၊ မီးရဲက ရေနှင့်လောင်း၊ ငှင်းရေကိုတိုက်။
**(တစ်နည်း)**။ ။ အနာရှိသူညှော်မိ၍စက်, ခါးတောင့်တင်းပြီး အနာဝက အုန်းရည်တွင် ငရုတ်ကောင်းမှုန့် နည်းနည်းထည့်ပြီး ဝမ်းထဲဝင်အော တိုက်သွင်း၊ တဖြည်းဖြည်းပျောက်၏။

### ကျွဲအသားမာပျောက်ဆေး

ပြောင်းဖူးစေ့အရင့်ကို အမှုန့်ပြု၍ စစ်ယူပြီး ဆားနည်းနည်းရေ ဖျော်၍ လိမ်းထား၊ အနာပေါ်က ပိန်းရွက်အုပ်ပေးလေ။

### ပွေးဆေးအကျော်

ကြက်သွန်ဖြူဥတစ်လုံး ၇–တက်၊ သဘော်မဲဇလီ ၇–ရွ အံရင် အဖျားဖြတ်ကြိတ်ပြီးလျှင် ၇ လုံး လုံး၍တစ်နေ့တစ်လုံးကျဖား

## တစ်နည်းပွေးဆေး

| | |
|---|---|
| ချိုးသီး ၃ လုံး<br>ကလော ၁ လုံး<br>မန်ကျည်းမှည့် ၁ဝ သား<br>ထန်းလျက် ၁ဝ သား | အားလုံးအလေး ပွေးကိုင်းကဲ<br>ဆားတန်ရုံထည့်၊ တစ်နေ့ကို<br>တစ်လက်မ သီးစားလေ။ |

## အဖောအရောင်ဆေး

မန်ကျည်းသီး ၁၅ ကျပ်သား၊ ထန်းလျက် ၂၅ ကျပ်သား၊ ဆန်ပုန်းရည်တစ်ပိဿာ၊ တစောင်းကြီး ၂၅ ကျပ်သား၊ နုပ်နုပ်စင်း၊ အမှုန့်ပြု၊ ၎င်းဆေးအစကို လက်ကော်ရအောင်ကျို၊ ညဦးနံနက် တစ်ဇွန်းစီ စားလေ။

## မျက်စဥ်းဆေး

ဇောင်းခါးရွက်ကို အရည်ညှစ်ယူပြီးလျှင် ယောကျာ်းကလေးစို့သော နို့ရည်နှင့် ဆတူစပ်၍ခပ်။ (ဒုလာ–မိုးယပ်အမျိုးမျိုး၊ မျက်စိနာတို့ကို ပျောက်ကင်း၏။)

## ဝဲဆေး

ချိုးသီး၊ ကလောသီး၊ ပရုပ်မှုန့်၊ ဆေးဒန်း၊ ကန့်၊ ဓာတ်ပွိုလ်၊ ၎င်း ၆ မျိုးကို အမှုန့်ပြု၍ ညက်စွာ ထောင်းပြီးလျှင် အုန်းဆီ၊ ရေနံချေးနှင့် ဖျော်၍လိမ်း။

## အဖျားဖြတ်ဆေး

တမာခေါက် ၂ ကျပ်သား၊ ရှိန်းခို ၁ ကျပ်သား၊ ငရုတ်ကောင်း ၂ ကျပ်သား၊ ဆား ၂ ကျပ်သား၊ ကြပ်ခိုး ၂ ကျပ်သား၊ ညက်စွာထောင်း၍ ဆီးကင်းခန့် ညဦး–နံနက် တစ်လုံးက နှစ်လုံး ရေနွေးနှင့်သောက်။

## တုပ်ကွေးရောဂါပျောက်ဆေး

ပန်းနု၊ ပန်းမ၊ ဆေးပုလဲ ပိတ်ချင်း၊ လေးညှင်း၊ ဇာတိပ္ဖိုလ်၊ သိန္ဓော၊ အမျှစ်အမှုန့်ပြု၊ ညဦး–နံနက် ကွမ်းရွက်ပြုတ်ရည် နွေးနွေးနှင့် သောက်လေ။

## ချောင်းဆိုးဆေးကျော်

သိန္ဓော ၁ ကျပ်၊ ဓဝက်သာ ၂ ကျပ်၊ ပရုပ် ၈ ပဲ၊ ဇာတိပ္ဖိုလ် ၄ ပဲ၊ ၎င်းတို့ကို အမှုန့်ပြု၍ လေလုံစွာထားပြီး ကင်းပွန်းရွက်ရည်ပူပူနှင့် ဆီးကင်းခန့် တစ်နေ့နှစ်ကြိမ်သောက်လေ။

## ကာလဝမ်းရောဂါပျောက်ဆေး

ကာလဝမ်းရောဂါဖြစ်သော် ဗိုင်အရက်ဖြစ်စေ၊ ဘရန်ဒီဖြစ်စေ ဗိုင်ကလပ်တစ်လုံးတွင် ပိန်ကီလာဆေးရည် ၅ စက်ခန့် ထည့်၍သောက်လေ။

## အကြောရောဂါပျောက်ဆေး

ပျားကလေးရည် ၁ဝိ သား၊ ကြံသကာ ၁ဝိ သား၊ မြန်မာထော်ပတ် ၁ဝိ သား၊ ထန်းဖိုထန်းချက် ၁ဝိ သား၊ နမ်းဆီ ၂ ကျပ် ၈ ပဲသား၊ ကောက်ညှင်းဆန် တစ်စလယ်၏အမှုန့်၊ ပုံသကူစာကလေး အမွေးမနုတ်ဘဲ ဝမ်းခွဲ၍ ရှိန်းဒိ ၂ ပဲ သွတ်၊ ဇာတိပ္ဖိုလ်သီးပါ သွတ်၍ပြာချ၊ အထက်ဆေးစုနှင့် သမအောင် မွှေပြီး နေပူလှမ်းကာ ခဏခဏမွှေပေး။ နေပြင်းလျှင် တစ်ရက်၊ ညံ့လျှင် ၃ ရက်လှန်း၊ နံနက်–မွန်းတည့်–ညဦး တစ်နေ့ ၃ ကြိမ် သောက်လေ။

**အကျိုးကား။** အကြောရောဂါ၊ ကာလသားရောဂါ၊ ဒူလာ၊ မီးယပ်ရောဂါတို့မှာ ဆေးစား၍ ၂ ရက်၊ ၃ ရက်အတွင်း သက်သာ၍ တနင်္ဂနွေ ၂ ပတ်၊ ၃ ပတ်အတွင်း ပျောက်ကင်းသည်။

## ကလေးထိပ်အုံဆေး

ပန်းညိုရွက်၊ လင်းနေ၊ ကွမ်းရွက်၊ ကုလားပင်စိမ်း၊ ပင့်ကူမြွေးတော်သင့်ရုံကြိတ်၍ နှမ်းဆီနှင့်လိမ်းပြီး ထိပ်မှာအုံပေးက နှာစေး ချောင်းဆိုးကောင်း၏။

## ဝမ်းရောဂါပျောက်ဆေး

ရှားစေး ၁ ပဲ၊ ကွမ်း ၁၁ ရွက်၊ ကြောင်ပန်းရွက်တစ်ဆုပ်၊ ၎င်းကို ၃ ခွက်, ၁ ခွက်တင် ကျို၍ တိုက်လေ၊ ကြွက်တက်ပါ ပျောက်၏။

## လိပ်ခေါင်းထွက်ပျောက်ဆေး

ကျားကြီးရေ၊ ကျားသစ်ရေ၊ ခွေးရေ၊ နွားရေ တစ်ခုစီ မီးဖုတ်ပြာကိုယူ၍ ရောပြီး လိပ်ခေါင်းကိုထည့်လေ၊ လက်တွေ့ဆေး။

## နှင်းခူဆေး

ကျွဲချိုဖြူ ဆံပင်မီးဖုတ်၊ အင်တွဲ၊ ဂေရုတ်ကောင်း၊ ၎င်းလေးပါးကို သတူကြိတ်၊ ဆန်ဆေးရည်နှင့် တစ်နေ့ ၃ ကြိမ် နှင်းခူကိုလူးလေ။

## ရင်ဘတ်နာပျောက်ဆေး

ဂေရုတ်ကောင်း ၄ ပဲ၊ ချင်း ၈ ပဲ၊ ပိတ်ချင်း ၂ ပဲ၊ ကြက်သွန်ဖြူ ၂ ကျပ်သား၊ ဆား ၃ ကျပ် ၈ ပဲ၊ ၎င်းဆေး ၆ ပါးကို အမှုန့်ပြု၍ ကွမ်းသီးလုံးခန့် စားပါလေ။ ရင်ဘတ်နာ ပျောက်၏။

## အသဲဝင်ပျောက်ဆေး

ကင်ပွန်းသီးတစ်တောင့်ကို မီးကျွမ်းအောင်ဖုတ်၊ ဆားမီးဖုတ် ကျက်ကျက်နှင့် ဆတူကြိတ်ပြီး ပျားရည်၊ ထန်းလျက်ရည်၊ သံပုရာရည်နှင့် ဖျော်၍ လျက်ပေးပါ။

## ယားနာဆေး

ကွမ်းသီးကြက်ချေး ၁ ကျပ်၊ လေးညှင်း ၁ ကျပ်၊ ကင်ပွန်းသီး ၄ ပဲ၊ ၎င်းတို့ကိုကျွမ်းအောင်လှော်၊ ဆေးဒန်း ၁ ကျပ်သားနှင့်ထောင်း၊ အမှုန့်ပြု၊ နှင်းခူ ဒက် ဝဲစို ဝဲခြောက်တို့ကို အုန်းဆီနှင့် ဖျော်၍လူးလေ။

## သီးဆေး

| | | |
|---|---|---|
| ကြွေပုတ် | ၅ ကျပ် | ၎င်းဆေးအစုအမှုန့်ပြု၍ စားသော အခါ ပျားရည်နှင့်သမအောင်မွှေ၊ သံပရာရည်ထည့်၊ ကြီးလျှင် တစ်စိတ်၊ ငယ်လျှင်တစ်ခြမ်း၊ အမြုပ်ထမည်၊ အမြုပ်သေမှသောက်လေ။ |
| ဆားပုတ် | ၁ ကျပ် | |
| ပင်လယ်ရေမြုပ် | ၁ ကျပ် | |
| ဖြူဆူး | ၄ ပဲ | |
| လီပ်ကျောက်ဆူး | ၄ ပဲ | |
| အလိုကြူ | ၈ ပဲ | |

## သွားနာ, သွားဖုံးယောင် ရေစီးကမ်းပြို ပျောက်ဆေး

ကန့်၊ ယမ်းစိမ်း၊ ဇဝက်သာ၊ ကျောက်ချဉ် ဆတူကြိတ်၊ တစ်ပြားသားကို သံပရာရည်နှင့်စိမ်၊ ကြေနီပြားတစ်ပြားထည့်ထား ကြေးနီပြားပျော်လျှင် သမအောင်မွှေ၍ နာသည့်သွားမှာ သိပ်လေ၊

## နှင်းခူ, သမင်ဖြူ, နက် အနာပေါက်စွက်ဆေး

တမာရွက်တစ်ဆုပ်ကို ပတဲကောကြီးအရည် သင့်တော်ရုံ ထည့်၍ ပြာချ၊ ၎င်းပြာထဲသို့ ဒုတ္တာတစ်ပြားသားထည့်၊ ရေနံချေးနှင့် သမအောင်ချက်။ အရည်သင့်လျှော့လျှင် ချပြီး အနာကိုဆွ၍ ၃–၄ ခါ သုတ်က ပျောက်၏။

## နှင်းခူဆေး

ဆေးဒန်း၊ မရိုးဆေး၊ ပေါက်နက်၊ စိန်နီ၊ ပိန်းမဟော်ရာအားလုံး တစ်မတ်စီ အမှုန့်ပြု၍ အုန်းဆီနှင့်လူးလေ။

## မြွေကိုက် ခွေးရူးကိုက်ပျောက်ဆေး

ကျောက်ချဉ်၊ ဝေကဲသာ၊ မြင်းသီလာ၊ ဒုတ္တာ၊ စိန်၊ ဆေးဒန်း၊ ကန့်၊ ရှိန်းခို၊ ချင်း၊ ဆိတ်ဖူး၊ လင်းနေ ဆတူညှက်စွာ ကြိတ်၊ အတောင့်လုပ်ထား၊ သံပုရာရည်နှင့်လိမ်း၊ စုတ်နှင့်လည်းထိုး၊ အဆိပ်ကို တားမြစ်၏။

## ရင်ဘတ်နာ-လေနာလျက်ဆား

သိန္ဓော၊ ဆားပုတ်၊ ဘင်္ဂလိဆား၊ ဝေကဲသာ ၅ ကျပ်သားစီ၊ မြန်မာဆား ၁၅ ကျပ်၊ ကျောက်ချဉ် ၁ ကျပ်၊ ယမ်းစိမ်း ၄ ပဲ ထောင်း၍ အိုးသစ်တွင်ထည့်၍ ဓော်ကျိမ်၍ ပြာချ၊ ၎င်းပြာကို မပြတ်လျက်လေ။

## ကျင်ငယ်တစ်စက်ကျသော်

ဆီးဖြူသီးပြုတ်ရည်ကို ပျားရည်နှင့်တိုက်လေ။

## သီးဆေး

ကျောက်ဖရုံသီးနှင့် သကြားခဲရော၍ သမအောင်ပြုလုပ်ပြီး စားလည်းစား၊ သောက်လည်းသောက်။

## ဗူးနာဆေး

မြင်းချေးလေးဆတွင် ငရုတ်ကောင်းတစ်ဆ၏အမှုန့်ထည့်၊ အုန်းဆီတွင်ဖျော်၍လိမ်းလေ။

## ပန်းနာ-ရင်ကျပ်ပျောက်ဆေး

ချင်းသတ္တုရည် ၁ဝ သား၊ ရှောက်ရည် ၁ဝ သား၊ ဆားမီးဖုတ် ၅ ကျပ်သား၊ သမအောင်မွှေ၍ ည-နံနက် တစ်ဇွန်းခန့် သောက်လေ။

## ရင်ဘတ်နာဆေး

သံပုရာသီး ၁၀ လုံး၊ ဆား ၁၀ ကျပ်သား၊ စမုန်မျိုး ၅ ပါး ၂ပဲစီ၊ ပျားရည် ၂၅ ကျပ်သားနှင့်ပေါင်းစုတော၊ စပါးတွင် မြှုပ်၍ ၇ ရက် စေ့ကထုတ်၍ တစ်နေ့တစ်ဇွန်း စားလေ။

၈

## သွေးလွန်ရောဂါ

ဖန်ခါးသီး၊ ဆီးဖြူသီး၊ ကြစုသီး၊ သစ်ဆိမ့်သီး၊ နံ့သာနီ-ဖြူ ဆတူ ၃ ခွက်တစ်ခွက်တင် ပြုတ်၍တိုက်၊ မီးယပ် သွေးလွန်နှင့် သွေးဒူလာကောင်း၏။

## အဖျဉ်းဆေး

ကြက်နက်၊ ကန့်ချုပ်နီ၊ သဘော်မဲဇလီ၊ ငှင်းသုံးဦးကို ပြုတ်၍ သောက်၊ အဖျဉ်းရောဂါကောင်း၏။

စိန်၊ ဒုတ္ထာ၊ ကျောက်ချဉ်၊ ကြက်သွန်ဖြူအမှုန့်ကို သံပရာရည်နှင့် ရော၍ သုတ်လိမ်းလေ။

## ဝမ်းကိုက်ပျောက်ဆေး

ဆီးဖြူသီး ၁ ကျပ်၊ မြန်မာလက်ဖက်ခြောက် ၁ ကျပ်၊ သကြား ၁ ကျပ်၊ ၎င်းဆေးသုံးကျပ်သားကို ကြိတ်၊ ၉ လုံးလုံး၊ တစ်နေ့ ၃ လုံး၊ ၃ ရက်သောက်၊ ပိတ်ဝမ်း၊ သွေးဝမ်း ဝမ်းကိုက် အလွန်ကောင်း၏။

## လေနာပျောက်ဆေး

ချင်းခြောက် ၁ ကျပ်၊ ကန့်ချုပ်နီ ၁ ကျပ်၊ နှပ်ချို ၁ ကျပ်၊ ကြာဟင်း ၁ ကျပ်၊ သီနွှော ၁ ကျပ်၊ ၎င်းဆေးအမှုန့်ပြု၊ တစ်မတ်သားခန့်လောက်၊ လေပုပ်, စမြင်းပါ ပြိုကျ၏။

## ဒူလာမြင်းသရိုက် ဝမ်းကျဆေး

တြိကဋုက် ၃ ပါး၊ နွားမျက်ရင်း ၁ ကျပ်၊ နနွင်းစိမ်း၊ ၁ ကျပ်၊ စမုန်နက် ၁၀ ကျပ်သား၊ ပျားရည် ၂၅ ကျပ်သားနှင့် ချက်ပြီးလျှင် ရှောက်ရည်နှင့် ည–နံနက် သောက်လေ။

## ဖျားရာတွင် သွေးဝမ်းကျဆေး

ဥသျှစ်ကင်းကို ပျားရည်နှင့်ပွတ်၊ ထန်းလျက်နှင့်ကျွေးလေ။
တစ်နည်း။ ။ လက်ထုတ်ခေါက်၊ သပြေရွက်၊ အမျှစ်ကြိတ်၊ သမန်းရွက်နှင့် တေ၍ စားလေ။

## ကာလဝမ်းရောဂါဆေး

စမုန်နက်၊ ဆေးခြောက်၊ လက်ထုတ်ခေါက်၊ နနွင်းစိမ်း၊ ကြောင်ပန်းရွက်၊ ငှင်းဆေးတို့ကို ၁ ကျပ်သားစီစု ညက်စွာကြိတ်၊ ချွေးစေ့ခန့်လုံး၊ ရောဂါကို ချင့်ချိန်၍ ၁ လုံးက ၂ လုံးထိ တိုက်လေ။

## လျက်ဆား

ကြစု၊ ပိတ်ချင်း၊ ချင်း၊ နွယ်ချို ၁ ကျပ်သားစီ၊ သိန္ဓော ၂ ကျပ်၊ ဝက်သာ ၄ ကျပ်၊ ညက်စွာ အမှုန့်ပြု၍ နေ့စဉ်နည်းနည်းလျက်လေ။

(ဆေးနည်းတို့အမျိုးမျိုးပြီး၏။)

## အရိုးကျိုး–အကြောပြတ်–ခွေးကိုက်–လှံထိုး–ဓားစုတ်အတွက် ရေမန်း–ဆီမန်း ဂါထာများ

### (အရိုးကျိုး၊ အကြောပြတ်၊ ခွေးကိုက်၊ လှံ၊ ဓားစုတ်အတွက် ဂါထာ)

ဥုံ–သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်း၊ ဓာတ်တော်ပေါင်း၊ စ်စရွတ်၊ အထက်စုဋ္ဌာမဏိ ပုထိုးတော် မေတ္တာရေနှင့် ငြိမ်းစေသတည်း။
ဥုံ–မာရက်, မာရက် သွားဟာ၊ ဥုံ–စိစ မစို၊ တန်ခိုး ကောင်းကင်

လျှော့က်။ ရေမန်းတစ်ပေါက်၊ အရိုးကျိုးနားသို့ ရောက်စေသတည်း။

ရေ သို့မဟုတ် ဆီမန်းဟုထည့်။ အနာ၏ အမည်လည်း ထည့်ရမည်။ ။ (၃၇ အုပ်)

## အရိုးကျိုး–အကြောပြတ်–ပယောဂ–အစာမိ–အလုံးအကျိတ် လိမ်းရန် သောက်ရန်

## (ဣန္ဒာသဃဂါထာ)

ဥုံ–သုဝဏ္ဏဘုမ္မိ ဂန္တာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယျုံ။
ဥုံ–ဗုဒ္ဓသံတံကျင်၊ ဓမ္မသံတံကျင်၊ သံဃသံတံကျင်သတ္တရ၊
သုညံဆိတ်။ ။ (၃၇ အုပ်)။

## နားပိုး လည်ပိုးစသော အပြင်သက်တန့်အတွက် ထုံးနှစ္စင်းမန်း

ဥုံ–သက်တန့်ပေါက်ဆိန်၊ အရှိန်ရဲရဲ ရှာမိးခဲ အထဲမကြေ ငါမနေ သေလေတဲ့ သက်တန့်၊ ကြလေဟဲ့ သက်တန့်ဖွ။ ။ (၃၇ အုပ်။)

## အတွင်းသက်တန့်အတွက် ဆေးနှင့်စိပ် မန်းရန်ဂါထာ

ဥုံ–မြေကမိခင်၊ မိုးကဖခင်၊ ထပ်သည့်ကျော်ဟိုး၊ တန်ခိုးနှင့် မိုးကြိုးစက်အား၊ သံလျက်ဓားနှင့် ပိုင်းပိုင်းဖြတ်၊ သေလည်းဆရာသေ၊ ကြေလည်းဆရာကြေဖွ။ ။ (၃၇ အုပ်)

## ကလေးအနာစက်အတွက် ဆီမန်းဂါထာ

ဥုံ–အမေကွယ်၊ အဖေကွယ်၊ ဘဝိသသတိ၊ သွားဟ ဖွ။ (၃၇ အုပ်)

## ရေယုန်အတွက် ကျွန်းသား ဓားသွေး မန်းရန် ဂါထာ

ဥုံ–ရေယုန်၊ ရေယုန်၊ ဆွေ့ဆွေ့ခုန်၊ ရေယုန်တကာ၊ ငါဆရာ၊ သေလည်းဆရာသေ၊ ကြေလည်းဆရာကြေ၊ ပျောက်လည်းဆရာပျောက်ဖွ။

## ငါးရှိုးမျက်သော် သောက်ရန် ဂေမန်းဂါထာ

ဦး–လက်ပံပင်ထိပ်ဖျား, ဒင်ကြီးနား၊ ဒင်ကြီးထိုးဟဲ့ငါးရိုးထွက်၊ (၃၇ အုပ်)။ **တစ်နည်း**။ ရေကို စုန်ရေ ဆန်ရေယူ၍ တနင်္ဂနွေသား ဖြစ်လျှင် (ဦး–တနင်္ဂနွေသား အရိုးမြစ်တယ်၊ အရိုး တနင်္ဂနွေသား မြစ်တယ်) ၇ ခေါက်သား ဤအတိုင်းဆိုလေ၊ အလွန်ကောင်း၏။ **တစ်နည်း**။ စီဝရံပုတီးစိတ်ကို မှန်ကန်စွာ ၇ အုပ်မန်း၊ အရိုးအမြစ် အလွန်ကောင်း၏။ ပုဗ္ဗဏှသုတ်သည် ကလေးမဖွားနိုင်ရာ၌ အလွန်ကောင်း၏။ (လက်တွေ့)

**လက်တွေ့ဆေးမီးတို အမျိုးမျိုးပြီး၏**

*

## ရေငုံပိုင်ဦးရှင်ကြီး ဆွမ်းတင်မြောက် ၀,သနည်း

### အုန်းရည်နှင့်ပင့်ရန်

ပုရာငွေမှို့ သဲရေစိုပါတဲ့ ပဲရွှေမြို့အပိုင်၊ အောက်ခရိုင်ကျောက်တိုင် သည်ဘက်၊ ရွှေစာရင်းညှိလိုက်တော့၊ ရေကင်းအထိ ပိုင်ပေသော၊ ခရိုင်ကျော် ဇမ္ဗူ ပြိုင်လာသူတကယ်ရှုံးလောက်အောင်၊ သတင်းဖြာသည့်၊ ကဇင်း ရွာယင်း ဌာနဆီက၊ မပယွင်းမကွာသပ၊ အလွန်မျှော်ကိုးပြီ၊ ကျွန်တော်မျိုးတို့ မြို့ရပ်၊ ရွာသို့၊ နတ်ရာဇာကိုယ်တော်ကြွခဲ့ပါ၊ လိုသော်တစ်ခဏ အမွန်းတင်၍ ကွန်းစင်မြ ကျောင်းဝိဟာသို့၊ အပေါင်းတပည့်များ ခြံရံတစ်သင်းငယ်နှင့်၊ ရေငုံမင်း တစ်ကျွန်းပိုင်၊ ကွမ်းအဆိုင် ဆွမ်းထိုင်လို့ သုံးပါတော့၊ ဘုန်းရှိ တဲ့ နတ်ရာဇာ ကြွလာတော်မူပါ နတ်ဦးရှင်ခင်ဗျား။

### ပွဲပြင်ပြီးပင့်ရန်

စံရာကသိုင်း မြန်မာတိုင်း တလိုင်းသုံးရပ် ဒီရေငုံသည့် ရာမညတိုင်း မုတ္တမကျော်လှိုင် မော်လမြိုင်, ထားဝယ်, ဇင်းမယ်၊ ရေး၊ မြိတ်၊ ရွာနိမိတ်၊ ကုလားဆိပ်မော်တင်၊ ပင်လယ်ကျောက်ဖြူဇမ္ဗူမတိမ်၊ ပုသိမ် မြောင်းမြ၊ ဒလတစ်ဖန်၊ ရန်ကုန်, ပဲခူးမြို့ရိုးမြို့တာ၊ ဥက္ကလာပ၊ သာကေတနှင့် မြစ်ဆုံကြေညာ၊ ဧရာဝတီ၊ နဒီဖြတ်သန်း၊ ရေကင်းအထိ ကျောက်တိုင် စိုက်ပေသော၊ အောက်ခရိုင်တစ်ဝိုက် ရေကြောင်းဆိုင်သည့် ရွှေကျောင်းပိုင် ကျွန်းညှိလှဆီသို့၊ လက်ဆယ်ဖြာအလှူဆက်ခဲ့ပါ၊ ထန်းလျက်, ကောက်ညှင်း၊ သနပ်ရှင်းစွာ အုန်း, ငှက်ပျော, ကွမ်းယာ, လက်ဖက်တို့ နှင့် တင်မြှောက်ရန် ဆက်သ,ပါသည်။ မင်္ဂလာရှိသော ကျောင်းဘုံပေါ်သို့ ကြွလှမ်းတော်မူပါ၊ လူတို့သခင် နတ်ဦးရှင်ခင်ဗျား။

### ထွက်ကောပ်ရန်

တောင်ဇမ္ဗူတွေ၊ အောင်မြူရွှေသည့်၊ လေပြေပြောင်ရွှန်း၊ နေရောင် ထွန်းဝေသည့်၊ ကျွန်းဒကွိုဏ၊ သာယာလှသည့်၊ စိမ်းမြဒီသာ၊ တောင်

မျက်နှာဝယ်၊ မဟာသမုဒ္ဒရာ၊ ပင်လယ်ဝဌ် မိန်းမလှခေါ်ဆို၊ မြတ်ကျွန်း ညိုတွင်၊ ဗိုလ်လူအပေါင်း၊ ခဝပ်ညောင်းရသော ရွှေစောင်းတော်သခင်၊ နတ်မျိုးရှင်ဟု၊ အစဉ်ရေးက၊ ရာမညတိုင်း၊ မွန်တလိုင်းတို့၊ ညွတ်ကိုင်းပ,သ၊ ပူဇော်ကြသည့်၊ ကွင်းပဘောဒဏ်၊ ရန်ခပ်သိမ်းကို၊ အမှန်ကင်းပျောက်၊ စောင့်ရှောက်တတ်စွာ၊ ဘုန်းတေဇာမြင့် အာဏာတန်ခိုး၊ ဒီရေရောက်ရာ မြို့ရပ်ရွာတွင်၊ မှန်စွာစိုးလျက်၊ ရှေးရိုးအစဉ်၊ သက်သတ်မသုံး၊ မြတ်နှလုံးဖြင့်၊ အောက်ခွင်ခရိုင်၊ မိန်းမလှခေါ်ကျွန်း၊ စံတော်ကွန်းက၊ ကျွန်းညိုရှင်ခင်ဗျား၊ မွှေးကြိုင်ပျံ့သင်း၊ ရသာမြတ် ဖြူစင်လတ်သည့်၊ နတ်ကောက်ညှင်းနှင့်၊ သန့်ရှင်းသေချာ၊ အုန်း၊ ငှက်ပျောတွဲ၊ ကန်တော့ပွဲနှင့်၊ နွှဲဆင်ခါဖြင့်၊ ဖြူးကာပေါက်ပေါက်၊ လက်ဖက်ရွှေဖီ၊ စားမသီ ဆီမနှောဘဲ၊ မောက်မောက် စုပုံ၊ ရွက်မြညာ ကွမ်းနဝါ ယာတော်အစုံဖြင့်၊ မွှေးတုံ့ပျံ့သင်း၊ ဒေါနသစင်၊ ပန်းတော်ဝင်တို့၊ စီရင်ခင်းလျက်၊ လှျံဝင်းဆီမီး၊ ထိန်ထိန်ညီးလို့၊ ကျောင်းကြီး ဝိဟာ၊ နိမ့်မြင့်မယွင်း၊ ပွဲစုံကျင်း၍၊ သန့်ရှင်းစွာဖြင့်၊ ဆွမ်းဒကာ (...) သားသမီး၊ အိမ်သားတစ်စုတို့က၊ တင်မြှောက်၍ပ, သပါသည်၊ ကျွန်းညို မြတ် အတိတ်ယောဝနေက၊ တပည့်အပေါင်းအခြံအရံ တစ်စုတို့နှင့်၊ စောင်းရတနာ မကွာလက်တော်ဆွဲပြီး၊ ကြွလှမ်းကာ တင်ဆွမ်းယမကာကို ရွှင်လန်းစွာ ဘုန်းပေးသုံးဆောင်တော်မူပါ၊ ကျွန်းညိုသခင် နတ်ဦးရှင် ခင်ဗျား။

## ဆုတောင်း

ပင်လယ်သီခေါင်၊ ကျွန်းညိုဘောင်တွင်၊ ဂုဏ်ရောင်လျှံငြီး၊ မပြတ်အစဉ်၊ ဒြပ်ရှင်ပေသည့် ကျွန်းညိုအရှင်ခင်ဗျား၊ တင်မြှောက်ပ,သ ဆွမ်းမြတ်ဘောဇဉ်၊ နတ်ကွန်းစင်ကို၊ ပြုပြင်၍၊ ပ,သပါသည်။ ဘယ် အန္တရာယ်၊ နတ်တန်ခိုးဖြင့်၊ ဘေးမျိုးကိုပယ်၊ ရေဝယ်ကြာသို့ လန်းပါစေ။ မကောင်းအိပ်မက်၊ မကောင်းငှက်နှင့်၊ ဖုတ်, ပြိတ်, တစ္ဆေ, ကျား, မြွေ, မိကျောင်း၊မကောင်းဥပါဒါန်၊ နှုတ်တိုက်ရန်ဘေး၊ ထိုထိုဓလေ့ကို၊ ကင်းဝေး စေဖွယ်၊ ဘုရားဂုဏ်ပေါင်း၊ အရှင့်ဖျက်စောင်းနှင့်၊ မကောင်းသမျှဖယ်၊

လနှယ်ရေလို အေးပါစေ။ ခြောက်ပါးကိုးဆယ်၊ အန္တရာယ်ကို၊ သိကြား လက်နက်၊ နတ်တို့စက်ဖြင့်၊ ပစ်ခါချသကဲ့သို့၊ ထွင်းပပေါ့စွာ၊ ပယောဂါ လည်း၊ ကင်းရှင်းကွာလီမ့်၊ ကိုယ်စိတ်ချမ်းသာ ပါစေသော်။

ရွှေငွေပေါစွာ၊ လာဘ်မိုးရွာလျက်၊ မျက်နှာမြင်က၊ ချစ်ခင်ပါစေ။ နှုတ်မြွက်စကား၊ အသံကြားက သနားပါစေ၊ မေတ္တာဝေ၍၊ ရောင်းပန်း ဝယ်ပန်း၊ ပွင့်လန်းဝေဖြာအောင်၊ စောင်မကြည့်ရှုတော်မူပါ။ လိုရာကို ဆုတောင်းပါသည်။ ရွှေစောင်းတော်သခင်။ ရေင်တစ်ရိုး ပိုင်စံစိုးပါတဲ့ နတ်မျိုးအရှင် အမြန်မ,တော်မူပါ၊ ကျွန်းညိုသခင် နတ်ဦးရှင်ခင်ဗျား။

## ပြန်ပို့ရန်

နဒီစံပိုင် ရေငဲပိုင်ဟု၊ ခရိုင်အဏ္ဏဝါ၊ ပြိုင်စံမလာနိုင်သော၊ နိုင်ငံ မြို့ရွာအသိ၊ ကွန်းခိုခရီး၊ ကျွန်းညိုကြီးဟု၊ ကမ္မည်းအမည်ကြီးဘိသခင်၊ တေဇာဘုန်းကွန့် မြို့ပြရွာလုံးရွံ့ရသည့်၊ ကျွန်းညိုသခင်ခင်ဗျား၊ ကျွန်းအရှင် ဆွမ်းတင်၍ ပြီးပါပေါ့၊ ကျွန်းညိုကြီး ဒီပံဆွေသို့၊ စီဝရံဝေဝေ ရွှေသက်နံးရယ်နှင့်၊ နေအဝင် ရွှေကညင်သာသည့်လမ်းကို၊ နတ်နန်းပျော် စောင်းတော်ပိုက်ပြီး၊ အပေါင်းအဖော်တပည့်များနှင့် ကျောင်းတော်က ကြွတော်မူပါ့၊ ဒေဝါသခင်၊ နတ်ဦးရှင်ခင်ဗျား။

**သတိ။** ။ ဦးရှင်ကြီးဆွမ်းတင်သောအခါ (အိမ်တွင်း) ကိုပါ တစ်ပွဲပြင်ပြီး တင်ပါက အထူးလာဘ်ရှင်ပါသည်။

**(ဗယောင်းတိုင်မီး မပါရပါ)**

*

## ဘိုးသူတော်ဦးနု စကားပုံ

၁။ မြန်မာမှုပေါ် ဉာဏ်ယူမျှော်သည့် သူတော်ကျွန်ပ်၊ နားဓါ် တန်ဆာ၊ နားဝင်သာအောင်၊ လက်ကပုဒ်ဖြင့်၊ အာလုပ်ချိုမြ၊ စကားပုံသရုပ် အမျိုးထုတ်ပြီးလျှင်၊ အချုပ်ကိုပြခဲ့မည်။

၂။ ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရုပ်လှတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရာသည်။ ရုပ်လှတာကိုပယ်မှ ဘေးပကွာမည်။

၃။ သေရည်ကိုမသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊ သေရည်ကို သောက်က အပယ်ကျတတ်သည်၊ ရေကြည်ကို နှောက်က အနယ် ထတတ်သည်။

၄။ ထင်တိုင်းလည်းနှိမ့်၍ မဆိုနှင့်၊ ဝင်တိုင်းလည်းသိပ်၍ မမျိုနှင့်၊ ထင်တိုင်းနှိမ့်၍ဆိုက ရန်အသွယ်သွယ်ပွားတတ်သည်။ ဝင်တိုင်းသိပ်၍ မျိုက အန္တရာယ်များတတ်သည်။

၅။ ဂေါဏမ်သံကိုလည်းမစားနှင့်၊ ကောမခြံရုံကိုလည်း မပွားနှင့်၊ ဂေါဏမ်သံကိုစားက မိဘသဖွယ်ဖြစ်ပေသည်။ ကောမခြံရုံကိုပွားက သတိမရ အပါယ်နစ်ချေမည်။

၆။ အယုတ်တရားကိုလည်း အလိုမရှိနှင့်၊ မဟုတ်စကားကိုလည်း မဆိုဘိနှင့်၊ အယုတ်တရားကိုအလိုရှိက ဘဂဝါ၏ စကားကို ပယ်ရာကျချေ သည်။ မဟုတ်စကားကို ဆိုဘိက သမာဓိတရားကို ကွယ်ကာပလေသည်။

၇။ မြူသလိုပုံနှင့် ကလေးကိုမစနှင့်၊ လူကိုယုံသဖြင့် အကြွေး မချနှင့်၊ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်။ လူကိုယုံသဖြင့် အကြွေးချက အရေးမစိုက်သဖြင့် မွဲတတ်သည်။

၈။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားသင့်၊ တန်ခိုးနုတ်သူ ထမင်းဝလျှင် မကြည်စားနှင့်၊ အမျိုးယုတ်သူ အဆင်းလှက စာဂထန်တတ် သည်။ တန်ခိုးနုတ်သူ ထမင်းဝက မာနထန်တတ်သည်။

၉။ အဟုတ်အမှန်လည်း သိမှ၊ အလုပ်အကြံလည်း ရှိမှ၊ အဟုတ် အမှန်ကိုသိမှ သံသရာ ဘေးပ၍ အနေကျယ်ကြမည်။ အလုပ်အကြံရှိမှ ဆန်ရှာမရေးလှ၍ အခြေတယ်ရမည်။

၁၀။ သူဌေးလိုကြွယ်သော်လည်း မာန်စွယ်မထွနှင့်၊ မြွေပွေးကို ငယ်သော်လည်း အလမ္ပာယ်မပြုနှင့်၊ သူဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေမဲ့ပြည့် မုန်းတတ်သည်။ မြွေပွေးကိုငယ်သည်ဟု အလမ္ပာယ်ပြုက ထိုမြွေခဲလို့ မကြာခဏ သေဆုံးတတ်သည်။

၁၁။ မတော်တဲမဝယ်နှင့်၊မခေါ်ဘဲမလည်နှင့်၊ မတော်တဲ ဝယ်လေက သပြာခနရှုံးတတ်သည်။ မခေါ်ဘဲလည် ချေက မကြာခဏ မုန်းတတ်သည်။

၁၂။ မတော်တာကို မမြိုးမစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြိုးစားက ဘေးရလို့ ရောဂါပွားတတ်သည်။ အဖော်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

၁၃။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်၊ ခရီးကိုအပြင်းသွားက မှားတတ်သည်၊ မီးကိုအကြွင်းထားက ပွားတတ်သည်။

၁၄။ ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်၊ ဆရာပြောတာကို အပြီးမှားက မုချမှောက်တတ်သည်။ အနာရောဂါကို ကြီးပွားက ဒုက္ခရောက်တတ်သည်။

၁၅။ စကား စကား ပြောဖန်များက စကားထဲက ဇာတိပြ၍ မာနတံခွန် ထူတတ်သည်။ ဘုရား တရား ဟောဖန်များ တရားထဲက ပါဠိရှ၍ ဒါနအလှူ ရှုတတ်သည်။

၁၆။ တံတားအိုမှောင်ခိုမလျှောက်နှင့်၊ စကားဆိုတောင်လို မမောက်နှင့်။ တံတားအိုမှောင်ခိုလျှောက်က ကျိုးတတ်သည်။ စကားဆို တောင်လိုမောက်က လွန်တတ်သည်။

၁၇။ အထက်ကိုလည်း မလှမ်းနှင့် အပျက်ကိုလည်း မမှန်းသင့်။ အထက်ကိုလှမ်းက အခက်ကြောင့် ပန်းရသည်။ အပျက်ကိုမှန်းက အရှက်ကြောင့် နွမ်းရသည်။

၁၈။ အမျိုးမြတ်မှုအရိုးကိုကြံရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါ သည်။

၁၉။ သံသရာလောက နှစ်ဝအကျိုး တိုးပွားစေမှု အာရုံပြုလျက်၊ ဦးနှမည်ခေါ် ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ ဆုံးမစာကို တကာ, တကာမ မှတ်သားကြ၍၊ နေ့ညလေ့ကျက်ကြပါကုန်လော့။

*

## အနန္တ သူရိယအမတ်

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်, ရွှေနန်း၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်, ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကျွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမှာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိနိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါတ်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချိန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

လောကီမှတ်ပုံ နည်းမျိုးစုံကျမ်း
ဤ တွင်ပြီး၏

၁၉။ သံသရာလောက နှစ်ဝအကျိုး တိုးပွားစေမှု အာရုံပြုလျက်၊ ဦးနမည်အခါ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ ဆုံးမစာကို တကာ, တကာမ မှတ်သားကြ၍၊ နေ့ညလေ့ကျက်ကြပါကုန်လော့။

*

## အနန္တသူရိယအမတ်

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်, ရွှေနန်း၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမူ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါတ်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချိန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လွှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

လောကီမှတ်ပုံ နည်းမျိုးစုံကျမ်း

ဤ တွင်ပြီး၏